

မိတြအဂ္ဂ

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ဝိညာဉ်မဲ့စံအိမ်ရှင်

## စိတြအဂ္ဂ

အခန်း (၁)

ပဟေဠိစံအိမ်

ဝိညာဉ်မဲ့ဒေဝီ

ကိုယ်ဖျောက်ဓာတ္တု

ရှင်ပြန်ထမြောက်သူလေး

## အခန်း (၁)

## ပဟေဠိစံအိမ်

အကာလ ညဥ့်ယံက မှောင်မိုက်လို့နေသည်။

ကျွန်ုပ်သည် ဗားကရာလမ်းမကြီးအတိုင်း ရှမ်းလမ်းဆုံဘက်မှနေ၍ ဗားကရာချောက်ဘက်သို့ တစ်ဦးတည်း လမ်းလျှောက်လာလျက်ရှိလေ၏။

ည ၉ နာရီကျော်ပြီမို့ လမ်းဘေးဝဲယာရှိ အိမ်တို့ တံခါးပိတ်ကာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိကြပြီ။

တကယ်တော့ ရှမ်းလမ်းဆုံအနီးမှာသာ လမ်းဘေး ဝဲယာတစ်လျှောက် ဆိုင်အချို့နှင့် လူနေအိမ်တို့ရှိပြီး ကိုးထပ်ကြီးဘုရားဝင်းရှေ့ကို ဖြတ်ကျော်လာချိန်မှစ၍ လမ်းဘေးဝဲယာ၌

လူနေအိမ်တို့ ကျဲပါးသွားကာ ချုံပုတ်များ၊ ဝါးရုံကြီးများ၊ နှစ်ရှည် အပင်ကြီးများ သာ အုပ်အုပ်ဆိုင်းဆိုင်း တည်ရှိနေကြတော့သည်။

ဝဲယာနှစ်ဖက်တွင် ဘုန်းတော်ကြီးကျောင်းဝင်းကြီးများ သာရှိကာ လွန်စွာ လူသူပြတ်လပ်လျက်ရှိတော့၏။

ကျွန်ုပ်သည် ယနေ့ ညဦးပိုင်းမှာ ရှမ်းလမ်း၌နေထိုင်သော မိတ်ဆွေရင်းဖြစ်သူ ကိုအောင်ဖြိုး အရက်အသောက်လွန်ပြီး အသည်းအသန်ဖြစ်နေသည်ဟု သတင်းကြားသဖြင့် သတင်း သွားမေးခဲ့ပါ၏။

မြေနီကုန်းလမ်းဆုံမှ ပန်ချာပီဆရာဝန်ကြီး ဒေါက်တာ အာရမ်ကို ခေါ်ကာသည့်တိုင် မသက်သာဘဲ သွေးများပါ အန်လာ ရာ ကျွန်ုပ်လည်း မိတ်ဆွေလူနာကို ပြုစုရင်း ညည့်နက်သွားခဲ့ရ ခြင်း ဖြစ်ချေ၏။

ည ၉ နာရီထိုးခါနီးမှ ကိုအောင်ဖြိုး၏ဝေဒနာ သက်သာ လာပြီး အိပ်ပျော်သွားရာ ထိုအခါမှ ကျွန်ုပ်လည်း သူ့မိသားစုကို နှုတ်ဆက်ကာ နေအိမ်ရှိရာ ဗားကရာဘက်သို့ တစ်ဦးတည်း ပြန်လာရခြင်းဖြစ်လေသည်။

ညဉ့်နက်ပြီဖြစ်သဖြင့် လမ်းသွားလမ်းလာတို့ မရှိသ လောက် ပါးရှားခြောက်ကပ်သွားပြီ ဖြစ်၏။





ကိုယ်ပိုင်ကားတစ်စီးတလေသာ ဖြတ်မောင်းသွားတတ် ်း ယင်းသို့သောအခါမှလွဲလျှင် ဗားကရာလမ်းမကြီးတစ် လျှောက်မှာ လမ်းဘေးမီးတိုင်မှိန်မှိန်အောက်၌ လူသံသူသံရော ားသံ၊ မြင်းလှည်းသံတို့ပါ အတိတ်ဆိတ်ကြီး တိတ်ဆိတ်နေပါ ေတာ့သည်။

ကျွန်ုပ်သည် ထိုသို့လျှင် လမိုက်ညဉ့်ယံ၌ လူသူကင်းမဲ့ နေသော ဗားကရာလမ်းမကြီးအတိုင်း ပျင်းရိစွာ မှန်မှန်လျှောက် ှမ်းလာရာမှ တစ်နေရာအရောက်တွင် လမ်း၏လက်ယာဘက် ွင် လူတစ်ဦးရပ်နေသည်ကို လှမ်းတွေ့ရလေ၏။

ထိုသူသည် ကျွန်ုပ်ကို အစောကြီးကတည်းက မြင်နေခဲ့ ဟန် တူ၏။ သူသည် လမ်းနံဘေးတွင် ဆိတ်ငြိမ်စွာရပ်နေပြီး ျွန်ုပ်လာရာဘက်သို့ မျက်နှာမူလျက် ရှိလေသည်။

သူ့အနီးသို့ ကျွန်ုပ်ရောက်ရှိသွားလေလျှင် ထိုသူသည် လမ်းမပေါ်သို့ ခြေတစ်လှမ်းတိုးလိုက်ရာ စောစောက လမ်းဘေး သစ်ပင်ရိပ်နှင့် ကွယ်နေခဲ့သော သူ၏မျက်နှာမှာ လမ်းမီးရောင်၏ အလင်းကြောင့် ထင်းထင်းပေါ်လာလေ၏။

"ဟင် . . . စာရေးဆရာ ကိုဗမှူးပါလား"

သူကလည်း ကျွန်ုပ်ကို လမ်းမီးရောင်ဖြင့် သေချာကြည့်

ကာ …

''ဟာ … ဘယ်သူများလဲလို့ … ဆရာအဂ္ဂပါလား

အတော်ပဲ''

ဟု ဝမ်းသာအားရလေသံဖြင့် ပြောလိုက်လေသည်။

ကျွန်ုပ်လည်း သူ၏ရှေ့တစ်လံကွာခန့်တွင် ရပ်လိုက်

လေ၏။

''နေပါဦး ကိုဇမ္ဗူရဲ့ … ကျုပ်ကို တွေ့ရတာနဲ့ အတော်

ပဲ ဆိုရအောင် ညကြီးမင်းကြီးမှာ ဘယ်လိုအကြောင်းများပေါ်နေ

လို့လဲဗျ။ ပြီးတော့ ဒီနေရာမှာ ဘယ်လိုဖြစ်ပြီးရောက်နေရတာလဲ''

''ဒီလို ဆရာအဂ္ဂရေ … ကျွန်တော် ပြီးခဲ့တဲ့အပတ်က

ဒီလမ်းကြားလေးထဲက အိမ်ကိုငှားပြီး ပြောင်းလာခဲ့တာဗျ

အတော်ထူးခြားတဲ့အိမ်ဗျာ၊ ပြောင်းလာစကတော့ သာမန်အိမ်

တွေလိုပဲ မထူးခြားလှပါဘူး။ ဒီညမှ ညဦးကတည်းက ထူးခြား

မှုတွေ ဖြစ်လာပြီး ကျွန်တော့်စိတ်ထဲ မသိုးမသန့် ဖြစ်လာတာနဲ့

အိမ်ထဲမှာ မနေရဲတော့ဘဲ လမ်းကို ခုလိုထွက်လာရတာဗျ

ပတ္တရောင်ပုလိပ်သားတွေ တွေ့ရင်လည်း အကူအညီတောင်းရ

အောင် ဆိုပါတော့ဗျာ''

''နေပါဦး … ဒီလမ်းကြားထဲမှာ လူနေအိမ်တွေ ရှိသ





လား။ ကျုပ်ဖြင့် ဗားကရာချောက်နားမှာ နေလာတာကြာပါပြီဗျာ၊

ဒီလမ်းမကြီးကလည်း ဖြတ်သွားဖြတ်လာလုပ်ခဲ့တာ အကြိမ်ကြိမ်

ပါပဲ၊ ဒီလမ်းကြားထဲမှာ လူနေရပ်ကွက်ရှိတာ သတိမပြုမိပါဘူး။

ဘုန်းတော်ကြီးကျောင်းတွေပဲ ရှိတယ်လို့ ထင်ထားတာ''

''ဒီလမ်းကြားထဲမှာ လူနေရပ်ကွက် မရှိပါဘူး ဆရာအဂ္ဂ

ရဲ့၊ အိမ်တစ်လုံးတည်းရှိတာပါ၊ နှစ်ထပ်ပျဉ်ထောင်အိမ်ဗျ၊ ပိုင်ရှင်

က ရှမ်းစော်ဘွားတစ်ဦးရဲ့ အနွယ်တော်ထဲကလို့ပဲ သိရတယ်၊

ပိုင်ရှင်ရဲ့အမည်တောင် ကျွန်တော်မသိဘူး။ ကန်တော်ကြီးစောင်း

မှာနေတဲ့ ဦးဖြူသီးဆိုတဲ့ ပွဲစားကတစ်ဆင့် ကျွန်တော်ငှားလိုက်

တာဗျ''

''အဲဒီအိမ်မှာ ခင်ဗျားတစ်ဦးတည်းနေတာလား''

''အခုတော့ တစ်ယောက်တည်းပါ ဆရာအဂ္ဂရဲ့၊ ကျွန်

တော့်ရဲ့မိန်းမက မော်လမြိုင် ခဏပြန်သွားတယ်၊ ကျွန်တော်

အိမ်ပြောင်းတဲ့ကိစ္စ သူ့ဆီ စာပို့ထားတယ်၊ ဒီတစ်ရက်နှစ်ရက်

အတွင်း ပြန်လာမယ်ထင်တယ်၊ သူရောက်လာရင်တော့ အဲဒီအိမ်

ကြီးမှာ နေရဲပါ့မလားမသိဘူး၊ ကျွန်တော့်ကိုလည်း ဘယ်လို

အိမ်ငှားထားတာလဲဆိုပြီး ပူညံပူညံ လုပ်တော့မယ်ဗျ''

ယခင်က ရှမ်းလမ်းတွင် လုံးချင်းအိမ်ကလေးငှားပြီး

ခု နစ် စဉ် ကြယ် စာ ပေ

နေထိုင်ခဲ့သည့် စာရေးဆရာ ကိုဖမ္ဘူကို ကျွန်ုပ်သိကျွမ်းခင်မင်ခဲ့သည်မှာ သုံးလေးနှစ်ခန့်ရှိပြီ ဖြစ်၏။ လူက လူအေး၊ ရိုးဖြောင့်လွန်းသူ စာပေသမားတစ်ဦးမို့ ကျွန်ုပ်အနေဖြင့် သူ့ကို ခင်မင်မိသည်။ ကျွန်ုပ်နှင့်သိကျွမ်းစဉ်က လူပျိုကြီးဖြစ်ပြီး လွန်ခဲ့သော ခြောက်လခန့်ကမှ မိန်းမရသွားကာ ကန်တော်ကြီးစောင်းမှ ရပ်ကွက်သို့ ပြောင်းရွှေ့သွားသူဖြစ်၏။ ယခုမှ အနိမိတ်ဆွေ လူရိုးကြီးကို ပြန်တွေ့ရခြင်းဖြစ်သည်။

"နေပါဦးဗျ . . . ခင်ဗျားငှားထားတဲ့အိမ်က ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်မှန်းမသိဘူး . . . ဒီနေ့ညမှ စိတ်ထဲ မသိုးမသန့်ဖြစ်လာတာဗျ၊ ဆရာအဂ္ဂ တစ်ဆိတ် လိုက်ကြည့်စမ်းပါဗျာ"

ကျွန်ုပ်က လက်ပတ်နာရီကို လမ်းမီးရောင်၌ မြှောက်ကြည့်လိုက်သည်။

"ဆယ်နာရီတောင်ထိုးတော့မယ်ဗျ၊ ဒါပေမဲ့ ကျုပ်ကလည်း ထူးထူးခြားခြားဆို ဝါသနာပါတတ်သူဆိုတော့ ခင်ဗျားရဲ့အိမ်ကို လိုက်ကြည့်မယ်ဗျာ"

"အဲ . . . အဲဒီလို လုပ်စမ်းပါဗျာ၊ ကျွန်တော်က လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုတွေသာ ရေးနေတာဗျ၊ လက်တွေ့ဆိုရင်





ကြောက်တတ်တယ်၊ အိမ်က တိတ်ဆိတ်ငြိမ်းချမ်းတယ်၊ စာရေးဆရာတစ်ယောက်အတွက် စာရေးလို့ကောင်းမယ်လို့ ပွဲစားဦးဖြူသီး အဆွယ်ကောင်းတာနဲ့ ဘုမသိ ဘမသိ ငှားလိုက်မိတာဗျို့၊ ရှိစုမဲ့စု ငွေပုံအောပြီး စပေါ်ငွေတင်ထားတော့လည်း ဒီပြင်အိမ်ထပ်မငှားနိုင်တော့ဘူး"

"ကဲပါဗျာ . . . ခြုံသံပါအောင် ညည်းမနေစမ်းပါနဲ့၊ ခင်ဗျားရဲ့အိမ်က ဘာမို့လဲ၊ လာ . . . ကျုပ်လိုက်ကြည့်စမ်းမယ်"

သို့ဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် ဘုန်းတော်ကြီးကျောင်းဝင်းကြီးနှစ်ခုအကြားရှိ လမ်းကျဉ်းလေးထဲသို့ ဝင်ရောက်ခဲ့ကြတော့၏။

အုတ်ခဲကျိုးလေးများ ခင်းထားသည့် လေးငါးပေခန့်သာ ကျယ်ဝန်းသည့် လမ်းကြားလေး၏ဝဲယာ၌ ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်နေသည့်အပြင် ဘုန်းတော်ကြီးကျောင်းဝင်းနှစ်ခုက ကုန်းမြင့်ပေါ်မှာ ရှိသဖြင့် တောင်ကြားလမ်းထဲ ဝင်ရသကဲ့သို့ ရှိဘိ၏။

ကိုဖမ္ဘူက လက်နှိပ်ဓာတ်မီးလေးထိုးကာ ရှေ့မှလမ်းပြခေါ်ဆောင်သွားရာ လမ်းကလေးမှာ အရှေ့ဘက်သို့ ကွေ့သွားပြီးကိုက်နှစ်ရာခန့်သွားမိလျှင်မူ အုတ်တံတိုင်းခတ်ထားသည့် ခြံဝင်းတစ်ခုကို တွေ့ရတော့သည်။

အုတ်တံတိုင်းမှာ ယိုယွင်းပျက်စီးလျက်ရှိပြီး နဘူးချုံတို့က

အုတ်တံတိုင်း၏နေရာအနှံ့ကို ကျော်ကာ လွှမ်းခြုံထား၏။

သစ်သားခြံတံခါးကြီးကလည်း ရွဲ့စောင်းလျက်ရှိသည်။

ကျွန်ုပ်တို့သည် ကောင်းစွာပိတ်ရဟန်မရှိသော ခြံတံခါးဝမှ ဝင်ရောက်ခဲ့ရာ ပုဏ္ဏရိက်တန်းနှစ်ခုအကြားမှ အုတ်နီခဲခင်းလမ်းကလေးအတိုင်း ကုန်းမြင့်လေးပေါ် ခပ်ပြေပြေတက်သွားလိုက်လျှင်မူ မည်းမှောင်နေသည့် အုတ်ခံပျဉ်ထောင်နှစ်ထပ်အိမ်ကြီးကို တွေ့ရလေတော့၏။

ချုံနွယ်များ၊ ဝါးရုံများ၊ နှစ်ချို့သစ်ပင်ကြီးများ ပေါက်ရောက်နေသည့် တစ်ကေခန့် ကျယ်ဝန်းမည်ဖြစ်သော ခြံကြီးထဲမှ ဤအိမ်ကြီးမှာ သီးခြားကမ္ဘာထဲ ရောက်နေသည့်နှယ် ပတ်ဝန်းကျင်နှင့်ကင်းကွာနေသဖြင့် အေးဆေးစွာ သီးသီးသန့်သန့် နေလိုသော မိသားစုအတွက်မူ နှစ်ခြိုက်ဖွယ် ဖြစ်ပါလိမ့်မည်။

သို့သော် မည်းမှောင်နေသောဤအိမ်ကြီးမှာ ကိုဇမ္ဗူ ပြောသကဲ့သို့ပင် စိတ်ထဲ မသိုးမသန့်ဖြစ်စရာ ကောင်းနေ၏။

ယခုလို လမိုက်ည၊ လူခြေတိတ်ဆိတ်နေချိန်တွင် သူတစ်ဦးတည်း အိမ်ထဲမနေရဲသည်မှာ မဆန်းဟု ကျွန်ုပ် စာနာစွာ တွေးမိပါသည်။

သူက ဆင်ဝင်အောက်မှ အုတ်လှေကားထစ်သုံးထစ်ကို





တက်လိုက်ပြီးနောက် စေ့ရုံစေ့ထားသည့် ကျွန်းတံခါးရွက်တို့အား တွန်းဖွင့်လိုက်၏။

ကျယ်ဝန်းသော အိမ်ရှေ့ညှေ့ခန်းမကြီးထဲတွင် ဝါကြင်ကြင် လျှပ်စစ်မီးသီးတစ်လုံးသာ မျက်နှာကြက်၌ ထွန်းညှိထားသဖြင့် ညှေ့ခန်းဆောင်၏ နေရာအတော်များများမှာ မှောင်ရိပ်ကျလျက်ရှိတော့သည်။

"အိမ်က အတော်ကျယ်တာပဲဗျ၊ ခင်ဗျားလို စာသမားပေသမား၊ အတွေးသမားအတွက်တော့ နေရာအတော်ကျမယ့်အိမ်ပဲ"

ကျွန်ုပ်၏မှတ်ချက်စကားကို သူက ပခုံးတွန့်၍ တုံ့ပြန်၏။

"ကျွန်တော်လည်း ရောက်စရက်တွေတုန်းက ဆရာအဂ္ဂ ပြောသလိုပဲ အတော်သဘောကျခဲ့တာဗျ၊ ဒီညမှ ဘယ်လိုဖြစ်တယ်မသိဘူး။ ကျွန်တော့်အထင် ဒီအိမ်ကြီးထဲမှာ ကျွန်တော့်အပြင် တခြားသူတစ်ဦးဦး ရှိနေသလို ခံစားလာရတယ်ဗျ"

"ခင်ဗျားရဲ့အတွေး မှန်သားပဲ၊ ခင်ဗျားအပြင် တခြားတစ်ယောက် ရှိနေတယ်ဗျ"

ကိုဇမ္ဗူ မျက်လုံးပြူးသွားသည်။

"ဟင် ... ဆရာအဂ္ဂ ဘယ် ဘယ်လိုလုပ်သိသလဲ"

ကျွန်ုပ်က ကိုယ့်ရင်ဘတ်ကို လက်မကော့ကာ ထိုးပြလိုက်၏။

''ဒီမှာလေဗျာ ... တခြားတစ်ယောက်''

''ဟာဗျာ ... ဆရာအဂ္ဂကလည်း အရေးထဲ နောက်နေပြန်ပြီ၊ ကျွန်တော့်မှာ နေရင်းထိုင်ရင်း ကျောချမ်းရတဲ့ကြားထဲ''

''ခင်ဗျားကလည်း လျှို့ဝှက်သည်းဖို စာရေးဆရာလုပ်နေပြီး ဒီလောက်တောင် သွေးနည်းရသလားဗျ၊ ဒါထက် ဒီအိမ်ကြီးမှာ အခန်းအတော်များများ ရှိမယ့်ပုံပဲဗျ''

''ဟုတ်တယ်ဆရာအဂ္ဂ ... ဒီအောက်ထပ်မှာတင် ဒီ ဧည့်ခန်းမကြီးအပြင် အိပ်ခန်းကျယ်သုံးခန်းနဲ့ ထမင်းစားခန်းရယ်, စတိုခန်းရယ်, မီးဖိုဆောင်ရယ် ရှိတယ်ဗျ၊ အိမ်ပေါ်ထပ်မှာတော့ ဘယ်နှခန်းရှိသလဲ မသိဘူး''

''ဟင် ... ခင်ဗျား အပေါ်ထပ် တက်မကြည့်ဘူးလား''

''တက်ခွင့်မရှိဘူး ဆရာအဂ္ဂရဲ့''

''အလို ... ဘယ်လို''

''ဒီလိုလေ ... ပွဲစားကြီး ဦးဖြူသီးက အိမ်ရှင်မှာခဲ့တဲ့ အတိုင်း ဒီအိမ်အောက်ထပ်ကိုပဲ ငှားတာတဲ့၊ အပေါ်ထပ်ကို အိမ်ငှားတွေ တက်ခွင့်မပြုဘူးတဲ့ ဆရာအဂ္ဂရဲ့၊ စာချုပ်ထဲမှာ





သည်း အိမ်အောက်ထပ်ပဲ ငှားတဲ့အကြောင်း ရေးထားတယ်''

''ထားပါတော့လေ ... အောက်ထပ်ပဲငှားတာဆိုတော့ အောက်ထပ်မှာပဲ နေမှာပေါ့ဗျာ၊ ဒါပေမဲ့ အိမ်ပေါ်ထပ်ကိုလည်း တက်ပြုလှေ့လာကြည့်မှပေါ့''

''အပေါ်ထပ်တက်တဲ့ လှေကားထိပ်မှာ အံ့ဖုံးတံခါးပိတ်ပြီး သော့ခလောက်ကြီးနဲ့ ခတ်ထားတယ်ဗျ''

''ဩော် ... ဒီလိုလား''

ကျွန်ုပ်က ဧည့်ခန်းဆောင်ကြီးကို ဝေ့ပတ်ကြည့်အကဲခတ်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေမိ၏။

''ကဲ ... ထားပါတော့၊ ခင်ဗျား ဒီအိမ် စငှားစမှာ ဘာမှထူးခြားမှု မတွေ့ရဘူး။ ဒီနေ့ညဦးကမှ ထူးခြားမှု စတွေ့ရပြီး စိတ်ထဲ မသိုးမသန့်ဖြစ်လာရတယ်လို့ ပြောခဲ့တယ်မဟုတ်လား။ ဘယ်လိုထူးခြားမှု စတွေ့တာလဲ ... ပြောပါဦး''

ကျွန်ုပ်၏အမေးစကား ကြားရသည်၌ ကိုဇမ္ဗူက သက်ပြင်းကြီး ရှိုက်လိုက်၏။ ယခုအခါ ကျွန်ုပ်တို့နှစ်ဦးမှာ ဧည့်ခန်းထဲရှိ ကြိမ်ဆက်တီခုံဟောင်းတို့တွင် အသီးသီးထိုင်လျက်ရှိကြပြီး ကျွန်ုပ်က ဒန်းဟောင်းလ်ဆေးတံကြီးကိုပင် မီးညှိဖွာရှိုက်လျက်ရှိချေပြီ။

''ဒီလို ဆရာအဂ္ဂရဲ့ ... ညနေစောင်းပြီး မီးတွေဖွင့်စမှာ

ပဲ ဒီအိမ်ကြီးရဲ့ တစ်နေရာရာကနေ လေးလံတဲ့တံခါးကြီးတစ်ချပ် ပိတ်လိုက်သံလိုလို ကြားရတာပဲဗျ"

"ဘယ်နေရာက ကြားရတာလဲ၊ အိမ်ပေါ်ထပ်ကလား။ ဒီအောက်ထပ်ကလား"

"ဘယ်နေရာကလဲဆိုတာတော့ မသိဘူး။ ကြားရတာကလည်း တစ်ကြိမ်တည်း"

"အင်း ... နောက် ဘာဆက်ဖြစ်သလဲ"

"အိမ်ပေါ်ထပ်က ပျဉ်ချပ်တွေ တကျွိကျွိမြည်သံ ကြားရတယ်၊ အိမ်နောက်ဘက်ပိုင်းမှာပဲ လူတစ်ယောက် လျှောက်သွားလို့ သံချက်ကြွနေတဲ့ ပျဉ်ချပ်တွေက မြည်တယ်ထင်တာပဲ"

"အိမ်ပေါ်ထပ်တက်တဲ့ တခြားလှေကား ရှိသေးသလား"

"မရှိဘူး ဆရာအဂ္ဂရဲ့၊ နောက်ဖေးမှာတောင် အရေးပေါ်ကြောင်လိမ်လှေကားတို့ ဘာတို့ မရှိဘူး"

အိမ်ကြီးက စိတ်ဝင်စားဖို့ကောင်းလာပြီဟု ကျွန်ုပ်ထင်သည်။

ထိုစဉ် ထူးခြားသောမွှေးရနံ့တစ်ခုကို ရှူရှိုက်မိလိုက်ရာ ကျွန်ုပ်၏တစ်ကိုယ်လုံး တောင့်တင်းသွားသလိုလို ခံစားလိုက်ရ





သော့၏။

ကျွန်ုပ်က သေချာစေရန် မွှေးရနံ့ကို ထပ်မံရှူကြည့်ရင်း ဘိုဇမ္ဗူကို ကြည့်လိုက်ရာ သူသည်လည်း မွှေးရနံ့ကို ရှူရှိုက်မိဟန်ဖြင့် ဦးခေါင်းကိုမော့ကာ ဟိုဘက်လှည့်လိုက် သည်ဘက်လှည့်လိုက်လုပ်လျက် အနံ့ခံနေလေသည်။

"ဆ ဆရာအဂ္ဂ ... မွှေးတယ်ဗျ"

"ဟုတ်တယ် ... ခင်ဗျား ဘုရားစင်မှာ အမွှေးတိုင်ထွန်းထားသလား"

"မ ... မထွန်းထားပါဘူး ဆရာအဂ္ဂရဲ့"

သူက ညောင်ခန်းခေါင်းရင်းပိုင်းရှိ နံရံ၌ ကပ်ရိုက်ထားသည့် ဘုရားစင်ငယ်ဆီ လက်ညှိုးညွှန်ပြ၏။

"ဒါ အမွှေးတိုင်အနံ့ဗျ၊ အရင်ရက်တွေက ဒီလို အမွှေးတိုင်ရနံ့မျိုး ရဖူးသလား"

"မရဖူးဘူး။ ဘေးနှစ်ဖက်က ဘုန်းကြီးကျောင်းခြံဝင်းတွေက ကျယ်ပြီး ကျောင်းတွေက အဝေးကြီးဗျ ဆရာအဂ္ဂရဲ့၊ အဲဒီဘက်တွေကလည်း အမွှေးတိုင်အနံ့ လာနိုင်မှာမဟုတ်ဘူး။ အခုဟာက သိပ်မဝေးတဲ့နေရာက လာတဲ့အနံ့မျိုးဗျ"

ကျွန်ုပ်က မျက်နှာကြက်ကို မော့ကြည့်လိုက်ပြီး ...

"ကျုပ်တော့ အဲဒီအပေါ်ထပ်ကို မသက်သာဘူးဗျာ၊ တက်ကြည့်ရအောင်"

"အာ ဆရာအဂ္ဂ . . . အိမ်ငှားစာချုပ်ထဲမှာ အပေါ်ထပ်က ငှားတဲ့အထဲ မပါဘူးလို့ ရေးထားတာဗျ"

"ခင်ဗျားကလည်း အပေါ်ထပ်မှာ သွားနေဖို့မှ မဟုတ်ဘဲ၊ မသက်သာလို့ တက်ကြည့်မှာပဲ၊ မတော်လို့ ဒီအောက်ထပ်က အိမ်ငှားတွေရဲ့ အသက်အန္တရာယ်ကိုရော ဒီအိမ်ကြီးတစ်လုံးလုံးရဲ့ အန္တရာယ်ကိုပါ ဖြစ်စေနိုင်တဲ့ ရန်မျိုးရှိနေရင် ဘယ်လိုလုပ်မလဲ၊ လာပါဗျာ . . . တက်ကြည့်မှကို ဖြစ်မယ်"

ကျွန်ုပ်လည်း ဤအိမ်ကြီး၏အပေါ်ထပ်ကို စိတ်ဝင်စားလှပြီဖြစ်သဖြင့် ဖြစ်သည့်နည်းဖြင့် တက်ကြည့်ရန် ဆုံးဖြတ်လိုက်ကာ ကိုဇမ္ဗူကို အတင်းဆွဲခေါ်ရာ လျှို့ဝှက်သည်းဖိုဝတ္ထုများ ရေးနေသော်လည်း သတ္တိသွေးတစ်စက်မျှ ရှိပုံမရသော ကိုဇမ္ဗူမှာ ဆုတ်ကန်ကန်ဖြင့် ပါလာတော့၏။

"သံတူရွင်းလို သံကလော်စရာတစ်ခုခု ယူခဲ့ဗျာ"

"ဆိတ် . . ဆိတ်ချိုတော့ရှိတယ်"

သူက အတွင်းခန်းတစ်ခုထဲမှ ဆိတ်ချိုတူတစ်လက် ယူလာပြီး လက်နှိပ်ဓာတ်မီးကိုပါ ယူလျက် ကျွန်ုပ်နှင့်အတူ





အိမ်ပေါ်ထပ်သို့တက်သည့် ကျွန်းလှေကားကြီး၏ခြေရင်းသို့ ချဉ်းကပ်ခဲ့ကြတော့သည်။

သို့တိုင် သူက အပူအပင်ကြီးနေဆဲ . . .

"ဆရာအဂ္ဂက သော့ကိုဖျက်မလို့လား၊ ခြေရာလက်ရာ ပျက်ရင် မကောင်းဘူးဗျ"

"ဘယ်တတ်နိုင်မလဲဗျ . . . ဒီအိမ်ပေါ်ထပ်မှာ ခင်ဗျားရဲ့ ဝိညာဉ်ကို နှုတ်မယ့် သရဲတစ္ဆေဖြစ်ဖြစ်၊ မိစ္ဆာကောင်တစ်ကောင် ကောင်ဖြစ်ဖြစ် ရှိနေရင် ဘယ်လိုလုပ်မလဲ"

"ဟာ အား . . . သ သရဲသာရှိရင်တော့ ဒုက္ခပဲဗျာ၊ ကျွန် ကျွန်တော်က သရဲဆို ချေးချမ်းအောင် ကြောက်တာဗျ၊ ကျွန်တော့်ရဲ့ထုတ်ဝေသူက သရဲလိုင်းရေးခိုင်းတာတောင် ရေးရင်း လိပ်ပြာလွှင့်သွားမှာကြောက်ပြီး မရေးပါရစေနဲ့လို့ အတန်တန် ငြင်းထားတာ၊ ဟော . . . ပြောရင်းဆိုရင်း အမွှေးတိုင်အနံ့က ပြင်းလာပါလား ဆရာအဂ္ဂရေ"

"အိုင်ဆေး . . . အဲဒါကြောင့် အဲဒီကိစ္စရှင်းအောင် လုပ်ရမယ်လို့ ပြောတာပေါ့ဗျာ . . . ပေး ဆိတ်ချို"

ကျွန်ုပ်က ဆိတ်ချိုတူကိုကိုင်ရင်း ကျွန်းလှေကားကြီးအတိုင်း ရှေ့မှတက်ရာ ကိုဇမ္ဗူမှာ ဆုတ်ကန်ကန်ဖြင့် နောက်မှ

ကပ်ပါလာပြန်၏။

တစ်ဆစ်ချိုး ကျွန်းလှေကားကြီး၏ထိပ်တွင် အံ့ဖုံးတံခါး ချပ်က ပိတ်ဆီးလျက်ရှိပြီး ယင်းသစ်သားအံ့ဖုံးတံခါးရွက်အား အာမခံ ကြေးသော့ခလောက်ကြီးဖြင့် ခတ်ထားသည်ကို တွေ့ရ လေသည်။

သို့သော် အံ့ဖုံးတံခါးရွက်မှာ အတော်ဟောင်းနွမ်းနေပြီ ဖြစ်သဖြင့် မျောက်လက်ကို ဆိတ်ချိုဖြင့် ကပ်နုတ်ရာ ဆယ်မိနစ် ခန့်အတွင်းမှာပင် မျောက်လက်ပြုတ်သွားတော့၏။

''လာဗျာ . . . နှစ်ယောက်ပြိုင်တူ မ,ဖွင့်ရအောင်၊ တံခါး ရွက်က အတော်လေးပုံရတယ်ဗျ''

ယခုမှတော့ မထူးတော့ပြီဟု သဘောပိုက်သွားသလား မသိ။ ကိုဇမ္ဗူမှာ ကျွန်ုပ်နှင့်အတူ အံ့ဖုံးတံခါးရွက်ကြီးကို ကြိုး ကြိုးစားစား မ,ဖွင့်ရှာလေသည်။

'ကျွီ . . ယီ ယီ'

အံ့ဖုံးတံခါးရွက်ကြီး ပွင့်သွားပြီးနောက်တွင်မူ ကျွန်ုပ်တို့ သည် မည်းမှောင်နေသော အိမ်ပေါ်ထပ်သို့ လက်နှိပ်ဓာတ်မီး ရောင်အားကိုးဖြင့် လှမ်းတက်ခဲ့ပါတော့၏။

✡ ✡ ✡





## ဝိညာဉ်မဲ့ဒေဝီ

မှောင်ပိန်းလျက်ရှိသော အိမ်ပေါ်ထပ်တွင် အမွှေးတိုင် ၁ံရနံ့က ထောင်းထောင်းထလျက်ရှိရာ ကြက်သီးထဖွယ် ကောင်း လှပေ၏။

ကျွန်ုပ်မျှော်လင့်ထားသည့်အတိုင်း ဤအိမ်ကြီးပေါ်တွင် ထူးခြားမှုကြီးတစ်ခုခု ရှိနေသည်မှာ သေချာချေပြီ။

''လာဗျာ . . . အိမ်ခေါင်းရင်းဘက်ကို အရင်သွားကြည့် ရအောင်''

ကျွန်ုပ်က ခပ်တိုးတိုးပြောရင်း ဘုရားဆောင်ရှိမည်ဟု ယူဆသော ခေါင်းရင်းဘက်သို့ ဦးဆောင်လျှောက်သွားရာ ကိုဇမ္ဗူ

က နောက်မှ ကပ်လိုက်လာလေ၏။

'ကျွီ ကျွီ ကျွီ'

ဖုန်သောသောထလျက်ရှိသော အချိုကြမ်းပြင်မှာ ခြေ တစ်လှမ်းချလိုက်တိုင်း တကျွီကျွီမြည်လျက်ရှိရာ တိတ်ဆိတ် ငြိမ်နေသည့် အကာလည့်အခါမို့ ယင်းအသံတို့က ပီပီပြင်ပြင် ထွက်ပေါ်နေတော့သည်။

''နံရံမှာ မီးခလုတ်တွေရှိတယ်၊ ဖွင့်လိုက်ရင် ကောင်း မယ်ထင်တယ်''

သူက ခပ်တိုးတိုး အကြံပြု၏။

''မဖွင့်နဲ့ဗျာ၊ ခြေသံကို အတတ်နိုင်ဆုံး မမြည်အောင် ဖွနင်း။ ဒီအပေါ်မှာ တစ်ခုခုရှိနေတာ သေချာနေပြီဗျ၊ အဲဒါကို တိတ်တိတ်လေး အမိဖမ်းရမှာ''

''ဟာ ယို့ ယို့ ... စင်္ကြံဘက်မှာ မီး မီးရောင်ဗျ''

သူက ကျွန်ုပ်၏လက်တစ်ဖက်ကို ဆွဲကာ နောက်ဘက်၌ ကျန်ရစ်ခဲ့သည့် စင်္ကြံဘက်သို့ ညွှန်ပြ၏။

လက်နှိပ်ဓာတ်မီးရောင်အောက်မှ သူ့မျက်နှာသည်ကား ထိတ်လန့်ချောက်ချားမှုကြောင့် သွေးမရှိတော့သလို ဖွေးဖွေးဖြူ လျက် ရှိချေပြီ။





ကျွန်ုပ်လည်း လက်နှိပ်ဓာတ်မီးရောင်ကို အောက်နှိမ့် လျက် စင်္ကြံလမ်းဘက်ကြည့်လိုက်ရာ အတော်ရှည်လျားပုံရသော စင်္ကြံ၏ တစ်နေရာတွင် မီးအလင်းရောင်တစ်ခု စင်္ကြံလမ်းပေါ် ဖြာကျနေသည်ကို လှမ်းတွေ့ရလေသည်။

''ဟုတ်ပြီ၊ လာ ... အဲဒီကိုသွားမယ်''

''သ ... သရဲတော့မဟုတ်ပါဘူးနော် ဆရာအဂ္ဂ''

''သရဲဆို မီးရောင်အောက်မှာ နေမလားဗျ ... လာပါ ဗျာ''

ကျွန်ုပ်က လက်နှိပ်ဓာတ်မီးကို ကြမ်းပြင်သို့ ခပ်အုပ်အုပ် ထိုက်ထွန်းကာ ရှေ့မှလျှောက်လှမ်းသွားရာ သူက ကျွန်ုပ်၏လက် မောင်းတစ်ဖက်ကို ဆုပ်ကိုင်ရင်း နောက်မှ ကပ်လိုက်လာရှာ၏။

သူ၏လက်က အေးစက်လျက်ရှိပြီး လက်ချောင်းတို့ တုန်လျက်ရှိရာ လျှို့ဝှက်သည်းဖို စာရေးဆရာ၏အဖြစ်ကို ကျွန်ုပ် မှာ အမှောင်ထဲမှာပင် ပြုံးမိလိုက်သေးသည်။

ကျွန်ုပ်တို့သည် စင်္ကြံလမ်းအတိုင်း ခြေဖွနင်းလျှောက်ခဲ့ ကြရာ အခန်းကျယ်ကြီးနှစ်ခန်းကို ဖြတ်ကျော်လာပြီးလျှင်မူ ဘီခါးရှက်အနည်းငယ် ဟလျက်ရှိသော အိမ်နောက်ဘက်ကျကျမှ အခန်း၏ရှေ့သို့ ရောက်ရှိသွားပါတော့၏။

အတန်ငယ်ဟနေသော တံခါးရွက်အကြားမှ လျှပ်စစ်မီးရောင်က ကြမ်းပေါ် ဖြာကျလျက်ရှိလေသည်။

ကျွန်ုပ်သည် တံခါးရွက်အဟကြားသို့ သတိကြီးစွာထားလျက် ချောင်းကြည့်လိုက်ရာ မျှော်လင့်မထားသော မြင်ကွင်းကို တွေ့လိုက်ရသဖြင့် လွန်စွာ အံ့အားသင့်သွားရတော့၏။

ပေနှစ်ဆယ်ပတ်လည်ခန့် ကျယ်ဝန်းသည့် အိပ်ခန်းဆောင်ကြီးထဲတွင် ကြေးခုတင်တစ်လုံးရှိနေပြီး ယင်းကြေးခုတင်ထက်မှ ဖဲမွေ့ရာပေါ်၌ အမျိုးသမီးတစ်ဦးသည် ပက်လက်လဲလျောင်းလျက်ရှိချေသည်။

လှပချောမောသော သူမ၏ဆံပင်များမှာ ဖဲခေါင်းအုံးပေါ်၌ နှစ်ဖက်လှပစွာ ဖြန့်ကျလျက်ရှိ၏။

သူမ၏ကိုယ်အထက်ပိုင်း၌ ဇာနားကွပ်နိုင်လွန်အင်္ကျီအပြာနုရောင်လေးကို ဝတ်ဆင်ထားပြီး ခါး၌ ရွှေခါးပတ်ခေါင်းတပ် ခါးပတ်အနက်လေး ပတ်ထားကာ ခန္ဓာကိုယ်အောက်ပိုင်းတွင်မူ ငွေချည်ထိုး ချိတ်ထဘီအပြာလွင်လွင်ကို ချပ်ရပ်စွာ ဝတ် ဆင်ထား၏။

သို့သော် ဝမ်းဗိုက်ပေါ်တွင် ယှက်တင်ထားသည့် သူမ၏ လက်မဖြူဖြူလေး နှစ်ချောင်းကို အပ်ချည်ကြိုးဖြင့် ပူးချည်ထား





သလို ခြေမနှစ်ချောင်းကိုလည်း ပူးချည်ထားချေသည်။

စင်စစ် သူမသည်ကား အသက်ဝိညာဉ်ကင်းမဲ့နေသည့် မသာအလောင်းပင် ဖြစ်တော့၏။

သူမ၏ခေါင်းရင်းရှိ စားပွဲပုလေးပေါ်တွင် အမွှေးတိုင်တို့ ထွန်းညှိထားရာ ယင်းအမွှေးတိုင်တို့မှရနံ့မှာ တစ်ခန်းလုံး ကြိုင်လှောက်နေသည့်အပြင် ထိုမွှေးရနံ့တို့က အခန်းထဲမှ ထိုးထွက်ပြန့်လွင့်လျက် ရှိလေသည်။

ခုတင်ခြေရင်းနားတွင်မူ လူရွယ်တစ်ဦးသည် ကျွန်ုပ်တို့ရှိရာ တံခါးဝအား ကျောပေးကာ ဆိတ်ငြိမ်စွာရပ်လျက် ရှိပေ၏။

မျက်နှာကြက်ရှိ လျှပ်စစ်ဘတ်သီး၏ ဝါကြင်ကြင်မီးရောင်အောက်တွင် အမွှေးတိုင်အနိုးအငွေ့ဖြူဖြူတို့အကြား မြင်နေရသောမြင်ကွင်းကို ကျွန်ုပ်သည် မှင်တက်မိစွာ ငေးကြောင်ကြည့်နေသလို ကိုဇမ္ဗူသည်လည်း မျက်လုံးအပြူးသားဖြင့် ငေးကြောင်ကြည့်နေရင်း ကျွန်ုပ်၏လက်ကို ပိုမိုတင်းကျပ်စွာ ဖျစ်ညှစ်ထားလေသည်။

ခဏအကြာတွင်မူ ကျွန်ုပ်သည် အံ့သြခြင်း၊ နားမလည်နိုင်ခြင်း၊ စိတ်လှုပ်ရှားခြင်း စေတသိက်တို့ကြောင့် မိမိကိုယ်ကို ဘာလုပ်လိုက်မိမှန်း သတိမထားမိလိုက်စဉ်မှာပင် တံခါးရွက်အား

တွန်းဖွင့်ကာ အခန်းထဲ ခြေတစ်လှမ်း ဝင်လိုက်မိလေ၏။

'ကျွီ'

တံခါးရွက်ပတ္တာ၏ မြည်သံက တိတ်ဆိတ်နေသည့် အခြေအနေကို ချောက်ချားသက်ဝင်စေလိုက်သည်ထင့်။ ကျောက်ရုပ်လို ငြိမ်သက်စွာရပ်ရင်း မသာအလောင်းကောင်ဖြစ်နေသည့် မိန်းကလေးကို ငေးစိုက်ကြည့်နေသော လူငယ်မှာ တံခါးဝဆီ ခပ်ဖြည်းဖြည်း လှည့်ကြည့်လာတော့သည်။

ထိုအခါမှ ထိုလူငယ်သည် ရုပ်ရည်အားဖြင့် သန့်ပြန့်ချောမောရုံမက ဖြူစင်ရိုးဖြောင့်သော အသွင်လက္ခဏာရှိပြီး သူ၏မျက်ဝန်းများက နူးညံ့ကြေကွဲလျက်ရှိကြောင်း ကျွန်ုပ် သတိပြုမိချေ၏။

ထူးဆန်းသည်က သူသည် ကျွန်ုပ်တို့ကို ရုတ်တရက်တွေ့လိုက်ရခြင်းအတွက် အံ့သြတုန်လှုပ်သွားခြင်း ဖြစ်ပုံမရချေ။ သို့သော် စိတ်အနှောင့်အယှက်ဖြစ်သွားဟန်ဖြင့် မျက်မှောင်ကို မသိမသာ အတွန့်ချိုးလိုက်လေသည်။

ထိုလူငယ်၏ တုံ့ဏှိဘာဝဟန်ပန်ကြောင့် ကျွန်ုပ်သည် အတင့်ရဲသွားပြီး သူ့အနီးသို့ ချဉ်းကပ်သွားကာ ...

''ဒီမှာမောင်ရင် ...မင်းက ဘယ်သူလဲ၊ ပြီးတော့ဒီ အသုဘအလောင်းကြီးက ဒီအိမ်ပေါ် ဘယ်လိုရောက်လာတာလဲ''

ဟု မေးမိလိုက်တော့၏။

သူက ကျွန်ုပ်ကိုတစ်လှည့်၊ ကျွန်ုပ်၏နောက်နားမှ ကပ်လျက်ပါလာသည့် ကိုဇမ္ဗူကိုတစ်လှည့် ကြည့်လိုက်ပြီးနောက် ဘိုးသက်တည်ငြိမ်သော အသံဖြင့်ဖြေသည်။

''ကျွန်တော့်ရဲ့နာမည်က မင်းဇေယျာပါ၊ ဒါက ကျွန်တော့်ရဲ့ချစ်သူ စုနန္ဒီပါ။ နန္ဒီကို ကျွန်တော် ဒီအိမ်ထဲ ညဦးလောက်ကတည်းက ခေါ်လာခဲ့တာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒါက သူ့ရဲ့အိမ်ပဲလေ၊ သူ မနိုးထခင်မှာ သူ့အိမ်က အိပ်ရာပေါ် သူအိပ်နေနိုင်စေဖို့ ကျွန်တော် ခေါ်လာခဲ့တာပါ ဦးရယ်''

''နေပါဦး မောင်ရင်ရဲ့ ...သူက အိပ်နေတာမှ မဟုတ်ဘဲ၊ သေနေတာပဲ''

မင်းဇေယျာက နားလည်ရခက်သောအပြုံးကို ပြုံးလိုက်ပြီး ဖြည်းလေးစွာ ခေါင်းယမ်းပြ၏။

''အိပ်တယ်ဆိုတာ ခဏသေတာပဲမဟုတ်လား ဦးရဲ့၊ ဒီတော့ သေတယ်ဆိုတာလည်း အကြာကြီးအိပ်တဲ့သဘောပဲပေါ့၊ ဟုတ်တယ်မဟုတ်လား''





ခု နစ် စဉ် ကြယ် စာ ပေ

"ဟုတ်ပါတယ် မောင်မင်းဖေယျာ၊ သေတယ်ဆိုတာ အကြာကြီး အိပ်တာပါပဲ၊ မနိုးသောအိပ်ခြင်းနဲ့ အိပ်တာပေါ့ကွာ ကဲ . . . ဒါထားလိုက်၊ ဒို့ထက် သူ ဘယ်တုန်းက ဘာဖြစ်လို့သေတာလဲ၊ ပြီးတော့ ဒီအလောင်းကြီးကို ဒီအိမ်ပေါ်ရောက်အောင် မင်း ဘယ်လိုသွင်းလာခဲ့သလဲ . . . ပြောပြပါဦး"

ကျွန်ုပ်၏မေးခွန်းတို့အဆုံးတွင် သူက ညှိုးလျလျပြုံးလိုက်ပြန်သည်။

"နန္ဒီဟာ လောဘ, ဒေါသ, မောဟသားရဲတွေကြောင့် လွန်ခဲ့တဲ့သုံးရက်လောက်က ဒီလိုဖြစ်ခဲ့ရတာပါ၊ သူ့ကို ဒီအိမ်ထဲရောက်အောင် မြေအောက်လျှို့ဝှက်တံခါးကနေ ကျွန်တော် သယ်လာခဲ့တာပါ"

"မြေအောက်လျှို့ဝှက်တံခါး . . . ဟုတ်လား၊ ဒီအိမ်ကြီးထဲမှာ အဲဒါမျိုးရှိလို့လား"

ယင်းမေးခွန်းကို တစ်ချိန်လုံးငြိမ်နေသည့် ကိုဇမ္ဗူက ဝင်မေးလိုက်ခြင်းဖြစ်၏။

"ဟုတ်ပါတယ် . . . ရှိပါတယ်၊ အဲဒီကနေ ကျွန်တော် ဝင်လာခဲ့တာပါ"

ကျွန်ုပ်ကမူ မြေအောက်လျှို့ဝှက်တံခါးဆိုတာထက်





ခုတင်ပေါ်မှ အလောင်းကောင်ကို ပိုမိုစိတ်ဝင်စားလျက်ရှိ၏။

မိန်းကလေး၏ရုပ်ကလာပ်က လတ်ဆတ်လွန်းလှသည်။ ကြည့်ရသည်မှာ သေနေသည်နှင့်မတူဘဲ အိပ်ပျော်နေသည့်နှယ် ဖြစ်သည်။

"ဒီကောင်မလေး ပြီးခဲ့တဲ့တစ်ပတ်လောက်ကတည်းက သေတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား"

ထို့အပြင် ကျွန်ုပ်၏နှာခေါင်း၌ တရုတ်အမွှေးတိုင်မှ မွှေးရနံ့တို့အပြင် အခြားမွှေးရနံ့တစ်ခုကိုပါ ရနေသလို ခံစားရသဖြင့် သက်သာမကင်းဖြစ်ကာ ရှေ့သို့တိုးပြီး အလောင်းအနီးသို့ ကပ်ကြည့်လိုက်မိ၏။

ကျွန်ုပ်ထင်သည့်အတိုင်းပင် အလောင်းကောင်မှနေ၍ မွှေးရနံ့တစ်မျိုး ခပ်သင်းသင်း ထွက်နေခြင်းဖြစ်သည်။

အလောင်းကောင်မှ ထွက်နေသည့် မွှေးရနံ့ကား အခြား မည်သည့်အမွှေးရနံ့နှင့်မျှ မတူချေ။

အမွှေးတိုင်ရနံ့၊ တောင်နံ့ကတိုးအနံ့၊ နံ့သာဖြူအနံ့၊ ရေမွှေးပေါင်ဒါအနံ့ စသည့် မည်သည့်ရနံ့နှင့်မျှ မတူချေ။ တစ်မူ ထူးခြားလှစွာသော ရနံ့ပင် ဖြစ်ပါ၏။

ကျွန်ုပ်၏ရင်ထဲတွင် မရှင်းမလင်းဖြစ်လာသဖြင့် မြောင်

ပင် ဖွင့်မေးလိုက်၏။

"ဒီအလောင်းကနေ အနံ့တစ်မျိုးရတယ်ကွဲ၊ အတော် မွှေးတဲ့ ရနံ့တစ်မျိုးပဲ၊ ပြီးတော့ သူ့ကြည့်ရတာ အိပ်ပျော်နေသလို ပဲ၊ အသက်မရှူတာတော့ သေချာတယ်၊ သူ ပြီးခဲ့တဲ့ တစ်ပတ် လောက်ကတည်းက သေတယ်ဆိုတာရော ဟုတ်ရဲ့လား မောင် မင်းဇေယျ"

"နန္ဒီ့ကို သေတယ်လို့ ကျွန်တော်မပြောခဲ့ပါဘူး။ သူ အကြာကြီး အိပ်ပျော်နေတာပါ"

"အသက်မှ မရှူဘဲ ... သေနေတာပါ"

ကိုဇမ္ဗူက မချင့်မရဲအသံဖြင့် ဝင်ပြောလိုက်လေ၏။

"ဦးတို့ လူရဲ့ဖွဲ့စည်းမှုကို သိမှာပါ၊ လူကို ရုပ်နဲ့နာမ် ပေါင်းစပ်ဖွဲ့စည်းထားတယ် ဟုတ်လား။ ရုပ်နဲ့နာမ်ပေါင်းစပ်နေမှ လူဟာ အသက်ရှင်နေတယ်လို့ ယူဆကြတယ်၊ ဝိညာဉ်လို့ခေါ်တဲ့ နာမ်ဟာ ရုပ်ကနေထွက်ခွာသွားရင် သေတယ်လို့ ယူဆကြတယ် ... ဟုတ်တယ်မဟုတ်လား ...၊

ရုပ်ခန္ဓာနဲ့နာမ် ခွဲခွာသွားတာကို လိပ်ပြာလွင့်တယ်, ဝိညာဉ်မဲ့တယ်, အသက်ထွက်တယ်, သေတယ်လို့ ယူဆကြ တယ်မဟုတ်လား ...၊





ကျန်ရစ်ခဲ့တဲ့ ခန္ဓာကိုယ်ကြီးကိုလည်း ရုပ်ကလာပ်, အလောင်းမသာ အသုဘလို့ ခေါ်ကြတယ်မဟုတ်လား ...၊

ဝိညာဉ်လို့ခေါ်တဲ့ နာမ်က ရုပ်ခန္ဓာကနေ ထာဝရ ထွက် ခွာသွားရင်တော့ စေတစေကလို ယူဆတာမှန်တာပေါ့ဗျာ ...၊

ဒါပေမဲ့ ခန္ဓာကိုယ်ကို စွန့်ပြီး ဝိညာဉ်လိပ်ပြာက တခြား ဖြစ်နေရာဆီ ခေတ္တခဏလွင့်နေတာကို သေတယ်လို့ ယူဆလို့ ရမလား"

ကျွန်ုပ်က လေအေးအေးဖြင့် ရှင်းပြနေသည့် မင်းဇေယျ ကို ဘဝင်မကျစွာ ကြည့်နေလိုက်၏။

ကိုဇမ္ဗူတော့ မသိ၊ ကျွန်ုပ်ကတော့ မင်းဇေယျာ ရှင်းပြ နေသည်ကို နားထောင်ရင်း ခေါင်းရှုပ်ထွေးလာ၏။

အထူးသဖြင့် အမွှေးတိုင်၏အနံ့၊ အလောင်းမှထွက်ပေါ် နေသည့်ရနံ့တို့က ထုံအီကာ ကြာကြာရှူရှိုက်ရလေ မနှစ်မြို့လေ ဖြစ်လာသည့် ဤအခန်းကြီးထဲတွင် ဆက်လက်နေလိုစိတ် မရှိ ဖြစ်လာသည်။

"ဒါဆို ဒီနန္ဒီရဲ့ဝိညာဉ်ဟာ တစ်နေရာရာကိုလွင့်နေတယ် ပေါ့ ... ဟုတ်လား။ အဲဒီဝိညာဉ် ပြန်လာရင် သူက အသက်ပြန် ရှင်လာမှာပေါ့ ... ဟုတ်လား"

ကျွန်ုပ်က စိတ်မရှည်စွာ မေးလိုက်ရာ မင်းဇေယျာက ပြုံးလိုက်၏။ သူ့အပြုံးက ပကတိတည်ငြိမ်လျက်ရှိသည်။ သူ့မျက်ဝန်းတို့ကလည်း ကြည်ရွှန်းလှ၏။ ကြောင်စီစီမရှိ၊ ပျာယီးပျာယာ မရှိ။ ဆိုလိုသည်မှာ စိတ်မမှန်သူတစ်ဦး၏ အသွင်အပြင်မရှိ။ သို့တိုင် အသက်လုံးဝမရှူတော့သော အလောင်းကောင်အတိုင်းပြင်ဆင်ထားသည့် မိန်းကလေးမှာ မသေသေးဟု သူပြောနေတာကိုတော့ လက်ခံနိုင်စရာမရှိပေ။

"နန္ဒီရဲ့ဝိညာဉ်ဟာ တခြားတစ်နေရာ သွားနေတယ်ဆိုတာ ဟုတ်ပါတယ်၊ သူ့ရဲ့လိပ်ပြာကို ကျွန်တော် ပြန်ခေါ်လာနိုင်တဲ့ တစ်နေ့မှာ သူ့ရဲ့ရုပ်နန္ဒာမ်ဟာ ပြန်လည်ပေါင်းစည်းသွားမှာပါ"

"ဒီမှာ မောင်မင်းဇေယျာ ... မင်းရဲ့အယူအဆကို ကျုပ် လုံးဝ လက်မခံနိုင်ပါဘူး။ သူဟာ သေနေပြီ၊ ဝိညာဉ်ချုပ်နေပြီ၊ မကြာခင် သူ့ရဲ့ရုပ်ခန္ဓာဟာ ပုပ်ပွပျက်စီးတော့မယ်၊ ဒါဆိုဘယ်လိုလုပ်ပြီး အသက်ပြန်ရှင်နိုင်မှာလဲ"

"ရုပ်ခန္ဓာပျက်စီးသွားရင် ဝိညာဉ်ပြန်ကပ်လို့ မရတော့ဘူးဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ နန္ဒီရဲ့ရုပ်ခန္ဓာက ပျက်စီးမှာမဟုတ်ဘူး ဦးရဲ့၊ သူ့ရဲ့ရုပ်ခန္ဓာ ပကတိတည်မြဲနေစေဖို့ နံ့သာ





...တစ်မျိုးကို တစ်ကိုယ်လုံး လိမ်းထားတယ်လေ"

"ဘာလဲ ... မပုပ်မသိုးစေတဲ့ဆေးရည်ကို ဆေးစိမ်...မျိုး သုတ်လိမ်းထားတယ်လို့ မောင်ရင်က ဆိုချင်တာလား"

"အဲဒီလို ယူဆရင်လည်း ရပါတယ်"

"အီဂျစ်ပြည်က မံမီတွေလိုလား၊ အဲဒီမံမီတွေကို မပုပ်...တဲ့ နှစ်ပေါင်းထောင်ချီပြီးထားလို့ရတယ်ဆိုတာက အလောင်း...ကောင်ရဲ့ အတွင်းကလီစာတွေကိုထုတ်ပြီး ခန္ဓာရဲ့အတွင်းမှာပါ...ဆေးတွေသုတ်လိမ်း၊ အပြင်က ဆေးတွေထပ်လိမ်းပြီးတော့...တ်စည်း။ အဲဒီလိုထားရတာ၊ အရေပြားအပေါ် ဆေးအရည်...သုတ်လိမ်းရုံနဲ့ မပုပ်မသိုးအောင် လုပ်လို့မရဘူးကွဲ့ ငါ့တူရဲ့"

"ခက်ပါလား ဦးရယ်၊ လူ့ရဲ့ခန္ဓာကိုယ်မှာ ဖွဲ့စည်းတည်...ဆောက်ထားတဲ့ တစပဋ္ဌက အဖို့အစု၊ ဝက္ကပဉ္စက အဖို့အစု၊ ...သပဉ္စက အဖို့အစု၊ မတ္တလုင်္ဂပဉ္စကအဖို့အစု၊ မေဒဆက္က အဖို့အစု၊ မုတ္တဆက္ကအဖို့အစု စတဲ့ ၃၂ ပါးသော အဖို့အစုတွေဟာ...စ်ခုနဲ့တစ်ခု ဆက်စပ်ဆက်နွှယ်နေတယ်ဗျ။ လူ့ခန္ဓာတစ်ခုလုံး...ကို မြေးယှက်ရစ်ပတ်ထားတဲ့ တစောလို့ခေါ်တဲ့ လူ့အရေပြား...သူ့အပါးကနေ ကေသာ၊ လောမာ အမွေးအဖြာဖြာတို့ ထွက်...ပေါ်တည်ရှိသလို သေဝဒါမည်တဲ့ ချွေးထွက်ဖို့ မွေးညင်းပေါက်

တွေ ကုဋေနဲ့ချီပြီး ရှိတယ် မဟုတ်လားဦးရဲ့ ...၊

အဲဒီ မွေးညင်းပေါက်တွေကနေ စီးစိမ့်ဝင်သွားတဲ့ ဆေး ရည်ရဲ့အာနိသင်ဟာ နာရှုလို့ခေါ်တဲ့ အကြော, လောဟိတလို့ခေါ် တဲ့ သွေးတို့ကတစ်ဆင့် ဟာဒယလို့ခေါ်တဲ့ နှလုံး, ယကနလို့ခေါ်တဲ့ အသည်း, ပပ္ဖါသလို့ခေါ်တဲ့ အဆုတ်, ပိတ္တလို့ခေါ်တဲ့ သည်းခြေ, ပိဟကလို့ခေါ်တဲ့ သရက်ရွက်, အန္တလို့ခေါ်တဲ့ အူ, မတ္ထလုင်္ဂလို့ ခေါ်တဲ့ ဦးနှောက်တို့တင်မကဘဲ အဋ္ဌိမိဉ္စလို့ခေါ်တဲ့ ရိုးတွင်းခြင်ဆီ အထိ အကျိုးဖလ သက်ရောက်စေနိုင်တယ် ဦးရဲ့ ...၊

ဒါကြောင့် အစွမ်းသိဒ္ဓိ တကယ်ထက်ရင် အရေပြားပေါ် ဆေးရည်လိမ်းရုံနဲ့ ၃၂ ကောဋ္ဌာသတွေကို အကျိုးသက်ရောက်စေ နိုင်ပါသဗျ''

ကျွန်ုပ်တို့အား ရှည်ရှည်ဝေးဝေးရှင်းပြနေသည့် မင်း ဇေယျာ၏သွင်ပြင်က တည်ငြိမ်လွန်းသည်။ သူ၏မျက်ဝန်းတို့က သူရူးနှင့်မတူချေ။ ယုံကြည်ချက်အပြည့်အဝရှိသော မျက်ဝန်းများ က ညို့မှောင်လို့နေ၏။

''ထားပါတော့ကွာ၊ အဲဒီလောက် အစွမ်းထက်တဲ့ဆေး ရည်ကို မောင်ရင် ဘယ်ကရသလဲ၊ ကိုယ်တိုင်ဖော်စပ်သလား''

''အာ ...အဲဒီလောက် မြင့်မားလွန်းတဲ့ပညာရပ်မျိုး





နှင်တော် ဘယ်လိုတတ်မှာလဲဗျာ၊ ရှမ်းပြည်နယ်မှာ တွေ့ဆုံခဲ့ တဲ့ ကျွန်တော့်ရဲ့မိတ်ဆွေကြီးက ဖော်စပ်ကူညီလိုက်တာပါ၊ သူ့ကို လူတွေက အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးလို့ ခေါ်ကြ တယ်ဗျ''

မင်းဇေယျာ၏စကားကိုကြားရလျှင် ကျွန်ုပ်၏ခန္ဓာကိုယ် ကြီး မြောက်တက်သွားသလို ခံစားလိုက်ရလေ၏။

''ဘာ ...ဘာ အိုးနင်းခွက်နင်း ဘိုးသူတော်ကြီး ... ဟုတ် လား''

''ဟုတ်တယ် ...ဘာဖြစ်လို့လဲ ဦးရဲ့''

''သူ ...သူဟာ ငါ့ရဲ့အရင်းနှီးဆုံး မိတ်ဆွေကြီးကွ''

''ဩော်''

မင်းဇေယျာက ကျွန်ုပ်ကို မယုံသလို မသက်သာသလို ကြည့်၏။

''ဘာလဲ ...မင်းက ငါပြောတဲ့စကားကို မယုံဘူးလား။ အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးဆိုတာ ငါပေးထားတဲ့နာမည်ကွ။ သူ့ရဲ့နာမည်ရင်းက ဘိုးသူတော်ကြီးတိကွ ...သိရဲ့လား''

မင်းဇေယျာ၏မျက်နှာထား ပြောင်းသွား၏။ သံသယ၏ အရိပ်အငွေ့များ သူ့မျက်ဝန်းတို့မှ ပျောက်ကွယ်သွား၏။

''အင်း ...ဒါဆိုရင်တော့ ဦးဟာ အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးရဲ့ မိတ်ဆွေဆိုတာ ဖြစ်နိုင်ပါတယ်၊ ဘိုးသူတော်ကြီးက သူ့ရဲ့နာမည်အရင်းကို ပြောပြဖူးတယ်၊ ဒါထက် ဦးတို့က ဒီအိမ်အောက်ထပ်မှာ ငှားနေကြသူတွေ မဟုတ်လား''

''ဟုတ်တယ် ...သူက စာရေးဆရာ ကိုဖမ္ဗူပဲ၊ ဒီအိမ်ကြီးရဲ့အောက်ထပ်ကို ငြိုးခဲ့တဲ့ တစ်ပတ်ကျော်လောက်ကမှ ငှားနေတာ၊ ကျုပ်ရဲ့နာမည်က အဂ္ဂဝဏ္ဏ၊ ဗေဒင်ဆရာတစ်ဦးပဲ ဆိုပါတော့၊ ကျုပ်က ဒီညမှ ကျုပ်ရဲ့မိတ်ဆွေကြီး ကိုဖမ္ဗူဆီ လာလည်ရင်း မွေးရန့်တွေရပြီး ဒီအိမ်ပေါ်ထပ်က ခြေသံလိုလိုကြားရလို့ တက်လာကြည့်ကြတာ''

''အင်း ...သော့ဖျက်ပြီး အံဖုံးဖွင့်ဝင်လာတဲ့ခြေသံကို ကြားရပါတယ်၊ အိမ်ငှားတွေတော့ အိမ်ငှားစာချုပ်စည်းကို ဖောက်ပြီး တက်လာစပ်စုပြီဆိုတာ သိနေခဲ့တယ်၊ တကယ်တော့ ဒီအိမ်ကြီးရဲ့ မူလပိုင်ရှင်ဟာ စုနန္ဒီရဲ့ အဘိုးပါပဲ ...၊

အဘိုးဖြစ်သူက အမွေပေးခဲ့လို့ ဒီအိမ်ကြီးကို တစ်ဦးတည်းသောမြေး စုနန္ဒီက ပိုင်ဆိုင်ခွင့်ရပါတယ်၊ အခု ဦးတို့ဟာ အိမ်ရှင်ဖြစ်တဲ့ စုနန္ဒီတို့မြေးအဘိုးရဲ့ တားမြစ်ချက်တွေကို ချိုးဖောက်လာကြတာ ဖြစ်တယ်ဗျ''





''ကျုပ်တို့လည်း ဒီအပေါ်ထပ်မှာ လူရှိတယ်လို့ မသိသွားတော့ မသင်္ကာတာနဲ့ တက်ကြည့်မိတာပါ''

''ဒါဆိုလည်း ဒီမှာ ကျွန်တော်တို့ ချစ်သူနှစ်ဦး ရှိနေပြီဆိုတာ သိပြီးပြီပဲ၊ ဦးတို့ ပြန်တော့ဗျာ၊ နောက်ကိုလည်း ကျွန်တော်တို့နဲ့ လာမပတ်သက်နဲ့ ...ဟုတ်ပြီလား။ ကျွန်တော်လည်း အဖုံးတံခါးကို အတွင်းကနေ သော့ခတ်ထားလိုက်တော့မယ်''

မင်းဖေယျာက မျက်နှာထားကိုတည်ကာ ပြတ်သားစွာ ပြောလာ၏။

''ကောင်းပြီလေ ...ဒါဆို မောင်ရင်က သူ့ကိုရော ဘယ်လိုလုပ်မှာလဲ''

ကျွန်ုပ်က အလောင်းကို လက်ညှိုးညွှန်ကာ မေးလိုက်သည်။

''သူက ဘာဖြစ်လို့လဲ၊ တစ်ချိန်ချိန်မှာ သူနိုးလာမှာပါ။ အဲဒီအချိန်အထိ သူ့ကို ကျွန်တော်ကစောင့်ရှောက်နေမှာ၊ ဒါက ကျွန်တော့်ရဲ့ အလုပ်ပဲလေ၊ ကဲ ...ဦးတို့ပြန်ပါတော့ဗျာ၊ ကျွန်တော် လည်း အိပ်ချင်ပြီ''

မင်းဖေယျာက အတင်းနှင်နေပြီဖြစ်ရာ ကျွန်ုပ်နှင့် ကိုဖမ္ဗူတို့လည်း မချင့်မရဲစိတ်ဖြင့်ပင် အိမ်ပေါ်ထပ်မှ ပြန်ဆင်းခဲ့ရ

ပါတော့သတည်း။

✡

ကျွန်ုပ်နှင့် စာရေးဆရာ ကိုဖမ္ဗူတို့သည် အောက်ထပ်သို့ ပြန်ရောက်သည်တွင် အိမ်ရှေ့ဧည့်ခန်း၌ ခြေပစ်လက်ပစ် ထိုင်လိုက်ကြပြီး သက်ပြင်းကိုယ်စီ မှုတ်ထုတ်မိကြလေသည်။

''ဘယ်လိုလုပ်ကြမတုံး ဆရာအဂ္ဂ ... ကျွန်တော်တော့ ဂါတ်ကိုသွားတိုင်လိုက်ချင်တော့တာပဲဗျာ''

ကိုဖမ္ဗူက ကျွန်းဆက်တီခုံပေါ်မှ ဖင်ကြွရင်း စိတ်လှုပ်ရှားသံဖြင့် ပြောလိုက်လေသည်။

''အိုင်ဆေးရဲ့ ... ခင်ဗျားက ဘာကိုတိုင်ချင်တာတုံး''

''ဟာ ... ဒီအိမ်ပေါ်ထပ်မှာ အလောင်းကောင်ကြီးရှိနေတာကို တိုင်မှာပေါ့ဗျ''

''အိမ်တစ်အိမ်မှာ အသုဘဖြစ်နေတာကို ဂါတ်တိုင်လို့ရမလားဗျ။ ပြီးတော့ သေတဲ့ကောင်မလေး စုနန္ဒီဟာလည်း ဒီအိမ်ရဲ့အိမ်ရှင်ပဲလေဗျာ''





''အာ ... အသုဘကို ရက်အကြာကြီးထားလို့ ဖြစ်မလားဗျ။ ပုပ်ပွလာရင် ဘယ်လိုလုပ်မလဲ''

''ပုပ်ပွဖို့ နေနေသာသာ မသာအလောင်းက မွှေးလို့ဗျ''

ကျွန်ုပ်၏စကားကြောင့် ကိုဖမ္ဗူက နှာခေါင်းရှုံ့လိုက်လေသည်။

''အဲဒီကောင်မလေးဟာ သွေးရိုးသားရိုးသေတာ ဟုတ်ချင်မှဟုတ်မှာ ဆရာအဂ္ဂရဲ့''

''အင်း ... ခင်ဗျားက သွေးရိုးသားရိုးသေတာ မဖြစ်နိုင်ဘူးဆိုပြီး ဂါတ်မှာ အမှုဖွင့်ချင်လို့လား။ သက်ဆိုင်ရာက စစ်ဆေးပြီး သွေးရိုးသားရိုး သေတာပါဆိုရင် အဲဒီ မင်းဖေယျက ခင်ဗျားကို အသရေဖျက်မှုနဲ့ ပြန်တရားစွဲမှာဗျ ... သိရဲ့လား''

ကျွန်ုပ်က ထိုသို့ သဟောက်သဟလုပ်လိုက်မှ ကိုဖမ္ဗူမှာ မျက်လုံးကလေး ပေကလတ် ပေကလတ်ဖြင့် ငြိမ်ကျသွားပြီး ...

''အဲဒါဆို ကျွန်တော်ဘယ်လိုလုပ်ရမှာလဲဗျ။ အလောင်းကြီးရှိနေတဲ့ ဒီအိမ်ကြီးမှာတော့ မနေရဲတော့ဘူးဗျာ၊ ဆရာ ... ဆရာအဂ္ဂရဲ့အိမ်မှာ ဒီတစ်ညတော့ လိုက်အိပ်ပါရစေဗျာ''

ဟု တောင်းပန်တိုးလျှိုးသံဖြင့် နားပူနားဆာ လုပ်လေ

တော့၏။

''ကဲ . . . ကောင်းပြီဗျာ၊ ဒါဆို လိုက်ခဲ့၊ ကျုပ်ရဲ့တပည့်လေး ပေဒါလည်း ကျုပ် ဒီအချိန်အထိ ပြန်မရောက်လို့ စိတ်ပူပြီးဗျာများနေရှာမယ်ဗျာ''

''ကျေးဇူးပဲ ဆရာအင္ဂရယ်၊ ဒီအိမ်ကြီးကိုတော့ သော့ပိတ်ထားခဲ့ရမှာပဲဗျာ''

ယူစရာရှိသည်တို့ကို ကိုဖမ္ဘူ ယူပြီးနောက် ကျွန်ုပ်တို့နှစ်ဦးသားမှာ ထိုစံအိမ်နှင့် ခြံဝင်းကြီးထဲမှ သုတ်ခြေတင် ထွက်ခွာခဲ့ပါတော့သတည်း။



## ကိုဖမ္ဘူ၏ဒုက္ခ

နောက်နေ့နံနက်တွင်မူ ကျွန်ုပ်နှင့် စာရေးဆရာကိုဖမ္ဘူတို့သည် နေအတော်မြင့်မှ အိပ်ရာနိုးလာပြီး တပည့်လေး မောင်ပေဒါ ပြင်ဆင်ပေးသည့် ပဲပြုတ်နှင့်ထမင်းကြော်ကို အဆာပြေအဖြစ် စားကြကာ ညဉ့်ခန်း၌ထိုင်လျက် ညက အဖြစ်အပျက်များကို စားမြုံ့ပြန်ပြောဆိုနေကြလေ၏။

''ဆရာအင္ဂရေ . . . ညက ဟိုကောင်မလေးရဲ့ ရုပ်အလောင်းကို တွေ့ခဲ့လို့ ရင်တုန်နေတဲ့ကြားထဲ အိပ်ရာအပြောင်းအလဲမို့လား မသိဘူး . . . ကျွန်တော်ဖြင့် သန်းခေါင်ကျော်အထိ အိပ်လို့မပျော်ပါဘူးဗျာ၊ ဒီမနက်လည်း အိပ်ရာကနိုးတာနဲ့ အဲဒီ

ခု နစ် စဉ် ကြယ် တာ ပေ

အလောင်းကို ပြေးမြင်မိတော့တာပါပဲ''

သူက ကြောင်နက်စီးကရက်ကို ဖွာရင်း စိတ်ညစ်ညူးသံ ကြီးဖြင့် ညည်းညည်းညူညူ ပြောလိုက်လေ၏။ ကျွန်ုပ်လည်း သူ့ကို ကျီစယ်လိုသဖြင့် ...

''ဘာလဲ ... အလောင်းမလေးက အတော်လှနေလို့ မျက်လုံးထဲ တဝဲလည်လည်နဲ့ မြင်ယောင်နေတာလားဗျ ... ဟဲ ဟဲ''

''တော်စမ်းပါ ဆရာအဂ္ဂရယ် ... ကျွန်တော်က မသာတို့, အလောင်းတို့ဆို ရဲရဲကြည့်ဝံ့တာ မဟုတ်ဘူးဗျ၊ ရပ်ကွက်ထဲမှာ လူသေလို့ လမ်းမ,ထုတ်ပြီး ခုတင်ခင်း, ဇာပဝါတွေ ဘာတွေတပ်, မီးထွန်းထားတဲ့ အလောင်းစင်ကို အဝေးကမြင်လိုက်ရင်တောင် မျက်လုံးထဲမြင်ယောင်နေပြီး တစ်ညလုံး အိပ်မပျော်တော့တာ ငယ်ငယ်ကတည်းကဗျ ...၊

အခုဟာကဗျာ ကိုယ်နေတဲ့အိမ်ရဲ့ အပေါ်ထပ်မှာ အလောင်းကြီးကို အနီးကပ်မြင်လိုက်ရတော့ ကျောချမ်းလိုက်ပါဘိဗျာ၊ ဣန္ဒြေကို အတော်ဆည်ထားရတယ်၊ ဒါတောင် ကျွန်တော်ယုံစားအားကိုးတဲ့ ဆရာအဂ္ဂတစ်ယောက်လုံးပါလို့ဗျို့၊ နို့မို့ဆို အိမ်အောက်ထပ်ဆီ အော်ပြီးဆင်းပြေးဖြစ်မလားမသိဘူး



... ဟူး''

''အဲဒီလောက်လည်း အစွဲအလမ်းကြီးပြီး ကြောက်မနေပါနဲ့ဗျာ၊ ကောင်မလေးက တကယ်သေနေတာ ဟုတ်ချင်မှ ဟုတ်မှာပါ ကိုဇမ္ဗူရဲ့''

''ဟာ ... အသက်လုံးဝမှ မရှူတော့တာ၊ အဲဒါ သေနေလို့ပေါ့ဗျ''

''မင်းဇေယျာကတော့ သူ့ကောင်မလေးသေတယ်ဆိုတာကို လုံးဝလက်မခံဘူးဗျ၊ သူ့ချစ်သူရဲ့ဝိညာဉ်က ရုပ်ခန္ဓာကနေ ခဏခွာသွားတာလို့ချည်း ပြောနေတယ်မဟုတ်လား''

သူက သူ့ရှေ့ရှိ စားပွဲပုလေးပေါ်မှ ကြွေဆေးလိပ်ခွက်ထဲ . စီးကရက်ကို ထိုးချေလိုက်ပြီး ...

''နေပါဦး ဆရာအဂ္ဂရဲ့ ... သူပြောတာ ထူးပူနေလို့ ကျွန်တော်ဖြင့် နားမရှင်းလှပါဘူး၊ သူ့ရည်းစားကောင်မလေး တကယ်မသေဘူးလို့ မင်းဇေယျာက ဘာလို့ပြောနေရတာတဲ့လဲ''

ကျွန်ုပ်လည်း ဒန်းဟောင်းလ်ဆေးတံကြီးထဲ ဖောစတားဆေးတစ်ဆုံထည့်ကာ မီးညှိဖွာရှိုက်လိုက်ပြီးနောက် သူ့ကို အေးအေးဆေးဆေး ရှင်းပြရလေသည်။

''ဒါက ဒီလိုဗျ ကိုဇမ္ဗူရဲ့ ... အာယုစာတ်, ဥဿုစာတ်

နဲ့ ဝိညာဏဓာတ်တို့ ခန္ဓာကိုယ်ကိုစွန့်ခွာသွားတဲ့အခါ အဲဒီခန္ဓာကိုယ်ဟာ အနှစ်သာရကင်းပပြီး သုံးမရတဲ့ ထင်းတုံးအဆင့်လောက် ရောက်သွားရောဗျ ...။

အဲဒီလို အာယုဓာတ်၊ ဥသ္မာဓာတ်၊ ဝိညာဏဓာတ်တွေ ခန္ဓာကိုယ်ကနေ စွန့်ခွာသွားတာကို သေတယ်လို့ မှတ်ယူရပြီး အဲဒီဓာတ်တွေ အကုန်အစင်မစွန့်ခွာသေးရင် ရှင်တယ်လို့ မှတ်ယူရမယ်လို့ ရှေးဟောင်းကျမ်းဂန်တွေမှာ ဆိုထားတယ်ဗျ ...။

တကယ်တော့ အာယုဓာတ်နဲ့ ဥသ္မာဓာတ် နှစ်ပါးတို့ အပေါ် တည်မှီပြီး ဝိညာဏဓာတ်က ဖြစ်ပေါ်ရတာလို့ ဆိုတယ်၊

ပါစကဝမ်းမီးကို အမှီပြုပြီး ဥသ္မာဓာတ်ဖြစ်ပေါ်တယ်တဲ့၊ ဥသ္မာဓာတ်ကို အမှီပြုပြီးမှ အာယုဓာတ်ဖြစ်ပေါ်တယ်တဲ့၊ အဲဒီဓာတ်နှစ်ပါးကို အမှီပြုပြီးမှ ဝိညာဏဓာတ်က ဖြစ်ပေါ်တာတဲ့ဗျ ...။

ပါစကတေဇောဓာတ်အားပျော့ မေးမှိန်သွားတဲ့အခါ အဲဒီဓာတ်ကို အမှီပြုရပ်တည်ရတဲ့ ဥသ္မာဓာတ်က အားပျော့ မေးမှိန်သွားရတယ်တဲ့ ...။

အဲဒီလို ဥသ္မာဓာတ်နဲ့ အာယုဓာတ်အားပျော့မေးမှိန်သွားတဲ့အခါ အဲဒီဓာတ်တွေကို အမှီပြုရပ်တည်ရတဲ့ ဝိညာဏဓာတ်





ဟာ ပြွတ်စဲလုလုရုပ်ဒြပ်နဲ့ ခွဲခွာလုလုဖြစ်ရတော့တယ်တဲ့၊ ဝိညာဉ်ဟာ ရုပ်ခန္ဓာကို တွယ်ကပ်နေရာက လွင့်ပျောက်ခွဲခွာလုလုဖြစ်ရတော့တယ်တဲ့၊ အဲဒီလို ဝိညာဉ် လုံးဝခွဲခွာသွားရင်တော့ သေဆုံးတဲ့အဖြစ် ရောက်ရတော့တာပဲပေါ့ ...။

ဒါပေမဲ့ တစ်ခါတလေမှာ တေဇောဓာတ်၊ ဥသ္မာဓာတ်၊ အာယုဓာတ်တို့ လုံးဝ အပြီးအပြတ် ချုပ်ငြိမ်းမသွားသေးခင် ဝိညာဉ်ဟာ ခန္ဓာကနေ လွင့်ပါးသွားတာမျိုး ဖြစ်တတ်တယ်၊ မျောသွားတဲ့သဘောမျိုးပေါ့ဗျာ''

ကျွန်ုပ်၏ ရှင်းပြချက်တို့ကို နားစိုက်ထောင်နေပြီးနောက် စကားအဆုံးတွင် ကိုဇမ္ဗူက စောဒက တက်တော့သည်။

''ဆရာအဂ္ဂက စုန္ဒီဟာ မျောနေတယ်လို့ ဆိုလိုတာလား''

''အဲဒီလိုတော့ တစ်ထစ်ချ မဆိုချင်ပါဘူး၊ မျောနေတာလည်း ဖြစ်နိုင်တာပဲလေ''

''မျောနေတာဆိုရင် မသာအလောင်းလို ဘာဖြစ်လို့ လက်မနှစ်ချောင်းရယ်၊ ခြေမနှစ်ချောင်းရယ်ကို ပူးချည်ထားသလဲဗျာ''

''ဒါကတော့ အိုင်ဆေးရယ် ... သက်ဆိုင်ရာက ရုတ်

တရက် ဝင်စစ်တဲ့အခါ အသုဘပြင်ထားတာလို့ ပြောလို့ရတယ်လေ၊ ဥပမာအားဖြင့် ခင်ဗျားတို့ ကျုပ်တို့က သွားတိုင်လို့ ပတ္တရောင်ပုလိပ်တွေ ဝင်စစ်ဆေးတဲ့အခါ အသုဘဖြစ်လို့ အလောင်းပြင်ထားတယ်လို့ ပြောနိုင်တယ်လေ၊ သေတာလည်း တစ်ရက်၊ နှစ်ရက်လောက်ပဲ ရှိသေးတယ်လို့ ပြောနိုင်တယ်၊ ဒါမှမဟုတ် အခြားအကြောင်းတစ်ခုခုရှိရင်လည်း ရှိမှာပေါ့ဗျာ"

ကျွန်ုပ်၏စကားကို ကိုဇမ္ဗူက လက်ခံလိုဟန် မရှိချေ။ သူက ခေါင်းကို တွင်တွင်ယမ်းလျက် ...

"ဘယ်လိုပဲဖြစ်ဖြစ် အဲဒီကောင်မလေးဟာ သေကို သေနေတာဗျ။ အလောင်းကောင်ကြီးရှိတဲ့အိမ်မှာ ကျွန်တော် မနေရဲဘူး"

"မနေရဲလည်း ခင်ဗျားငှားထားမှတော့ နေရတော့မှာပေါ့ဗျာ၊ တစ်ခုတော့ရှိတယ် ... အဲဒီအကြောင်းတွေ ခင်ဗျားရဲ့ မိန်းမကို ပြန်မပြောပြနဲ့နော်၊ သူ မသိတာ ပိုကောင်းတယ်ဗျာ"

"ဟာ ... ဆရာအဂ္ဂပြောမှ သတိရတယ်၊ ဒီတစ်ရက် နှစ်ရက်အတွင်း ကျွန်တော့်မိန်းမ ပြန်ရောက်လာမှာဆိုတော့ ကျွန်တော် အဲဒီအိမ်မှာ ပြန်မစောင့်လို့ မဖြစ်ဘူးဗျ"

"ဒါဆိုလည်း အဲဒီအိမ်မှာ ပြန်စောင့်ပေါ့ဗျာ"





"ကျွန် ကျွန်တော် အဲဒီအိမ်ကြီးဆီ တစ်ယောက်တည်း ပြန်မသွားရဲဘူးဗျ။ ကျေးဇူးပြုပြီး ဆရာအဂ္ဂပါ လိုက်ခဲ့ပါဗျာ"

ကိုဇမ္ဗူက သူငှားထားသည့် အိမ်ကြီးဆီသို့ အဖော်အဖြစ် လိုက်ပါရန် အတင်းခေါ်တော့သည်။

နဂိုကပင် ကျွန်ုပ်သည် ယင်းအိမ်ကြီးကို လွန်စွာစိတ်ဝင်စားနေပြီး တစ်ခေါက် ထပ်သွားကြည့်ချင်နေ၏။ ယခုလို နေ့ဘက်မှာ သေသေချာချာ မြင်မြင်ထင်ထင် စူးစမ်းကြည့်လိုစိတ်လည်း ဖြစ်ပေါ်လာရာ အဖော်လိုက်ရန် သဘောတူလိုက်ရလေသည်။

သို့ဖြင့် ကျွန်ုပ်နှင့် ကိုဇမ္ဗူတို့သည် ကျွန်ုပ်၏အိမ်မှ ထွက်ခွာခဲ့ပြီး ဗားကရာလမ်းမကြီးအတိုင်း အရှေ့ဘက်သို့ ခြေလျင်လျှောက်ခဲ့ကြလေ၏။

ယမန်နေ့ညက ဝင်ရောက်ခဲ့သည့်လမ်းကျဉ်းလေးထိပ်အဝသို့ ရောက်ရှိလာပြီး ယင်းလမ်းကျဉ်းသို့ဝင်ခဲ့ကြကာ အတော်အတန် ကွေ့ကွေ့ကောက်ကောက် လျှောက်လှမ်းမိလေလျှင် ကိုဇမ္ဗူငှားထားသည့် အိမ်ကြီးဆီသို့ ရောက်ရှိသွားပါတော့၏။

ဆိတ်ငြိမ်နေသော အိမ်ကြီး၏ပေါ်တီကို (ဆင်ဝင်) အောက် ရောက်ရှိသွားကြသည်တွင် အိမ်အဝင်တံခါးမကြီး၏

သော့ခတ်ထားသည့် မျောက်လက်၌ ညှပ်ထားသော စာတစ်ရွက်ကို တွေ့ရလေ၏။

အလို ... စာရွက်ခေါက်တစ်ခုပါလား။

ကိုဇမ္ဗူက အံ့အားသင့်စွာဖြင့် ယင်းစာရွက်ခေါက်ကို ဖြုတ်ယူကာ ဖြန့်လျက် ခပ်မြန်မြန်လေး ဖတ်ကြည့်လိုက်တော့သည်။

ကိုဇမ္ဗူ ...

ကျွန်မ ဒီမနက်ပဲ ရောက်တယ်။ ရှင့်စာထဲက လိပ်စာအတိုင်းလာခဲ့တာ။ ဒီရောက်တော့ အမောကို ဆို့သွားတာပဲ။ အိမ်ရှေ့က အဝတ်တန်းမှာ လှန်းထားတဲ့ရှင့်ရဲ့အကျီကိုပဲ တွေ့ရတယ်။ ရှင့်ကိုတော့ မတွေ့ရဘူး။ ရှင် မွေ့ပြန် ရွှပ်ပြန်ပြီ မဟုတ်လား။ ညက တစ်ညလုံး အိမ်မကပ်ဘဲ မွေ့ရှုပ်နေခဲ့တယ် မဟုတ်လား။ နေမြင့်တဲ့အထိ ရှင့်ကိုစောင့်ပေမယ့် ရှင်ပြန်မလာဘူး။

ကတိဖျက်တဲ့ ခွေးမြီးကောက် ကျည်တောက်စွပ် ရှင့်ကို မုန်းလိုက်ပြီ။ ကျွန်မကို လိုက်ရှာဖို့ မစဉ်းစားနဲ့။ မော်လမြိုင်လည်း ပြန်မှာမဟုတ်ဘူး။ သူ့ရိယသတင်းစာထဲမှာ ရှင့်ကို ကြော်ငြာရှင်း ပြတ်စဲတဲ့ ကြော်ငြာသာ စောင့်ဖတ်ကြည့်နေ။

ခင်သက်မွန်





"ဟိုက် ... အကျိုးတော့နည်းပါပြီဗျာ ... သွားပါပြီ သွားပါပြီ"

"ဆရာအဂ္ဂ ... လုပ်ပါဦးဗျာ၊ ကျွန်တော့်မိန်းမ ကျွန်တော့်ကို အထင်လွဲ စိတ်ဆိုးသွားပြီဗျ၊ ထွက်သွားပြီ ... ဒုက္ခပါဗျာ ဒုက္ခပါပဲ"

ကျွန်ုပ်လည်း ဘာပြောရမှန်းမသိ၊ ကျောက်မီးခဲအိုင်မိသလိုဖြစ်သွားသော ကိုဇမ္ဗူအား မည်သို့နှစ်သိမ့်ရမှန်း မသိတော့ချေ။

ကံကြမ္မာနှယ် ကြုံကြုံဖန်ဖန် ကွက်တိ တိုက်ဆိုင်လွန်းလှချေ၏။

"တောက် ... အဲဟို မသာမကြောင့် ဒီလိုဖြစ်ရတာဗျ၊ သင်းကို ကြောက်ပြီး ညက ဒီအိမ်ကြီးမှာ မအိပ်ခဲ့မိလို့၊ ပြီးတော့ သင်းအကြောင်း ပြောနေရတာနဲ့ ဒီမနက်နိုးနိုးချင်း ဒီအိမ်ကြီးဆီ ပြန်မိလို့ ကျွန်တော့်မိန်းမနဲ့ အလွဲကြီးလွဲရတာဗျ၊ ခုတော့ အထင်လွဲသွားပြီပေါ့"

"တွေ့တော့လည်း ရှင်းပြလိုက်ပေါ့ဗျာ၊ ကျုပ် ထောက်ခံပါ့မယ်"

"အာ ... တွေ့အောင်ရှာဖို့တောင် မလွယ်ဘူးဗျ၊

ခု နစ် စဉ် ကြယ် စာ ပေ

ကျွန်တော့်မိန်းမက သိပ်စိတ်ကြီးတာ''

''နေပါဦး ...ခင်ဗျားက သူ့ကို ဘာကတိတွေ ပေးခဲ့လို့လဲ၊ ပြီးတော့ ခင်ဗျားက ပွေ့ရှုပ်လို့လား''

''ကျွန် ကျွန်တော့်မှာ အဲဒါလေးတစ်ခုပဲပြောစရာရှိပါတယ် ဆရာအဂ္ဂရယ်၊ လက်ထဲ ငွေယားလေးရှိလာပြီဆို ဇိမ်မယ်တွေဆီ သွားမိတာလေးတစ်ခုပဲ အပြစ်ရှိပါတယ်၊ လူပျိုဘဝကတည်းကပါ ...၊

မိန်းမရပြီးစမှာ တစ်ခါ မိတ်ဆွေ ကိုအောင်စိုးတို့ ကိုအောင်မြင့်တို့နဲ့ ဇိမ်မယ်အိမ်သွားတာ ကျွန်တော့်မိန်းမသိသွားလို့ ကွာမယ့်ရှင်းမယ် ဖြစ်ဖူးပါတယ်၊ အပေါင်းအသင်းမှားလို့ ဖြစ်သွားရတာပါလို့ မနည်းပြောပြီး တောင်းပန်ထားရပါတယ်၊ အဲဒီမှာ နောင်ကို ဘယ်ဇိမ်မယ်အိမ်မှ မသွားတော့ပါဘူးလို့ ကတိကဝတ်ပြုခဲ့ရပါတယ် ...၊

မနေ့ညက ဒီအိမ်ကြီးဆီ ကျွန်တော် ပြန်မအိပ်တာ သိသွားတော့ အကျင့်ဟောင်းအတိုင်း ဇိမ်မယ်တွေအိမ် သွားတယ်ထင်ပြီး စိတ်အကြီးကြီး ဆိုးသွားပြီဗျ''

''အေးဗျာ ...စိတ်အကြီးကြီး ဆိုးသွားတော့လည်း အကြီးကြီး လိုက်ရှာပြီး အကြီးကြီး တောင်းပန်လိုက်ပေါ့ဗျာ''





''ကျွန်တော့်မိန်းမက စိတ်ကြီးပါတယ်ဆိုမှ မလွယ်ဘူး ဆရာအဂ္ဂရဲ့၊ အဲဒါ ဟိုမသာမလေးကြောင့် အဲဒီမသာမလေးကြောင့်''

ကိုဇမ္ဗူမှာ အိမ်ထဲသို့ မဝင်နိုင်ဘဲ ကျောက်လှေကားထစ်သည် ဆောင့်ကြောင့်ထိုင်လျက် မျောက်မှိုင်မှိုင်နေတော့၏။

''ကဲပါဗျာ ...ဒီလောက်လည်း စိတ်ညစ်မနေပါနဲ့၊ ဓာတ်ပုံသာ ကျုပ်ကိုပြထား၊ ကျုပ် ကူရှာပေးပါ့မယ်''

''ကျွန်တော့်ဘာသာ လိုက်ရှာပါ့မယ်ဗျာ၊ ဒီအိမ်ထဲဝင်၊ အဝတ်အစားတွေယူပြီး ချက်ချင်းလိုက်ရှာမယ်၊ အိမ်နဲ့အိမ်သော့ကိုတော့ ဆရာအဂ္ဂဆီမှာပဲ အပ်ထားခဲ့မယ်ဗျာ၊ ဒီအိမ်ကြီးကို စိတ်နာသွားပြီ၊ ကျုပ်တော့ မိန်းမကိုပြန်တွေ့ရင်လည်း ဒီမှာ ဆက်မနေတော့ဘူး ...ပြောင်းမယ်''

ကိုဇမ္ဗူကား ဆပ်ပြာသည်လင်ပျောက်ကိန်း ဆိုက်ကာ မည်သို့မျှ ဖျောင်းဖျတားဆီး၍ မရတော့ချေ။ ဗေဒင်ပညာဖြင့် ဓာတ်ရိုက်စာတတ်ဆင်လုပ်ကာ သူ့မိန်းမကိုပြန်ခေါ်ပေးမည်ဟု ပြောသည်ကိုပင် လက်မခံတော့ချေ။ သူကိုယ်တိုင် အမြန်ဆုံး လိုက်ရှာမှ ဖြစ်မည်ဟုဆိုကာ အိမ်ထဲဝင် အဝတ်အစားအိတ်ကို ယူ အိမ်သော့ ကျွန်ုပ်ကိုပေးပြီး ဒရောသောပါးဖြင့် ထွက်ခွာသွားလေတော့သတည်း။

✡ ✡ ✡



## ရှင်ပြန်ထမြောက်သူလေး

စာရေးဆရာကိုဇမ္ဗူ၏ကိစ္စ ဖြစ်ပျက်ပြီးနောက် ကျွန်ုပ်သည် မိမိ၏ကိစ္စများဖြင့် အလုပ်ရှုပ်နေခဲ့ရာ ကိုဇမ္ဗူငှားရမ်းထားသော အိမ်ကြီး၏အကြောင်းကို မေ့မေ့လျော့လျော့ ဖြစ်နေခဲ့လေသည်။

ကိုဇမ္ဗူသည်လည်း ကျွန်ုပ်ထံ ထပ်မံရောက်ရှိမလာသဖြင့် ထိုကိစ္စကို မေ့လျော့သလို ဖြစ်နေမိခြင်းဖြစ်၏။

သည်ကြားထဲ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက မော်လမြိုင်ကျွန်းမြို့သို့ ဖိတ်ခေါ်သဖြင့် အလည်အပတ်လိုက်ပါသွားရင်း မော်လမြိုင်ကျွန်းမှ အသိမိတ်ဆွေသစ်များအား ဗေဒင်ဟောပြေ





ခြင်း၊ ယတြာပြုလုပ်ပေးခြင်းတို့ကိစ္စများ ဆောင်ရွက်နေရသဖြင့် ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်နေခဲ့လေသည်။

သို့ဖြင့် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာပြီး တစ်နေ့သောနံနက်အချိန်တွင် အိမ်အောက်ထပ်ရှေ့ပိုင်း ဝရန်တာသို့ထွက်ကာ ပက်လက်ကုလားထိုင်တစ်လုံးဖြင့် ထိုင်ရင်း ဆေးတံသောက်လျက် အပန်းဖြေစဉ် ကိုဇမ္ဗူငှားရမ်းထားသည့် အိမ်ကြီးကို ဖျတ်ခနဲဆို သတိရလိုက်မိတော့၏။

"အင်း ... အဲဒီအိမ်ကြီးဆီ ကိုဇမ္ဗူ ပြန်ပဲရောက်နေပြီလားမသိဘူး။ ဒါပေမဲ့ သူပြန်လာရင်လည်း သော့ကို လာယူရမှာပဲ၊ သော့လာယူပုံမထောက်တော့ သူ မပြန်လာသေးဘူးနဲ့တူရဲ့၊ အိမ်ပေါ်ထပ်က အလောင်းကရော ခုဆို ဆယ်ရက်ကျော်လောက်ရှိပြီ၊ ပုပ်ပွအရိုးကျစပြုနေပြီလား မသိဘူး"

ကျွန်ုပ်သည် စဉ်းစားတွေးတောရင်းမှ ယင်းအိမ်ကြီးကို ပြန်လည်စိတ်ဝင်စားလာပြီး ...

"မဖြစ်သေးပါဘူး။ တစ်ခေါက်တစ်ကျင်းတော့ သွားကြည့်ဦးမှပါပဲ"

သို့ဖြင့် ကျွန်ုပ်သည် တပည့်လေးမောင်ဗေဒါအား အကျိုးအကြောင်းပြောပြီး အိမ်မှထွက်လာခဲ့လေ၏။

ကိုဖမ့်ုငှားရမ်းထားသော အိမ်ကြီးသို့ ရောက်ရှိသွား သည့်အခါမှာမူ အိမ်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်လျက်ရှိပြီး ခြံအတွင်းရှိ နှစ်ချို့သစ်ပင်ကြီးများအထက်မှ ကျီးအာသံတို့ကိုသာ ကြားနေရလေသည်။

ကျွန်ုပ်သည် ဆင်ဝင်အောက်ရှိ အုတ်လှေကားထစ်များ အတိုင်း တက်ခဲ့ပြီး အိမ်တံခါးမကြီး၏ သော့ခလောက်ကို ဖွင့်လိုက် လေ၏။

ထို့နောက် ကျွန်းတံခါးရွက်ကြီးနှစ်ချပ်ကို အသာတွန်း ဖွင့်လိုက်တော့သည်။

'ကျွီ ဟီ ဟီ ဟီ'

ဆီနှင့်မထိတွေ့ရသည်မှာ ကြာပြီဖြစ်ဟန်တူသော တံခါး ရွက်ကြီးတို့က ညည်းညူသံပြုကာ ခပ်ဖြည်းဖြည်း ပွင့်ဟသွား လေ၏။

အမှောင်ရိပ်တို့ကြီးစိုးကာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ သော အိမ်ကြီးထဲသို့ ကျွန်ုပ်သည် တစ်လှမ်းချင်း ဝင်ရောက်ခဲ့ပြီး နောက် ဧည့်ခန်းမကြီး၏ပတ်ပတ်လည်ကို အတန်ကြာ စစ်ဆေး ကြည့်ရှုနေလိုက်တော့သည်။

အိမ်ထောင်ပရိဘောဂနှင့် ကော်ဇောအဟောင်းကြီး ခင်း





ထားသောကြမ်းပြင်မှာ ဖုန်တက်နေကြပြီး ကျွန်ုပ်နှင့်ကိုဖမ့်ုတို့ …ံ တံခါးပိတ်ထားခဲ့စဉ်ကအတိုင်း အရာရာသည် ပုံစံမပျက် …နေကြောင်း တွေ့ရလေ၏။

အတန်ကြာမှ ကျွန်ုပ်သည် ကျွန်းလှေကားကြီးအတိုင်း …ံပေါ်ထပ်သို့ လှေကားတစ်ထစ်ချင်းနင်းကာ တက်ခဲ့ပါတော့ သည်။

တစ်ဆစ်ချိုးလှေကား၏ အပေါ်ဆုံးသို့ရောက်လေလျှင် …တ်ထားသော အခံဖုံးတံခါးကြီးကို အသာတွန်းမ ဖွင့်လိုက်တော့ သည်။

သို့သော် အတွင်းမှ သော့ခတ်ထားဟန်ရှိသဖြင့် အခံဖုံး …ံခါးကို မည်သို့မျှ ဖွင့်၍မရချေ။

"အင်း ... မင်းဖေယျာကတော့ သူပြောခဲ့တဲ့အတိုင်း အတွင်းက သော့ခတ်ထားပြီပဲ"

ဤတွင် ကျွန်ုပ်သည် အိမ်ပေါ်ထပ်သို့တက်ရောက် စစ် …ဆေးရှုစမ်း ကြည့်ရှုနိုင်မည့်နည်းလမ်းကို ရှာကြံရတော့သည်။

"အိမ်ထဲကိုဝင်တဲ့ လျှို့ဝှက်လမ်းရှိတယ်လို့ မင်းဖေယျာ …က ပြောတယ်၊ အဲဒီလမ်းရဲ့ဝင်ပေါက်ဟာ ခြံအနောက်ဘက်ပိုင်း …မှာ ရှိမှာသေချာတယ်၊ အဲဒီလျှို့ဝှက်လမ်းအပေါက်ကို သွားရှာ

ကြည့်ရရင် ကောင်းမယ်''

ကျွန်ုပ်သည် အထက်ပါအတိုင်း ဆင်ခြင်ပြီးလျှင် တ[illegible] ဆစ်ချိုးလှေကားကြီးပေါ်မှ ပြန်ဆင်းကာ အိမ်ထဲမှထွက်ပြီး [illegible] နွယ်ပိတ်ပေါင်းများ၊ သက်ရင့်ပင်ကြီးများ၊ မြက်ပင်ရှည်များဖြ[illegible] ရှုပ်ထွေးလျက်ရှိသော ခြံနောက်ပိုင်း၌ လျှို့ဝှက်ဝင်ပေါက်ကို ရှာ[illegible] ဖွေခြင်းပြုရလေ၏။

ခြံနောက်ပိုင်းမှာရော ခြံဘေးနှစ်ဖက်မှာပါ ဂိုထော[illegible] ဟောင်းကဲ့သို့ အဆောက်အအုံတစ်ခုခုသော်လည်းကောင်း၊ ရေ[illegible] တွင်းပျက် စသည်တို့သည်လည်းကောင်း ရှိမနေချေ။ ယင်းသို[illegible] သော အဆောက်အအုံဟောင်းများ၊ ရေတွင်းဟောင်းများ ရှိပါက[illegible] ထိုတို့အထဲ၌ လျှို့ဝှက်လိုဏ်ဝင်ပေါက်များ ရှိတတ်သည်မို့ ကျွန်ု[illegible] က ချုံများအကြား တိုးကာ သေချာရှာဖွေရလေသည်။

''အင်း . . . ဒီခြံနောက်ပိုင်းမှာ ကုန်းကမူလည်း မရှိ[illegible] ဂိုထောင်ဟောင်းလို့ ရေတွင်းပျက်လိုဟာမျိုးတွေလည်း မရှိပ[illegible] လား''

ကျွန်ုပ်သည် ရှာဖွေစူးစမ်းရင်း ခြံနောက်ဘက် အုတ်[illegible] တံတိုင်း ခြံစည်းရိုးသို့ ရောက်ရှိသွားတော့၏။

အိမ်ကြီး၏နောက်တည့်တည့်မှ ခြံစည်းရိုး အုတ်တံတိုင်း[illegible]





[illegible]ာ ၁၀ ပေခန့် အကျယ်မျှ ပြိုကျနေရာ ကျွန်ုပ်လည်း ထိုနေရာ[illegible] ကျော်ခွထွက်လိုက်သည်တွင် ချုံနွယ်ပိတ်ပေါင်းများနှင့် မြက်[illegible]ခိုင်းများကို တွေ့ရလေတော့သည်။

ထိုချုံပင်တို့၏ နောက်တွင်မှ ဆယ့်ငါးပေခန့်နက်သည့် [illegible]လျှိုတစ်ခုကို တွေ့ရလေ၏။

လျှိုအောက်မှ လူတက်ရန် မြေသားတို့အား လှေကား [illegible]ဆစ်များ ထစ်ထားသည်ကို တွေ့ရလေသည်။ ယင်းမြေသား လှေကားထစ်တို့အပေါ်တွင် တက်ထား ဆင်းထားသည့် ဖိနပ် အရာတို့ကို တွေ့ရလေ၏။

''အင်း . . . ဒါတွေဟာ မင်းဇေယျာရဲ့ ခြေရာတွေပဲ ဖြစ်ရမယ်''

ကျွန်ုပ်သည် လျှိုအောက်ခြေ မြေသားပေါ်မှ ခြေရာတို့ကို ခြေရာခံလျက် အရှေ့ဘက်သို့ လိုက်ကြည့်ရာ ခြေရာစွပ်ကြောင်း သည် နှစ်မျိုးဖြစ်နေကြောင်း သတိပြုမိလေသည်။

''အင်း . . ဒီလျှိုအောက်ခြေရဲ့အလယ်မှာ ရေစီးကြောင်း လေးရှိလို့ မြေသားတွေပျော့နေတော့ ခြေရာတွေကို ပိုမြင် ရတယ်''

''အလို . . . ဒါ ဒါတွေဟာ မိန်းကလေးတစ်ယောက်ရဲ့

ဖိနပ်ရာတွေပါလား''

ခြေရာစွပ်ကြောင်းမှာ နှစ်မျိုးဖြစ်ပြီး အသွားခြေရာနှင့် အပြန်ခြေရာတို့ ဖြစ်ပါ၏။

အရှေ့ဘက်မှနေ၍ လှိုဏ်အတိုင်း ဝင်လာသည့် ခြေရာတို့မှာ ယောကျ်ားတစ်ယောက်၏ ရှူးဖိနပ်ခြေရာများဖြစ်ပြီး အပြန်ခြေရာမှာမူ ယောကျ်ားရှူးဖိနပ်ခြေရာရော မိန်းကလေးဖိနပ်ခြေရာပါဖြစ်ရာ ကျွန်ုပ်မှာ ဇဝေဇဝါဖြစ်ကာ အံ့အားသင့်လျက် ရှိတော့သည်။

''အင်း ...ဒီယောကျ်ားတစ်ယောက်တည်းရဲ့ အသွားခြေရာက ပိုပြီးထင်တယ်၊ ဖိနပ်ခွာဟာ မြေသားပျော့ပျော့ထဲမှာ ပိုနက်တယ်၊ အပြန် ယောကျ်ားခြေရာကတော့ သိပ်မထင်ဘူး။ သိပ်မနက်ဘူး။ မိန်းမခြေရာလည်း ဒီလိုပဲ ...သိပ်မထင် သိပ်မနက်ဘူး ...၊

ဒါကိုကြည့်ခြင်းအားဖြင့် အိမ်ကြီးဆီအသွား ယောကျ်ားဟာ အလေးအပင်တစ်ခုခုကို သယ်ပိုးသွားရပုံရတယ်၊ မိန်းမခြေရာကတော့ အပြန်ခြေရာပဲရှိတယ်၊ အသွားခြေရာ မရှိဘူး။

ဒါတွေဟာ ဘာကိုပြဆိုသလဲဆိုရင် အိမ်ကြီးဆီအသွားမှာ ယောကျ်ားဖြစ်တဲ့ မင်းဓေယျာဟာ စုနန္ဒီကို ပွေ့မ,ချီပိုးသွား





ဟန်တူတယ်၊ အပြန်မှာတော့ ချီပိုးစရာမလိုဘဲ စုနန္ဒီဟာ မင်းဓေယျာနဲ့အတူ လမ်းလျှောက်လိုက်ပါလာပုံရတယ် ...၊

ဒါ ...ဒါဆို အသေကောင်လိုဖြစ်နေတဲ့ စုနန္ဒီဟာ ပျော်နေရာက အသက်ပြန်ဝင်လှုပ်ရှားလာနိုင်တဲ့ သဘောများလား''

ကျွန်ုပ်သည် ဝေခွဲမရစွာဖြင့် အံ့ဩတွေဝေနေရာမှ လှိုဏ်အတိုင်း အရှေ့ဘက်သို့ ကွေ့ကွေ့ကောက်ကောက်ဖြင့် ဆက်လျှောက်ခဲ့ရာ ကိုက်နှစ်ရာခန့်လျှောက်မိလျှင်မူ လှိုဏ်နံရံတစ်ဖက်ရှိ မြေသားလှေကားထစ်များဆီ ရောက်ရှိသွားတော့၏။

ခြေရာအချို့ ထင်နေသည့် ယင်းမြေသားလှေကားထစ်များကို နင်းကာ တက်ကြည့်လိုက်သည့်အခါမှာမူ ခြံကျယ်ကြီးတစ်ခြံ၏ နောက်ပိုင်းသို့ ရောက်ရှိသွားလေသည်။

ယင်းခြံကြီးမှာ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပေါက်ရောက်လျက် သက်ရင့်ပင်ကြီးများလည်း အုပ်အုပ်ဆိုင်းဆိုင်းရှိလှသော ခြံကျယ်ကြီးဖြစ်ကာ ခြံ၏အလယ်လောက်၌ ဘုန်းကြီးကျောင်းပျက်ကြီးကို တွေ့ရလေ၏။

ခြံကြီးထဲတွင် မြေသားမာပြီး မြက်ရိုင်းပင်များလည်း ရှုပ်ထွေးစွာ ပေါက်ရောက်နေသဖြင့် ခြေရာတို့ကို မတွေ့ရတော့

ခု နစ် စဉ် ကြယ် စာ ပေ

ချေ။

"အင်း . . . မင်းဧယျတို့ဟာ လူသူမဲ့နေတဲ့ ဒီခြံဝင်းကြီး ထဲကနေ ဖြတ်ဝင်ဖြတ်ထွက် လုပ်ခဲ့တာပဲ ဖြစ်မယ်"

ကျွန်ုပ်သည် စုံထောက်ကြီးမောင်စံရှားနှယ် တွေးလုံးများ ထုတ်ကာ ကိုယ့်ဘာသာကောက်ချက်ချပြီး လာလမ်းအတိုင်း လျှို့ထဲပြန်ဆင်းခဲ့လေ၏။

အိမ်ကြီးဆီသို့ ပြန်ရောက်လာသည့်အခါမှာမူ ကျွန်ုပ် သည် အိမ်နောက်ဘက်ပိုင်းကို သေချာပတ်ကြည့်မိလေသည်။

သို့တိုင် အိမ်နောက်ဖေးတံခါးမတစ်ပေါက်မှလွဲ၍ လျှို့ ဝှက်ဝင်ပေါက် တစ်စုံတစ်ရာကို မတွေ့ရချေ။ နောက်ဖေးတံခါး မှာလည်း အတွင်းမှ ချက်ထိုးပိတ်ထားလေ၏။

ကျွန်ုပ်သည် မကျေနပ်သေးဘဲ အိမ်ရှေ့ဘက်မှ ပြန်ဝင် ကာ အိမ်အောက်ထပ်မှ အခန်းအားလုံးကို တစ်ခန်းချင်း သေချာ စစ်ဆေးပြန်သည်။ နောက်ဖေးမီးဖိုဆောင်၊ ထမင်းစားခန်းနှင့် စတိုခန်းပါမကျန် စစ်ဆေးသည့်တိုင် မသင်္ကာစရာ လုံးဝမတွေ့ ရချေ။

"အင်း . . . ဒီအိမ်အောက်ထပ်မှာတော့ လျှို့ဝှက်ဝင် ပေါက် ထွက်ပေါက် မရှိနိုင်ဘူး။ အိမ်ပေါ်ထပ် တက်ကြည့်မှပဲ"





ကျွန်ုပ်သည် အိမ်ပေါ်ထပ်သို့ တက်ရန် နည်းလမ်းရှာကြံ ရာတွင် နောက်ဆုံး အကြံတစ်ခုရသဖြင့် စတိုခန်းဆီသို့ သွားရ လေ၏။

အိမ်နောက်ဘက်ပိုင်း မီးဖိုဆောင်နှင့်ကပ်လျက်ရှိ စတို ခန်းထဲတွင် ပျက်စီးနေသော ရှေးဟောင်းလက်ရာ ဗီရိုပုလေး တစ်လုံးနှင့် ပန်းကနုတ်နောက်မှီပါသည့် ကျွန်းကုလားထိုင် ခြေတစ်ချောင်းကျိုးနှစ်လုံးမှလွဲလျှင် လက်သမားသုံး ကိရိယာ တန်ဆာပလာများ။ သံကြိုးခွေ၊ သွပ်ကြိုးခွေ၊ မနီလာကြိုးခွေများ။ ပေါက်ဆိန်၊ ရဲတင်း။ ပေါက်ပြား။ ပေါက်တူး။ ပေါက်ချွန်၊ သံ တူရွင်း စသည်တို့ကို အသင့်သုံးအဖြစ် တွေ့ရလေသည်။

များပြားလှသော အနီကိရိယာတန်ဆာပလာတို့အထဲမှ မနီလာကြိုးခွေ တစ်ခွေနှင့် သံချိတ်ကောက်တို့ကို ရယူကာ သံချိတ်ကောက်၏အရင်း၌ ကြိုးတစ်စကို မြဲအောင်ချည်ရလေ၏။

ထို့နောက် အိမ်ပေါ်ထပ်မှ ပြတင်းပေါက်များကို အောက် ထပ် ပြတင်းပေါက်များမှနေ၍ သေချာမော့ကြည့် စစ်ဆေးရာ အိမ်ခြေရင်းဘက်ပိုင်း အလယ်ခန့်ရှိ ပြတင်းတံခါးရွက်တစ်ခုမှာ ပတ္တာတစ်ခုပြုတ်လျက် ပွင့်ဟစောင်းကျနေသည်ကို တွေ့ရလေ သည်။

ကျွန်ုပ်လည်း အောက်ထပ်ပြတင်းတံခါးပေါင်ပေါ် တက်လိုက်ပြီး သံချိတ်ချည်ထားသည့်ကြိုးကို လက်တစ်ဖက်ဖြင့် ဝှေ့ယမ်းလျက် ပစ်လွှဲတင်ကာ သံချိတ်ကို အပေါ်ထပ်ပြတင်းပေါင်၌ ချိတ်မိစေရန် အဖန်ဖန် ကြိုးစားရလေ၏။

တစ်ကြိမ်တွင်မူ သံချိတ်သည် အပေါ်ထပ်ပြတင်း၏ အောက်ပေါင်တွင် ချိတ်မိသွားရာ လွန်စွာဝမ်းသာသွားပြီး သံချိတ် သေချာချိတ်မိခြင်း ရှိ မရှိ၊ နိုင် မနိုင်ကို စမ်းသပ်ဆွဲကြည့်ရလေသည်။

သေချာနိုင်ပြီဟု စိတ်ချရမှ မနီလာကြိုးကို လက်နှစ်ဖက်ဖြင့် ခိုဆွဲကာ နံရံကိုခြေကန်ပြီး အပေါ်ထပ်ပြတင်းပေါက်ဆီ ကြိုးစားတက်ရလေ၏။ ကျွန်ုပ်အနေဖြင့် ရန်ကုန်ယူနီဗာစီတီ ကျောင်းသားဘဝက မြန်မာပြည်မြောက်ဘက်စွန်းဒေသမှ နှင်းတောင်တို့ကို ယူနီဗာစီတီတောင်တက်အသင်းနှင့်အတူ တက်ဖူးသည့်အတွေ့အကြုံရှိရာ ခက်ခဲခြင်းတော့ သိပ်မရှိလှချေ။

ခဏအတွင်းမှာပင် ကျွန်ုပ်သည် ပြတင်းပေါင်ကို လက်လှမ်းမီသွားရာ ခေတ္တ တွဲလောင်းခိုကာ နားလိုက်ပြီးမှ အားယူလျက် ပေါင်ပေါ် ဆွဲတက်လိုက်တော့၏။ ယင်းအိမ်ကြီး၏အပေါ်ထပ် ပြတင်းပေါက်များတွင် သံတိုင်တို့ ကာရံထားခြင်းမရှိ၍

ခု နှစ် စဉ် ကြယ် တာ ပေ



တော်ပေသေး၏။

ပြတင်းပေါက်ကိုကျော်ပြီး အတွင်းသို့ ရောက်သွားသည်တွင် ကျွန်ုပ်သည် ကြမ်းပြင်ထက်တွင်ထိုင်ရင်း နံရံကိုမှီလျက် အမောဖြေရသေး၏။

ယင်းသို့ အမောဖြေရင်း ရောက်ရှိနေသည့်နေရာအား အကဲခတ်ရှုစမ်းကြည့်လိုက်ရာ အခန်းထောင့်တွင် တစ်ယောက်အိပ် သံခုတင်တစ်လုံးနှင့် သစ်သားမတ်ရပ် ဗီရိုဟောင်းတစ်လုံးမှလွဲ၍ မည်သည့်အိမ်ထောင်ပရိဘောဂမှ မရှိသော အခန်းလွတ်အတွင်း ရောက်နေကြောင်း တွေ့ရလေသည်။

ကျွန်ုပ်သည် ခေတ္တအပန်းဖြေပြီးနောက် ထိုင်ရာမှထကာ တံခါးဝဆီသွားလျက် တံခါးရွက်ကို တွန်းဖွင့်လိုက်ရာ အပြင်ဘက်မှ သော့ခတ်ထားခြင်းမရှိဘဲ တကျွိကျွိအသံမြည်လျက် ပွင့်သွားတော့၏။

ထို့နောက် ကျွန်ုပ်သည် အတော်မှောင်လျက်ရှိသော စင်္ကြံလမ်းအတိုင်း ခြေတစ်လှမ်းချင်း လျှောက်လှမ်းလျက် စုနန္ဒီ၏ အိပ်ခန်းကို ရှာဖွေလေ၏။

ကျွန်ုပ်သည် ယင်းအခန်းကို မှတ်မိနေသဖြင့် အခက်အခဲမရှိဘဲ ပိတ်ထားသည့် အခန်း၏တံခါးဝသို့ ရောက်ရှိသွား

ခု နှစ် စဉ် ကြယ် တာ ပေ

တော့သည်။

တံခါးရွက်တို့ကို ခပ်ဖြည်းဖြည်း တွန်းဖွင့်လိုက်ပြီး အခန်းထဲသို့ ကဲကြည့်လိုက်သည်တွင် ကျွန်ုပ်မျှော်လင့်ထားသည့်အတိုင်း အခန်းအလယ်မှ ကြေးခုတင်ကြီးပေါ်တွင် ဟာလာဟင်းလင်းဖြစ်လျက် ရှိတော့သည်။

မှန်ပြတင်းနှင့် မှန်ကူကွက်တို့ကို တိုးဖြတ်ကျရောက်လျက်ရှိသော မှုန်ပျပျအလင်းကသာ အခန်းထဲမှာ စိုးမိုးထားကာ ဤအခန်းထဲတွင် လွန်ခဲ့သောဆယ်ရက်ကျော်က မိန်းကလေးတစ်ယောက် သို့မဟုတ် မိန်းကလေးတစ်ယောက်၏အလောင်း ရှိနေခဲ့သည်ဟုဆိုလျှင် ယုံနိုင်ဖွယ်မရှိချေ။

အခန်းထဲတွင် သစ်သားလေးထောင့်စားပွဲပုလေးတစ်လုံး ကြေးခုတင်တစ်လုံးနှင့် ရှေးဟောင်း ကျွန်းဗီရိုကြီးတစ်လုံးသာ ရှိ၏။ ခုတင်ပေါ်မှ ဖဲမွေ့ရာ ရွှေကော်ဇောတို့လည်း မရှိတော့၊ စုနန္ဒီလည်း မရှိတော့၊ မင်းဇေယျာလည်း မရှိတော့ပါ။

လူသူကင်းမဲ့လျက်ရှိသော အခန်းထဲ၌ဝယ် မည်သည့်မွှေးရနံ့မှလည်း မရှိချေ။

ကျွန်ုပ်က ပြတင်းတံခါးကို ချက်ဖြုတ်ဖွင့်လိုက်လေ၏။ နေ၏အလင်းများက ဒဏ္ဍာရီဆန်သော အိပ်ခန်းကျယ်





ထဲ တိုးဝင်လာခဲ့ပြီ။

အလင်းရောင် ကောင်းစွာဝင်လာမှ လျှာထိုးကြမ်းပြင်ပေါ်၌ ဖုန်အနည်းအကျဉ်းကိုသာ တွေ့ရ၏။

"မင်းဇေယျာနဲ့ စုနန္ဒီဟာ ဒီအခန်းကို ခြေရာလက်ရာကျန်အောင် သိမ်းဆည်းလှည်းကျင်းပြီးမှ စွန့်ခွာသွားကြတာပဲ"

ကျွန်ုပ်က သော့ခတ်ထားသော ကျွန်းဗီရိုကြီးကို ဖွင့်ကြည့်ရန် စိတ်ကူးမိ၏။ စုနန္ဒီအတွက် ပြင်ဆင်ခဲ့သော ဖဲမွေ့ရာ ရွှေကော်ဇောတို့ကို ယင်းဗီရိုကြီးထဲမှာ ထည့်ထားနိုင်သည်။

"ပိုင်ရှင်ရှိတဲ့ ဒီဗီရိုကြီးကို ဖွင့်ကြည့်လို့သင့်ပါ့မလား"

"အို . . . ဘာပဲဖြစ်ဖြစ် ထူးဆန်းလှတဲ့ ဒီဖြစ်ရပ်တွေရဲ့ လျှို့ဝှက်ချက်ကို ငါသိနိုင်ဖို့ ဒီဗီရိုကို ဖွင့်ကြည့်မှဖြစ်မယ်"

"ကောင်မလေးက တကယ်သေခဲ့တာလား။ မျောနေခဲ့တာလား၊ သေရာကပြန်ပြီး ရှင်သန်ထမြောက်လာတာလား။ အဲဒါဆိုလည်း ဘယ်လိုလုပ်ပြီး အသက်ပြန်ဝင်လာတာလဲ၊ ဒါမှမဟုတ် မျောနေရာက သတိပြန်လည်လာတာလား။ မင်းဇေယျာနဲ့ ပြောဆိုမှု၊ လှုပ်ရှားမှုတွေဟာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။

အဲဒီ လားတွေအများကြီးနဲ့ ပြဿနာပဟေဠိကို အဖြေရှာသိနိုင်ဖို့ ဒီဗီရိုကြီးကို ဖွင့်ကြည့်ရမယ်၊ ဒီထဲမှာ သူတို့ချစ်သူ

နှစ်ဦးနဲ့ပတ်သက်ပြီး တစ်ခုခုတော့ တွေ့လိမ့်မယ်ထင်တယ်"

ကျွန်ုပ်သည် စုနန္ဒီနှင့်ပတ်သက်၍ သိလိုဇောပြင်းထန်နေသဖြင့် သင့်၏မသင့်၏၊ လျော်၏ မလျော်၏ စဉ်းစားမနေတော့ဘဲ ယင်းကျွန်းဗီရိုကြီးကို ဖွင့်ကြည့်ရန် ဆုံးဖြတ်လိုက်တော့၏။

"အင်း . . . ဒီဗီရိုကြီးကိုဖွင့်ဖို့ လက်နက်ကိရိယာတွေကို အိမ်အောက်ထပ်က စတိုခန်းမှာ ဆင်းယူရမယ်"

သို့ဖြင့် ကျွန်ုပ်သည် အိမ်အောက်ထပ်သို့ဆင်းရန်အတွက် စုနန္ဒီ၏အိပ်ခန်းထဲမှ ထွက်ခဲ့ကာ လှေကားဆီသို့ ခြေအတိုင်း လျှောက်သွားလိုက်လေသည်။

လှေကားအဝသို့ရောက်လေလျှင် အံဖုံးတံခါးပိတ်လျက် သော့ခတ်ထားသည်ကို တွေ့ရရာ ယင်းသော့ခလောက်ကို ဖွင့်နိုင်သည့် သော့တံအား ရှာဖွေကြည့်ရတော့၏။

သို့သော် ထွေထွေထူးထူး ရှာဖွေစရာမလိုဘဲ အံဖုံးတံခါးအနီးမှ အိမ်တိုင်တစ်လုံးဝယ် ချိတ်ထားသော သော့တွဲတစ်တွဲကို တွေ့ရလေသည်။

ကျွန်ုပ်လည်း ယင်းသော့တွဲကို ဖြုတ်ယူကာ သော့တံတစ်ချောင်းချင်းဖြင့် အံဖုံးတံခါး၏သော့ခလောက်ကို ဖွင့်ကြည့်





ိုက်တော့၏။

'ချောက်'

သော့တွဲရှိ သော့သုံးချောင်းထဲမှ သော့တစ်ချောင်းဖြင့် ံဖုံးတံခါး သော့ခလောက်ကို ဖွင့်၍ ရသွားလေပြီ။

သို့ဖြင့် ကျွန်ုပ်သည် အံဖုံးကို မဖွင့်ကာ အောက်ထပ်သို့ င်းခဲ့ပြီး စတိုခန်းထဲမှ ဝက်အူလှည့်၊ သံတူရွင်း၊ ဆိတ်ချိုတူ သည်တို့ကို ယူဆောင်လာခဲ့လေသည်။

စုနန္ဒီ၏အိပ်ခန်းထဲပြန်ရောက်လျှင်မူ ဦးစွာ ကျွန်ုပ်ရရှိခဲ့ သော သော့တွဲမှ ကျန်သော့နှစ်ချောင်းဖြင့် ဗီရိုကြီး၏ သော့ လောက်ကို ကြိုးစားဖွင့်ကြည့်လိုက်၏။

သို့သော် မည်သို့မျှ ဖွင့်မရချေ။

"မဖြစ်ဘူး . . . သော့ကို ဖျက်လို့ပဲဖြစ်ဖြစ်၊ မျောက် က်ကို ဖြုတ်လို့ပဲဖြစ်ဖြစ် ဗီရိုတံခါးပွင့်အောင် လုပ်ရမှာပဲ"

သို့ဖြင့် ကျွန်ုပ်သည် ဗီရိုကြီး၏မျောက်လက်ကို ဖြုတ်ဖွင့် ် ကြိုးစားရတော့၏။

ဟောင်းနွမ်းအိုမင်းနေပြီဖြစ်သည့် တံခါးမျောက်လက်ကို တ်ဖွင့်ရန် ဆုံးဖြတ်ကာ မျောက်လက်၌ တွဲထားသည့် ဝက်အူ ကို ဝက်အူလှည့်ဖြင့် လှည့်ဖြုတ်ရလေ၏။

နာရီဝက်ခန့်အကြာမှာပင် မျောက်လက် ပြုတ်သွားတော့သည်။

ထိုအခါမှ ဗီရိုကြီး၏တံခါးရွက်တို့ကို အလျင်စလို ဖွင့်ကြည့်လိုက်တော့၏။

ထင်သည့်အတိုင်းပင် စုနန္ဒီကို အလောင်းကဲ့သို့ ပြင်ထားခဲ့သော မွေ့ရာ၊ အိပ်ရာခင်း၊ ခေါင်းအုံး စသည်တို့ကို ဗီရိုအပေါ် အထပ်လေးထပ်စလုံးတွင် အပြည့်တွေ့ရလေ၏။

ဗီရိုကြီး၏ အောက်ဆုံးထပ်တွင်မူ အတွင်းသော့အိမ်ဖြင့် သော့ခတ်ပိတ်ထားသော အံဆွဲကို တွေ့ရလေ၏။

''အင်း ...ဒီအံဆွဲကိုတော့ ဖွင့်ဖို့ခက်ပြီ''

''ဒါပေမဲ့ သော့ကို ယူမသွားဘဲ ဒီဗီရိုကြီးထဲမှာပဲ သိမ်းချင်သိမ်းထားနိုင်တယ်''

ကျွန်ုပ်က ဗီရိုကြီး၏အထက် အထပ်လေးထပ်စလုံးတွင်ရှိသော အိပ်ရာ၊ ခေါင်းအုံး၊ စောင်၊ အဝတ်အစား စသည်တို့ကို ထုတ်ကာ ရှာဖွေမှုပြုရာ မိန်းမဝတ်ချိတ်ထဘီများ၊ ဖဲထဘီများ ထပ်ထည့်ထားသည့် စတုတ္ထထပ်၏ ညာဘက်အတွင်းထောင့်တွင် သော့တစ်ချောင်းကို တွေ့ရတော့သည်။

ယင်းသော့တံဖြင့် အံဆွဲထဲ မြှုပ်ထားသော သော့အိမ်





ကို လှည့်ဖွင့်ကြည့်လိုက်လေ၏။

'ချောက်'

သော့ပွင့်သွားသည်နှင့် အံဆွဲကို ဆွဲဖွင့်လိုက်လေလျှင်

''ဟင် ...စာအုပ်တစ်အုပ်ပါလား''

အံဆွဲကြီးထဲတွင် အခြား မည်သည့်အရာမျှ မရှိဘဲ သားရေဖုံးအနီရောင်နှင့် ဗလာစာအုပ်ထူထူတစ်အုပ်ကိုသာ တွေ့ရလေသည်။

ကျွန်ုပ်က စာအုပ်ကို အသာယူကြည့်လိုက်၏။

စာအုပ်၏အဖုံးကိုလှန်လိုက်လေလျှင် ပထမဦးဆုံး စာမျက်နှာ၌ ဝိုင်းစက်ညီညာသော စာလုံးများဖြင့် ရေးထားသော အောက်ဖော်ပြပါ စာတန်းကို တွေ့ရလေသည်။

## မင်းဧယျာ၏မှတ်တမ်း

''သြော် ...ဒါ မင်းဧယျာရဲ့ မှတ်တမ်းစာအုပ်ပေပဲ''

ကျွန်ုပ် လွန်စွာစိတ်ဝင်စားလျက်ရှိသော မင်းဧယျာ၏ မှတ်တမ်းကို ဖတ်ရလေလျှင် သူတို့၏လျှို့ဝှက်ချက်ကို သိရတော့မည်ဖြစ်သဖြင့် ပျော်သွားတော့၏။

သို့ဖြင့် ကျွန်ုပ်သည် စာအုပ်ကိုယူလိုက်ပြီး အံဆွဲ ပိတ်ကာ အခြားပစ္စည်းတို့ကိုလည်း ဗီရိုကြီးထဲ ပြန်ထည့်လိုက် လေသည်။

ကျွန်ုပ်သည် ဗီရိုတံခါးမှ မျောက်လက်ကိုမူ ပြန်မတပ် သေးဘဲ ဗီရိုတံခါးကို ပြန်စေ့ပိတ်ရုံပိတ်ကာ အခန်းပြတင်းတံခါး ကိုပါ ပိတ်လျက် ထိုအခန်းထဲမှ ထွက်ခဲ့တော့၏။

ကျွန်ုပ်တက်ရောက်ခဲ့သည့် ကြိုးကို အပေါ်သို့ ဆွဲတင် ကာ ပြတင်းတံခါးကို ပြန်စေ့ပိတ်လိုက်သည်။ အောက်ထပ်သို့ ရောက်သည့်အခါမှာမူ ညှော်ခန်းမကြီးမှ ပြတင်းပေါက်အချို့ကို ဖွင့်လိုက်ပြီး ကျွန်းဆက်တီတစ်လုံးတွင် ထိုင်လျက် ခေးတံ့ ရင်း မင်းဖေယျာ၏မှတ်တမ်းကို စိတ်ဝင်စားစွာ အေးအေးဆေး ဆေး ဖတ်ရှုတော့၏။

ဤနေရာတွင် မှတ်တမ်းမှတ်ရာဆန်ဆန် ရေးထားသည့် မင်းဖေယျာ၏ လွန်စွာ ထူးခြားဆန်းကြယ်သော အဖြစ်အပျက်တို့ကို စာဖတ်သူများ ဖတ်ရှုသိလျှင် အဆင်ပြေအောင် ဝတ္ထုသွား အသွင်ဖြင့် ပြန်လည်ဖော်ပြလိုပါသည်။

✡ ✡ ✡

ခု နှစ် စဉ် ကြယ် စာ ပေ

အခန်း (၂)

မင်းဖေယျာ၏မှတ်တမ်း


သမုဒ္ဒယအရက်ပြီး

အာယာတာဖောင်မီးအစ

မချိုယယနိုယာင်

ကမ္ဘာ့ရည်ချင်ရေများ

## အခန်း (၂)



### မင်းဖေယျာ၏မှတ်တမ်း

မောရဝတီဟူ၍လည်းကောင်း၊ ကမ္ဗောဇဟူ၍လည်း ကောင်း ခေါ်ဆိုကြသော ရှမ်းတို့၏ဒေသ ပင်းတယမြို့လေး မြောက်ဘက်ရှိ ပေခုနစ်ထောင်ကျော်မြင့်သည့် အရှေ့ အနောက်မြင် တောင်ခြေရင်း၌ နမ့်လှပဟူသော ရွာငယ် တစ်ရွာ ရှိလေသည်။

နမ့်လှကား အိမ်ခြေသုံးလေးဆယ်ခန့်သာရှိသော ရွာ ကလေးဖြစ်သော်လည်း ရှေးမင်းလက်ထက်ကတည်းက တည် ခဲ့သည့် ငွေခွန်မှူးမျိုးနွယ်လာ ငွေခွန်မှူးကြီး ဦးသာမိုင်း၏ မိ စုနေထိုင်သော ရွာဖြစ်သဖြင့် အိမ်ကြီးအိမ်ကောင်းများ အဓ





အတန် ရှိလေသည်။

ငွေခွန်မှူးဦးသာမိုင်း ရုံးစိုက်သည်မှာ ပင်းတယမြို့လေး မှာ ဖြစ်သော်လည်း မိသားစုကိုမူ ဇာတိရွာဖြစ်သော နမ့်လှမှာ သာ အိမ်ကြီးရခိုင်ဖြင့် ထားလေ၏။

ငွေခွန်မှူးဟူသော ရာထူးသည်ကား ရှေးမြန်မာမင်း များလက်ထက်ကတည်းက တည်ရှိခဲ့သော ရာထူးဖြစ်ပါ၏။

ရှမ်းတို့၏ မြေလတ်ဒေသဟုခေါ်တွင်လေသော ကျောက် ကူသီဝံ၊ ကျိုး။ လွယ်လုံ (ပင်လောင်း)၊ လွယ်အယ်၊ လွယ်မော၊ ဘော်၊ ဘော်နင်း။ ဘော်ဆုံ၊ သာမိုင်းခန်း။ နယ့်ခဲ၊ နမ့်ခုံ၊ နမ့် တုတ်၊ ပင်မိ၊ ပင်းတယ၊ မွေးလှ၊ ရွာငံ စသည့်တစ်ဆယ့်ခြောက် နယ်မြေကို အုပ်ချုပ်သူများဖြစ်လေ၏။

အလောင်းမင်းတရားကြီးလက်ထက်က စတင်ခန့်ထားခဲ့ သော ရာထူးဖြစ်ပြီး အများအားဖြင့် သားစဉ်မြေးဆက် ယင်း ရာထူးကို ဆက်ခံခန့်ထားခံရလေ့ရှိပေသည်။

ငွေခွန်မှူးသည်ကား သတ်မှတ်ထားသည့်နယ်မြေကို အပိုင်စားရပြီး အခွန်ကောက်ခံကာ ဘုရင့်ထံ ဆက်သရလေ၏။ ၎င်းပိုင်နယ်မြေအတွင်း ဖြစ်ပွားသော ရာဇဝတ်မှုတို့ကိုပါ စီရင်ပိုင် ခွင့်ရှိသဖြင့်လည်း တန်ခိုးဩဇာကြီးမားလေသည်။

အဆိုပါ ငွေခွန်မှူးရာထူးကို အင်္ဂလိပ်အစိုးရလက်ထက်၌လည်း ဆက်လက်ထားရှိအုပ်ချုပ်စေရာ ဦးသာမိုင်းမှာ အင်္ဂလိပ်အစိုးရလက်ထက် ပင်းတယဒေသ၏ ငွေခွန်မှူးကြီးပင် ဖြစ်ပါ၏။

ဦးသာမိုင်းသည်ကား ငွေခွန်မှူးတာဝန် ထမ်းဆောင်ရင်း အမှုအခင်းများကိုပါ စီရင်ဆုံးဖြတ်ရသဖြင့် ပင်းတယမြို့မှာသာ အများအားဖြင့် နေထိုင်ကာ ဇနီးဒေါ်နန်းအိမ်ဒေဝီနှင့် သမီးဖြစ်သူ စုနန္ဒီတို့ရှိရာ နမ့်လှုရွာသို့ တစ်ပတ်မှတစ်ခါသာ ပြန်လာလေ့ရှိလေသည်။

ဦးသာမိုင်းမှာ မြင်းမွေးရန်ဝါသနာပါသဖြင့် နမ့်လှုရွာမှ သူ၏အိမ်ဝိုင်းကြီးအနောက်ပိုင်း၌ မြင်းဇောင်းကြီးဆောက်ကာ မြင်းကောင်းမြင်းသန့် ဆယ့်လေးငါးကောင်ခန့် မွေးထားလေ၏။

သူ၏မြင်းဇောင်းကို ဒေါ်နန်းအိမ်ဒေဝီ၏ တူနှစ်ယောက်ဖြစ်သော ရွှေသီးနှင့်ငွေသီးတို့က တာဝန်ယူရလေသည်။

ရွှေသီးနှင့်ငွေသီးတို့သည် မြင်းဇောင်းနံဘေးရှိ အိပ်ခန်းတို့တွင်နေကာ မြင်းထိန်းတာဝန်ယူထားရသူများ ဖြစ်လေ၏။

တစ်နေ့သောနံနက် ၉ နာရီခန့်တွင် ...

ငွေခွန်မှူးကြီး ဦးသာမိုင်းသည် ငွေခွန်မှူးအိမ်မှနေ၍ မြို့လယ်ပိုင်းရှိ ငွေခွန်မှူးရုံးသို့ မြင်းညိုကြီးကို ခပ်ဖြည်းဖြည်း





င်းကာ လာရောက်လျက်ရှိစဉ် ပင်းတယ ငါးရက်တစ်ဈေးအနီးသို့ ရောက်ရှိလာသည်၌ ...

ဈေးအနီးရှိ နွားဈေးကွင်းလေးထဲတွင် လူအုပ်စုကြီး ရှုန်းစု ရှုန်းစုဖြစ်နေကြသည်ကို တွေ့ရလေ၏။

"ဟ မောင်ကံ ... လူအုပ်က များလှချေလား။ ဘာဖြစ်နေတာတုံးဟ ... သွားကြည့်စမ်း"

ဦးသာမိုင်းက မြင်းကို ဇက်သပ်ရပ်လိုက်ရင်း မြင်း၏ နံဘေးမှ ခြေလျင်လိုက်ပါလာသည့် အတူနေတပည့်ပြာတာ မောင်ကံအား စနည်းနာခိုင်းလိုက်လေ၏။

မောင်ကံလည်း ဝါးသုံးလေးပြန်အကွာရှိ လူအုပ်စုရှိရာသို့ ခပ်သုတ်သုတ် ပြေးလေ၏။

ခဏအကြာမှာပင် မောင်ကံ ပြန်ရောက်လာပြီး ...

"ဆရာကြီး ... ကျုံးရွာဘက်က လာရောင်းတဲ့ မြင်းဖြူကြီးကို ဝယ်ထားပြီးမှ မြင်းက ကလန်နေတာနဲ့ ဘယ်သူမှ စီးရ ကိုင်မရ ဖြစ်နေလို့ လူတွေ ဝိုင်းကြည့်နေကြတာပါ ခင်ဗျ"

"အလို ... မြင်းဖြူ ဟုတ်လား"

မြင်းဝါသနာအိုးကြီး ဦးသာမိုင်း စိတ်ဝင်စားသွား၏။

"အဖြူသက်သက်တော့ မဟုတ်ဘူး ဆရာကြီး၊ အဖြူခံ

မှာ နီညိုရောင်အပြောက်အကွက်တွေတော့ပါတယ်၊ အတော်လှတာပဲ''

ထိုစဉ် လူအုပ်စုကြီးဆီမှ ဝါးခနဲရယ်မောသံကြီး ကြားလိုက်ရပြီး ပတပ်ရပ်လိုက်သည့် မြင်းဖြူကြီး၏ ဦးခေါင်းပိုင်းကို လူတို့၏ ခေါင်းများကိုကျော်လျက် ဦးသာမိုင်း မြင်လိုက်ရလေသည်။

မြင်းကြီး၏လည်ဆံမွေးဖြူဖြူတို့က နံနက်နေရောင်အောက်တွင် ဘော်ငွေရောင်အဆင်းဖြင့် ဖိတ်ဖိတ်တောက်နေ၏။

ဦးသာမိုင်းမှာ လွန်စွာစိတ်ဝင်စားသွားပြီး သူ့မြင်းကို နွားဈေးကွင်းဘက် ဦးတည်လိုက်တော့သည်။

''ဟာ ...ငွေခွန်မှူးကြီး လာတယ်ဟေ့''

အင်္ဂလိပ်အစိုးရလက်ထက်တွင် မြို့အုပ်နှယ် ပါဝါရှိသော ငွေခွန်မှူးကြီးမို့ လူအုပ်က လေးစားကြောက်ရွံ့စွာ ရှဲပေးကြ၏။

ငွေခွန်မှူးကြီးလည်း လူအုပ်ကြားမှဖြတ်ကာ မြင်းဖြူကြီး၏ ခပ်လှမ်းလှမ်းသို့ ရောက်ရှိသွားလေသည်။

ယင်းအချိန်တွင် နောက်ထပ်ဂျော်ကီတစ်ဦးသည် မြင်းဇက်ကြိုးကို ဆွဲလိုက်ပြီး မြင်း၏ကျောပေါ်သို့ လွှားခနဲ တက်လိုက်လေ၏။





ဦးသာမိုင်းက မြင်းကိုရပ်ကာ အကဲခတ်ကြည့်နေသလို လူအုပ်ကြီးသည်လည်း ထိုဂျော်ကီ မည်သို့နောက်ကောက် (Knock-out) ကျမည်လဲဟု စိတ်ဝင်စား စိုးထိတ်စွာ ဝိုင်းကြည့်လိုက်ကြလေသည်။

မြင်းဖြူကြီးက ကဆုန်ချလျက် ဝါးတစ်ရိုက်ခန့် ပြေးလိုက်ပြီးသည်နှင့် ရုတ်တရက် ရှေ့ခြေနှစ်ချောင်းကို ဆန့်ကာ ဇက်စင်းချလိုက်လျက် နောက်ခြေနှစ်ချောင်းကို မြှောက်ခုန်လိုက်၏။

ဂျော်ကီလည်း အငိုက်မိကာ မြင်းဖြူကြီး၏ရှေ့သို့ ကျွမ်းပြန်ကျလေ၏။

'ဖုန်း'

''ဝါး ဟား ဟား ဟား''

လူအုပ်ကြီးလည်း ကိုးရိုးကားယားဖြင့် မြေပေါ်ပြုတ်ကျသွားသည့် ဂျော်ကီ၏အဖြစ်ကို ကောင်းချီးပေးကာ ဟားတိုက်ရယ်လိုက်ကြလေ၏။

နောက် သူရဲကောင်းတစ်ယောက်က ကွင်းထဲ ဝင်လာကာ မြင်းဖြူကြီး၏ ပါးချပ်ကို ဆွဲကိုင်လိုက်ပြန်သည်။

မြင်းဖြူကြီးက ဆတ်ခနဲ ခေါင်းကို ခါရမ်းကာ ထိုသူ၏

လက်ကို ရုတ်ခနဲ ကိုက်လိုက်လေ၏။

ထိုသူလည်း လက်ကိုမကိုက်မိစေရန် ဖျတ်ခနဲ လက်ရုပ်ကာ နောက်သို့ နှစ်လှမ်းခန့် ကမန်းကတန်း ဆုတ်ခွာရလေ၏။

''ဟ . . . ကိုက်တယ်ဟ၊ အတော်ဆိုးတဲ့မြင်းပါလား''

စိတ်ဆတ်ဟန်ရှိသူက ဒေါကန်သွားပြီး လက်ထဲမှနှင်တံဖြင့် မြင်းဖြူကြီးကို ရိုက်လိုက်၏။

'ရွှမ်း'

ချက်ချင်းဆိုသလိုပင် မြင်းဖြူကြီးက ရှေ့သို့ ခြေနှစ်လှမ်းခန့်လှမ်းကာ ပတာပ်ရပ်လိုက်ပြီး ရှေ့ခွာတစ်ဖက်ဖြင့် ထိုသူ့ကို ရုတ်ခနဲ ခုတ်ချလိုက်လေသည်။

မြင်းဖြူကြီး၏ လှုပ်ရှားဟန်က မြန်ဆန်အားပါလှသဖြင့် နှင်တံဖြင့် ရိုက်သူမှာ နောက်သို့ ယို့ခနဲ ရှောင်လိုက်သည့်တိုင် နားထင်ကို ခွာရှပ်ခုတ်မိသွားသဖြင့် သွေးတို့ ဖြာခနဲထွက်ကာ မြေပေါ် လဲကျသွားတော့၏။

''ဟာ''

သည်တစ်ခါတော့ လူအုပ်ကြီးလည်း မရယ်မောနိုင်တော့ဘဲ စိုးရိမ်တကြီး ဖြစ်သွားကြတော့သည်။

လူနှစ်ဦးက လဲကျနေသူကို ပြေးထူကာ မြင်းဖြူကြီး၏





က်ကွင်းလွတ်ရာသို့ ကပျာကသီ တရွတ်တိုက်ဆွဲခေါ်သွားကြရလေ၏။

ထို့နောက်မှာမူ စွန့်စားဝံ့သူ ထပ်မပေါ်တော့ချေ။

မြင်းဖြူကြီးကား ဒေါသကြီးစွာဖြင့် မြေပြင်ကို ဖုန်ထောင်းထောင်းထအောင် ခွာရှပ်လျက်ရှိပြီး နှာကိုတရှုးရှုးမှုတ်နေရာ လူအုပ်ကြီးသည်လည်း ကြောင်ငေးကြည့်လျက်သာ ရှိလေတော့၏။

ဦးသာမိုင်းကား ဒေါက်ကောင်းသလောက် ခြေတံ လက်တံ ကောင်းကောင်းနှင့် ကိုယ်နေဟန်ကြော့နေပြီး လည်ဆံမွေးဖြူဖြူတို့ ဖားဖားဝေနေသော မြင်းဖြူကြီးကို သဘောကျစွာ ိုက်ကြည့်နေလေသည်။

''ဒီမြင်းပိုင်ရှင်က ဘယ်သူလဲ''

ဦးသာမိုင်းက ဩဇာအပြည့်ပါသည့် အသံအောအောကြီးဖြင့် လူအများကြားအောင် မေးလိုက်သည့်တွင် ရှမ်းခမောက်ဆောင်းထားသူက လူအုပ်ကြားမှ ထွက်လာကာ ရိုကျိုးစွာ ဖြေသ၏။

''ကျွန်တော်မျိုးပါ ငွေခွန်မှူးကြီး''

''မင်းရဲ့မြင်းကို မင်း မနိုင်ဘူးလား''

"ကျွန်တော်မျိုးက စောစောကမှ ဒီမြင်းကို ဝယ်လိုက်တာပါခင်ဗျာ၊ ငွေချေပြီးတာနဲ့ မြင်းရောင်းသူတွေ ချက်ချင်းပြန်သွားကြပါတယ် ငွေခွန်မှူးကြီးခင်ဗျာ၊ မြင်းက လှသလောက်အတော်ရိုင်းပါတယ်၊ တစ်လက်ကိုင်လို့ ထင်ပါတယ်၊ ကျွန်တော်မျိုးလည်း အနားကပ်မရတာနဲ့ အခက်ကြုံနေရပါတယ်၊ ဘယ်သူမှလည်း သူ့ကို စီးမရဘူးဖြစ်နေပါတယ် ခင်ဗျာ"

ဤတွင် မြင်းကုန်းနှီးထက်မှာပင် ကိုယ်ကိုမတ်လိုက်လျက် ဦးသာမိုင်းက လူအုပ်ကြီးကြားအောင် အော်ပြောလိုက်တော့၏။

"ကဲ ... ဒီမြင်းကို ဘယ်သူ ဇက်ကိုင်နိုင်မလဲဟေ့ ဒီမြင်းကို ဇက်ကောင်းကောင်းကိုင်နိုင်ပြီး ဟောဒီကွင်းကို တစ်ပတ်ပြည့်အောင် ပတ်နိုင်သူကို ငွေတစ်ရာဆုချမယ်"

ငွေတစ်ရာဆိုသည်မှာ လွန်စွာမက်မောလောက်သည့်ဆုကြေးဖြစ်သည့်တိုင် လူအုပ်ကြီးက တုတ်တုတ်မျှ မလှုပ်ဝံ့ကြချေ။

ထိုစဉ် လူအုပ်ကြားထဲမှ အသံတစ်သံ ထွက်လာ၏။

"ဒီမြင်းဖြူကြီးကို မင်းဇေယျာမှ နိုင်မှာပဲ"

"ဘယ်သူလဲ မင်းဇေယျာဆိုတာ"





"ဒီဈေးထဲမှာ ကုန်ထမ်းနေတဲ့ကောင်လေးပါ၊ ဟော ...မှာ သူလာပြီ"

ဂျပ်ခုတ်အင်္ကျီအညိုရောင်လက်ပြတ်နှင့် ရှမ်းပင်နီ ...င်းဘီရှည် ဝတ်ထားသော အသားလတ်လတ် ကိုယ်လုံး ...ယ်ထည်တောင့်တောင့်နှင့် အသက် ၁၈ နှစ်ခန့်ရှိသည့် လူ ...တစ်ဦးက ဈေးအဝမှထွက်ကာ လူအုပ်ကြီးရှိရာသို့ လာနေ၏။

လူအုပ်ကြီးက သူ့ကို အလေးဂရုပြုအပ်သော ပုဂ္ဂိုလ် ...ယ် လမ်းဖယ်ပေးလိုက်ကြသည်။

"ဘာဖြစ်နေကြတာလဲဗျ"

"ဟော့ မင်းဇေယျာ ... ဒီမှာကွာ ဟောဒီနောင်ကြီးက ...င်းဖြူကြီးကို သုံးရာပေးဝယ်ပြီးမှ ဇက်ကိုင်မရ ဖြစ်နေတယ် ... မြင်းက အနားကပ်လာသူမှန်သမျှကို ခွာနဲ့ခုတ်လိုက်, ...က်လိုက်, နောက်ခြေနှစ်ချောင်းနဲ့ စုံကန်လိုက် လုပ်နေတယ် ... ကျောပေါ်တက်မိသူကိုလည်း ကလန်ချည်းချနေတယ်ကွ၊ ...ငါးယောက် စမ်းကြည့်ပြီးပြီ ... အားလုံး ဒဏ်ရာတွေရကုန် ... ဘယ်သူမှ အနားမကပ်ဝံ့ကြတော့ဘူး ဖြစ်နေတယ်ကွ"

နောက်တစ်ယောက်ကလည်း ဆက်ရှင်းပြသည်။

"ဟုတ်တယ် မင်းဇေယျာရေ ... ဒီမှာ ငွေခွန်မှူးကြီးက

ဆုငွေထုတ်ထားတယ်ကွ၊ ဒီမြင်းဖြူကြီးကို ဇက်ကောင်းကောင်း ကိုင်နိုင်ပြီး ပောဒီကွင်းကို တစ်ပတ်ပတ်နိုင်ရင် ဆုတော်ငွေ တစ်ရာကျပ်ကြီးတောင် ချီးမြှင့်မှာတဲ့ကွ''

မင်းဇေယျာက ငွေခွန်မှူးကြီးအား တစ်ချက်မော့ကြည့် လိုက်ပြီးနောက် ဘာမျှမပြောဘဲ ကွင်းထဲဝင်သွားတော့၏။

လူအများက သူ၏လှုပ်ရှားမှုတို့ကို စိတ်ဝင်စားစွာ စော ကြည့်နေကြတော့သည်။

မင်းဇေယျာက မြင်းကြီးကို ခပ်ခွာခွာမှ အသာလှည့်ပ ကြည့်လိုက်၏။

မြင်းဖြူကြီးကား နှင်တံဖြင့် အရိုက်ခံထားရသောကြေ ဒေါသမပြေသေးဘဲ ခွာကို ရှပ်ကာ ရှပ်ကာ နှာတဖူးဖူးမှုတ်လျ ရန်လိုနေချေသည်။

မင်းဇေယျာကား ဤဈေးဝန်းကျင်တွင် မြင်းကိုင်ရ ကျွမ်းကျင်လှသည်ဟု လူပြောသူပြောများသူ ဖြစ်၏။

ကျားနှင့်ဆင် လယ်ပြင်တွေ့ချေပြီတည်။

မင်းဇေယျာက မြင်းဖြူကြီးကို အကဲခတ်ရင်း ပါးစ ကလေးချော့မြှူသလို စုတ်သံပေးကာ အနီးသို့ မသိမသ တဖြည်းဖြည်း ချဉ်းကပ်သွား၏။





'ကျွတ် ကျွတ် ကျွတ် ကျွတ်'

ထိုသို့လှည့်ပတ်ကြည့်ရင်း မြင်းဖြူကြီး ဂနာမငြိမ်ဖြစ် နေရခြင်း၏ အကြောင်းရင်းကို မင်းဇေယျာ သတိပြုမိလာလေ သည်။

''အင်း ... မနက်ခင်းနေရောင်ကြောင့် မြေပြင်ပေါ် ာင်နေတဲ့ အရိပ်ရှည်မျောမျောတွေကို သင်းလန့်နေတာပဲ''

မြင်းဖြူကြီးကား သူ့အနီးချဉ်းကပ်လာသူတို့၏ အရိပ် ာင်မက မိမိ၏အရိပ်ကိုပါ မိမိပြန်လန့်ရင်း ကြောက်ဒေါသထွက် နေခြင်းဖြစ်ကြောင်း မင်းဇေယျာရိပ်မိသွား၏။

ထို့ကြောင့် ... သူက ခွာရှပ်ရင်း ပတ်ချာလည်လျက် သည့် မြင်းဖြူကြီး နေထွက်ရာအရှေ့အရပ် မျက်နှာမူလာမည့် နေအထားကို စောင့်စားလျက် အခွင့်အခါကို ချောင်းနေလိုက် သည်။

မြင်းဖြူကြီး နေထွက်ရာ အရပ်ဆီမျက်နှာမူလိုက်သည် ွင် အရိပ်တို့က ကျောနောက်ဘက်သို့ ကျရောက်နေရာ မြင်းကြီး သန့်တော့ချေ။

ထိုအခါမှ ပါးစပ်ဖြင့် စုတ်သပ်ရင်း မင်းဇေယျာက င်းဖြူကြီး၏ နံဘေးသို့ ဖျတ်ခနဲ ချဉ်းကပ်လိုက်ကာ ပါးချပ်ကို

ဆွဲကိုင်လိုက်တော့၏။

"ညီလေး ...ငါ့ညီလေးက လိမ္မာပါတယ်ကွာ၊ နေ

...ကျွတ် ကျွတ် ကျွတ်"

"ညီလေးက လိမ္မာတယ်၊ လိမ္မာတယ် ...ကျွတ် ကျွ

ကျွတ်"

မင်းဇေယျာက ပျော့ပျောင်းညင်သာစွာ တိုးတိုးကပ်ပြေ

ရင်း မြင်းဖြူကြီး၏ပါးတစ်ဖက်နှင့် လည်ဆံမွေးတို့ကို လက်တ

ဖက်ဖြင့် သာသာလေး သပ်ပေးလိုက်၏။

ခဏအကြာမှာပင် မြင်းဖြူကြီးက ခွာရှုပ်မှုကို ရပ်လိုက

သလို နှာတဖူးဖူးလည်း မမှုတ်တော့ချေ။

ဦးသာမိုင်းအပါအဝင် ခပ်လှမ်းလှမ်းမှ ဝိုင်းကြည့်နေ

သည့် ပရိသတ်တို့မှာ ရင်တမမ ဖြစ်နေကြလေသည်။

မြင်းဖြူကြီး၏ပါးချပ်ကို မင်းဇေယျာက မလွှတ်တ

ဆုပ်ကိုင်ထားရင်း အရှေ့ဘက်ဆီသာ ဦးလှည့်ထားကာ ပါးစပ်

ခပ်တိုးတိုး ချော့မြူလျက်ရှိရာ မြင်းဖြူကြီးမှာ မလန့်တော့

ငြိမ်ကျသွားတော့၏။

ထိုအခါမှ မင်းဇေယျာက မြင်းပါးချပ်ကိုလွှတ်ပြီး ဇ

ကြိုးကိုင်ကာ ကုန်းနှီးပေါ် လွှားခနဲ တက်လိုက်တော့သည်။

ခု နှစ် စဉ် ကြယ် တာ ပေ



မြင်းဖြူကြီးသည်ကား သူ့ကျောပေါ်သို့ မင်းဇေယျာ ရောက်သွားသည်နှင့် သတိ ဖျတ်ခနဲဝင်လာပြီး အရှိန်းစိတ် ပြန်ဝင်လျက် ကဆုန်ပေါက်ပြေးတော့၏။

မင်းဇေယျာလည်း ဇက်ကြိုးကိုလျှော့ကာ သတိဖြင့် လိုက်လေ၏။

ကြည့်ရှုနေသည့် ပရိသတ်အဖို့ကား ယခုမှ ကောင်းခန်း ရောက်ချေပြီ။

ထင်ထားသည့်အတိုင်းပင် မြင်းဖြူကြီးသည် ဈေး၏ ဆန့်ကျင်ရာအရပ် မြေနိမ့်လွင်ပြင်ဆီ အဟုန်ပြင်းစွာပြေးနေရာမှ ရှေ့ခြေနှစ်ချောင်းကို မြေပြင်၌ ဆန့်ထောက်ကာ ခေါင်းကို စိုက် ချလိုက်လေသည်။

သူက မင်းဇေယျာကို ရှေ့သို့ကျွမ်းပစ်ကျသွားအောင် မြှုလှုပ်လိုက်ခြင်းပင်။

သို့သော် သတိကြီးစွာထားနေသည့် မင်းဇေယျာက မြင်းဖြူကြီး၏ကိုယ်လုံးကို ဒူးနှစ်ဖက်ဖြင့်ညှပ်ကာ ကိုယ်ကို ဝပ်ချ လိုက်ပြီး မြင်းလည်ပင်းအား လက်နှစ်ဖက်ဖြင့် တင်းစွာ ဖက်ထား လိုက်၏။

ထို့ကြောင့်လည်း မြင်းဖြူကြီးက ရှေ့သို့ဦးစိုက်ကာ ဖင်

ခု နှစ် စဉ် ကြယ် တာ ပေ

ပိုင်းကိုမြှောက်လိုက်သည့်တိုင် မင်းဖေယျာမှာ ပြုတ်လွင့်ကျခြင်း မရှိချေ။

မြင်းဖြူကြီးသည် သူထင်သလို ဖြစ်မလာသဖြင့် ဒေါသကြီးစွာ ကဆုန်ချပြေးပြန်ပြီး မြက်ရိုင်းတောကို ဖြတ်ကာ ကုန်းမော့မော့တစ်ခုသို့အတက်တွင် ရှေ့ခြေနှစ်ချောင်းကို ရုတ်ခနဲမြှောက်လျက် ပတပ်ရပ်လိုက်လေ၏။

အရှိန်ပြင်းစွာ ပြေးလာပြီးမှ ရုတ်တရက် အရှိန်တန့်ကာ ပတပ်ရပ်လိုက်သည့်အတွက် ကျောပေါ်မှလူတော့ လွင့်ကျသွားပြီဟု ထင်လိုက်သော်လည်း မင်းဖေယျာမှာ မြင်းဇက်ကြိုးကို ပိုင်ပိုင်နိုင်နိုင် ကိုင်လျက် စုဆုပ်ဆွဲထားကာ မြင်းကျောပေါ်ဝယ် ကပ်ပါသွားလေသည်။

သည်တစ်ခါမှာတော့ မြင်းဖြူကြီးသည် ပိုဒေါကန်သွားပြီး မြက်ခင်းလွင်ပြင်ကို ကဆုန်စိုင်းဖြတ်ပြေးကာ လွင်ပြင်အစပ်၌ ပေါက်ရောက်နေသည့် သက်ရင့်တမာပင်၏ပင်စည်နှင့် ခန္ဓာကိုယ်ဘေးဘက် ပွတ်ချလိုက်တော့၏။

မင်းဖေယျာသာ သတိလက်လွှတ်ဖြစ်နေပါက ပေါင်စုတ်ကာ ဒူးတစ်ဖက်ပြုတ်သွားလောက်လေသည်။

ယခုတော့ မင်းဖေယျာက တမာပင်ဘက်မှ ခြေထောက်





မြှောက်လိုက်ပြီး အခြားဘက်သို့ ကိုယ်ကိုယိမ်းကာ ရှောင်
က်ရာ သစ်ပင်နှင့်ပွတ်တိုက်မိမည့်ဘေးမှ သီသီလေး လွတ်သွား
တော့၏။

ဝဲဘက်နံ့ပါးဖြင့် ပွတ်ချကာ ကျောပေါ်မှလူအား ပြုတ်ကျ
ရန် ကြိုးစားလိုက်သော်လည်း မအောင်မြင်သဖြင့် မြင်းဖြူကြီး
နာတဖူးဖူးမှုတ်ရင်း လွင်ပြင်အလွန် တောစပ်မှ ကျောက်
ာင်စွန်းဆီ ကဆုန်ချပြေးပြန်သည်။

ဦးသာမိုင်းနှင့် ပရိသတ်သည်ကား ကုန်းမြင့်ပေါ်မှ မြေ
ွင်ပြင်ဆီ ရင်တမမဖြင့် လှမ်းကြည့်နေကြလေ၏။

မြင်းဖြူကြီးသည် မကျေနိုင်မချမ်းနိုင်ဖြစ်နေပြီး ဝဲဘက်
ရတော့ လက်ယာဘက်အခြမ်းကိုပါ ပွတ်ချရန် ကြိုးစားပြန်
ည်။

ခပ်ဝေးဝေးမှ ကျောက်ဆောင်ဆီ ကဆုန်ပေါက်ပြေးပြီး
က် လက်ယာနံပါးဖြင့် ကျောက်ဆောင်စွန်းကို ပွတ်ချလိုက်
ရာ မင်းဖေယျာလည်း မြင်း၏လက်ျာဘက်မှ ခြေထောက်ကို
ခနဲရုတ်ကာ ခန္ဓာကိုယ်ကို တစ်ဖက်သို့ယိမ်းလျက် တိမ်း
ာင်လိုက်တော့၏။

မြင်းဖြူကြီးသည်ကား မင်းဖေယျာ ပြုတ်ကျစေရန်

အမျိုးမျိုး အားထုတ်ကြိုးပမ်းနေသော်လည်း အရာမထင်သဖြ စိတ်ပျက်သွားဟန်ရှိလေ၏။

မြင်းဖြူကြီး၏တိုက်စစ် ရုတ်တရက် ရပ်တန့်သွားသည် နှင့် မင်းဖေယျာသည် မြင်းဖြူကြီးကို ဇက်ဖွင့်လျက် မြင်း လက်ျာတင်ပါးအား ဖနောင့်ဖြင့် ဆတ်ခနဲ တို့လိုက်တော့၏

ထိုအခါ မြင်းဖြူကြီးသည် မြေနိမ့်လွင်ပြင်မှနေ၍ ကုန် မြင့်ပေါ်သို့ တစ်ဟုန်ထိုး ကဆုန်စိုင်းပြေးတော့သည်။

မင်းဖေယျာသည်ကား မြင်းဖြူကြီး၏ဇက်ကြိုးကို ပိုင်ပို နိုင်နိုင်ကိုင်ကာ လိုသလိုနှင်၍ ရချေပြီတည်း။

မြင်းရိုင်းဖြူကြီးသည်လည်း သူ့ကျောပေါ်မှ လူသည် သူ့ဇက်ကြိုးကို ပိုင်နိုင်စွာကိုင်ကာ ထိန်းချုပ်နိုင်သူဖြစ်ကြောင်း သဘောပေါက်သွားကာ ရန်မူလိုခြင်းမရှိတော့ဘဲ အရှင်သခ အဖြစ် ပျဝပ်ရန် ဆုံးဖြတ်လိုက်ဟန်ရှိလေ၏။

ထို့ကြောင့်လည်း မင်းဖေယျာသည် မြင်းဖြူကြီးက ဈေးအနီးမှ နွားဈေးကွင်းထဲ စိုင်းနှင်လိုက်ပြီး ကွင်းကို သုံးပေ ပတ် ပတ်လိုက်လေသည်။

ပြီးမှ ဈေးကွင်း၏မြောက်ဘက်ရှိ အတော်မတ်စောက် သည့် ပေတစ်ရာခန့်မြင့်သော ကုန်းမြင့်ပေါ်သို့ မြင်းဖြူကြီးက





ိုင်းနှင်သွားတော့၏။

ကုန်းမြင့်ထိပ်သို့ ရောက်လေလျှင် ဇက်ကြိုးကို ခပ်တင်း ာင်း ရုတ်ခနဲ ဆွဲလိုက်ရာ မြင်းဖြူကြီးမှာ ဟီသံကို တစ်ခဲနက် ာစ်ကြွေးရင်း ပတာပ်ရပ်လိုက်လေသည်။

'ဟီ ဟီ ဟီ'

'ဖြောင်း ဖြောင်း ဖြောင်း'

''ဝေး ... ဒါမှ မင်းဖေယျာကွ''

''ဒါမှ ငါတို့ ပင်းတယသားကွ''

ပွဲကြည့်ပရိသတ်ကား လက်ခုပ်သြဘာပေးကာ မင်း ဖေယျာကို အံ့ဖွယ်သရဲအဖြစ် ချီးမြှောက်၍ မဆုံးတော့ချေ။

မင်းဖေယျာလည်း မြင်းဖြူကြီးကို တောင်ကုန်းမြင့်ထက် ခွာချက်မှန်မှန်ဖြင့် ပြန်ဆင်းစေပြီး နွားဈေးကွင်းဆီ ဣန္ဒြေ ရ ဝင်လာလေ၏။

သူက လူအုပ်၏အနီးသို့အရောက်တွင် မြင်းဖြူကြီး၏ ကျောပေါ်မှ ဆင်းလိုက်ပြီး မြင်း၏ပါးချပ်ကိုကိုင်လျက် ဦးသာမိုင်း ဆီ တစ်လှမ်းချင်း လျှောက်လာတော့သည်။

ဦးသာမိုင်းလည်း မင်းဖေယျာကို မချီးကျူးဘဲ မနေနိုင် တော့ချေ။

''မောင်မင်းဇေယျာ ...လူငယ်သလောက် အံ့ချီးလောက်အောင် တော်ပါပေ့ကွယ်၊ မောင်ရင့်ရဲ့ စွမ်းဆောင်မှုကို အသိအမှတ်ပြုပြီး ကျူပ်ပေးထားတဲ့ကတိအတိုင်း ဆုငွေတစ်ရာကျပ် ဆုချပါတယ်ကွယ် ...ရော့ ရော့''

ဦးသာမိုင်းက ဆုကို မင်းဇေယျာ လက်ခံလိုက်သည်တွင် ပရိသတ်ကြီးသည် မင်းဇေယျာကို လက်ခုပ်သြဘာထပ်ပေးလိုက်တော့၏။

'ဖြောင်း ဖြောင်း ဖြောင်း'

ထို့နောက် မြင်းပိုင်ရှင်နှင့် လူသုံးလေးယောက်သာ ကျန်ရစ်ခဲ့ပြီး .ကျန်ဈေးသွားဈေးလာတို့မှာ မင်းဇေယျာ၏အစွမ်းကို အချင်းချင်း ပြန်ပြောင်းပြောရင်း လိုရာခရီးသို့ အသီးသီးထွက်ခွာသွားတော့၏။

''ဟေ့ ဒီမှာမောင်ရင် ...မောင်ရင့်မြင်းကို ဘယ်လောက်ရရင် ပြန်ရောင်းမလဲကွဲ့''

မြင်းပိုင်ရှင်လည်း မဆိုင်းမတွပင် ဦးသာမိုင်း၏အမေးကို ပြန်ဖြေလေ၏။

''ငါးရာရရင် ရောင်းချင်ပါတယ် ငွေခွန်မှူးကြီးခင်ဗျာ''

''ကောင်းပြီ ...ကျူပ်ဝယ်မယ်''





ဦးသာမိုင်းက လွယ်အိတ်ထဲထည့်လာခဲ့သည့် ငွေစက္ကူ...ကို မြင်းပိုင်ရှင်အား ပေးလိုက်လေသည်။

မြင်းပိုင်ရှင်လည်း ငွေအသပြာငါးရာ ရလေလျှင် မြင်းဖြူ...ကို လှည့်၍မျှမကြည့်တော့ဘဲ မြို့တောင်ဘက်သို့ ဝမ်းသာ...ဖြင့် ထွက်သွားတော့၏။ သူ့လူသုံးလေးဦးလည်း သူ့နောက်... အူယားဖားယား လိုက်ပါသွားကြတော့၏။

မင်းဇေယျာက မြင်းဖြူကြီး၏ဇက်ကြိုးကို ဦးသာမိုင်း...က်ထဲထည့်ပြီး ထွက်ခွာသွားတော့မည်ပြုရာ ဦးသာမိုင်းက...ရလေသည်။

''နေပါဦးကွယ် မောင်မင်းဇေယျာရဲ့ ...မောင်ရင်လေး... ဒီဈေးမှာ ကုန်ထမ်းဆို ...ဟုတ်သလားကွဲ့''

''ဟုတ်ပါတယ် ငွေခွန်မှူးကြီး''

''မောင်ရင်ရဲ့မိဘများကောကွဲ့၊ ဒီဇာတိသားထဲကပဲ...''

''ဟုတ်ပါတယ်ခင်ဗျာ ..တောင်သူတွေပါပဲ၊ ကျွန်တော်...ငယ်ကပဲ ဆုံးသွားကြပါတယ် ခင်ဗျ''

''သြော် ...ဒါဆို မင်းက မိဘမဲ့ပေါ့ ဟုတ်လား''

''ဟုတ် ...ဟုတ်ပါတယ် ခင်ဗျာ၊ ငါးနှစ်သားလောက်

က စပြီး အဒေါ်ရဲ့အိမ်မှာ နေခဲ့ရတာပါ၊ အဒေါ်က မြင်းလှည်းတွေ ထောင်ထားတော့ သူ့မြင်းတွေ ထိန်းကျောင်းပေးရရင်း မြင်းနဲ့ပတ်သက်ပြီး ကျွမ်းကျင်ခဲ့တာပါ ခင်ဗျ။ အဒေါ် မနှစ်ကဆုံးသွားတော့ အဒေါ့်ယောက်ျားနဲ့အတူ နေလို့မဖြစ်တာနဲ့ ဒီဈေးထဲမှာပဲနေပြီး ကုန်ထမ်းရင်း အသက်မွေးရပါတယ် ခင်ဗျ''

''ရော် ...ဒီလိုလား၊ နို့ပေတဲ့ ကုန်ထမ်းအလုပ်က မနိပ်ပါဘူးကွယ်၊ ဈေးထဲမှာ ကပ်ရပ်နေရတာလည်း မဟန်ပါဘူး''

''ဘဝပေးအခြေအနေအရပဲပေါ့ ငွေခွန်မှူးကြီးခင်ဗျား''

''အိမ်း ...ဒါပေမဲ့ မောင်ရင်လေးရဲ့ ရုပ်ရည်, ကိုယ်ရည်ကိုယ်သွေးနဲ့ လက်ရှိဘဝအနေအထားဟာ မကိုက်ညီပါဘူးကွယ်၊ ဒီမှာ ကျုပ်ရဲ့အိမ်က နမ့်လှရွာမှာ ရှိတာကွဲ့၊ ဝါသနာအရ မြင်းဆယ့်ငါးကောင်လောက် မွေးထားတယ်၊ မြင်းတွေကို ကျုပ် မိန်းမရဲ့ တူလေးတွေဖြစ်တဲ့ ရွှေသီးနဲ့ ငွေသီး တာဝန်ယူ ထိန်းကျောင်းမွေးမြူနေရတယ်ကွဲ့ ...၊

ဒါပေမဲ့ အဲဒီနှစ်ကောင်က ထန်းရည်မူးဖို့ပဲ တတ်ကြကောင်တွေ၊ ကျုပ်ရဲ့မြင်းတွေကို ကောင်းကောင်းကြည့်ရှုမှာ မဟုတ်ဘူး၊ မြင်းနဲ့ပတ်သက်လို့လည်း စိတ်မဝင်စားဘူး၊ မကျွမ်း





ကျင်ကြဘူး၊ စေတနာမပါကြဘူး၊ ဒါကြောင့် ကျုပ်က ကျုပ်ရဲ့ မြင်းတွေ ကောင်းကောင်းထိန်းသိမ်းပေးနိုင်မယ့်သူကို ရှာနေတာကွဲ့၊ မောင်ရင် အဲဒီအလုပ် လုပ်နိုင်မလား''

ငွေခွန်မှူးကြီးထံမှ ကမ်းလှမ်းမှုကို မမျှော်လင့်ဘဲ ကြားလိုက်ရရာ မင်းဇေယျာ အံ့သြဝမ်းသာသွားတော့၏။

အမှန်အတိုင်းဆိုရလျှင် အဒေါ့်ယောက်ျား ဦးလေးဖြစ်သူနှင့် အဆင်မပြေသဖြင့် အိမ်ပေါ်မှ ဆင်းလာရကတည်းက သူ့ဘဝက နိမ့်ကျဆင်းရဲလွန်းလှသည်။

ခိုကိုးစရာ ဆွေမျိုးမရှိသဖြင့် ဈေးလူကြီးကို တောင်းပန်ပိုးလျှိုးကာ ဈေးထဲမှာ ကပ်ရပ်နေရ၏။

ပင်းတယဈေးမှာ ငါးရက်တစ်ဈေးဆိုသော်လည်း ဈေးနေ့မဟုတ်သည့် ကြားရက်များတွင်ပါ ရောင်းဝယ်ဖောက်ကားကြသဖြင့် သူ၏ ပရိယေသနဝမ်းစာအဖြစ် ကုန်ထမ်းကာ ရှာဖွေရလေသည်။

ထိုသို့သော ဈေးခွေးသာသာဘဝထက်စာလျှင် ငွေခွန်မှူးကြီး၏အိမ်၌ အလုပ်ရပါက သူ့ဘဝ ပို၍အဆင်ပြေနိုင်သည်ဟု တွက်မိကာ ပျော်သွားတော့၏။

''မြင်းထိန်းကျောင်းမွေးမြူရမယ့်အလုပ်ဆို မလုပ်နိုင်

ခု နစ် စဉ် ကြယ် တာ ပေ

စရာ မရှိပါဘူးခင်ဗျာ၊ ကျွန်တော်ဟာ မြင်းတွေကို ချစ်တတ်သူပါ''

''ကောင်းပြီ ...ကျုပ်က လစာအဖြစ် စရိတ်ငြိမ်း တစ်လ သုံးဆယ်ပေးမယ်၊ နမ့်လှက ကျုပ်ရဲ့အိမ်မှာပဲနေရမယ်၊ ရွှေသီး ငွေသီးတို့နဲ့အတူ မြင်းတွေကို ကူပြီး မွေးမြူထိန်းကျောင်းပေးရမယ်၊ ကျေနပ်သဘောတူရဲ့လား''

''ဟုတ် ဟုတ်ကဲ့ ...သဘောတူကျေနပ်ပါတယ် ခင်ဗျာ''

''ကဲ ...ဒါဆို ဒီနေ့ပဲ နမ့်လှရွာ သွားပေတော့၊ ကျုပ်စာရေးပေးလိုက်ပါ့မယ်၊ ဒီမြင်းဖြူကြီး စီးသွား၊ ကျုပ်ကတော့ လာမယ့် ရုံးပိတ်ရက်မှ လိုက်လာခဲ့မယ်''

''ဟင် ...ငွေခွန်မှူးကြီးက အဲဒီရွာမှာနေတာ မဟုတ်ဘူးလားခင်ဗျ''

''ကျုပ်က ဒီပင်းတယမှာပဲ နေတယ်၊ အစိုးရပေးထားတဲ့ ငွေခွန်မှူးအိမ်မှာ နေတယ်၊ နမ့်လှရွာမှာက ကျုပ်ရဲ့မိန်းမနဲ့ သမီးတို့ နေကြတယ်၊ ကဲ ကဲ ...ခုပဲ ကျုပ်ရဲ့ရုံးလိုက်ခဲ့ စာရေးပေးလိုက်မယ်''

''ဟုတ် ...ဟုတ်ကဲ့ ခင်ဗျ''





ထို့နောက် မင်းဇေယျာလည်း မြင်းဖြူကြီးကို စီးကာ မြေခွန်မှူးကြီး၏နောက်မှ လိုက်ပါသွားရလေတော့၏။

✡ ✡ ✡



## သမုဒယအရုဏ်ဦး

နမ့်လှရွာသည်ကား ပင်းတယမြို့မှ ငါးမိုင်ခန့်အကွာ အရှေ့မြင် အနောက်မြင်တောင်ခြေရင်းအနီးတွင်ရှိပြီး ရွာကိုပတ် ကာ နမ့်လှချောင်းလေးက ကွေ့ဝိုက်စီးဆင်းနေသဖြင့် တောရိပ် တောင်ရိပ် နောက်ခံဝယ် ချောင်းရေကြည်ကြည်လေးနှင့် လွှမ်းစွာ မှ ရှုခင်းလှပသော ရွာလေးဖြစ်လေသည်။

သို့တိုင် နမ့်လှရွာသည် ပင်းတယမြို့နှင့် အလှမ်းမဝေးလှ သော်လည်း လမ်းခရီးအကြား၌ နက်ရှိုင်းသောလျှိုကြီးများ၊ သစ် တောအုပ်များ၊ ဝါးတောများ ထူထပ်စွာရှိသဖြင့် တောလမ်းခရီး ကြမ်းတမ်းလေရာ ပင်းတယမှလူတို့ နမ့်လှဘက်သို့ အရောက်





ပေါက် မရှိသလောက် နည်းလေ၏။

ထို့ကြောင့်လည်း ငွေခွန်မှူးကြီးဦးသာမိုင်းက ဇနီးနှင့် မီးရှိရာ နမ့်လှရွာသို့ တစ်ပတ်လျှင်တစ်ကြိမ် ရုံးပိတ်ရက်များ သော ပြန်လေ့ရှိမြဲဖြစ်သည်။

ပင်းတယမှာ မွေးဖွားကြီးပြင်းခဲ့သည့် မင်းဇေယျာသည် ည်း နမ့်လှရွာဘက်သို့ မရောက်ဖူးရာ ဦးသာမိုင်းညွှန်ပြလိုက် ည့်အတိုင်း မြင်းဖြူကြီးကို စီးလျက် ထွက်လာခဲ့ရခြင်းဖြစ်၏။

ဦးသာမိုင်းက သူ့မြင်းဖြူကြီးကို ကြာဖြူဟု အမည်ပေး ိုက်ရာ မင်းဇေယျာလည်း ကြာဖြူကိုစီးနှင်းလျက် ခရီးနှင်လာ သည်တွင် ခရီးလမ်းကြမ်းလှသဖြင့် ညနေစောင်းခန့်ကျမှ နမ့်လှ ရွာသို့ ရောက်လေ၏။

သူသည် ရွာထဲသို့ မြင်းကို အသားကျစီးရင်း ဝင်လာခဲ့ ာ ရွာလယ်လမ်း၌ တွေ့သမျှလူတို့အား ငွေခွန်မှူးကြီးဦးသာမိုင်း အိမ် ဘယ်မှာလဲဟု မေးလာခဲ့လေသည်။

သို့ဖြင့် ရွာ၏တောင်ဘက်ပိုင်း နမ့်လှချောင်းနံဘေး၌ ည်ရှိသော ဦးသာမိုင်းမိသားစု၏ ခြံကျယ်ကြီးသို့ရောက်ရှိသွား ေတော့၏။

ဦးသာမိုင်း၏ခြံက နှစ်ဧကနီးပါးခန့်ကျယ်ကာ ခြံအလယ်

၌ ခြေတံရှည် သစ်သားအိမ်မြင့်ကြီးတစ်လုံး တည်ရှိလေသည်။

ယင်းသစ်သားခြေတံရှည်အိမ်ကြီး၏ နောက်ဘက် ဝံ နှစ်ရိုက် သုံးရိုက်ခန့်အကွာတွင် မြင်းမွေးမြူထားသည့် မြင်းဇောင်းကို လှမ်းတွေ့ရလေသည်။

ခြံရှေ့ရောက်သည်နှင့် မင်းဖေယျာက မြင်းဖြူကြီးကြာဖြူ၏ ကျောပေါ်မှဆင်းလိုက်ပြီး မြင်းဇက်ကြိုးကို ကိုင်ဆွဲကာ ခြံထဲ တစ်လှမ်းချင်း လှမ်းဝင်ခဲ့လေတော့၏။

သူ ခြေတံရှည်အိမ်ကြီးနားမရောက်မီမှာပင် အိမ်ရှေ့လှေကားအတိုင်း မိန်းမပျိုလေးတစ်ဦး သွက်လက်စွာ ဆင်းလာသည်ကို တွေ့ရလေသည်။

"အဲဒါ ငွေခွန်မှူးကြီးရဲ့ သမီးနဲ့တူတယ်"

မိန်းကလေးက ဖြူဝင်းသန့်သော အသားအရေနှင့် ကိုယ်လုံးလေးက လှပဖွံ့ထွားကာ မျက်နှာချောချောလေးက တောင်ခြေတောရွာသူလေးဟုပြောလျှင် ယုံနိုင်ဖွယ်မရှိအောင် လှပလွန်းလှသည်။

သူမက နိုင်လွန်အပြာနုရောင် လက်စကအင်္ကျီလေးကို မာစရိုက်ထဘီအပြာရင့်ရောင်လေးနှင့် တွဲဖက်ဝတ်ဆင်ထားလေ၏။ ပိတုန်းရောင်ဆံကေသာကို ကျစ်ဆံမြီးနှစ်ချောင်း ကျစ်ကာ





ကျောနောက်၌ ချထားပြီး ကျစ်ဆံမြီးတို့၏အဖျားအနီး၌ ဖဲပြား အပြာနုရောင်လေးများ စည်းထားလေသည်။

အသက် ၁၇–၁၈ နှစ်ခန့်သာရှိသော သူမ၏ သွင်ပြင် လန်းဆတ်ပျိုမျစ်ကာ မျက်နှာချောချောလေးက အပြစ်ကင်း င်လှပေ၏။

မိန်းကလေးက ခြံဝဆီ သွက်သွက်လေး လျှောက်လှမ်း လာကာ မြင်းဖြူကြီးကြာဖြူကို သဘောကျစွာ ကြည့်လိုက်၊ င်းဖေယျာအား ကြည့်လိုက် လုပ်နေပြီးမှ ချိုသာသော အသံ လေးဖြင့် ပြောလိုက်လေသည်။

"မြင်းကြီးက လှလိုက်တာနော်၊ ရှောင်းမလို့လား။ ဖေဖေ ရှိဘူးရှင့်၊ လာမယ့်တနင်္ဂနွေနေ့မှ မြို့က ပြန်လာမယ်ထင် တယ်"

"မင်းရဲ့အဖေဆိုတာ ငွေခွန်မှူးကြီး ဦးလေးသာမိုင်း လား"

"ဟုတ်ပါတယ်၊ ရှင်က ဖေဖေ့ကို သိသလား။ ဒီမြင်းဖြူ ကြီးကို တွေ့ရရင် ဖေဖေ သိပ်သဘောကျမှာပဲ၊ ဈေးသင့်ရင် ဖေဖေ ဝယ်ပါလိမ့်မယ်၊ လာမယ့်တနင်္ဂနွေနေ့မှ ဖေဖေ့ကို ပြန် လာပြပါလားရှင့်"

မင်းဇေယျာက ပြုံးလိုက်လေသည်။

''မင်းရဲ့အဖေက သဘောကျလွန်းလို့ ငွေသုံးရာပေးပြီး ဒီမြင်းကြီးကို ဝယ်ပြီးပြီကွ၊ သူ့နာမည်ကိုလည်း ကြာဖြူလို့ မင်းအဖေကိုယ်တိုင် နာမည်ပေးလိုက်တယ်''

ကောင်မလေး အတော်အံ့အားသင့်သွားကာ ကြာဖြူကို တစ်လှည့်၊ မင်းဇေယျာကိုတစ်လှည့် ကြည့်ပြန်၏။

''ဒါ ဒါဆို ရှင်က ပင်းတယကနေ လာတာပေါ့ ... ဟုတ်လား။ ဖေဖေ့ရဲ့ တပည့်အသစ်လား''

''အင်း ... တပည့်ဆိုလည်း ပြောလို့ရတယ်၊ အလုပ်သမားလို့လည်း ပြောလို့ရတယ်၊ တို့ကို ဒီအိမ်မှာနေပြီး မြင်းဇောင်းမှာ အလုပ်လုပ်ဖို့ လွှတ်လိုက်တာ''

''ဪ ... ဒီလိုလား။ ရှင့်နာမည်က ဘယ်သူတဲ့''

''မင်းဇေယျာပါ''

''နန္ဒီက ဖေဖေ့ရဲ့သမီး စုနန္ဒီပဲ''

ဤတွင် မင်းဇေယျာက ငွေခွန်မှူးကြီးဦးသာမိုင်း ရေးပေးလိုက်သည့်စာကို ထုတ်ပေးလိုက်တော့၏။

စာကို သေချာဖတ်ကြည့်ပြီးနောက် ...

''ဟုတ်ပြီ ... ဒါဆို မေမေနဲ့ အရင်လိုက်တွေ့လိုက်ပြီး





ကြီးတို့ ကိုယ်တိုင်နဲ့တွေ့ပေါ့ ... ဟုတ်လား''

''ကောင်းပါပြီ''

မင်းဇေယျာက ကြာဖြူ၏ဇက်ကြိုးကို အိမ်တိုင်တစ်တိုင် ၌ ပတ်ချည်လိုက်ပြီးနောက် စုနန္ဒီ၏နောက်မှ လှေကားကို တက်လိုက်သွားတော့၏။

စုနန္ဒီ၏မိခင် ဒေါ်နန်းအိမ်ဒေဝီမှာ အသက် ၄၅ နှစ်ခန့် ရှိပြီး မျက်ခုံးကောင်းကောင်း၊ မျက်လုံးစူးစူး၊ နှာတံမြင့်မြင့်နှင့် ချောမောခန့်ညားသော ဥပဓိရုပ်ရှိသော်လည်း မျက်နှာထားက စုနန္ဒီကဲ့သို့ ပျော့ပျောင်းသိမ်မွေ့မှုမရှိဘဲ ခက်ထန်သောအသွင် ရှိချေ၏။

ဒေါ်နန်းအိမ်ဒေဝီက စာကိုဖတ်ပြီးနောက် မင်းဇေယျာအား စူးစူးရဲရဲကြည့်ကာ အလိုမကျသလို စကားဆို၏။

''ကိုကိုကတော့ သူထင်ရာလုပ်နေတာပဲ၊ မြင်းတွေကို တစ်ကောင်ပြီးတစ်ကောင် ဝယ်မွေးနေတော့တာပဲ၊ သူ မြင်းထပ်ထပ်ဝယ်မွေးလေ ငါ့ရဲ့တူလေးတွေမှာ တာဝန်ပိုကြီးလေပဲ၊ အေး ... မင်း ငါတို့ခြံမှာ အလုပ်လုပ်မယ်ဆိုရင်တော့ ခါးချိုးပြီးလုပ်မှ ဖြစ်မှာနော်၊ လက်ကြောမတင်းလို့ မဖြစ်ဘူး''

''ဟုတ်ကဲ့ ... ကျွန်တော်ကြိုးစားလုပ်ပါ့မယ် ဒေါ်ဒေါ်''

မင်းဖေယျာက ဦးခေါင်းညွှတ်ကာ ကျိုးနွံစွာ အာမဘာ
ခံလိုက်သည့်တိုင် ဒေါ်နန်းအိမ်ဒေဝီ၏ မျက်နှာကြောက စိုးစဉ်း
လျှော့မသွားချေ။

''အေး . . . ကောင်းပြီ ဒါဆို နောက်ဖေးက မြင်းဇော
ကို သွား၊ ငါ့ရဲ့တူနှစ်ယောက် နိုင်းတာကိုလုပ်''

''ဟုတ် ဟုတ်ကဲ့''

မင်းဖေယျာက သူ့ကို အားနာသည့်ဟန်ဖြင့် အငေးသား
ကြည့်နေသော စုနန္ဒီအား တစ်ချက်ကြည့်လိုက်ပြီးနောက် ဒေါ်နန်
အိမ်ဒေဝီကို ဦးညွှတ် အရိုအသေပြုလိုက်လေသည်။

ထို့နောက် အိမ်ကြီးပေါ်မှ လေးဖင့်စွာ ဆင်းခဲ့တော့
ဒေါ်နန်းအိမ်ဒေဝီ၏ ပြောဟန်ဆိုဟန်ကို ကြုံတွေ့ခဲ့ရပြီးနောက်
သူ ဤအလုပ်ကို လက်ခံမိသည်မှာ မှားများမှားသွားပြီလားဟ
တွေးရင်း သက်ပြင်းကိုသာ ချမိလေတော့သည်။

''အင်း . . . ငွေခွန်မှူးကြီး ဦးလေးသာမိုင်းနဲ့ စုနန္ဒီတို့
သဘောမနောကောင်းပုံရသလောက် ဒေါ်နန်းအိမ်ဒေဝီရဲ့အကြေ
က မလွယ်ဘူး၊ သူ့ရဲ့တူနှစ်ယောက်ကတော့ ဘယ်လိုပုံစံမျ
လာမလဲမသိနိုင်ဘူး''

မည်သို့ဖြစ်စေ သူ့ဘဝက ချောင်ပိတ်မိနေသလို ဖြစ်နေ





ခွေမဲ့မျိုးမဲ့ မိဘမဲ့ဘဝတွင် နေစရာခိုစရာ မရှိ၊ စားရေး
သောက်ရေးကအစ အခက်အခဲ ဖြစ်နေသည်။

ပင်းတယမှ ထွက်လာခဲ့ပြီးဖြစ်ရာ ပင်းတယသို့လည်း
ပြန်လည်မခိုဝင်လိုတော့ချေ။


သည်တော့လည်း သည်နမ့်လှရွာမှာပင် ဖြစ်လာသမျှ
ကြုံလာသမျှကို ရင်ဆိုင်ကာ ကြံကြံခံရင်း ဘဝခရီးကိုဆက်ရန်
သာ ရှိတော့သည် မဟုတ်ပါလား။

ပြီးတော့ စုနန္ဒီဟူသည့် လှပလွန်းသော မိန်းမချောလေး
မျက်နှာလှလှလေးက သူ့အသည်းနှလုံးကို ဖမ်းစားလိုက်ပြီ
ပြီ။

သူ့အနေဖြင့် တစ်ကြိမ်တစ်ခါသာ စတင်မြင်ဖူး ဆုံဖူး
သည့်တိုင် သူမ၏ လှပကာ အပြစ်ကင်းသော မျက်နှာချောချော
လေးကို မျက်လုံးထဲမှ မေ့ဖျောက်၍ရတော့မည် မဟုတ်ချေ။

သည်တော့လည်း စုနန္ဒီရှိရာ ဤအရပ်တွင် ကြံကြံနိုင်
ရပ်တည်လျက် အနာဂတ်ရက်လများကို ဖြတ်သန်းရန်သာ
ရှိတော့သတည်း။

✡ ✡ ✡



## အာဃာတလောင်မီးအစ

မြင်းထိန်းအလုပ်သမားအသစ် မင်းဖေယျာ ရောက်လ
သဖြင့် ရွှေသီးနှင့်ငွေသီးတို့က မြင်းတို့၏ တာဝန်အရပ်ရပ်
မင်းဖေယျာအား လွှဲအပ်ကာ တပည့်လူမိုက် သံခဲ၊ မောင်စွမ်
နှင့်အတူ ရွာအနောက်ပိုင်းမှ ထန်းတောမှာသာ တစ်နေ့ တစ်
အချိန်ကုန်နေကြတော့၏။

"ဟေ့ကောင် မင်းဖေယျာ"

"ခင်ဗျာ"

"မင်းကို တစ်လ သုံးဆယ်ကြီးများတောင် ငါ့အဖေ
ယောက်ျားကြီးက ရက်ရက်ရောရောကြီး ပေးထားတာနော်၊





လခနဲ့ ထိုက်တန်အောင် မင်းအလုပ်လုပ်ရမယ် ... ကြားလား"

"ဟုတ်တယ် ကိုကြီး ...ငါတို့တောင် သူ့လောက် မရဘူး။ ဒီကောင့်ကို တန်အောင်သာခိုင်း ...အေ့"

"ခိုင်းရမယ် ခိုင်းရမယ်၊ ကဲ ဟေ့ကောင် ...ဒီမြင်းတွေနဲ့ပတ်သက်ပြီး လိုလေသေးမရှိအောင် တာဝန်ကျေကျေလုပ်ထားနော်၊ ငါတို့ ထန်းတောပြန်သွားလိုက်ဦးမယ်၊ ငါတို့ရဲ့ဒေါ်လေးကိုလည်း ပြန်ပြောမနေနဲ့ဦး ...ကြားလား"

"ဟုတ် ဟုတ်ကဲ့ ...ပြန်မပြောပါဘူး"

ယင်းသို့ဖြင့် မြင်းဇောင်းထဲမှ ကြာဖြူအပါအဝင် မြင်း ၁၆ ကောင်၏ ကိစ္စဝိစ္စအားလုံးမှာ မင်းဖေယျာ၏ခေါင်းပေါ် ပုံကျလျက် ရှိတော့၏။

သူသည် နံနက် အရုဏ်လင်းစပြုသည်နှင့် အိပ်ရာမှ လူးလဲထကာ ကိုယ်လက်သန့်စင်ပြီးနောက် မြင်းဇောင်းထဲသို့ ဝင်ရတော့၏။

ဦးစွာ မြင်းဇောင်းတစ်ခုလုံးကို တံမြက်စည်းဖြင့် လှည်းကျင်းရလေ၏။

ပြီးလျှင် သစ်သားစည်ပိုင်းများ၊ သစ်သားဇလားခွက်များကို ရေနှင့်ကျင်းကာ မှောက်သွန်လိုက်ပြီး မြင်းတို့သောက်ရန်

ရေအသစ်လဲရလေ၏။ လေးထောင့်သံပုံးဖြင့် ကုလားပဲကို မွှ
အောင် ရေစိမ်ရလေ၏။

ထို့နောက် ကောက်ရိုးတို့ကို စဉ်းရလေ၏။

ကောက်ရိုးစဉ်းပြီး၊ ပဲရေပွပြီ ဆိုသည်နှင့် ကောက်ရိုးစဉ်းကော၊ ပဲရေပွနှင့် ဆန်ကွဲတို့ကို မြင်းစာခွက်တို့အထဲသို့ လိုက်ထည့်ရလေ၏။

ယင်းနောက် ဆားအနည်းငယ်လိုက်ဖြူးကာ ရေစပ်စပ် လောင်းထည့်ပြီး သမအောင် မွှေရလေ၏။

မြင်းစာကို မင်းဖေယျာသည် ထိုသို့ ပြုလုပ်ပေးထားပြီးနောက် မြင်းချေးကျုံးရင်း မြင်းတို့၏ကျန်းမာရေးကို စစ်ဆေးရလေ၏။

ပြီးလျှင် မြင်းဇောင်းကို တံမြက်စည်းလှည်းကျင်းရပြန်၏။

မင်းဖေယျာတစ်ယောက် ထိုသို့ အလုပ်တို့ကို မိုးမလင်းမီကတည်းက စပြီးလုပ်ကိုင်နေစဉ် ရွှေသီးငွေသီးတို့ အိပ်ရာမှ နိုးလာကြကာ သူတို့အဒေါ်ထံတွင် လိုအပ်သမျှငွေကို လက်ဖြန့်တောင်းကြလေ၏။

ငွေစက္ကူတို့လက်ထဲရောက်ပြီးသည်နှင့် ရွှေသီး ငွေသီးတို့





ာ မြင်းဇောင်းကို ကျောခိုင်းကာ ထန်းတောဆီဦးတည်ချီတက်ကြတော့၏။

ဒေါ်နန်းအိမ်ဒေဝီမှာ အခြားသူတို့အပေါ်၌ တင်းမာရက်စက်တတ်သော်လည်း သူ့တူလေးတို့အပေါ်တွင် အတော်ကောင်းလေ၏။

မိမဲ့ ဖမဲ့တူသားတို့အား အလိုလိုက်ထားလေ၏။

ဤသည်ကိုသိထားသဖြင့် ရွှေသီးငွေသီးတို့က အခွင့်အရေး မတရားယူကာ အဒေါ်အပေါ် ဆိုးချင်ကြ၏။

မင်းဖေယျာအပေါ် မိုလ်ကျ၏။

မည်သို့ဖြစ်စေ မင်းဖေယျာမှာ ဆုံးဖြတ်အတည်ပြုထားသည့်အတိုင်း ပြုလုပ်မည်သာဖြစ်၏။

သူသည် အလုပ်ကို မည်မျှပင်ပန်းစွာ လုပ်ရ လုပ်ရ နန္ဒီ၏မျက်နှာလေးကို တစ်ချက်မျှ မြင်လိုက်ရရုံဖြင့် အမောပြေသွားရသည်သာ။

စုနန္ဒီကလည်း နေ့စဉ်လိုလို ခြံထဲသို့ ဆင်းလာလေ့ရှိပြီး န်းခူးရင်း၊ ပန်းပင်ရေလောင်းရင်း မြင်းဇောင်းဘက်သို့ မသိသာ ခေါင်းလေးငဲ့ကြည့်လေ့ရှိ၏။

ထိုအခါ မြင်းတို့၏ကိုယ်ပေါ်မှ ဖုန်တို့ကို ဝက်မှင်ဘီး

ဖြင့် သပ်ပေးနေရာမှ သူမကို လှမ်းငေးကြည့်နေသည့် မင်းဖေ
ယျာနှင့် အကြည့်ချင်းဆုံသည်နှင့် နှစ်ဦးစလုံး ရှက်ပြုံးလေးများ
ပြုံးမိကြလေ၏။ ရင်လှိုက်ခုနတို့ ခုန်မိကြလေ၏။

နှစ်ဦးသား တစ်ခြံတည်းနေသော်လည်း တစ်ဦးနှင့်တစ်
ဦး နီးနီးကပ်ကပ် ဆုံခွင့်မသာသလို စကားလည်း ပြောခွင့်မသာ
ချေ။

မည်သို့ပင်ဖြစ်စေ စုနန္ဒာဘက်က မည်သို့ရှိမည်မသိသော်
လည်း သူ့ဘက်ကတော့ သူမကို တစ်နေ့တခြား ချစ်မြတ်နိုး
သည်ထက် ပို၍ ချစ်မြတ်နိုးလာမိလေသည်။

သည်တော့လည်း ပင်ပန်းလှသည့်တိုင် မင်းဖေယျာမှာ
နမ့်လှရွှာ၍ ပျော်နေတော့၏။

တစ်ပတ်တစ်ခါ ရွာသို့ပြန်လာသည့် ငွေခွန်မှူးကြီး
ဦးသာမိုင်းက အလုပ်ကြိုးစားကာ တာဝန်ကျေပွန်လှသည့် မင်း
ဖေယျာအား ပြန်ခါနီးတိုင်း ဘောက်ဆူးငွေများ ပေးသွားလေ့ရှိ
လေသည်။

အလုပ်ကိုလျစ်လျူရှုကာ နေချင်သလိုနေ၊ ပေချင်သလို
ပေနေကြသည့် ရွှေသီးငွေသီးတို့ညီအစ်ကိုကိုမူ ဦးသာမိုင်းသည်
ရွာသို့ပြန်လာတိုင်း ဆူပူကြိမ်းမောင်းတတ်လေ၏။





ထိုအခါ ဦးသာမိုင်း၏ မျက်နှာသာပေးခြင်းခံနေရသည့်
မင်းဖေယျာအား ဒေါ်နန်းအိမ်ဒေဝီတို့တူဝရီးသုံးဦးက မျက်မုန်း
ကျိုးသည်ထက် ကျိုးလာကြတော့၏။

''ဟွန်း ... မင်းဖေယျာလို အုတ်ကြားမြက်ပေါက် ချေး
ငွေကိုတော့ မျက်နှာသာပေးပြီး ငါ့တူတွေကိုကျတော့ နှိမ်နှိမ်ချိုး
ချိုး ပြောလိုက်တာ၊ ဒါဟာ အဲဒီဂြိုဟ်ကောင် ရောက်လာလို့ပဲ၊
မင်းလိုအကောင်နဲ့ ငါ့တူလေးတွေကို ယှဉ်ယှဉ်ပြီးပြောတာ
သောက် နာတာမရှိဘူး။ တွေ့မယ် ... တစ်နေ့တော့ နန်းအိမ်
ဒေဝီရဲ့အကြောင်း ပြရသေးတာပေါ့''

ဒေါ်နန်းအိမ်ဒေဝီက ဦးသာမိုင်း ပင်းတယသို့ပြန်သွား
သည်နှင့် သူမ၏ရင်ထဲမှ မကျေနပ်မှုကို ဖွင့်ဟကာ ကြိတ်မနိုင်
ခဲရဖြင့် ကြိမ်းဝါးတော့သည်။

အိမ်မကြီးပေါ်တွင် မိခင်နှင့်အတူ ရှိနေသည့် စုနန္ဒာက
ကြားတော့ စိတ်မကောင်းဖြစ်ကာ မင်းဖေယျာဘက်မှ ကာကွယ်
ပြောကြားမိတော့၏။

''မေမေရယ် ... မင်းဖေယျာက သူ့တာဝန်သူကျေ
အောင် မနိုမကတ် ကြိုးစားအလုပ်လုပ်သူပဲ၊ မေမေ့တူတွေကမှ
ဘာကယ့် ပေါ်ကြော့၊ ဘယ်နေရာမှ လက်ကြောမတင်းဘူး၊

ထန်းရည်မူးဖို့ပဲ တတ်တယ်၊ ပိုက်ဆံလေးနည်းနည်း လက်ထဲ
လာရင် ကြက်တိုက်၊နွားတိုက် လုပ်ကြရော၊ အဲဒါ မေမေ အင
လိုက်ထားလို့''

''ဘာ ...နင် နင်က အဲဒီ အုတ်ကြားမြက်ပေါက်
ကောင်ဘက်က ဘာဖြစ်လို့ နာနေတာလဲ မိနန္ဒီ''

''နာတာမဟုတ်ပါဘူး။ နန္ဒီက အမှန်တရားအတိုင်
ပြောတာပါ၊ ခုဆို ဖေဖေ့မြင်းတွေနဲ့ပတ်သက်လို့ ဘာမူရတော့
လဲ၊ မြင်းဖောင်းဆိုတာလည်း သန့်ရှင်းလို့၊ မြင်းတွေလည်း ကျန်
မာပြီး အလုံးအထည် ဘယ်လောက်လှလာကြသလဲ၊ ဖေဖေ
ဆို သဘောကျလိုက်တာမှ သူ့မြင်းတွေ ထုတ်ရောင်းရင် မျက်န
ပန်းလှပြီး ဈေးကောင်းရပြီတဲ့၊ အဲဒါ မင်းဇေယျာက မြင်းတွေက
အစာဝဝကျွေးပြီး ဂရုတစိုက် ပြုစုမွေးမြူလို့တဲ့''

''အေးပါ အေးပါ ...နင်တို့သားအဖပဲ အဲဒီအုတ်ကြာ
မြက်ပေါက်ကောင်ကို အမွှန်းတင်ကြပါ၊ အေး ...အဲဒီကောင်
အမှတ်ယူကောင်းလို့ ငါ့တူတွေကို နင့်အဖေက ဒီထက် နှိမ်ချိုးလာ
ရင်တော့ ငါနဲ့အတွေ့ပဲ''

''မေမေကလည်းလေ ...မင်းဇေယျာက မိသားစု
အကျိုးစီးပွားအတွက် တာဝန်ကျေကျေ လုပ်နေတာကို ဘာဖြ





ဲ့ အခြောက်တိုက် မျက်မုန်းကျိုးနေသလဲ မသိပါဘူး''

ဒေါ်နန်းအိမ်ဒေဝီမှာ သူ့တူလေးများ အနှိမ်ချိုးခံနေရ
ည့်မှာ မင်းဇေယျာကြောင့်ဟု စိတ်ထဲမှ တစ်ဖက်သတ်စွပ်စွဲ
ာ မကျေမနပ်ဖြစ်နေသော်လည်း မြင်းများအတွက် မင်းဇေယျာ
ှုလျှင်လည်း မဖြစ်တော့သည့်အခြေအနေမို့ မင်းဇေယျာ ဤခြံ
ြီးအတွင်း ရှိနေသည်ကို မလိုလားသော်လည်း အောင့်အည်း
ည်းခံနေရလေသည်။

ရွှေသီး ငွေသီးတို့မှာ မင်းဇေယျာရောက်မလာမီက
ြင်းဖောင်းကို စိတ်မပါ လက်မပါ ဖြစ်ကတတ်ဆန်း ကိုင်တွယ်
နေခဲ့ကြပြီး မင်းဇေယျာရောက်ရှိလာပြီးချိန်မှစ၍ ရေသာခိုနိုင်
သရွေ့နိုကာ အိမ်ကပ်သည်ဟူ၍ မရှိတော့ချေ။

ဦးသာမိုင်း၏အသည်းစွဲ ကြာဖြူမှာလည်း မင်းဇေယျာ
တစ်ဦးတည်းကိုသာ အကိုင်ခံပြီး ရွှေသီးငွေသီးတို့ကို အနားပင်
ကပ်မခံချေ။

ထို့ကြောင့် ရွှေသီး ငွေသီးတို့မှာ မင်းဇေယျာကိုသာမက
ကြာဖြူကိုပါ မုန်းတီးနေကြလေ၏။

စုနန္ဒီမှာ အစ်ကိုဝမ်းကွဲ ရွှေသီး ငွေသီးတို့ သင်ပေးထား
သဖြင့် မြင်းကို ကျွမ်းကျွမ်းကျင်ကျင် စီးတတ်နေရာ ညနေဘက်

ဆည်းဆာအချိန်တို့တွင် နမ့်လှချောင်းရိုးအတိုင်း ချောင်းကမ်းစပ်
မှာ ခြေညောင်းလက်ဆန့် မြင်းစီးထွက်သည့်အခါ သူမ၊ပိုင်
မြင်းမလေးဇာဇာကို စီးနင်းသွားလေ့ရှိလေသည်။

ဇာဇာသည်လည်း မင်းဇေယျာကိုင်တွယ်မှ တစ်သွေး
တစ်မွေးဖြင့် ဝဖီးလှပကာ လည်ဆံမွေးတို့ ဖားဖားဝေလာရ
စုနန္ဒီမှာ မင်းဇေယျာအား ကျေးဇူးတင်လျက်ရှိတော့၏။

သို့သော် သူမက ကြာဖြူကို သဘောကျလျက်ရှိပြီး
ဒေါက်ကောင်းကာ ကြွားကြွားရွှားရွှားရှိလွန်းလှသော ကြာဖြူကို
စီးကြည့်ချင်စိတ်တို့ တစ်နေ့တခြား ရင်ထဲ၌ ပေါက်ပွားလျက်
ရှိတော့သည်။

သို့သော် ကြာဖြူကို သူမ မပြောနှင့်၊ သူမ၏အစ်ကိုမှ
ယောက်ပင် အနားကပ်မရ၊ စီးမရသဖြင့် ဆန္ဒမပြည့်ဝ ဖြစ်နေ
ရလေသည်။

"အင်း ... ကြာဖြူကိုစီးနိုင်ဖို့ဆိုရင် မင်းဇေယျာရဲ့အကူ
အညီပါမှ ဖြစ်မယ်၊ မင်းဇေယျာ ဖေးမပေးမှ စီးလို့ရမှာ၊ ခက်တာ
က မင်းဇေယျာနဲ့ အရောတဝင်မနေရဘူးလို့ မေမေက တစ်ချက်
လွှတ်အမိန့်ထုတ်ထားတော့ သူ့ရဲ့ဖေးမကူညီမှုယူလို့လည်း မဖြစ်
သေးဘူး"





သီးသန့်မြင်းဇောင်းငယ်ဖြင့်ထားသော ကြာဖြူမှာ တစ်
နေ့တခြား အသွေးအမွေးကောင်းကာ အလုံးအထည် ကောင်း
သည်ထက် ကောင်းလာရာ ကြွားကြွားရွှားရွှားရှိလှသည့် ကြာဖြူ
မြင်သူတိုင်းက သဘောတကျ ချီးမွမ်းကြလေသည်။

မင်းဇေယျာကလည်း ဦးသာမိုင်း၏ အသည်းစွဲကြာဖြူ
အခြားမြင်းများထက် ပိုမိုဂရုစိုက်ကာ ညနေတိုင်းလိုလို
ကောင်ခြေလယ်ကွင်း ယာကွင်းများဘက်ဆီသို့ ကြာဖြူကို ခြေ
ညောင်းလက်ဆန့် စီးနင်းလေ့ရှိလေ၏။

အညိုဖျော့ဖျော့ ဂျပ်ခုတ်အင်္ကျီလက်ပြတ်၊ ရှမ်းဘောင်း
ဘီအနက်တို့ကို ဝတ်ဆင်ထားသည့် မင်းဇေယျာမှာ ကောင်းစွာ
စားသောက်နေထိုင်ရသဖြင့် နဂိုအသားအရေပိုမိုဝင်းပလျက်ရှိပြီး
သူ၏ ခိုပြည်တောင့်တင်းသော ခန္ဓာကိုယ်အချိုးအစားနှင့် ကြာဖြူ
ကို ကြွားကြွားရွှားရွှား စီးလာဟန်ကို ရွာသူရွာသား ကာလသား
ကာလသမီးတို့က ကြည့်ရှု၍မဝ ဖြစ်လာကြလေ၏။

ကာလသားလူပျိုတို့ဆိုလျှင် မင်းဇေယျာကို အားကျရုံ
မက မနာလိုပင် ဖြစ်လာရ၏။ မိန်းကလေးများက မင်းဇေယျာ
တစ်ယောက် ကြာဖြူကို အသားကျ စီးနင်းလာသည်ကို တွေ့ပါ
က အဝေးမှပင် အော်ဟစ်လက်ဝှေ့ယမ်း နှုတ်ဆက်လေ့ရှိကြ

သံခဲမှာ မလွဲမရှောင်သာဘဲ ကြာဖြူကို မြင်းဇောင်းထဲ
မှ ဆွဲထုတ်လာရတော့၏။

ကြာဖြူအတွက် မင်းဧယျာ မြင်းအစာနယ်သည့်အခါ
သံခဲက ကူညီလုပ်ပေးဖူးပြီး ကြာဖြူနှင့်လည်း ထိတွေ့မှုများသည့်
အတွက် ကြာဖြူသည် သံခဲနှင့် အတော်အတန် ယဉ်ပါးလျက်ရှိ
ရာ မြင်းဇောင်းထဲမှ ရှောရှောရှူရှူ လိုက်ပါလာ၏။ ကုန်းနှီး
ဆင်ပေးသည်ကိုလည်း ငြိမ်ခံနေ၏။

ရွှေသီးက ဇက်ကြိုးကိုကိုင်ပြီး ကျောပေါ်ခွတက်လိုက်
သည့်အခါမှာမူ ကြာဖြူက ဇာတိပြတော့သည်။

သူက ပထမ ခုန်ပေါက်ကာ ရွှေသီးကိုခါချ၏။

မြင်းကြောနပ်နေသော ရွှေသီးက ဇက်ကြိုးကို တင်း
တင်းဆွဲကာ ခြေနင်းကွင်းကို တင်းတင်းနင်းပြီး ကုတ်ကတ်ထား
ရာ ကျောပေါ်မှ ရုတ်တရက် ပြုတ်မကျချေ။

ကြာဖြူ ပိုဒေါကန်လာပြီး မြင်းဇောင်းဘက် ရုတ်တရက်
လှည့်ပြေးကာ မြင်းဇောင်းအဝင်ဝမှ သစ်လုံးတိုင်နှင့် ခန္ဓာကိုယ်
ဝဲဘက်အခြမ်းကို အရှိန်ပြင်းစွာ ပစ်တိုက်လိုက်၏။

ရွှေသီးက ဝဲဘက်ခြေထောက်ကို အလျင်အမြန်မကား
သစ်လုံးတိုင်နှင့်တိုက်မိမည့်ဘေးမှ ရှောင်လိုက်စဉ် ကြာဖြူက





''ဟ . . . သူက တိရစ္ဆာန်ကွ၊ မင်းက လူ၊ တိရစ္ဆာန်ဆို
သူ့လောက်အသိဉာဏ်မရှိဘူးဆိုတာ မသိဘူးလား။ အသိ
ဉာဏ်မရှိတဲ့ အဟိတ်တိရစ္ဆာန်နဲ့ မင်းက ပြိုင်မိုက်ရသလား''

''ကျုပ်က ဆုံးမတာပဲ ဦးရီးရဲ့''

''အေး . . . ဆုံးမရင်လည်း လူလိုဆုံးမပေါ့ကွ၊ ခုဟာက
ငရဲ့ရိုက်ချက်နဲ့ ဒီလို အမွေးတွေ ဖွာစုတ်မသွားဘူး။ မင်း
ကြားရိုက်လို့ ဒီလိုဖြစ်ရတာ၊ ခွေးထက်မိုက် တဲ့ကောင်
. . .င်း ငါ့အိမ်မှာမနေနဲ့၊ မင်းတို့ညီအစ်ကို အခုပဲ အိမ်က
. . .တော့၊ ရင်းနှီးစားသောက်ဖို့ ငွေနှစ်ထောင်စီ ပေး လိုက်မယ်၊
. . . အပြီးအပြတ်ပဲ၊ ဘာထောက်ပံ့မှုမှ မပေးတော့ ဘူး၊
ငွေယူပြီး သွားတော့''

''အို ကိုကို . . . ဒီလိုမလုပ်ပါနဲ့''

ဒေါ်နန်းအိမ်ဒေဝီက မျက်ရည်လေးစမ်းစမ်းဖြင့် ဝင်တား
. . .လည်း စိတ်ကြီးလှသည့် ဦးသာမိုင်းက သူ့ဆုံးဖြတ်ချက်ကို
. . .တော့ချေ။

ရွှေသီးတို့ညီအစ်ကိုကလည်း ငွေနှစ်ထောင်ကြီးများ
. . .င် ကိုယ်စီရမည်ဖြစ်သဖြင့် အိမ်ပေါ်မှဆင်းရန် ဝန်လေးခြင်း
. . .ကြချေ။

"ရတယ် ဒေါ်လေး ...ကိစ္စမရှိဘူး။ ကျွန်တော်…
သံခဲတို့တဲမှာ သွားနေမယ်"

"သွား သွား ...မင်းတို့ အမြန်ဆုံးထွက်သွား…
အရေးကြီးတယ်၊ မနန်း ...မင်း ဝင်မတားနဲ့၊ သူတို့ရဲ့ အ…
အစားတွေ ယူပြီး ထွက်သွားပါစေ"

စုနန္ဒီလည်း ဝင်မတားဝံ့ဘဲ ငြိမ်နေသည်။

ဒေါ်နန်းအိမ်ဒေဝီကမူ မင်းဖေယျာကို အခဲမကြေ…
စိတ်ထဲမှ ကျိန်ဆဲ၍ မဆုံးတော့ချေ။

✡

သံခဲတို့မိသားစု၏တဲက ရွာတောင်ဘက်ပိုင်း လယ်ကွင်း…
တို့၏အလွန် နမ့်လှချောင်းကမ်းစပ်မှာရှိ၏။

သံခဲ၏မိဘများက နမ့်လှချောင်းရိုးတစ်လျှောက် ငါးဖမ်း…
ခြင်း၊ ထင်းခြောက်ဆယ်ခြင်းလုပ်ငန်းများဖြင့် အသက်မွေးကြသူ…
များ ဖြစ်ကြလေသည်။

ရွှေသီးတို့ညီအစ်ကိုက သံခဲတို့ထဲမှာ စတည်းချ…





…က်ထဲငွေ့ရှင်နေသဖြင့် ထန်းရည်တင်မက ချက်အရက်ပိုင်းပါ
…ကာ အမြည်းကောင်းကောင်းနှင့် ပွဲတော်တည်နေကြလေ၏။

သံခဲ၏အဖေကလည်း အသောက်အစားသမားဖြစ်
…ဖြင့် မိုးလင်းမိုးချုပ် ဝိုင်းက စည်လျက်ရှိသည်။

ရွှေသီးတို့ အိမ်ပေါ်မှဆင်းသွားပြီး သုံးရက်အကြာ တစ်
…နက်ခင်းတွင် ဒေါ်နန်းအိမ်ဒေဝီကိုယ်တိုင် သံခဲတို့တဲသို့ လိုက်
…ာ၏။

"ဟဲ့ ရွှေသီး ငွေသီး ...မိုးမလင်းသေးဘူး၊ အရက်
…သင်းထောင်နေပြီလား"

"ဟာ ဒေါ်လေး ...လာ လာလေ ဒေါ်လေး၊ တဲပေါ်
…က်လေ"

ဒေါ်နန်းအိမ်ဒေဝီက တဲပေါ်မတက်၊ ကဲလားပြတင်း
…ပြင်ဘက်မှာ ခါးထောက်ရပ်နေ၏။

သံခဲ၏အဖေနှင့်အမေလည်း ဂုဏ်ကြီးရှင်ဒေါ်နန်းအိမ်
…ဝီကို တဲပေါ်မဖိတ်ခေါ်ဝံ့သဖြင့် ရှိုးတိုးရှန့်တန့် ဖြစ်နေကြ
…သည်။

"ဟဲ့ ...နင်တို့ ခုလိုဘဝမျိုးရောက်အောင် လုပ်လိုက်
…ာ မင်းဖေယျာပဲ၊ သင်းပြောလို့ ကြာဖြူကို နင်ရိုက်တာ

ကိုကိုသိသွားတာ၊ သင်းကို ကိုကိုက သိပ်မျက်နှာသာပေးနေတယ်၊ ကြာရင် တစ်အိမ်လုံးကို ဝါးမျိုသွားလိမ့်မယ်၊ နင်တို့မနာဘူးလား။ အဲဒီကောင်ကို''

''ဟာ ...နာတာပေါ့ ဒေါ်လေးရဲ၊ အဲဒီကောင်က နောက်ပွင့်တဲ့ရွှေကြာ အရင်တင့်နေတဲ့ကောင်''

''အေး ...နာရင် တွေ့နဲ့နေရာ အဲဒီကောင်ကို မှတ်လောက်သားလောက်ရှိအောင် လုပ်လိုက်ကြစမ်း။ တတ်နိုင်ရင် ဒီရွာမှာ မနေရဲအောင်ကို လုပ်ပစ်လိုက်ကြ ...ကြားလား''

''ဟုတ် ဟုတ်''

''ရော့ ...နင်တို့စားဖို့သောက်ဖို့ လာပေးတာ''

ဒေါ်နန်းအိမ်ဒေဝီက ငွေနှစ်ထောင်ကိုပေးပြီး အာယာတမီးကို ကောင်းကောင်းကြီး မွှေးပေးခဲ့၏။

သံခဲ၏အဖေလက်ထဲသို့လည်း ငွေငါးရာထည့်ကာ သူ့တူလေးတို့ကို စောင့်ရှောက်ကူညီနိုင်းခဲ့၏။

ဒေါ်နန်းအိမ်ဒေဝီနှင့် အဖော်အဖြစ် လိုက်ပါလာသော အိမ်စေမလေး ထွေးရီက သူမသခင်မကြီး၏လုပ်ရပ်တို့ကို ကြည့်ကာ သက်ပြင်း မသိမသာချမိတော့သည်။

✡





ဒေါ်နန်းအိမ်ဒေဝီ၏ ယုတ်မာသောအကြံအစည်ကို ထွေးရီက စုနန္ဒီအား တိုးတိုးတိတ်တိတ် ပြန်ပြောပြလိုက်သည်။

ထွေးရီသည်ကား ဆင်းရဲသဖြင့် သူတစ်ပါးအိမ်မှာ အိမ်စေအဖြစ် ငယ်စဉ်ကလေးဘဝကတည်းက လုပ်ကိုင်လာခဲ့ရသူလေးဖြစ်သော်လည်း စိတ်ကောင်းရှိသူလေး ဖြစ်၏။

ကြာဖြူပြဿနာကို ထွေးရီက လုံးစေ့ပတ်စေ့ သိထားသဖြင့် မင်းဇေယျာမှာ အပြစ်မရှိဘဲ ရွှေသီး၏အပြစ်သာ ဖြစ်ကြောင်း သိထား၏။

ရွှေသီးတို့သည် သူတို့မိုက်ပြစ်ကြောင့် သူတို့ အိမ်ပေါ်မှ နှင်ချခံရခြင်းဖြစ်၏။ ဒါကို မင်းဇေယျာကြောင့်ဟု ဒေါ်နန်းအိမ်ဒေဝီက တစ်ဖက်သတ်စွပ်စွဲကာ တူလူမိုက်တို့ကို မြှောက်ပေးခြင်းမှာ တရားနည်းလမ်းမကျဟု သူမ ယူဆသည်။

ထို့ကြောင့် မင်းဇေယျာတစ်ယောက် ဘုမသိ ဘမသိဘဲ အယုတ်မာခံရမည်စိုးသဖြင့် သူမ၏သခင်မလေး စုနန္ဒီကို ဖွင့်ပြောပြခဲ့ခြင်းဖြစ်၏။

စုနန္ဒီမှာ ရွာမှာ ဩဇာအရှိဆုံး၊ အချမ်းသာဆုံး ငွေခွန်

မှူးကြီး၏သမီးဖြစ်သော်လည်း မာန်မာန လုံးဝမရှိ။ မည်သူ့ကို မဆို ဆင်းရဲချမ်းသာမရွေး ကြင်နာနွေးထွေးစွာ ဆက်ဆံတတ် သူလေး ဖြစ်သည့်အပြင် ရိုးသားဖြောင့်မတ်သော စိတ်ဓာတ်ရှိသူ လေးဖြစ်သောကြောင့်လည်း ထွေးရီက သူမ,တွေ့ခဲ့ကြားခဲ့သမျှကို ဖွင့်ပြောပြလိုက်ခြင်း ဖြစ်ပါ၏။

ထွေးရီ၏စကားကို ကြားရသည်တွင် စုနန္ဒီမှာ အတော် စိတ်မကောင်းဖြစ်သွားရသည့်အပြင် မင်းဇေယျာအတွက်ပါ ပူပင် မိသွားတော့၏။

''ဟောတော့ ... အဲဒါဆိုရင် မင်းဇေယျာအတွက် ဒုက္ခ ပဲ''

''ဟုတ်တယ် မမလေး ... ဒေါ်လေးက ကိုကြီး့ကိုယ် တို့တင်မကဘူး ... ကိုသံခဲရဲ့အဖေကိုပါ မြှောက်ပေးခဲ့တာ သူတို့ ကိုလေးမင်းဇေယျာကို တစ်ခုခု လုပ်ကြံကြလိမ့်မယ်ထင် တယ်''

''အဲဒီလို မလုပ်ကြံနိုင်အောင် သတိပေးရမှာပေါ့ဟယ် ခက်တာက ဖေဖေကလည်း ပင်းတယပြန်သွားပြီ''

သို့ဖြစ်၍ စုနန္ဒီလည်း မင်းဇေယျာအား သတိပေးစကား ပြောရန် အခွင့်အခါ စောင့်နေလေ၏။ သို့သော် မိခင်ကြီးက





ါ်အနီးအနားမှာ အမြဲမပြတ်ရှိနေသဖြင့် မလှုပ်သာ မလှည့် နေရ၏။

မင်းဇေယျာမှာ မြင်းဇောင်းနှင့်ပတ်သက်သည့် သ ပ်တာဝန်တို့ကိုသာ နေ့စဉ် တကုပ်ကုပ်လုပ်နေကာ အိမ်မ ာက်သို့ တစ်ဦးဦးကခေါ်မှ လာလေ့ရှိလေသည်။

သို့ကြောင့် စုနန္ဒီမှာ မင်းဇေယျာနှင့် နှစ်ကိုယ်ကြား ိပေးစကားပြောဖို့ အခွင့်မသာဖြစ်လျက် ရှိတော့၏။

✡

''တောက် ... ဒေါ်လေးပြောတာ ဟုတ်တယ်ကွ၊ မင်း ျာဆိုတဲ့ကောင် ရောက်လာကတည်းက ငါတို့ဟာ ဦးလေးရဲ့ နှာပေးမှု တစ်စက်မှ မခံရဘူး။ အဆူအငေါက်ချည်း ခံနေရ ယ်''

''ကိုကြီးကို ဒါကြောင့်ပြောတာပေါ့၊ အဲဒီကောင်ကို ာ်ရှင်းပစ်ရမယ်လို့''

''နေဦး ငွေသီးရ ... အဲဒီလိုလည်း အရမ်းလုပ်လို့

မဖြစ်သေးဘူးကွ၊ လူသတ်မှုဖြစ်သွားရင် ပုလိပ်ဘက်က
ကြွက်လျှောက်လိုက်မှာ၊ ဦးလေးဦးသာပိုင်းကလည်း ငါတို့
ချက်မှန်း သိပြီး ပုလိပ်ကိုဖမ်းနိုင်းမှာ၊ ဒါကြောင့် အဲဒီနည်း
သုံးလို့ မဖြစ်ဘူးကွ''

''ဒါဆို ဘယ်လိုနည်းသုံးမလဲ ကိုကြီးရဲ့''

ရွှေသီးကအရက်ခွက်ကို တမျှဉ်းမျှဉ်းမော့ရင်း မျက်
မှေးစင်းကာ စဉ်းစားလျက် ဉာဏ်နီဉာဏ်နက်ထုတ်နေ၏

သူတို့ညီအစ်ကိုမှာ သံခဲ၏အဖေ ကိုမြဒင်နှင့်အတူ
လှချောင်းကမ်းစပ်မှ မြက်ခင်း၌ ဝိုင်းဖွဲ့ထိုင်ကာ အရက်
ဖွဲ့နေကြခြင်းဖြစ်သည်။

ရွှေသီးက ခွက်လက်ကျန်ကိုမော့ကာ အမဲကြော်
ဖတ် ဝါးစားလိုက်ပြီးနောက် သူ့ခေါင်းထဲမှ ထွက်ပေါ်လာ
အကြံ အစည်ကို ပြောပြလေ၏။

''မင်းဗေယျာဆိုတဲ့ကောင်ကို သတ်တာထက် ကြာ
ဆိုတဲ့ မြင်းကိုသတ်ပစ်တာ ပိုကောင်းမယ်ကွ''

''ဗျာ ...ဟာ ...ကိုကြီးပြောတာ ကျုပ်မရှင်း
ဘူးဗျာ၊ ကြာဖြူကို သတ်တော့ရော ကျုပ်တို့ညီအစ်ကိုရဲ့
ချက်လို့ မသိဘဲ နေမလား။ ကြာဖြူကို ကျာပွတ်နဲ့ရိုက်တာ





ပေါ်သွားတဲ့ဥစ္စာ''

''ကြာဖြူ့ကို ငါတို့ကသတ်ပြီး ဖျောက်ဖျက်ပစ်လိုက်မှာ
ကွ၊ သိရဲ့လား''

''ဗျာ ... ဘယ်လို''

''ဒီလိုကွာ ... ကြာဖြူကို မင်းဗေယျာရဲ့အလစ်မှာ
သတ်ပြီး ဖျောက်ဖျက်ပစ်လိုက်မယ်၊ ဒါဆို အဲဒီကောင် ဘယ်လို
ဖြေရှင်းမလဲ၊ ငါတို့ရဲ့လုပ်ရပ်မှန်းမရိပ်မိအောင် ငါတို့က ဣန္ဒြေ
မပျက် နေလိုက်မယ်''

''ကိုကြီးဟာက မလွယ်ပါဘူးဗျာ၊ လူအကူရှိမှ ရမှာဗျ
လူအကူကလည်း သံခဲတို့ မောင်စွန်တို့လို ဒီရွာသားထဲကဆို
မဖြစ်ဘူး။ စိတ်ချရပြီး နှုတ်လုံမှလည်း ဖြစ်မှာဗျ''

ဤတွင် သံခဲ၏အဖေ ကိုမြဒင်ကဝင်ပြောလေသည်။

''ဒီမှာ ကျုပ်ပြောမယ် ... ကျုပ်မှာ ဒီရွာကမဟုတ်တဲ့
နှုတ်လုံစိတ်ချရတဲ့သူတွေ ရှိတယ်''

''ဟုတ်လား ကိုမြဒင် ... ဘယ်ရွာကလဲ''

''သင်ပုန်းကြီးရွာက ... သင်ပုန်းကြီးဆိုတာ အရှေ့မြင်
အနောက်မြင်တောင်ရဲ့ တစ်ဖက်ကရွာ''

''ဟာ ... အတော်အလှမ်းဝေးတဲ့ရွာပဲ''

"ဟုတ်တယ် ... အဲဒီရွာရောက်ဖို့ ကုန်းလမ်းက သွားရင် ခက်ခဲတယ်၊ နပ့်လှချောင်းရိုးအတိုင်း ဆန်တက်သွားရမယ်၊ ရေလမ်းခရီးနဲ့သွားရင် ပိုအဆင်ပြေတယ်၊ အဲဒီရွာမှာ ကျုပ်ရဲ့ ညီဝမ်းကွဲတွေ ရှိတယ်"

"သူတို့ကို သွားခေါ်ရမှာလား၊ ပြီးရင် ဘာဆက်လုပ်မလဲ"

"ဒီလိုဗျ ... ကျုပ် အကြံတစ်ခုရတယ်၊ ဒါကလည်း ဆရာကိုရွှေသီးတို့ ဖြစ်ချင်တဲ့ဆန္ဒအတိုင်း ဖြစ်စေဖို့ပါ"

"ကဲ ပြောဗျာကိုမြဒင် ... ဘယ်လိုအကြံရသတုံး"

"ဒီလိုဗျ ... ကျုပ်ရဲ့ညီဝမ်းကွဲတွေကို ကျုပ်လှေနဲ့ သွားခေါ်မယ်၊ သူတို့ရောက်လာရင် ဝါးဖောင်ဖွဲ့မယ်၊ ဆရာကိုရွှေသီးတို့က မြင်းကို ရအောင်ကြိုးစားပေး၊ မြင်းရတာနဲ့ ဝါးဖောင်ပေါ်တင်ပြီး သင်ပုန်းကြီးရွာဆီ ဖောင်နဲ့ခေါ်သွားနိုင်းလိုက်မယ်၊ မြင်းကိုတော့ သူတို့ကို အပိုင်ပေးလိုက်ရမယ်၊ မြင်းကို အရှင်ရရင်တော့ သူတို့ ပိုသဘောကျမှာပေါ့ဗျာ"

"ဟုတ်ပြီ ဟုတ်ပြီ ... ကိုမြဒင်ပြောတာ ကျုပ်တို့ သဘောပေါက်တယ်၊ အဲဒီအစီအစဉ် အကောင်းဆုံးပဲဗျ၊ ကြာဖြူ ကို ရအောင် ကျုပ်တို့လုပ်ပြီးတာနဲ့ ရွာထဲမှာ လူလုံးပြပြီး ဤခြေ





ပျောက်နေလိုက်မယ်၊ ဒါဆို ကျုပ်တို့ကို ဘယ်သူမှ သင်္ကာမကင်း ဖြစ်တော့ဘူးပေါ့၊ ဒီကမ်းခြေဘက်လည်း တော်ရုံနဲ့ ဘယ်သူမှ လာဘူး ကိုမြဒင်တို့ဘက်ကသာ လျှို့လျှို့ဝှက်ဝှက်နဲ့ ပိပိရိရိ လုပ်ဗျာ"

"စိတ်ချပါ ဆရာရွှေသီးရဲ့ ... ကျုပ်ရဲ့သား သံခဲ တောင် မသိစေရဘူး၊ အဲဒီကောင်က ထန်းရည်မူးရင် ကျွဲနိုးပေါ ဘတ်တဲ့ကောင်"

"ကြာဖြူပျောက်မှုကြောင့် မင်းဧယျာကို ဦးလေးဦးသာ နိုင်း ဒေါ်ကန်ပြီး အိမ်ကနေ မောင်းထုတ်လိုက်မှ ကျုပ်တို့ အဲဒီအိမ် ပြန်ကပ်နိုင်မှာဗျ၊ ကျုပ်တို့ အိမ်ပြန်ရောက်ပြီး ဦးလေးရဲ့ အားကိုးမှု ပြန်ရလာတဲ့အခါ အရင်လို လုပ်ပိုင်ခွင့်တွေ ပြန်ရလာ မှာပဲဗျ၊ အဲဒီအခါကျရင် ကိုမြဒင်ရဲ့ကျေးဇူးကို ကောင်းကောင်း ကြီး ပြန်ဆပ်ပါ့မယ်ဗျာ"

"ဟာ ... ရပါတယ်ဗျာ၊ ဆရာကိုရွှေသီးတို့ဟာ ကျုပ် သား သံခဲရဲ့ ကျေးဇူးရှင်ဆရာတွေပဲဟာ၊ ကျုပ် ဒီလောက်တော့ ကူညီလုပ်ကိုင်ပေးရမှာပေါ့"

"ဟုတ်ပြီ၊ ကဲ ... ကျုပ်တို့ရဲ့ စီမံကိန်းကြီးအတွက် အကြိုအောင်ပွဲခံတဲ့အနေနဲ့ ချဗျာ ကိုမြဒင်"

သို့ဖြင့် ထိုညနေက ရွှေသီးနှင့်ငွေသီးတို့ ညီအစ်ကိုသည် ကိုမြဒင်နှင့်အတူ အရက်တမူးသောက်ရင်း အကြံအောင်ပွဲခံလျှက် ရှိပါတော့သတည်း။

✡

ကြာဖြူသည် တစ်နေ့တခြား အသွေးအမွေးလှသည် ထက် ပိုမိုလှလာရာ တစ်ပတ်တစ်ခါဆိုသလို နမ့်လှရွာသို့ ပြန်လာလေ့ရှိသည့် ဦးသာမိုင်းက ကြာဖြူကို အရိပ်တကြည့် ကြည့်ဖြင့် သဘောကျမဆုံး ဖြစ်နေတော့၏။

"မောင်မင်းဖေယျာရေ … ကြာဖြူကိုတော့ အထူ ဂရုစိုက်ကွာ၊ နောက်လာမယ့်လ ဆန်းကျရင် မန္တလေးမှာ မြင် အလှူပြိုင်ပွဲကြီး ကျင်းပမယ်တဲ့ကွ၊ အဲဒီပြိုင်ပွဲကို ဘုရင်ခံကြီ ကိုယ်တိုင် လာကြည့်ရှု အားပေးပြီး ဆုချီးမြှင့်မှာတဲ့၊ အနယ်နယ် အရပ်ရပ်က ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ မြင်းကောင်းမြင်းသန့်တွေ ချည်း လာပြိုင်ကြမှာကွဲ့ …၊

အဲဒီပြိုင်ပွဲမှာသာ ကြာဖြူဆုချိတ်ရင် ဒီရှမ်းပြည်နယ်

မြေလတ်ပိုင်းတစ်ခွင်မှာ ကျူပ်ဟာ အကျော်ဒေးယျ ဖြစ်သွား ကွဲ့၊ ဘုရင်ခံသဘောကျရင် မြေလတ်ဝန်တောင် ဖြစ်သွားနိုင် တယ်၊ ဒါကြောင့် ကြာဖြူကို ဂရုစိုက်ပါနော် မောင်မင်းဖေယျာ"

"စိတ်ချပါ ဦးရိုး … ကြာဖြူ မွဲတစ်ပေါက် မစွန်းစေရပါ ဘူး"

"အေးကွယ် … ဒါထက် ဟိုတစ်နေ့က မြင်းပွဲစားတွေ လာကြည့်သွားသေးဆိုကွဲ့"

"ဟုတ်တယ် ဦးရိုး … ကြာဖြူရဲ့သတင်းက ဒီရွာနီး ချုပ်စပ်မှာ ကျော်ကြားနေတော့ ယင်းတိုက်ရွာဘက်ကရော နွေးလှဘက်ကရော မြင်းပွဲစားတွေ လာကြည့်ပြီး ရောင်းမလားလို့ မေးကြတယ်ခင်ဗျ"

"အေး … ဘယ်လောက်ပေးပေး မရောင်းဘူးလို့သာ ပြောလိုက် … ကြားလား"

"ဟုတ်ကဲ့"

"ပြတ်ပြတ်သာ ပြောလိုက်၊ မန္တလေးပြိုင်ပွဲကြီးမှာ ဆုချိတ်ပြီးမှ ဈေးကောင်းကောင်းနဲ့ ရောင်းချင်ရောင်းမယ်၊ ခုနေ တော့ ဘယ်လိုဈေးပေးပေး မရောင်းဘူးလို့သာ ပြောလိုက် … ဟုတ်ပြီလား"




ခု နစ် စဉ် ကြယ် စာ ပေ

"ဟုတ်ကဲ့ပါ ဦးရိုး"

✡

မင်းဇေယျာမှာ ဦးသာမိုင်း အထပ်ထပ်အခါခါ သတိပေးမှာကြားထားသဖြင့် ကြာဖြူကို ယခုရက်ပိုင်းအတွင်း ပိုမို ဂရုစိုက်လျက်ရှိလေ၏။

ညနေရီတိုင်းလိုလိုမှာပင် ကြာဖြူကို မြင်းဇောင်းမှ ထုတ်ပြီး နမ့်လုရွာ၏မြောက်ပိုင်း လယ်ကွင်းများအလွန်ရှိ ဖုန်းဆိုးမြေတွင် ခြေညောင်းလက်ဆန့် အညောင်းအညာပြေ လေ့ကျင့်စီးနင်းလေ့ရှိလေသည်။

တစ်ခါတစ်ရံမှာတော့ ရွာအရှေ့ပိုင်းမှထွက်ကာ ရွာတောင်ဘက်ရှိ နမ့်လုချောင်းနံဘေးသို့ မြင်းစီးထွက်တတ်လေ၏။

တစ်ညနေတွင် မင်းဇေယျာသည် ကြာဖြူအား စီးနင်းလျက် ရွာအရှေ့ပိုင်းသို့ ထွက်သွားသည်ကို စုနန္ဒီအိမ်ပေါ်ထပ်မှ တွေ့လိုက်ရလေသည်။

"အင်း ... မေမေ ရွာနောက်ပိုင်း ဒေါ်ကြီးမင်းသာကို





သတင်းသွားမေးတုန်း ဇာဇာ့ကိုစီးပြီး မင်းဇေယျာရဲ့နောက် လိုက်သွားမှပဲ"

ဒေါ်နန်းအိမ်ဒေဝီသည် အစ်မဝမ်းကွဲတော်သော ဒေါ်မင်းသာ နေထိုင်မကောင်းကြောင်း သတင်းရသဖြင့် လူနာသတင်းမေးရန် အိမ်စေမလေးထွေးရီကိုခေါ်ကာ ရွာအနောက်ပိုင်းသို့ ထွက်သွားစဉ် စုနန္ဒီက သူမ၏မြင်းပုလေးဇာဇာကို မြင်းဇောင်းမှ ထုတ်ကာ ရွာအရှေ့ဘက်သို့ စီးနင်းခဲ့လေ၏။

စုနန္ဒီသည် ရွာလယ်လမ်းအတိုင်း မြင်းမလေးကို အသားကျစီးသွားရာ လမ်းမှာတွေ့သမျှ ရွာသူရွာသားများနှင့် ရွာကာလသားတို့က ငေးကြည့်မဆုံးကြချေ။

ရွာကာလသားတို့မှာ စုနန္ဒီ၏အလှကို လွန်စွာသဘောကျ နှစ်သက်ကြသော်လည်း ငွေခွန်မှူးကြီး၏ တစ်ဦးတည်းသော သမီးရတနာမို့ ထိကပါး ရိကပါး မပြုဝံ့ကြချေ။ စုနန္ဒီကလည်း နမ့်လုရွာမှ ကာလသားတို့ကို ရှိသည်ဟုပင် မထင်ပေ။ သူမ၏ အာရုံမှာ ရှိသည်က မင်းဇေယျာသာ ဖြစ်ပါသည်။

မင်းဇေယျာသည် ဆွေမဲ့မျိုးမဲ့ မိဘမဲ့ တစ်ကောင်ကြွက်၊ ပညာမဲ့သူ၊ ဂုဏ်မဲ့သူ ဖြစ်သော်လည်း ရုပ်ရည်သန့်ပြန့်ကာ ယောကျ်ားပီသသော ကြံ့ခိုင်သန်စွမ်းမှု တည်ကြည်ခံ့ညားမှုရှိသူ

ဖြစ်၏။

သူသည် အလုပ်ကိုသာ ကြိုးစားလုပ်ကိုင်ပြီး အသောက် အစား အပျော်အပါးကင်းသူ ဖြစ်၏။ ကာလသားတစ်ဦးပင် ဖြစ်သော်လည်း ရွာထဲသို့ လူပျိုလှည့်ခြင်းမရှိ၊ ရွာသူမိန်းမပျိုလေး များနှင့် သိကျွမ်းရင်းနှီးရန် ကြိုးစားလေ့မရှိချေ။

မင်းဖေယျာကိုကြည့်ရသည်မှာ ဆန့်ကျင်ဘက် မိန်း ကလေးများကို စိတ်ဝင်စားခြင်းမရှိဟု ထင်ရသော်လည်း စုနန္ဒီကို မူ မသိမသာကြည့်လေ့ရှိ၏။

စုနန္ဒီကလည်း သူ့မကိုကြည့်လာသည့် မင်းဖေယျာ၏ မျက်ဝန်းညိုညိုတို့တွင် နှစ်သက်မြတ်နိုးစွဲလမ်းမှုအရိပ်အယောင် တို့ကို တွေ့ရသဖြင့် ရင်ခုန်မိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

သို့သော် သူဇာကြီးမားချမ်းသာသည့် အလုပ်ရှင်၏သမီး နှင့် အညတြ အလုပ်သမားလေးမို့ ဘဝချင်းက ကွာခြားလှရာ မင်းဖေယျာမှာ စုနန္ဒီကို အခွင့်သင့်သည့်အခါတွင် ငေးကြည့် ရုံမှလွဲ၍ ထို့ထက်မပိုဝံ့ချေ။

စုနန္ဒီကလည်း နဂိုကပင် မင်းဖေယျာကို မလိုမုန်းထား ဖြစ်နေသည့် ဂုဏ်မောက်လှသော မိခင်ကြီးကြောင့် မင်းဖေယျာ ကို အရောတဝင် မဆက်ဆံဝံ့ချေ။





သူတို့နှစ်ဦးသည် ခြံဝင်းကြီးတစ်ခုတည်းမှာ နေပြီး ပါင်းများစွာ ဝေးကွာနေသည့်နှယ် ဖြစ်နေ၏။

သို့သော် ယခုတော့ မင်းဖေယျာအပေါ် ကျရောက်လာ သည့် အန္တရာယ်ကို ဖွင့်ဟပြောပြ သတိပေးရန် စုနန္ဒီမှာ ကိုးပြီး သူ့နောက်မှ နောက်ယောင်ခံလိုက်လာခြင်း ဖြစ်ပါ ည်။

စုနန္ဒီသည် ဇာဇာကိုစီးနင်းလျက် ရွာအရှေ့ဖျားမှ ထွက် ဝဲယာသို့မျှော်ကြည့်လိုက်လေလျှင် မင်းဖေယျာသည် ကြာ ကို စီးနင်းကာ ရွာတောင်ပိုင်း ချောင်းကမ်းစပ်ဘက်ဆီ ဦး ည်သွားနေသည်ကို လှမ်းတွေ့ရလေ၏။

သို့ကြောင့်လည်း သူမက ရွာတောင်ပိုင်းဆီ မြင်းကို ဖြည်းဖြည်းစီးလျက် လိုက်သွားရာ မင်းဖေယျာသည် ချောင်း း၀ပ်အနီးအရောက်တွင် ကြာဖြူအပေါ်မှ ဆင်းလိုက်သည်ကို ့ရလေသည်။

ထို့နောက် ချောင်းကမ်းစပ်အနီးရှိ ချုံတစ်ခုဘေး၌ ရပ် ကြသည့် လူသုံးဦးနှင့် မင်းဖေယျာစကားပြောနေသည်ကို ့လိုက်ရရာ စုနန္ဒီသည် ရှေ့သို့ တိုးမသွားတော့ဘဲ ချုံကြီးတစ် င့်ကွယ်ကာ လှမ်းကြည့်အကဲခတ်နေလိုက်လေ၏။

ကိုက်ငါးဆယ်ခန့်အကွာမှ လှမ်းတွေ့ရသလောက်မှ မင်းဇေယျာနှင့် စကားပြောနေကြသည့် လူသုံးဦးသည် သူစိမ်းများ ဖြစ်ပုံရပြီး ဝတ်ကောင်းစားလှဝတ်ထားကြသဖြင့် လူကုံထံများ ဖြစ်ပုံရလေသည်။

''အင်း ...မြင်းပွဲစားတွေလားမသိဘူး''

မင်းဇေယျာမှာ ထိုလူသုံးဦးကို လက်ဟန်ခြေဟန်ပြ စကားပြောလျက်ရှိပြီး ထိုသူတို့ကလည်း ကြာဖြူကို လှည့်ပ ကြည့်ရှုရင်း ခပ်ပြုံးပြုံးအမူအရာဖြင့် စကားပြန်ပြောလျက်ရှိ လေ၏။

အတန်ငယ် လှမ်းနေသဖြင့် သူတို့၏ပြောစကားများ မကြားရသော်လည်း ပြေပြေလည်လည်ပြောဆိုနေကြကြောင်း အကဲခတ်မိလေသည်။

ထိုသို့ သူတို့စကားပြောနေကြသည်မှာ အတော့်ကိုကြ သည်။

စုနန္ဒီမှာ သူတို့ကိုစောင့်ကြည့်ရင်း မှောင်ရိပ်သန်းစ လာသည်ကို သတိပြုမိ၏။

''အို ...ငါထွက်လာတာ အတော့်ကိုကြာပြီ၊ တော်ကြ မေမေ အိမ်ပြန်ရောက်လို့ ငါ အပြင်တစ်ယောက်တည်းထွက်တာ





တွေ့သွားရင် ဆူလို့ပြီးမှာ မဟုတ်ဘူး''

စုနန္ဒီမှာ ဆက်လက်စောင့်မကြည့်နိုင်တော့ဘဲ ဇာဇာကို ဘက်ပြန်လှည့်စေကာ ခပ်သော့သော့ ပြန်လာခဲ့ရတော့သည်။

✡

နောက်တစ်နေ့နံနက်တွင် မိခင်ကြီး၏ ဆူဆူညံညံ သံဗလံများကြောင့် စုနန္ဒီ အိပ်ရာမှ လန့်နိုးလာခဲ့၏။

''ကျိန်းသေပါတယ်၊ အဲဒီကောင် မင်းဇေယျာ ကြာဖြူ နိုးပြေးတာပဲ ဖြစ်ရမယ်၊ တောက် ...သူခိုးကိုမှ ယုံပြီး ခဲ့သေတ္တာသော့ အပ်မိသလိုဖြစ်ပြီပေါ့ ...၊

သားရေပေါ်အိပ် သားရေနားစားကောင်၊ ကြာဖြူကို ဈေးကောင်းကောင်းပေးချင်တဲ့သူတွေ အများကြီးဆိုတာသိလို့ သွားပြီးရောင်းစားတာပဲ ဖြစ်ရမယ်၊ ဒါကြောင့် အဲဒီကောင် သင်းတဲ့အထိ ပြန်မလာရဲတာပေါ့''

''ဟဲ့ သာဆိုင် သာဆိုင် ...လာစမ်း ဒီကို''

ကြားရသည့်အသံတို့ကြောင့် စုနန္ဒီမှာ နားမလည်နိုင်

အောင် ဖြစ်နေရ၏။ သာဆိုင်မှာ ရွှေသီးတို့ကို အိမ်မှမောင်းထုတ်ပြီးနောက် မြင်းဇောင်းတွင် မင်းဇေယျာအား ကူညီလုပ်ကိုင်ပေးရန် အကူအလုပ်သမားအဖြစ် ခန့်ထားသည့် ရွာသားတစ်ဦးဖြစ်သည်။

"ဟဲ့ သာဆိုင် ... အဲဒီကောင် ပြန်မလာတာ နင်ဘာဖြစ်လို့ ညကတည်းက မပြောတာလဲ"

"အဲ ဟို ဟို ... ကျွန် ကျွန်တော်လည်း ညက နာရီအထိ စောင့်ပါသေးတယ်၊ အဲ ... အဲဒီနောက် အိပ် အိပ်ပျော်သွားတာနဲ့ ..."

"ဘာအိပ်ပျော်တာလဲ ... နင်မူးပြီး အိပ်သွားတာမဟုတ်လား ... တောက်၊ အဲဒီကောင် ပြန်မလာရင်, ကြာဖြူကို ပြန်မတွေ့ရင် နင်လည်း အလုပ်ပြုတ်ပြီသာမှတ်"

"မေမေ ... မေမေ ဘာ ဘာဖြစ်လို့လဲဟင်"

အိပ်ခန်းထဲမှ ကသောကမျော ထွက်ကာ စုနန္ဒီ စိုးထိတ်စွာ မေးမိသည်။

"ဘာဖြစ်ရမလဲဟဲ့၊ နင့်အဖေ ပစားပေးထားတဲ့ အဲဒီကြားမြက်ပေါက်ကောင် အခု ယောက်မမြင်းစီးထွက်သွားပြီလေ"

"ရှင် ... မင်း မင်းဇေယျာလား"





"အေး ... ဟုတ်တယ်၊ အဲဒီကောင် မဟုတ်လို့ ဘယ်ကောင်ဖြစ်ရဦးမှာလဲ၊ မနေ့ညနေကတည်းက အဲဒီကောင် ကြာဖြူကိုစီးပြီး ထွက်သွားတာတဲ့၊ သာဆိုင်ကိုယ်တိုင် မြင်လိုက်တာ၊ အဲဒါ ညက လုံးဝပြန်မလာဘူး၊ ဒီမနက်ထိကို ပြန်ရောက်မလာဘူး၊ ဘယ်ရောက်လာမလဲ၊ ကြာဖြူကို ခိုးသွားပြီး ရောင်းစားလိုက်လို့ ပြန်မလာရဲတာ ဖြစ်မှာပေါ့"

"အို"

စုနန္ဒီမှာ မိမိနားကို မိမိမယုံနိုင်အောင် ဖြစ်သွားရသည်။ မင်းဇေယျာ ထိုသို့ သစ္စာမဲ့သောလုပ်ရပ်မျိုး လုပ်မည်ဟု သူမလုံးဝ မယုံကြည်ချေ။ သို့သော် မနေ့ညနေက နမ့်လှချောင်းကမ်းနံဘေးတွင် မြင်းပွဲစားလိုလိုလူတွေနှင့် မင်းဇေယျာ စကားပြောနေသည်ကို သူမကိုယ်တိုင် တွေ့ခဲ့ခြင်းဖြစ်၏။

သူမက ထိုအကြောင်းကို မိခင်ကြီးအားပြောပြလိုခြင်းမရှိချေ။

သို့သော် မင်းဇေယျာ၏ မနေ့ညနေကလုပ်ရပ်မှာ သံသယပွားဖွယ် ဖြစ်နေ၏။

"အင်း ... မနေ့ညနေတုန်းက မြင်းပွဲစားတွေဟာ ကြာဖြူကိုဝယ်ဖို့ မင်းဇေယျာနဲ့ ပြောဆိုဆွေးနွေးနေတာပဲ ဖြစ်မယ်၊

ကြာဖြူကို ဈေးမတန်တဆပေးပြီး အတင်းဝယ်ကြလို့ မင်းဗေ
ယျာ ငွေမက်ပြီး ရောင်းလိုက်လေသလား ...၊

''အို ... သူဟာ အဲဒီလို အောက်တန်းကျတဲ့ အလုပ်မျိုး လုပ်မှာမဟုတ်ပါဘူး ...၊

ဒါပေမဲ့ သူ ဘာဖြစ်လို့ ခုအချိန်ထိ ပြန်မလာရတာလဲ သူ သူ တစ်ခုခုများ ဖြစ်လို့လား။ အို ... သူ ဘာမှမဖြစ်ပါစေနဲ့''

သူမသည် မင်းဗေယျာအပေါ် ယုံမှားသံသယ ဖြစ်၍ မရနိုင်ချေ။ မင်းဗေယျာတစ်ခုခုများ ဖြစ်နေသလားဟူသာ စိုးရိမ်ပူပန်မှု ဖြစ်နေရလေသည်။

''ဘာပဲဖြစ်ဖြစ် ငါ့နည်းငါ့ဟန်နဲ့ မင်းဗေယျာရဲ့သတင်းကို စုံစမ်းရမယ်၊ ဘုရားသိကြားမလို့ သူ ... သူ ဘာမှမဖြစ်ပါစေနဲ့''

✡ ✡ ✡





## ဂမ္ဘီရသစ်စေ့များ

နားထဲဝယ် ကျေးငှက်တို့၏ စိုးစိုးစီစီအော်မြည်သံများ ...သက်မပြတ် ကြားနေရသဖြင့် မင်းဗေယျာ၏အသိအာရုံတို့က ...န်လည်နိုးကြားလာရသည်။

သို့တိုင် သူ၏ခေါင်းက မူးဝေနောက်ကျိနေဆဲ။

လေးလံလှသောမျက်ခွံတို့ကို ဖွင့်ကာ သူကြည့်လိုက်၏။

သစ်ပင်ရိပ်တို့က သူ့ကို လွှမ်းမိုးထားသည်။ သစ်ရွက် ...စ်ခက်တို့အကြားမှ နေပြောက်တို့က သူ့မျက်နှာပေါ် ထိုးကျနေ ...ကြ၏။

''ငါ ... ငါ ဘယ်ရောက်နေပါလိမ့်''

သူ အားယူကာ လူးလဲထထိုင်ပြီး ဝန်းကျင်ကို အ ခတ် စူးစမ်းကြည့်လိုက်၏။

''ဟာ ...ငါ တောထဲရောက်နေတာပါလား''

သူ့ပတ်ဝန်းကျင်တွင် ချုံနွယ်ပိတ်ပေါင်းကြီးများ၊ နှင့် သစ်ပင်ကြီးများက အုံ့ဆိုင်းညို့မှိုင်းလျက် ...

''ငါ ငါ ဒီတောထဲကို ဘယ်လိုရောက်လာပါလိမ့်''

မူးဝေနောက်ကျိုဆဲ ဦးခေါင်းကို လက်ဖဝါးတစ်ဖက်ဖြ အုပ်ကိုင်ဖျစ်ညှစ်ကာ စဉ်းစားလိုက်သည်။

''မနေ့က မနေ့ညနေက''

''အင်း ...မနေ့ညနေတုန်းက ငါဟာ ကြာ ကြာဖြ စီးရင်း နမ့်လူချောင်းကမ်းနံဘေးကို ရောက် ရောက်ခဲ့တ အဲဒီလို ရောက်ခဲ့ရာကနေ ငါ ငါဟာ ...''

သူ တဖြည်းဖြည်း ပြန်လည်သတိရလာပါတော့၏

✡

သူ ကြာဖြူကို ခြေသောင်းလက်ဆန့်စီးရင်း နမ့်





ချောင်းနံဘေးသို့ ရောက်လာပြီး မြင်းကျောပေါ်မှ ဆင်းလိုက်စဉ် ချောင်းကမ်းပါးစပ်မှ တက်လာသည့် လူသုံးဦးနှင့် ဆုံတွေ့ရလေ သည်။

သပ်သပ်ရပ်ရပ်ဝတ်စားထားသည့် ထိုလူသုံးဦး၏ပုံစံက မြင်းပွဲစားများနှင့် တူနေသဖြင့် သည်မှာဘက်ကမ်းသို့ မြင်းလာ ယ်သူများဟု ထင်လိုက်မိသည်။ သူတို့၏မျက်လုံးတို့ကလည်း ကြာဖြူ့ကိုယ်ပေါ်မှာသာ ရစ်ဝဲလျက်ရှိသည်ကိုး။

''ဟော့ ညီလေး ...မင်းမြင်းက ကြွားလှချေလား၊ ရောင်းမလားကွ''

ကုတ်အင်္ကျီရှည်ကို ချည်လုံချည်နှင့်တွဲဖက်ဝတ်ထားပြီး ည်ပင်းမှာ မာဖလာပတ်ကာ ရှမ်းလွယ်အိတ်လွယ်ထားသူက ပ်ပြုံးပြုံးအမူအရာဖြင့် စတင်မေးလိုက်ခြင်းဖြစ်သည်။

''မရောင်းပါဘူးဗျာ''

''အတော်လှတဲ့ မြင်းကွာ''

''ဟုတ်ပါရဲ့ ...လည်ဆံမွေးတွေဆိုတာ ရှင်းသန့်နေ ာပဲ''

''တစ်ကိုယ်လုံးက အမွေးတွေကလည်း ညက်အိသန့်ပြန့် ဲ့ မင်း ဝက်မှင်ဘီးနဲ့ သေသေချာချာ သထားပုံရတယ် ...

ဘုတ်လား ညီလေး''

မြင်းပွဲစားတို့က အာဝဇ္ဇာန်းရွှင်ရွှင်ဖြင့် သူ့မြင်းကို ချီးကျူးစကားဆိုကြ၏။

သူကလည်း ကြာဖြူကို အဘယ်သို့ ဂရုတစိုက် မြှုစု မွေးမြူထားသည့်အကြောင်း စိတ်ရှည်လက်ရှည် ပြောပြမိလေသည်။ မြင်းပွဲစားတို့ကလည်း မြင်းတို့၏ ကြန်အင်လက္ခဏာများ အကြောင်း စိကာပတ်ကုံး ပြောပြဆွေးနွေးကြ၏။

မြင်းဝါသနာအိုးချင်းမို့ စကားကောင်းနေသဖြင့် ဆည်း ဆာညိုလာသည်ကို မင်းဇေယျာ သတိမထားမိလိုက်ချေ။

ကမ်းစပ်တွင် လှေများဆိုက်ပြီး ပလိုင်းများလွယ်ကာ တက်လာကြသည့် ရွာသားတံငါ သုံးလေးယောက်က သူတို့ကို တစေ့တစောင်း ကြည့်သွားကြ၏။

ဆည်းဆာအတော်ညိုလာပြီဖြစ်သဖြင့် ချောင်းကမ်းပါး တစ်လျှောက်ဝယ် လူသူပြတ်လပ်လျက်ရှိချေပြီ။

''ကဲ ... ကျွန်တော်လည်း ပြန်တော့မယ်ဗျာ''

သူက ခြေနင်းကွင်းကိုနင်းလျက် ကြာဖြူကျောပေါ်တက် ရန်ဟန်ပြင်လိုက်စဉ်မှာပင် သူ့နောက်၌ရပ်နေသည့် လွယ်အိတ် နှင့်လူက သူ၏ခါးကို လက်တစ်ဖက်ဖြင့် ရုတ်တရက် သိုင်းဖက်





လိုက်၏။ တစ်ပြိုင်နက်တည်းလိုပင် ထိုလူ၏အခြားလက်ဖဝါး တစ်ဖက်က သူ့နှာခေါင်းကို နောက်ဘက်မှ သိုင်းဖက်အုပ်လိုက် လေသည်။

သူ့နှာခေါင်းထဲတွင် စိမ်းရွှေရွှေအနံ့ ရလိုက်ပြီးလျှင် ဆောင့်ရှုန်းလိုက်စဉ်မှာပင် သူ့ဒူးတို့ ညွတ်ကျသွား၏။ ထို့နောက် သူ မိုက်ခနဲ မေ့သွားတော့သည်။

✡

မင်းဇေယျာ၏ အသိအာရုံထဲတွင် ယမန်နေ့ညနေက အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာပြီးနောက် ဦးစွာ ပြန် စိုးထိတ်သွားရသည်က ကြာဖြူအတွက် ဖြစ်သည်။

''ဟာ ... ကြာ ကြာဖြူရော ဘယ် ဘယ်ရောက်သွား ပြီလဲ''

သူ ထိုင်ရာမှ အားယူထလိုက်ပြီး ပတ်ဝန်းကျင်အနှံ့သို့ ပျည့်ပတ်ကြည့်လိုက်၏။ ကြာဖြူ၏အရိပ်အယောင်မျှပင် မမြင် ရချေ။

"တောက် ... ငါ့ကို မေ့ဆေးနဲ့မေ့အောင်လုပ်ပြီး ဟိုလူတွေ ကြာဖြူကို ခိုးပြေးပြီထင်တယ်"

မင်းဇေယျာသည် စိုးရိမ်ပူပန်စွာဖြင့် တောထဲတွင် ဟိုသည်လျှောက်သွားရင်း ရှာဖွေကြည့်ရှုသော်လည်း လူသူအရိပ်အယောင်ပင် မတွေ့ရ၊

"ဒုက္ခပဲ ... ကြာဖြူတော့ ပျောက်သွားပြီ၊ မိုးမီးလောင်တော့မှာပဲ"

စိုးရိမ်ပူပန်စွာ လျှောက်သွားရင်း ရေက လွန်စွာဆာလာ၏။

သူ တောထဲလျှောက်သွားရင်း တောင်ကြီးတစ်တောင်၏ခြေရင်းသို့ ရောက်သွားတော့၏။

လွန်စွာမြင့်မားသောတောင်ကြီးကို မော့ကြည့်ရင်း မင်းဇေယျာ အံ့အားသင့်သွားသည်။

"ဟာ ... ဒါ ဒါ အရှေ့မြင် အနောက်မြင်တောင်ကြီးနဲ့တူတယ်"

သူ့ကိုမေ့အောင် ပြုလုပ်ခဲ့သူတို့သည် ရွာမှ နှစ်မိုင်ခန့်ကွာဝေးသော ဤအရှေ့မြင်အနောက်မြင်တောင်ကြီး၏ တောင်ခြေတောနက်ထဲ လာပို့ထားခဲ့ခြင်း ဖြစ်သည်ဟု သူတွေးမိ၏။





အမှန်တော့ သူ့ကို တောစပ်အတွင်းပိုင်း၌ ချထားခဲ့ခြင်းသာဖြစ်သည်။ သတိရလာပြီးနောက် မင်းဇေယျာက တောမကျွမ်းဘဲ တောထဲလျှောက်သွားရာမှ ဤသို့တောနက်ရာထဲ ကျွံဝင်လာခြင်းသာ ဖြစ်ပါ၏။

မင်းဇေယျာသည် ဗိုက်ကဆာ၊ ရေကငတ်ဖြင့် တောင်အခြေ တောနက်ရာထဲ နာရီအတော်ကြာ လျှောက်သွားနေမိရင်း ရှေ့ဆီဝယ် ရေကျသံကြားလိုက်ရသဖြင့် လွန်စွာဝမ်းသာသွားတော့သည်။

လူက တစ်ကိုယ်လုံး နုံးချည့်လျက်ရှိသော်လည်း အားတင်းကာ ရေကျသံကြားရာ လျှိုအောက်သို့ နွယ်တို့ကို ဆွဲခိုရင်း တဖြည်းဖြည်း ဆင်းသွားခဲ့လေ၏။

"ဟော ... ရှေ့မှာ ရေထွက်တစ်ခုပါလား"

တောင်ကြီး၏အောက်ခြေ ကျောက်တုံးတို့အကြားမှ ရေတို့ ဒလဟော စီးဆင်းနေသည့် ရေထွက်တစ်ခုကို တွေ့ရသည်တွင် ဝမ်းသာအားရဖြင့် ခပ်မြန်မြန်လေး ဆင်းသွားလိုက်ပြီး ကြည်လင်အေးမြလှသည့်ရေကို လက်ခုပ်ဖြင့်ခံကာ အားပါးတရ သောက်လိုက်တော့သည်။

ရေတစ်ဝသောက်ပြီး မျက်နှာပါသစ်ကာ ကိုယ်လက်

သန့်စင်လိုက်သည်၌ လူက အတော်လန်းဆန်းသွားတော့၏။

သို့သော် ဝမ်းဗိုက်ကမူ ပိုမိုဆာလောင်လာပြီး ခွေလှဲအိပ်လိုက်ချင်စိတ်က ထိန်းမရအောင် ဖြစ်လာလေသည်။

သို့ကြောင့် ရေထွက်စမ်းချောင်းလေး၏နံဘေးမှ သဲပြင်ပေါ် လှဲချလိုက်ရာ ချက်ချင်းဆိုသလိုပင် မျက်ခွံတို့ စင်းကျလာပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတော့၏။

သူ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ ... တစ်ကိုယ်လုံး ချမ်းတုန်လာသဖြင့် လန့်နိုးလာတော့ အမှောင်ရိပ်လွှမ်းနေပြီကို သတိပြုမိလိုက်သည်။

"အီး ဟီး ဟီး ... ချမ်းလိုက်တာ၊ ချမ်းလိုက်တာ"

တစ်ကိုယ်လုံး ချမ်းတုန်နေရာမှ သူ သတိထပ်လစ်သွားပြန်၏။

✡

မင်းဖေယျာ ပြန်လည်သတိရလာတော့ ခန္ဓာကိုယ်ကို နွေးထွေးသော အပူရှိန်ဟပ်နေသလိုလို ခံစားရလေသည်။





ခန္ဓာကိုယ်က ချမ်းစိမ့်နေဆဲဖြစ်သော်လည်း ခိုက်ခိုက်တုန်ခြင်း မရှိတော့ချေ။ နားထဲဝယ် ဘုရားစာရွတ်ဆိုသံ ခပ်တိုးတိုးကိုလည်း ကြားနေရ၏။

သူက လေးလံလှသည့် မျက်ခွံတို့ကို အားယူဖွင့်ကာ ကြည့်လိုက်ရာ မီးအလင်းရောင်ဟပ်နေသည့် ကျောက်ဂူတစ်ခု၏ ခေါင်မိုးကို တွေ့ရလေသည်။

ပက်လက်လဲလျောင်းနေရာမှ ခေါင်းကိုစောင်းကာ ဝဲဘက်သို့ ကြည့်လိုက်သည်တွင် သူနှင့် သုံးလေးကိုက်အကွာ၌ မီးဖိုတစ်ခုကို တွေ့ရ၏။

မီးညွန့်မီးစွယ်များ တောက်လောင်လျှပ်ယှိမ်းနေပြီး ယင်းမီးလင်းဖိုမှ အနွေးဓာတ်က သူ့ကို သက်သောင့်သက်သာဖြစ်စေသည်။

သူ၏လှုပ်ရှားမှုကြောင့်ထင့် တရားစာရွတ်ဆိုသံ ကြားရပြီး တစ်စုံတစ်ဦး သူ့ထံလာနေသည်ကို မီးရောင်ဖြင့်တွေ့လိုက်ရ၏။

ဦးခေါင်းထိပ်၌ ဆံကျစ်ထုံးထားသည့် ယောဂီအညိုရောင်ဝတ် အသက်ကြီးကြီးအဘိုးအိုတစ်ဦးက သူ့ဆီ တစ်လှမ်းချင်း လျှောက်လာပြီး သူ့အနား၌ ခပ်ဖြည်းဖြည်း ထိုင်လိုက်လေသည်။

သူက အေးချမ်းစွာ ပြုံးနေသည့် အဘိုးအိုကို နားမလည်နိုင်စွာ ငေးကြည့်နေမိ၏။

''လူကလေး သတိရပြီလား၊ အေး . . . သတိရရင် ဟောဒီဆေးရည်ကို သောက်ဦးကွဲ့၊ စောစောကတော့ မင်းရဲ့ ပါးစပ်ထဲ ဆေးရည်တစ်စက်ချင်းပဲ ချပေးခဲ့ရတယ်၊ ခု အားရပါးရ သောက်လိုက်ရင် အဖျားရောဂါ ပျောက်သွားမှာပါကွယ်''

အဘိုးအိုက နူးညံ့သိမ်မွေ့စွာပြောရင်း သူ့ခေါင်းနောက်မှ လက်ဖဝါးတစ်ဖက်ဖြင့် ပင့်မပြီး ဝါးဆစ်ပိတ်ခွက်ထဲမှ အရည်ကို တိုက်လေ၏။

သူလည်း မငြင်းမဆန်ဘဲ ယင်းဆေးရည်ကို သောက်ရ လေ၏။

အတန်ငယ် ခါးသက်သော်လည်း အဝင်မဆိုးလှသည့် ဆေးရည်ကို တကျိုက်ကျိုက် မော့သောက်လိုက်ပြီးနောက်တွင် သူ၏တစ်ကိုယ်လုံးက ထူးခြားစွာ လန်းဆန်းအားပြည့်လာလေ သည်။ ခန္ဓာကိုယ်တွင်းမှ ချမ်းစိမ့်ခြင်းလည်းမရှိတော့ချေ။

''အဘ . . . အဘက ဘယ်သူလဲဟင်၊ ပြီးတော့ ကျွန် တော် ဒီနေရာကို ဘယ် ဘယ်လိုရောက်လာတာလဲ ခင်ဗျ''

''ကျုပ်က တောမှီရသေ့ပါ၊ ဘွဲ့အမည်က သီလဝံ





ဲ့၊ အခု လူကလေးရောက်နေတဲ့နေရာက အရှေ့မြင် အနောက် င် တောင်ခြေအရှေ့ဘက်အခြမ်းက ကျုပ် တရားကျင့်နေတဲ့ ပါပဲ၊ ဒီဂူကနေ တောင်စူးစူးအရပ် လျှိုထဲက ရေထွက်အနားမှာ ူကလေး သတိလစ်ပြီး တဟီးဟီးနဲ့ ညည်းနေတာတွေ့ရလို့ ူသို အဘရသေ့ ဆောင်ယူလာခဲ့တာပါပဲ''

''ကျွန် ကျွန်တော် ဖျားနေခဲ့တယ် ထင်တယ်''

''ဟုတ်တယ် . . . လူကလေးကို တွေ့ရတုန်းက မှက် င်ကြီးတွေ အုံခဲကိုက်လို့ပေါ့၊ သူတို့ကြောင့် လူကလေး တော ွင်းအဖျား ဖျားတာပဲ''

မင်းဇေယျာမှာ ထူထူထောင်ထောင် ထထိုင်နိုင်ပြီဖြစ်ရာ ခံရုံတစ်ဖက်ဆီ ဖင်ရွှေ့ပြီး နံရံကိုမှီလျက် ထိုင်လိုက်လေ၏။

ရသေ့ကြီးသီလဝက သစ်သီးအချို့ကို ကျွေးရာ ဆာဆာ ှိ အားပါးတရစားလိုက်ရသည့်တွင် အတော်အားပြည့်သွား ောသည်။

''ဘရသေ့ . . . ဘရသေ့က အသက်ကြီးလှပြီပဲ၊ ကျွန် ွန်တော့်ကို လျှိုထဲကနေ ဘယ်လို သယ်လာတာလဲခင်ဗျ''

ရသေ့ကြီးက သူနှင့်မျက်နှာချင်းဆိုင်မှာ တင်ပျဉ်ခွေ ိုင်ရင်း သူ့ကို အေးချမ်းစွာ ပြုံးကြည့်နေလေသည်။ မီးလင်းဖိုက

သူနှင့်ရသေ့ကြီး၏အကြားတွင် အရှိန်လျော့စွာ တောက်လော လျက် ရှိ၏။ ရသေ့ကြီးက မင်းဖေယျာ၏မေးခွန်းကို မဖြေ သူက မေးခွန်းပြန်ထုတ်၏။

"လေးလံတဲ့အရာဝတ္ထုကို သယ်မဖို့ ဘာလိုသလဲကွ လူကလေး"

"ခွန်အားလိုပါတယ် ဘရသေ့"

"ခန္ဓာကိုယ်ရဲ့ခွန်အား လိုတာလား၊ စိတ်ခွန်အား တာလားကွဲ့"

"ခန္ဓာကိုယ်ရဲ့ ခွန်အားလိုတာပေါ့ ဘရသေ့ရဲ့"

"အိမ်း . . . အဲဒါဟာ လူသာမန်တို့အတွက်တော့ ဟု သပေါ့ကွယ်၊ ကျုပ်တို့လို အဘိညာဉ်ရဖို့ ကသိုဏ်း ၁၀ ပါး အားထုတ်ပြီး သမာပတ် ၈ ပါးကို ကျင့်ကြံရယူနေသူတွေအ တော့ ခန္ဓာကိုယ်ရဲ့ခွန်အားထက် စိတ်ခွန်အားက ပိုအသုံးတ တယ်ကွဲ့"

"ဘယ် ဘယ်လို ဘရသေ့ . . . ကျွန် ကျွန်တော် သ နားမလည်ဘူး ခင်ဗျာ"

"ကျုပ်တို့က မြတ်ဗုဒ္ဓရဲ့နည်းနဲ့ ဈာန်အဘိညာဉ်ရအော ကျင့်ကြံကြိုးစားနေသူတွေပဲကွဲ့၊ ဒါကြောင့် ကျုပ်တို့ဟာ





သာမန်တွေ မကောင်းနိုင်တဲ့ လောဘ, ဒေါသ, မောဟစတဲ့ စိတ်ရဲ့ အဆိပ်အတောက်တွေကို ပယ်သတ်ပြီး ဖြစ်တယ် လူကလေး။ ဒီစိတ်ရဲ့ အဆိပ်အတောက်တွေကို မပယ်သတ်နိုင်တဲ့ သာမန် တွေထက် ပယ်သတ်နိုင်သူတွေဟာ စိတ်ခွန်အား သတ္တိစွမ်း အား ပိုရှိတယ်ကွဲ့၊ စိတ်ခွန်အားစွမ်းပကား ကြီးမားသူတွေ တွက် ခန္ဓာကိုယ်ရဲ့ခွန်အား မလိုလှပါဘူးကွယ်"

မင်းဖေယျာမှာ သူတစ်ခါမှ မကြားဖူးသည့် စကားများ ကြားနေရသဖြင့် အံ့အားသင့်လျက် ရှိလေသည်။

"ကိလေသာ အညစ်အကြေး မကင်းတဲ့လူတွေမှာ ရိုးရိုး ်စွမ်းအားစွမ်းရည်ပဲ ရှိတယ်ကွဲ့၊ ကိလေသာကင်းတဲ့ လူတွေ တော့ အတိုင်းမသိ ထူးခြားထက်မြက်တဲ့ စွမ်းရည်တွေရှိတယ် ့"

"ဒါ . . . ဒါဆို ဘရသေ့က အဲဒီလို စွမ်းရည်မျိုးကို ဆိုင်ပြီး အဲဒီလို စွမ်းရည်မျိုးနဲ့ပဲ ကျွန်တော့်ကို လျှိုထဲကနေ ယ်မ,လာတာပေါ့ . . ဟုတ်လားဘရသေ့၊ ကျွန်တော့်အတွက် ဘာ့ မယုံနိုင်အောင်ပါပဲ ခင်ဗျာ"

"အိမ်း . . . အဘိညာဉ်ရသူတွေမှာဆို သည်ထက် များကြီးပိုသေးတယ်ကွဲ့၊ သူ့စိတ်က ဖြစ်စေချင်တာ အကုန်ဖြစ်

တယ်၊ အာကာသမှာရှိတဲ့ ဘယ်လိုဂြိုဟ်, ဘယ်လိုဗိမာန်တွေ
အပေါ်ကိုမဆို ပျံတက်နိုင်တယ်ကွဲ့၊ မြေလျှိုးနိုင်တယ်၊ မိုး
နိုင်တယ်၊ ရေပေါ်မှာ လမ်းလျှောက်နိုင်တယ်၊ အဆိပ်ဟူသ
တားဆီးနိုင်တယ်၊ လက်နက်ခဲယမ်းတို့ရဲ့ ဘေးကို ဟန့်တားနိ
တယ်၊ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကို ဖန်ဆင်းနိုင်တယ်
ဖျောက်နိုင်တယ်၊ အလင်းကိုလည်း ဖန်တီးနိုင်တယ်၊ အမှောင်
လည်း ဖန်တီးနိုင်တယ်၊ သူတစ်ပါးရဲ့စိတ်အကြံကို သိနိုင်တယ
ကွဲ့၊ အသက်ဇီဝိန်ကို ချုံ့နိုင်တယ်၊ ဆွဲဆန့်နိုင်တယ်၊ ဝိညာ
လိပ်ပြာကို ခန္ဓာကခွာပြီး စေလိုရာစေနိုင်တယ်''

မင်းဇေယျာမှာ ရသေ့ကြီး၏ပြောစကားတို့ကို မယုံနိုင်
ငေးကြည့်နားထောင်နေမိ၏။ သူ့စိတ်ဝယ် စမ်းသပ်ကြည့်လိုစိ
ဖြစ်ပေါ်လာ၏။

''ဒါဆို ဘရသေ့ရယ် ကျွန်တော် ဘာဖြစ်ခဲ့သလဲဆိုတ
ရော ပြောနိုင်မလား ခင်ဗျ''

ရသေ့ကြီးသီလဝက ပြုံးမြဲပြုံးနေ၏။

''လူကလေး ဘာဖြစ်ခဲ့တယ်ဆိုတာကို လူကလေး
တာထက် ကျုပ်က ပိုသိနေပါတယ် လူကလေး၊ ဒါပေမဲ့ ကျုပ်
သာသနာပ ဈာန်ရှင်မဟုတ်ဘဲ ဈာန်အဘိညာဉ်ရခြင်းကို လ





သတ်ပန်းတိုင်ငယ်အဖြစ်သာ သဘောထားပြီး ဝိပဿနာ
နိုးလမ်းဆုံးကို လျှောက်ဖို့ရည်မှန်းထားသူမို့ အကြားအမြင်
ရာလို့ မပြောသင့်ဘူး ...ဒီတော့ အသေးစိတ် အချက်
လက်တွေကို မမေးပါနဲ့ ...၊

ကျုပ်ပြောသင့်သလောက် ပြောရရင်တော့ တစ်အချက်
င်ဟာ သင့်ရဲ့မူလရပ်ဌာနေကို ပြန်ဖို့မသင့်ဘူး။ နှစ်အချက်
င်ဟာ ဖူးစာရှင်မိန်းကလေးနဲ့ မကြာခင် တွေ့ရလိမ့်မယ်၊
းအချက် သင်တို့နှစ်ဦးဟာ ကြီးမားတဲ့အခက်အခဲတွေကို ရင်
င်ကြရဦးမယ်၊ အဲဒီအချက် သုံးချက်ပဲ ပြောလိုက်ပါရစေ..၊

ကဲ ကဲ ...လူကလေးလည်း အားအင်ပြည့်ဝသွား
ာင် အိပ်လိုက်ဦး။ ကျုပ်လည်း ဘုရားရှင်ကို အာရုံပြုပူဇော်ပြီး
နာပါနသမထကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်လိုက်ပေဦးမယ်''

ရသေ့ကြီးသီလဝသည် ယင်းသို့မိန့်ပြီးလျှင် ဂူနံရံတစ်
်အနီးရှိ ကျောက်ဖျာတစ်ချပ်အပေါ်မှ သားရေဖုံပေါ် တင်ပျဉ်
သိုင်ကာ ဂူနံရံဘက်မျက်နှာမူလျက် တရားရှုမှတ်လျက်ရှိတော့

မင်းဇေယျာလည်း သက်ပြင်းရှိုက်လိုက်ကာ မီးဖိုထဲသို့
း၌တွေ့ရသည့် ထင်းခြောက်ချောင်းတို့ကို ထိုးလိုက်ပြီးနောက်

မိမိအတွက် မူလက ခင်းပေးထားသော သားရေပြားအိပ်ရာပေါ်
ပက်လက်လှဲလိုက်ပါတော့သည်။

သူသည် ဂူအမိုးကိုငေးကြည့်ရင်း ကြာဖြူကိုသတိ
လျက် ရှိတော့၏။

"ကြာဖြူ ဘေးကင်းပါစေ၊ ကြာဖြူကို ဟိုလူလိမ်တွေ
ဘယ်ဖမ်းခေါ်သွားမှာပါလိမ့်၊ ကြာဖြူကိုလိုချင်လို့ ငါ့ကို ပရိယာယ်
ဆင်ပြီး ပိပိရိရိ လုပ်ကြံခဲ့ကြတာပဲ၊ ငါ့ကို သတ်တော့မသတ်သွား
ဘူး ...၊

ငါ ရွာဆီပြန်ရောက်ရင် ကြာဖြူပျောက်ဆုံးသွားတဲ့ကိ
ကို ဘယ်လိုရှင်းပြရမှာပါလိမ့် ...၊

မြင်းတင်မက လူပါပျောက်နေတော့ ငါ ကြာဖြူ
နိုးပြေးပြီလို့များ ထင်နေကြမလားမသိဘူး ...၊

နဂိုကမှ ငါ့ကို ရမယ်ရှာနေတဲ့ ဒေါ်လေးကတော့
ကြာဖြူကို ငါ ခိုးပြီးရောင်းစားလိုက်ပြီလို့ စွပ်စွဲတော့မှာသေချာ
တယ် ...၊

အင်း ...ငါကလည်း ဒီတောထဲမှာ ငှက်ဖျားမိပြီ
ရွာကို ချက်ချင်းမပြန်နိုင်ခဲ့ဘူး။ ခုဆို နှစ်ညတောင် ရှိသွားပြီ
ဦးရိုးကိုတောင် အကြောင်းကြားပြီးပြီလား မသိဘူး





...ငါ အဖြစ်မှန်ပြောပြရင်တော့ ဦးရိုးတို့က ယုံပါ့မလား။

ဘရသေ့ကြီးကတော့ မူလရပ်ဌာနကို ပြန်ဖို့မသင့်ဘူး
နောက်ပြီး ဖူးစာရှင်မိန်းကလေးနဲ့ တွေ့မယ်တဲ့၊ ငါ့ရဲ့ ဖူး
ရှင်ဟာ ငါသိပ်ချစ်မိနေတဲ့ စုနန္ဒီများလား၊ အို ...ငါ့ကို
င်းသူခိုးလို့သာ သတ်မှတ်ကြရင် စုနန္ဒီနဲ့ ဘယ်လိုမှ မနီးစပ်
တော့ဘူး။ ဟူး ...ခက်ပါလား"

ထိုညက သူတော်တော်ဖြင့် အိပ်မပျော်ခဲ့ချေ။

✡

နောက်နေ့နံနက် မင်းဇေယျာ အိပ်ရာမှနိုးလာချိန်တွင်
ထွက်ပြူစပြုပြီဖြစ်၏။

နံနက်နေရောင်ခြည် နွေးနွေးက ဂူအဝမှ တိုးဝင်လျက်
လာသည်။

မင်းဇေယျာသည် လဲလျောင်းနေရာမှ အသာလူးလဲထ
က်ပြီး အကျယ်ဆယ့်ငါးပေခန့်ရှိသည့် ထုံးကျောက်ဂူကြီးကို
အလင်းရောင်ဖြင့် စူးစမ်းကြည့်ရှုလိုက်၏။

ကျောက်ဂူကြီးထဲတွင် ရသေ့ကြီးသီလဝကို မတွေ့ရချေ

"အင်း ... ဒီဂူကြီးက တစ်ဝဂူမှ မဟုတ်ဘဲ၊ လိုဏ်ဂူကြီးပဲ၊ အထဲမှာ လိုဏ်လမ်းရှိနေတာပဲ"

မင်းဇေယျာက ရသေ့ကြီး၏ကျောက်ဖျာနံဘေးတွင် မီးအိမ်နှင့်သစ်သားမီးခြစ်ကို တွေ့ရာ အတွင်းလိုဏ်လမ်းထဲ စူးစမ်းလိုစိတ်ဖြင့် မီးအိမ်ထွန်းပြီး ဝင်ကြည့်လိုက်၏။

လိုဏ်လမ်းက အတွင်းပိုင်းတွင် ကျဉ်းသည့်နေရာ ကျဉ်းသွားပြီး ကွေ့ကွေ့ကောက်ကောက် ရှိလှ၏။

လိုဏ်လမ်းထဲ အတော်ဝင်လာပြီးသည့်တွင် လိုဏ်လမ်းသည် လက်ဝဲဘက်သို့ ချိုးကွေ့သွားကာ အောက်သို့လည်း နိမ့်ဆင်းသွားလေသည်။

ထိုနေရာ၌ ဂူနံရံမှရေတို့ စိမ့်ထွက်စီးကျလျက် ဂူအောက်ခြေဝယ် ရေစီးကြောင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ရ၏။

မင်းဇေယျာက ကျောက်တုံးများအပေါ်မှ နင်းသွားလိုက်ပြီး ဂူနံရံမှ ကျနေသော ရေအေးအေးနှင့် မျက်နှာသစ် ကိုယ်လက်သန့်စင်လိုက်လေသည်။

"အင်း ... ဒီဂူလိုဏ်လမ်းက ဆက်သွားလည်း ဆုံးမှာ မဟုတ်ဘူးနဲ့ တူတယ်၊ ပြန်ထွက်မှ" .





မင်းဇေယျာက မီးအိမ်ကို လက်တစ်ဖက်ဖြင့် ကိုင်မြှောက်လျက် အတွင်းဂူလိုဏ်လမ်းထဲမှ ပြန်ထွက်လာစဉ် ရသေ့ကြီး သီလဝက မတ်ရပ်တံမြက်စည်းကိုကိုင်ရင်း ဂူအဝမှ ရပ်ကြည့်နေ၏။

မီးအိမ်ကိုငြိမ်းပြီး မူလနေရာ၌ မင်းဇေယျာ ပြန်ထားနေစဉ်မှာပင် ရသေ့ကြီးက ဂူအဝအနီးတွင် တံမြက်စည်းကို ထောင်ထားလိုက်ပြီးနောက် ဂူထဲသို့ဝင်လာကာ သူ၏အိပ်ရာနေရာ ကျောက်ဖျာတွင် ထိုင်လိုက်လေသည်။

"ဘရသေ့ ... ဒီဂူကြီးရဲ့အတွင်းလိုဏ်ဟာ တော်တော်ရှည်ပုံရတယ်နော်"

"ဟုတ်တယ်ကွဲ့၊ ဒီဂူကြီးရဲ့လိုဏ်လမ်းဟာ ပင်းတယရွှေဥမင်ဂူကိုသွားပေါက်တယ်ကွဲ့"

"ဟင် ... ဟုတ်လား ဘရသေ့"

"ဟုတ်တယ်ကွဲ့ ... ပင်းတယက ရွှေဥမင်ဂူနဲ့ဆုံတဲ့အရပ်မှာ ဂူလိုဏ်လမ်းတွေဟာ ပင့်ကူအိမ်ယှက်သလို များပြားရှုပ်ထွေးလှတယ်၊ အဲဒီဂူလမ်း တွေ့ဆုံရာအရပ်မှာ ထူးခြားတဲ့ ရွှေဆင်းတုတော်တွေဟာ ပင်းတယရွှေဥမင်ဂူမှာလိုပဲ ရှိတယ်၊

အဲဒီ ရွှေစင်ရွှေသားအစစ်နဲ့ သွန်းလုပ်ထားတဲ့ ရွှေဆင်း

တုတော်တွေဟာ သထုံဘုရင် မနူဟာမင်းကိုယ်တိုင် ကိုးကွယ်ခဲ့တဲ့ ဆင်းတုတော်တွေပဲကွဲ့၊ မနူဟာမင်းဟာ ပုဂံကို ခေါင်ကြဉ်းခံရတဲ့အခါ သူကိုးကွယ်တဲ့ ရွှေဆင်းတုတော်တွေကို လျှို့ဝှက်ပင့်ဆောင်လာပြီး သူ့ရဲ့လူယုံတော်အမတ်တစ်ဦးက အဲဒီရွှေဆင်းတုတော်တွေကို ဂူပြောက်ကြီးဘုရားအောက်က လျှို့ဝှက်သဘာဝလိုဏ်ဂူလမ်းကနေ သယ်ထုတ်ပင့်ဆောင်လာခဲ့တာပဲ လူလေးရဲ့''

''ဟင် ...ပုဂံကနေ ပင်းတယကိုပင့်လာတာလား''

''ဟုတ်တယ်ကွဲ့ ...တကယ်တော့ ပင်းတယ ရွှေဥမင်ရဲ့ လိုဏ်လမ်းအတွင်းပိုင်းကို ဘယ်သူမှ မဝင်ခဲ့ကြဘူး။ အခု ပင်းတယ ရွှေဥမင်ရဲ့ ဘုရားဆင်းတုတော်တွေ အများကြီးရှိတဲ့ ဂူလိုဏ်လမ်းဟာ ပေငါးရာလောက်ပဲ ရှိတာကွဲ့၊ ဒီထက်နက်တဲ့ ဂူလိုဏ်လမ်းအတိုင်း ဝင်ကြည့်မယ်ဆိုရင် အတွင်းမှာ ရှုပ်ထွေးလှတဲ့ ဂူလိုဏ်တွေ ထပ်တွေ့ရမှာပဲ ...၊

တချို့ဂူလိုဏ်တွေဟာ ဝက်ပါဂူတွေဖြစ်ပြီး အန္တရာယ်များလှတယ်ကွဲ့၊ တချို့ဂူလိုဏ်လမ်းတွေက ပုဂံကို ပေါက်တယ်ကွဲ့၊ ပုပ္ပားကိုလည်း ပေါက်တယ်၊ ဒီ အရှေ့မြင် အနောက်မြင်တောင်က မြေအောက်လိုဏ်ဂူတွေဆီလည်း ပေါက်တယ်ကွဲ့''

''ဪ ဟုတ်ကဲ့ ...အတော် စိတ်ဝင်စားဖို့ကောင်းတာ





ပဲ ဘရသေ့ရယ်၊ ဒါထက် ဘရသေ့က ကျွန်တော့်ကို မူလရပ်ဌာနဆီ မပြန်သင့်ဘူးလို့ အမိန့်ရှိပေမယ့် ကျွန်တော့်ကို မြင်းသူခိုးလို့ စွပ်စွဲခံရမယ့်ကိစ္စကို ဖြေရှင်းဖို့ နမ့်လှရွာဆီပြန်မှ ဖြစ်မယ်ခင်ဗျ၊ ဒါကြောင့် ဒီမနက်ပဲ ပြန်ခွင့်ပြုပါ ခင်ဗျာ၊ ဘရသေ့ကိုလည်း ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင်မို့ ကန်တော့ပါရစေ ခင်ဗျာ''

မင်းဇေယျာက ပြောပြောဆိုဆိုဖြင့် ရသေ့ကြီးသီလဝကို ရှိကျိုးပျဝပ်စွာ ကန်တော့လေသည်။

ရသေ့ကြီးက ဦးခေါင်းကို တဆတ်ဆတ်ညိတ်ကာ ...

''အေးပေါ့လေ ...လောဘ ဒေါသ မောဟဆိုတဲ့ ကိလေသာ ကြိုးမျှင်တွေနဲ့ ရစ်ပတ်နှောင်ဖွဲ့နေတဲ့ သာမန် မနုဿလူသားဆိုတော့ အဲဒီကြိုးမျှင် အရှုပ်ထွေးတွေကြားထဲမှာပဲ ဆုံလည်နွားလို တဝဲလည်လည်နဲ့ လည်ပတ်ရပေဦးတော့မပေါ့''

ဟု ညည်းညူသလို ပြောလိုက်ပြီးနောက် သူ၏ဦးခေါင်း၌ ဆောင်းထားသည့် ဒေါက်ချာကြီးကို ချွတ်လိုက်ကာ ယင်းဒေါက်ချာ၏အတွင်းသို့ လက်နှိုက်လိုက်လေ၏။ သူ၏လက်ကို ပြန်ထုတ်လိုက်သည့်အခါ လက်ထဲတွင် အဝတ်ရှုံ့အိတ်ငယ်ကလေး တစ်အိတ် ပါလာလေသည်။

ရသေ့ကြီးသီလဝက ယင်းကတ္တီပါ ရှုံ့အိတ်ငယ်ကို ကြိုး လျှော့ဖွင့်လိုက်ပြီး အိတ်ထဲမှ သစ်စေ့နှစ်စေ့ကို ထုတ်ယူလိုက်လေ၏။

''ရော့ လူလေး ...ဒီသစ်စေ့ခြောက်နှစ်စေ့ကို ယူ ဆောင်သွားပေတော့၊ ဒီသစ်စေ့တွေဟာ ဝိဇ္ဇာ, ဇော်ဂျီတို့သာ သုံးစွဲနိုင်စွမ်းတဲ့ ဂန္ဓိရ အဓိကရနယ်မြေ မဟာရှုန်ဗဲလားမှာသာ ပေါက်ရောက်တဲ့ ဝိညာဏသိဒ္ဓိအပင်က သစ်စေ့ခြောက်တွေပဲ ဖြစ်တယ်ကွဲ့ ...၊

သူတို့ကို စိုက်ပျိုးလို့မရလို့ အပင်သစ်ပေါက်ဖို့ မစွမ်းပေ မယ့် ဟောဒီ အနက်ရောင်သစ်စေ့ကို ချေပြီး ရေနဲ့သောက်ရင် အသက်ဇီဝိန်ချုပ်သူလို ခန္ဓာကိုယ်ရဲ့ယန္တရားတွေအားလုံး ခုနစ် ရက်တိတိ ရပ်ဆိုင်းသွားစေတယ်ကွဲ့၊ ခုနစ်ရက်ပြည့်ပြီးမှ ဟောဒီ အဖြူရောင်သစ်စေ့ကို ချေပြီး ရေနဲ့ပြန်တိုက်ပြီး ဖြေစေမှ ခန္ဓာ ကိုယ်ရဲ့ယန္တရားတွေ ပြန်လည် ရှင်သန်လာနိုင်တယ်ကွဲ့ ...၊

ဒီသစ်စေ့လေးနှစ်စေ့ဟာ လူကလေးရဲ့ဘဝမှာ လိုအပ် လာလိမ့်မယ်၊ ဒါကြောင့် ကျုပ်က လက်ဆောင်အဖြစ် ပေးလိုက် ရတာပါပဲ၊ လူကလေး ကျန်းမာချမ်းသာပါစေ၊ ကျုပ်ပေးအပ်တဲ့ သစ်စေ့လက်ဆောင်လေးတွေကို ဉာဏ်လွှာလို့သုံးနိုင်ပါစေကွယ်''





မင်းဇေယျာလည်း ရသေ့ကြီးသီလဝပေးသည့် သစ်စေ့ လေးနှစ်စေ့ကို လက်ခံရယူပြီးနောက် ရသေ့ကြီးကို ရှိသေစွာ နှုတ်ဆက်ကာ ဂူကြီးထဲမှထွက်ခဲ့လျက် ရသေ့ကြီးလမ်းညွှန် လိုက်သည့်အတိုင်း နေထွက်ရာအရပ်ဆီ ဦးတည်လျှောက်လှမ်း သွားခဲ့ပါတော့သတည်း။

✡ ✡ ✡

## အခန်း (၃)

ချစ်ကမ္ဘာသို့

လျှို့ဝှက်ရက်စွယ်

အမှန့်ရာယ်အကိုင်များ

မဟောဉ်နိုင်း

## အခန်း (၃)

## ချစ်ကမ္ဘာသို့

"ကိုကို့ကို နန်းမပြောလား၊ အဲဒီအုတ်ကြားမြက်ပေါက်
ကောင်ကို လှုယုံအဖြစ် မွေးထားတာဟာ မြွေပွေးခါးပိုက်ပိုက်ထား
သလိုပဲလို့၊ ခုတော့ ဘာတတ်နိုင်သေးသလဲ၊ ကိုကို ပစားပေး
ထားတဲ့ကောင်က ဇာတိပြပြီလေ၊ တော်သေးတာပေါ့ … ရွှေသီး
နဲ့ ငွေသီးတို့မရှိတုန်း နန်းတို့သားအမိကို လည်ပင်းလှီးပြီး
ပိမ်က ရှိသမျှအားလုံး ယူမသွားတာ"

"တော်စမ်းပါကွာ … ခေါင်းတုံးပေါ်ထိပ်ကွက်ခံရလို့
ချို မခံသာဖြစ်နေရတဲ့အထဲ မင်းက စကားနာထိုးနေ …
ဘာက် … ငါ့အပေါ် လုပ်ရက်လိုက်တာ မင်းဇေယျာရယ်၊

သင်းကို လူရိုးလူကောင်းလေးဆိုပြီး ယုံမှတ်လို့ပုံအပ်ပါတယ်။ ငါ အမှောင်လင့်ကြီးမှောင်လင့်ထားတဲ့ ကြာဖြူကိုမှ လုပ်ရက်ပလေ၊ ခုဆို မန္တလေးမှာ ပြိုင်ပွဲဝင်ဖို့ ငါက စာရင်းတောင်သွင်းပြီးပြီ ... တောက် ...၊

သူကလည်း အဲဒီလို ဈေးကောင်းရတဲ့ မြင်းမို့ တသသ ဂရုတစိုက်မွေးပြီး သူ့ကိုယ်ကျိုးအတွက် ဆန်ကောလောက်မှ ဖောက်မနက်ဘဲ ပက်ပက်စက်စက် လုပ်သွားတာပေါ့၊ ရွှေသီး ငွေသီးတို့ကတော့ သင်းရဲ့သတင်းကို စုံစမ်းနေကြပါတယ်တော် တကယ်တမ်း အရေးကြုံလာတော့လည်း လက်သည်းဆိတ်တော့ လက်ထိပ်နာဆိုသလို ခများများလည်း မနေသာကြပါဘူး တွေ့ရာသချိုင်း ဓားမဆိုင်း ဆိုသလို ကြိမ်းဝါးပြီး သင်းကို မြေလှန်ရှာနေကြပါတယ်''

''ရှာလို့ရော တွေ့တော့မလားကွ ... သင်းက မြင်းကို ရောင်းစားပြီး ပြေးရောပေါ့''

''ဟင်း ဟင်း ... သူခိုးကို ဘုရားစိုးခန့်မိတဲ့ ငွေခွန်တော်မှူးကြီး မြွေပါးပုလင်းထိပြီလေ၊ ဘာတတ်နိုင်သေးသလဲ''

''ငါ တယ် ... ဒီမိန်းမ အရေးထဲ ငါ့ကို ရိနေပြန်ပြီ လုပ်လိုက်ရ၊ ဟော့ ... ဒီမှာ အဲဒီကောင် ငါ့ရဲ့လက်က မလွတ်စေ





ရပါဘူးကွဲ၊ ဒီမြေလတ်တစ်ခွင်အနှံ့ သတင်းဖြန့်ပြီး ငါ့လူတွေကို ဝိတ်ဆို့ရှာဖွေခိုင်းမှာပါ၊ ပုလိပ်ဘက်လည်း အကြောင်းကြားထားပါတယ်၊ သင်းကိုမိလို့ကတော့ ပုလိပ်လက်အပ်ပြီး ခြေမွဲရိုးကို ချဉ်းလုံးနဲ့ကို အလိုမ့်ခိုင်းဦးမယ်''

ညည်ခန်းထဲဝယ် မိခင်နှင့်ဖခင်တို့ အကြီးအကျယ် ဒေါသအိုးပေါက်ကွဲလျက် ကြောက်မက်ဖွယ်ကြိမ်းဝါးပြောဆိုနေသည်တို့ကို အိပ်ခန်းထဲမှကြားနေရသည့် စုနန္ဒီမှာ လွန်စွာ စိတ်မချမ်းသာ ဖြစ်နေရလေသည်။

သူမအနေဖြင့် မင်းဇေယျာ၏ ကိုယ်ကျင့်တရားကို ယုံထားနေဆဲဖြစ်သော်လည်း နမ့်လှတစ်ရွာလုံးမှာမူ မင်းဇေယျာ ကြာဖြူကို ခိုးပြေးပြီဆိုသောသတင်းက အိမ်ပေါက်စေ့ ပျံ့နှံ့လျက် ရှိသည်။

မကြာမီရက်ပိုင်းအတွင်းမှာပင် ရွာနီးချုပ်စပ်သို့ တောမီးနှယ် ပျံ့နှံ့ချေရော့မည်။

မင်းဇေယျာ ယင်းသို့မြင်းခိုးမှုမျိုး မကျူးလွန်လောက်ဟု သူမ ယုံကြည်ယူဆနေဆဲဖြစ်သော်လည်း မင်းဇေယျာမှာ နှစ်ရက်လုံးလုံး သတင်းအစအနမရအောင် ပျောက်နေသဖြင့် စဉ်းစားရခက်နေတော့၏။

"မင်းဇေယျာရယ် ဖြစ်မှဖြစ်ရလေ"

အမှန်တော့ အပျိုစင်လေးတစ်ဦးဖြစ်သော သူမအနေဖြ မည့်သည့်သူစိမ်းယောကျ်ားလေးကိုမှ စိတ်ဝင်စား ရင်ခုန်ခဲ့ ခြင်း မရှိခဲ့သော်လည်း မင်းဇေယျာကိုမူ ရင်ထဲမှာ အမှတ်ထ ထင် ဖြစ်နေမိသည်။

တစ်ခြံထဲမှာ အတူရှိနေစဉ်က သူ့အပေါ် စိတ်ဝင်စ သံယောဇဉ်ထားမှု သိပ်မရှိသလိုလို ခံစားခဲ့ရသော်လည်း ကြာဖြ နှင့်အတူ ပျောက်ဆုံးသွားပြီဆိုကတည်းက သူ့ကို တစ်စက္က မေ့မရအောင် သတိတရဖြစ်နေရ၏။

သဟာကို အချစ်ဟုခေါ်လေသလား မသိ။

အပျိုစင်လေးစုနန္ဒီမှာ အချစ်ဆိုသည်ကို နဖူးတေ ဒူးတွေ့ မတွေ့ဖူးသေးသော်လည်း ရွယ်တူတန်းတူ သူစိမ ယောကျ်ားလေးတစ်ယောက်နှင့်ပတ်သက်ပြီး နေမထိထိုင်မသ ကျိတ်ပုန်းခံစားနေရသည်မှာ ယခုအကြိမ်သည် ပထမဦးဆ အကြိမ် ဖြစ်လေသည်။

"သူ . . . သူ ကြာဖြူကို ခိုးပြေးရောင်းစားတယ်ဆိုတ ဟုတ်နိုင်ပါ့မလား။ သူ သူ အဆင်ပြေရဲ့လား။ ဘုရား ဘုရ . . . မင်းဇေယျာ ဘာမှမဖြစ်ပါစေနဲ့ . . .၊





သူ့ကိုတွေ့ရင်တော့ ဖေဖေက မြင်းခိုးမှုနဲ့ တရားစွဲမှာ ပုလိပ်တွေကလည်း ဖမ်းကြလိမ့်မယ်၊ ပြီးတော့ နိုပ်စက်ကြ သိမ့်မယ်၊ အို . . . သူ့ကို အဲဒီလိုအဖြစ်မျိုး အဖြစ်မခံနိုင်ပါဘူး"

စုနန္ဒီက အိပ်ခန်းထဲမှာ အတွေးတို့ ယောက်ယက်ခတ် ချက်ရှိကာ မိဘနှစ်ပါးက ညှော်ခန်းကြီးထဲတွင် ဒေါ်သူပုန်ထ ချက်ရှိစဉ် လူငှားအလုပ်သမားလေး သာဆိုင်က သတင်းလာ သည်။

"ဦး . . . ဦးရိုးနဲ့ ဒေါ်လေးခင်ဗျာ"

"ဟဲ့ သာဆိုင် . . . ဘာလဲ၊ ဟိုကောင့်သတင်း ရှာထဲ ာ သွားစုံစမ်းတာ ဘာသတင်းကြားသလဲ"

"နမ့် နမ့်လှချောင်းဖျားဘက် ငါးသွားရှာတဲ့ မောင်ပုနဲ့ သုံးတို့ဆီက သတင်းကြားရတာကတော့ ကြာဖြူပျောက်သွားတဲ့ ညနေက မင်းဇေယျာနဲ့ ကြာဖြူတို့ကို နမ့်လှချောင်းကမ်းစပ်မှာ တွေ့ခဲ့တယ်တဲ့၊ လူစိမ်းသုံးယောက်နဲ့တဲ့ ဒေါ်လေးရဲ့"

"ဘာ . . . လူစိမ်းတွေနဲ့ တွေ့တယ် . . . ဟုတ်လား။ ဒီလူတွေဟာ ဘယ်သူတွေတဲ့လဲ"

"ဒီရွာနီးချုပ်စပ်က လူတွေတော့ မဟုတ်ဘူးတဲ့ ဦးရိုးရဲ့၊ ကြည့်ရတာ ဝတ်စားထားပုံ ဂိုက်ကောင်းကောင်းနဲ့မို့ မြင်းပွဲစား

တွေလို့ ထင်တယ်တဲ့ခင်ဗျ''

''မြင်းပွဲစားတွေ ... ဟုတ်လား''

''ဟုတ်ကဲ့ ... သူတို့ မင်းဇေယျာတို့ရဲ့အနားက မြ
သွားတုန်း လူစိမ်းတွေပြောတာ တစ်ခွန်းတစ်စ ကြားလိုက်
တာကတော့ ငါးသောင်းအထိ ပေးမယ်တဲ့''

''တောက် ... ဒါဆို ဟုတ်ပြီပေါ့၊ ကြာဖြူနဲ့ပတ်သက်
မြင်းပွဲစားတွေနဲ့ ဈေးစကားပြောနေကြပြီဆိုကတည်းက ခိုးရော
ဖို့ လုပ်နေတာပေါ့၊ တောက် ... တွေ့ကြသေးတာပေါ့ကွာ ..
ဟင်း ဟင်း ဟင်း''

စုနန္ဒီမှာ ထိုနေ့က တစ်နေ့လုံး ကြားရသည့်သတ
စကားများအတွက် လွန်စွာ စိတ်မချမ်းမြေ့ ဖြစ်နေရလေသ

ထိုနေ့ညက ညစာစားသောက်ကြပြီးနောက် ဖခင်
ဦးသာမိုင်းက ရွာလယ်ဇရပ်တွင် ရွာလူကြီးများ၊ ရပ်မိရပ်ဖများ
ရပ်ရွာလုံခြုံရေးကိစ္စ ဆွေးနွေးရန် ထွက်ခွာသွားပြီး မိခင်
ဒေါ်နန်းအိမ်ဒေဝီမှာ သူမတို့၏ အိပ်ခန်းကြီးထဲ၌ အိမ်စေမ
ထွေးရီ၏ အနင်းအနှိပ် ခံလျက်ရှိလေ၏။

စုနန္ဒီမှာ တစ်နေ့လုံး စိတ်ယောက်ယက်ခတ်နေသ
စိတ်ပြေလက်ပျောက်အဖြစ် အိမ်ပေါ်မှဆင်းခဲ့ပြီး ခြံထဲဝယ် လ





လျှောက်နေရာမှ မြင်းဇောင်းများဘက်သို့ ငေးကြည့်နေလိုက်
လေသည်။

လရောင်ဖွေးဖွေးအောက်တွင် ငြိမ်သက်တိတ်ဆိတ်
ောင်မည်းလျက်ရှိသော မြင်းဇောင်းများကို တွေ့နေရသည်မှာ
ွမ်းဆွတ်ကြေကွဲဖွယ် ကောင်းသလိုလို သူမ ခံစားနေရလေ၏။

''ဩော် ... မင်းဇေယျာမရှိမှ အရှင်သခင်မဲ့နေကြသလို
ပဲလား''

သူမသည် တွေးရင်း မင်းဇေယျာကို လွန်စွာသတိရလာ
တော့သည်။

''သူ ... သူ့ကို သတိရလိုက်တာ၊ ပြီးခဲ့တဲ့ နှစ်ရက်
ောက်က အရုပ်ဆိုးလှတဲ့ဖြစ်ရပ်ကြီး မဖြစ်ခဲ့ရင် သိပ်ကောင်း
ပဲနော် ... ခု ခုတော့ ...၊

ငါ ငါ သူ့ကို ဘာဖြစ်လို့ အရမ်းသတိရနေရပါလိမ့်၊
ကို လွမ်းဆွတ်နေသလိုပဲ၊ ခါတိုင်း ခြံထဲမှာ သူရှိနေတယ်ဆိုတဲ့
တွေးကြောင့် ငါ့စိတ်ထဲမှာ လုံခြုံနွေးထွေးနေသလိုခံစားရတယ်၊
ော့ ရင်ထဲမှာ ဟာတာတာကြီးဖြစ်နေပါလား ...၊

သူ သူ့ကို ပြန်တွေ့ချင်လိုက်တာ၊ သူ သူ ပြန်လာရင်
ကောင်းမှာပဲ၊ မင်း မင်းဇေယျာရယ် ... ပြန်လာခဲ့ပါ ပြန်လာ

ခ နစ် စဉ် ကြယ် တ ပေ

ခဲ့ပါ ...နော်''

စုနန္ဒီသည် စိတ်ထဲမှ လွမ်းတစွာ မြည်တမ်းရင်း မင်း ဖေယျာနေခဲ့သည့် အိမ်ခန်းလေးရှေ့သို့ ရောက်သွားတော့၏

လူသူကင်းမဲ့ တိတ်ဆိတ်နေသော အခန်းလေးက သူမ ကို ပိုမိုလွမ်းဆွတ်စေပါသည်။

စုနန္ဒီသည် ကြေကွဲဝမ်းနည်းစွာ ထိုအခန်းလေးရှေ့ဝယ် ငေးငူငူလေးရပ်နေမိစဉ် လူရိပ်တစ်ရိပ်သည် ကြာဖြူရှိခဲ့သော မြင်းဇောင်းထဲမှနေ၍ လရောင်အောက်သို့ တစ်လှမ်းချင်း ထွက် လာတော့၏။

''နန္ဒီ''

ထိုလူရိပ်ထံမှ ခပ်တိုးတိုး ထွက်ပေါ်လာသည့်ခေါ်သံ ကြောင့် စုနန္ဒီ၏တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားပြီး ထိတ်ခနဲ ရင်ခုန်ကာ ချာခနဲ လှည့်ကြည့်လိုက်မိတော့၏။

''အို''

လရောင်အောက်မှာတွေ့နေရသည့် မင်းဖေယျာကို အံ့အားတသင့် ကြည့်ရင်း စုနန္ဒီမှာ ဝမ်းသာသွားရသလို ထိတ်ခနဲ လည်း စိုးရိမ်သွားရလေ၏။

''ကိုမင်း ...ကိုမင်းဖေယျာ''





''ဟုတ်တယ်နန္ဒီ ...ကိုယ်ပါ၊ အခု အိမ်မှာ ဦးရီးရောက် နေပြီလား၊ ကိုယ် ဦးရီးကို ဖြစ်ရပ်အမှန် တင်ပြချင်လို့ ပုန်းလျှိုး ကွယ်လျှိုးနဲ့ လာခဲ့ရတာပါ၊ ကြာဖြူကတော့ မသမာသူတွေရဲ့ လက် ပါသွားပြီ နန္ဒီ၊ နန္ဒီတို့ကတော့ ကိုယ် ကြာဖြူကို ခိုး ရောင်းပြေးပြီလို့ ထင်ကြမှာပဲနော်''

စုနန္ဒီက အိမ်ကြီးဘက်ဆီသို့ တစ်ချက်လှည့်ကြည့်လိုက် ပြီးနောက် ...

''ကဲ ...လရောင်အောက်မှာ မနေနဲ့၊ တော်ကြာ သူမြင်တွေ့သွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ် ...လာ လာ''

ဟု ခပ်တိုးတိုး ခပ်သွက်သွက်ပြောကာ မင်းဖေယျာ၏ လက်ကို ဖျတ်ခနဲဆွဲလျက် မြင်းဇောင်းမှောင်ရိပ်ထဲ ဝင်လိုက်လေ သည်။

''ကဲ ...ဖေဖေရှာထဲသွားတုန်း, မေမေ အနိုပ်ခံနေ တုန်း ဘယ်လိုကဘယ်လို ဖြစ်သလဲဆိုတာ ပြောပြစမ်းပါဦး၊ ဟိုမှာတော့ ကြာဖြူနဲ့ပတ်သက်ပြီး မိုးမီးလောင်နေပြီ''

''ကိုယ်ထင်တဲ့အတိုင်းဖြစ်နေပြီပေါ့၊ အင်း ...ဖြစ်ရပုံ က ဒီလို နန္ဒီ''

မင်းဖေယျာက သူ၏ဖြစ်အင်တို့ကို စုနန္ဒီ သိရှိသဘော

ပေါက်စေရန် အတိုချုံးလျက် ခပ်သွက်သွက် ပြောပြလိုက်လေ၏။

စုနန္ဒီက မှောင်ရိပ်ထဲမှာ မင်းဇေယျာနှင့် မျက်နှာချင်းဆိုင်ရပ်ရင်း ငြိမ်သက်စွာ နားထောင်နေလေသည်။ မင်းဇေယျာ၏ စကားအဆုံးတွင် သူမက သက်ပြင်းချလိုက်ရှာ၏။

''ဖြစ်ရလေ ကိုမင်းဇေယျာရယ်၊ ဖေဖေကတော့ ပင်းတယပုလိပ်ဌာနမှာ မြင်းခိုးမှုနဲ့ အမှုဖွင့်ထားပြီ''

''ကိုယ်မခိုးပါဘူး နန္ဒီရယ်၊ ကိုယ်ပြောပြတာတွေဟာ အမှန်အတိုင်းပါ''

''နန္ဒီ ယုံကြည်ပါတယ် ကိုမင်းဇေယျာ၊ ဒါပေမဲ့ ဖေဖေနဲ့ မေမေကတော့ ယုံမှာမဟုတ်ဘူး။ ခုဆို ဖေဖေက ရွာလူကြီးတွေနဲ့ တိုင်ပင်ပြီး အခြားရွာကလူတွေနဲ့ပါ ပူးပေါင်းလို့ ကိုမင်းဇေယျာကို မြေလှန်ရှာဖို့ ကြံစည်နေပြီ''

''အင်း ... ဒါဆိုရင်တော့ ကိုယ်မျှော်လင့်ထားတာထက် ပိုဆိုးနေပြီပဲ''

''ဟုတ်တယ် ... ဘယ်လိုမှ ဖြေရှင်းပြလို့ရမှာ မဟုတ်တော့ဘူး။ ဒီကနေ အမြန်ဆုံးသာ ဝေးရာဆီပြေးပေတော့ ကိုမင်းဇေယျာ''

မှောင်ရိပ်ထဲတွင် မင်းဇေယျာထံမှ တုံ့ပြန်သံ မထွက်လာ





တော့ချေ။ သူ့ တုံ့ဏှိဘာဝေဖြစ်နေလေ စုနန္ဒီက စိတ်ပူလေဖြစ်လာ၏။

''ကဲ ကိုမင်းဇေယျာ ... သွားတော့လေ၊ တော်ကြာကျရင် ဖေဖေပြန်လာတော့မှာ၊ ကိုကြီးနဲ့ကိုငယ့်ကိုပါ ခေါ်လာပြီး အိမ်မှာ ဒီညကစပြီး ပြန်နေခိုင်းမှာတဲ့၊ သူတို့နဲ့တိုးရင် လွယ်မှာမဟုတ်ဘူး။ သွားတော့နော်''

မင်းဇေယျာက မြေပြင်မှ ပြန်ဟပ်သည့်လရောင်လဲ့လဲ့ဖြင့် ဝိုးတဝါးမြင်နေရသော စုနန္ဒီ၏မျက်နှာဝင်းဝင်းလေးကို ငေးကြည့်ရင်း သက်ပြင်းရှိုက်လိုက်သည်။

''ကိုယ်သွားမှာပါ နန္ဒီ၊ ဒီတစ်ခါ ကိုယ်သွားရင်လည်း ဒီဒေသ ဒီရွာကို တစ်သက်လုံး ဘယ်တော့မှ ပြန်လာနိုင်မှာမဟုတ်တော့ဘူး။ နန္ဒီ့ကိုလည်း ဒီတစ်သက် ပြန်တွေ့ဖို့ မဖြစ်နိုင်တော့ဘူး။ ဒါ ဒါကြောင့် နန္ဒီကို ကိုယ်အပြောချင်ဆုံး စကားတစ်ခွန်း ပြောခဲ့ပါရစေ နန္ဒီ၊ အဲဒီစကားပြောလို့ နန္ဒီက စိတ်ဆိုးပြီး ကိုယ့်ကို နန္ဒီအဖေရဲ့လက် အပ်ချင်လည်းအပ်လိုက်ပါ ... နန္ဒီ ပေးတဲ့ အပြစ်ဒဏ် ကိုယ်ခံပါ့မယ်''

''အို ... ဘယ်လိုစကားမျိုးမို့ နန္ဒီက အဲဒီလိုအပြစ်မျိုး ပေးရမှာလဲရှင်''

''ကိုယ်ပြောမယ့်စကားက အပြစ်မြင်လောက်တဲ့ စကားမျိုးမို့ပါ နန္ဒီ''

''ကဲပါ အချိန်မရှိဘူး ... ပြောမှာဖြင့် ပြောပါ၊ ဘယ်လိုစကားမျိုးဖြစ်ဖြစ် နန္ဒီ အပြစ်လို့ မသတ်မှတ်ပါဘူးရှင်''

''ကောင်းပါပြီ နန္ဒီ ... ကိုယ်ပြောပါ့မယ်၊ အဲ အဲဒီစကားကတော့ နန္ဒီ့ကို ကိုယ့်ရဲ့စိတ်ထဲမှာ အရမ်းကို စွဲလမ်းမြတ်နိုးနေမိပြီဆိုတာပဲ နန္ဒီ''

''အို''

နန္ဒီမှာ ရင်ခုန်သွားပြီး မှောင်ရိပ်ထဲမှာပင် ရှက်သွေးဖြာသွားရ၏။

''တကယ်ပါ နန္ဒီ ... နန္ဒီရဲ့ဘဝနဲ့ ကိုယ့်ဘဝဟာ မိုးနဲ့မြေလောက် ကွာခြားမှန်း သိပါတယ်၊ မျက်နှာသာပေးလို့ ရွှေအေးပန်းကန်တက်တာမျိုးလည်း မဟုတ်ရပါဘူး။ ကိုယ်ဟာအရိပ်နေနေ အခက်ချိုးချိုး ကျွန်ဆိုးလည်း မဟုတ်ရပါဘူး။ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာလို့ ပစ်ပစ်ခါခါပြောရင်လည်း ပြောပါတော့ နန္ဒီ''

စုနန္ဒီက မင်းဇေယျာ၏ပါးစပ်ကို လက်ဖဝါးလေးတစ်ဖက်ဖြင့် အယောင်ယောင်အမှားမှား လှမ်းပိတ်လိုက်လေသည်။





''အို ... အဲဒီလိုစကားမျိုးတွေ မပြောပါနဲ့ ကိုမင်းဇေယျာရယ်၊ နန္ဒီ့မှာ အဲဒီလို ခွဲခြားတတ်တဲ့စိတ်, အပြစ်ဆိုလိုစိတ်, ခေတ်စော်ကားကားပြောလိုစိတ်မျိုး မရှိရပါဘူးရှင်''

''ဝမ်း ဝမ်းသာလိုက်တာ နန္ဒီ ... ဒါ ဒါဆို နန္ဒီက ကိုယ့်ကို စိတ်မဆိုးဘူးပေါ့နော်''

''စိတ်မဆိုးပါဘူး ... ဒါ ဒါပေမဲ့''

''ဒါပေမဲ့ ဘာဖြစ်သလဲဟင်''

စုနန္ဒီက မှောင်ရိပ်ထဲမှာပင် ရုတ်တရက် ငြိမ်ကျသွား၏။

''နန္ဒီ ပြောပါဦး ... ဘယ်လို ဒါပေမဲ့လဲလို့''

မင်းဇေယျာ မချင့်မရဲဖြစ်နေစဉ်မှာပင် ကြေကွဲသံလေးဖြင့် စုနန္ဒီက ခပ်တိုးတိုးပြောလိုက်သည်။

''ထာဝရ ခွဲခွာရဖို့ သေချာနေတဲ့အချိန်မှာ ဘာဖြစ်လို့အဲဒီစကားမျိုးတွေ ပြောရတာလဲလို့ပါ''

''ကိုယ် နှစ်ရက်လုံးလုံး ဒုက္ခတွေ သိပ်ရောက်ခဲ့တယ် နန္ဒီ၊ ခုလည်း ဝရမ်းပြေးဘဝနဲ့ ပြစ်မှုကို ကိုယ်မကျူးလွန်ရဘဲ ဆုံးစမရှိတဲ့ခရီးကို ပြေးရဦးမယ်၊ အဲဒီလို ပြေးလွှားရင်း သေရင်လည်း သေသွားနိုင်တယ်လေ၊ ဒါကြောင့် ကိုယ်အသက်ရှင်ခွင့်ရတုန်း နန္ဒီနဲ့ ဆုံခွင့်ရတုန်းလေးမှာ ဒီစကားကို ပြောခဲ့ရတာပါ၊

ကိုယ် နန္ဒီ့ကို သိပ်ချစ်တာပဲ နန္ဒီ၊ အဲဒီစကားပြောခွင့်ရပြီမို့ ကိုယ် သေရင်လည်း သေပျော်ပါပြီ''

''အင်း ... ပြောပြီး ရှင်က ထွက်သွားတော့မှာ မဟုတ်လား။ ဒီကတော့ ရင်ကွဲပြီး ကျန်ရစ်ခဲ့ရမှာ ... သိရဲ့လား''

စုနန္ဒီ၏အသံက ငိုသံလေးစွက်ကာ အဖျားခတ် တုန်ခါသွားသည်။ မင်းဇေယျာမှာ ကြားလိုက်ရသည့်စကားအတွက် မယုံနိုင်အောင် ဖြစ်သွားကာ ဝမ်းမြောက်ဝမ်းသာဖြင့် လွန်စွာ တုန်လှုပ်သွားရလေ၏။

''နန္ဒီ ... နန္ဒီဆိုလိုတာက ...''

ပြောရင်း မချင့်မရဲဖြစ်လာကာ စုနန္ဒီ၏ လက်မောင်းအိုးလေးများကို ဖွဖွညင်သာ ဆုပ်ကိုင်မိလိုက်တော့သည်။

''ပြောပါဦး နန္ဒီ ... နန္ဒီလည်း ကိုယ့်အပေါ် သံယောဇဉ် ပြန်ထားနိုင်သလားဟင် ... ပြောပါဦး နန္ဒီ''

မျက်နှာချင်းကပ်လုမတတ် ထွေးဖက်ကာမေးလိုက်သည်တွင် အပျိုစင်မလေးမှာ ရင်ခုန်ခြင်း၊ ရှက်ခြင်းများကြောင့် ခြေဖျားလက်ဖျားတို့ အေးစက်သွားသည်။

''အို ... မပြောတတ်ပါဘူး ... သိဘူး သိဘူး''

ဟု ဗလုံးဗထွေးပြောရင်း သူမ၏ကိုယ်လုံးလေးက မင်း





ဇေယျာ၏ ရင်ခွင်ကျယ်ကြီးထဲ နစ်ဝင်သွားတော့၏။

''ဟား ... ဝမ်း ဝမ်းသာလိုက်တာ နန္ဒီရယ်၊ နန္ဒီလေး ကိုယ့်ကို ပြန်ချစ်နိုင်တယ်နော်၊ ကိုယ် ကိုယ် ဘယ်လိုမှ မမျှော်လင့်ရဲခဲ့ပါဘူး နန္ဒီရယ်၊ ကိုယ့်အတွက် နန္ဒီဟာ မဓူသကနတ်ပန်းလောက်ကို အလှမ်းဝေးလွန်းလှပါတယ်၊ ခုတော့ နန္ဒီ့ အချစ်ကို ကိုယ်ရပြီပေါ့နော်၊ ဝမ်းသာလိုက်တာဗျာ၊ ဝမ်းသာလိုက်တာ''

''အို ... အရမ်းကြီး မဖက်နဲ့လေ၊ ဒီမှာ အသက်ရှူမွန်းကျပ်နေပြီရှင့်''

''အာ ... ချစ် ချစ်လို့ပါ နန္ဒီရယ်၊ ချစ်လို့ပါ၊ သိပ်ချစ်တာပဲ နန္ဒီလေးရယ်''

''အို ... ကြည့် ... တော်တော်ဆိုးပါလား''

မြင်းဇောင်းမှောင်ရိပ်ထဲတွင် အချစ်နှင့်စတင်ထိတွေ့ဖူးခြင်းဖြစ်သည့် လုလင်ပျိုနှင့် လုံမပျိုတို့မှာ အချစ်ရေလျှဉ်ကြောထဲ မျောပါသွားမိသည်၌ ပစ္စက္ခလောကကြီးကို ခေတ္တမေ့လျော့သွားမိချေပြီ။

ယင်းအချိန်မှာပင် အနင်းအနှိပ်ခံပြီးပြီဖြစ်သော ဒေါ်နန်းအိမ်ဒေဝီက သမီးဖြစ်သူကို မတွေ့သဖြင့် အိမ်စေမလေးထွေးရီအား ရှာဖွေခိုင်းလိုက်တော့သည်။

သူမကိုယ်တိုင်ကလည်း အိပ်ခန်း၏နောက်ဘက်တံခါးရွက်ကို ဖွင့်ကာ ခြံထဲဝေ့ကြည့်လိုက်ရာမှ ခြံကျယ်ကြီး၏အနောက်ဝဲဘက်ကျကျရှိ ကြာပြူး၏မြင်းဇောင်းထဲ၌ လူရိပ်လိုလိုကို တွေ့သွားတော့၏။

''အလို ... ဟိုမြင်းဇောင်းထဲမှာ လူရိပ်လိုလိုတွေပါလား။ ကော့ ... မြွေပွေရာကင်းမှောင့်ဆိုသလို အိမ်မှာ ပြဿနာကြီး ဖြစ်နေရတဲ့ကြားထဲ မြင်းသူခိုးတွေ ဝင်နေပြီထင်တယ်''

ညဘက်ဆို အရက်မူးအောင်သောက်ကာ ကုလားသေကုလားမော အိပ်တတ်သည့် သာဆိုင့်ကို အားကိုးလို့မရမှန်းသိသည့် ဒေါ်နန်းအိမ်ဒေဝီက သုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးကို ယူလျက် မြင်းဇောင်းဆီ မီးဖွင့်ထိုးလိုက်တော့၏။

''အို''

''ဟာ''

လောကကြီးကို မေ့နေကြသည့် ချစ်သူနှစ်ဦးမှာ သူတို့၏ကိုယ်ပေါ် ထင်းခနဲ အလင်းရောင်ဖြာကျလာသည်တွင် လန့်ဖျပ်ပြီး လူချင်း ရုတ်ခြည်းခွာလိုက်မိကြလေသည်။

သို့သော် သူတို့ နောက်ကျသွားပြီဖြစ်၏။

မြင်းဇောင်းထဲတွင် သူနှင့်သူမတို့ ဖက်လဲတကင်း ဖြစ်နေ





ကြသည်ကို ဒေါ်နန်းအိမ်ဒေဝီ တွေ့မြင်သွားပြီဖြစ်သည်။

''ဟဲ့ ... ဟိုမြင်းဇောင်းထဲမှာ ငါ့သမီးနဲ့ ဟို အုတ်ကြားမြက်ပေါက်ကောင်ပါလား၊ အောင်မယ်လေး ... ကိုယ်ကျိုးနည်းပြီ၊ ကိုယ်ကျိုးနည်းပါပြီတော်''

ဒေါ်နန်းအိမ်ဒေဝီမှာ ဆွေ့ဆွေ့ခုန်သွားပြီး အသံကုန်ခြစ်ကာ အော်တော့သည်။

''လာကြပါဦး အရပ်ကတို့ရေ ... ဒီမှာ ဒီမှာ မြင်းသူခိုးခြံထဲရောက်နေလို့ပါ၊ မင်းဖေယျာဆိုတဲ့ကောင် ခြံထဲရောက်နေပါပြီ၊ လာကြပါဦး ... ကယ်ကြပါဦးရှင်၊ မြင်းသူခိုးကို ဖမ်းကြပါဖမ်းကြပါ''

ဒေါ်နန်းအိမ်ဒေဝီ၏အသံက တိတ်ဆိတ်လျက်ရှိသောညဥ့်ဝန်းကျင်ကို ရုတ်ခြည်းတုန်ခါသွားစေ၏။

''ဟ ... မြင်းသူခိုးဆိုပါလား''

''မြင်းသူခိုးတဲ့ဟေ့ ... လာကြ ဝိုင်းကြ''

နံဘေးခြံများ၊ အိမ်များမှ လူများလည်း ဓားများ၊ လှံများ ကိုင်ဆွဲကာ အော်ဟစ်သံကြားရာဆီ ပြေးလာကြလေသည်။

''မြင်းသူခိုးကို ဝိုင်းဖမ်းကြဟေ့ ... အသေသတ်ကြ''

ရွာလယ်လမ်းတစ်လျှောက် မီးတုတ်များ မြှောက်ကာ

ပြေး လာသည့် လူအုပ်ကြီးကို ဦးဆောင်လာသူတို့မှာ ဦးသာမိုး နှင့် ရွှေသီး၊ ငွေသီးတို့ ညီအစ်ကိုပင် ဖြစ်ပါသည်။

ကမ္ဘာပျက်သလို ရုန်းရင်းဆန်ခတ်ဖြစ်သွားသည့် အခြေ အနေကြောင့် မင်းဖေယျာတို့ချစ်သူနှစ်ဦးမှာ မျက်လုံးပြူး မျက် ဆန်ပြူး ဖြစ်သွားကြပြီး …

"ကို ကို … လူ လူတွေဝိုင်းလာပြီ၊ နန္ဒီတို့ကိုလည်း မေမေတွေ့သွားပြီ၊ နန္ဒီ့ကို မေမေတို့ သတ်ကြတော့မှာ … ခက် ပါပဲရှင်"

မင်းဖေယျာသည် လွန်စွာ တုန်လှုပ်ချောက်ချားလျက်ရှိ သည့် ချစ်သူလေးကို လက်ဝဲလက်ဖြင့် ထွေးဖက်နှစ်သိမ့်လျက် ကျန်လက်တစ်ဖက်ဖြင့် နံဘေးမြင်းဇောင်းထဲမှ မြင်းကြီးတစ် ကောင်၏ လည်ဆံမွေးတို့ကို ပွတ်သပ်နေလိုက်၏။

သူက သူ့ကို ဖမ်းမိသွားမှာထက် စုနန္ဒီအတွက် ပိုလို့ စိုးရိမ်လျက်ရှိသည်ပဲ။

"မထူးတော့ဘူး နန္ဒီ … ကိုယ် လွတ်အောင်ရုန်းထွက် မယ်၊ ကိုယ့်ကိုချစ်ရင် ကိုယ်နဲ့အတူ လိုက်ခဲ့ပါနန္ဒီ၊ ကိုယ် နန္ဒီ့အပေါ် ထာဝရသစ္စာရှိပါ့မယ်၊ နန္ဒီ့ကို ရိုးမြေကျ တန်ဖိုးထားပြီး ပေါင်းမှာပါ၊ ကိုယ့်ရဲ့အချစ်, ကိုယ့်ရဲ့သစ္စာကို ယုံရင် ကိုယ်နဲ့လိုက်





ပါ နန္ဒီ"

မင်းဖေယျာက တတွတ်တွတ်ပြောရင်း မြင်းကြီးကို းဇောင်းထဲမှ ဆွဲထုတ်လာကာ …

"လာလေ နန္ဒီ"

ဟု ခေါ်လိုက်သည်၌ မင်းဖေယျာ၏နောက်သို့လိုက်ရန် ်ချင်းဆုံးဖြတ်လိုက်ပြီးဖြစ်သည့် စုနန္ဒီမှာ စဉ်းစားတွေဝေခြင်း တော့ဘဲ မင်းဖေယျာကိုအားပြုကာ မြင်းကျောပေါ်သို့ တက် ်တော့၏။

မင်းဖေယျာလည်း စုနန္ဒီ၏နောက်ကျောဘက်သို့ လွှား ခုန်တက်လိုက်ပြီး မြင်းဇက်ကြိုးကိုဆွဲလျက် မြင်းဇောင်းထဲမှ ်လိုက်လေသည်။

ထို့နောက် မြင်း၏တင်ပါးကို ဖနောင့်ဖြင့် ဆတ်ခနဲ ဆိလိုက်ရာ မြင်းကြီးမှာ အလိုက်သိစွာ ခြံရှေ့ဝိုင်းဆီသို့ တစ် ်ထိုး ပြေးသွားတော့၏။

"ဟာ … ဟိုမှာ ဟိုမှာ မြင်းသူခိုး"

"လုံးနဲ့ပစ် လုံးနဲ့ပစ်"

"ဟာ … မလုပ်နဲ့ … ငွေခွန်မှူးကြီးရဲ့သမီးကို မှန် ဦးမယ်"

ခြံဝ၌ စုဝေးရောက်ရှိနေကြပြီဖြစ်သည့် လူအုပ်စုကြီးက ခြံထဲဝင်မည့်ပြုကြစဉ်မှာပင် မင်းဖေယျာတို့စီးနင်းလာသည့် မြင်းညိုကြီးမှာ ခြံဝဆီ ကဆုန်ချပြေးလာရာ လူအုပ်စုကြီးမှာ လန့်ဖျပ်ကုန်ကြပြီး လမ်းဖွင့်ပေးကြလေ၏။

မင်းဖေယျာလည်း မြင်းကြီးကို ခြံဝမှထွက်စေကာ ဝဲဘက်သို့ ချိုးကွေ့လျက် ရွာလယ်လမ်းအတိုင်း ကဆုန်ချစီးသွားတော့၏။

''အောင်မယ်လေး ... လုပ်ကြပါဦး။ အဲဒီမြင်းပေါ်မှာ ကျုပ်ရဲ့သမီးလေး ပါသွားလို့ လိုက် ... လိုက်ခေါ်ပေးကြပါရှင်''

ဒေါ်နန်းအိမ်ဒေဝီမှာ ဒေါသကြီးစွာ စိုးရိမ်မှု လွန်ကဲစွာ အသံကုန် အော်ဟစ်ရင်း ခွေခနဲ မေ့လဲကျသွားတော့၏။

''တောက် ... လိုက် လိုက်ကြဟေ့၊ မြင်းသူခိုးနောက်ကို လိုက်ကြစမ်း''

ဦးသာမိုင်းက ဒေါသကြီးစွာဖြင့် အော်ဟစ်ရင်း ရွှေသီး ငွေသီးတို့နှင့် ရွာကာလသားတို့အား မင်းဖေယျာတို့ပြေးရာနောက် လိုက်ခိုင်းလေသည်။

ရွှေသီး၊ ငွေသီးနှင့် ရွာသားတို့လည်း ဓားလှံတို့ကိုင်ဆွဲလျက် မီးတုတ်တို့ကို မြှောက်ကိုင်ကာ ရွာလယ်လမ်းအတိုင်း





သံပေးကာ ပြေးလိုက်ကြတော့၏။

သို့သော် မင်းဖေယျာက မြင်းကြီးကို ရွာတောင်ဘက်မှ က်စေကာ လယ်ကွင်းများနှင့် ဖုန်းဆိုးမြေကို ဖြတ်ကျော်နိုင်ခဲ့ပြီ။

လူအုပ်ကြီးသည်ကား ဆဲဆိုအော်ဟစ်ရင်း နောက်ဘက် ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့ချေပြီ။

''နန္ဒီ ... မကြောက်နဲ့တော့နော်၊ ကိုယ်တို့ ရွာနဲ့အတော် ်းလှမ်းကိုရောက်နေပြီ''

''အို ... ဒီထက်ဝေးရာဆီကိုသာ ပြေးပါကို၊ နန္ဒီတို့ စ်ညလုံးခရီးနှင်မှ ဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေဟာ လူကြီးတွေ, ကာလသားတွေနဲ့အတူ မိုးလင်းတာနဲ့ ခြေရာခံပြီး က်လာကြမှာ၊ နန္ဒီတို့ ဝေးသကာထက်ဝေးရာဆီ ပြေးနိုင်မှ စ်မှာ ကိုရဲ့''

''ကောင်းပါပြီ နန္ဒီ ... ကိုယ်တို့ ခရီးဆက်နှင်ကြတာ ။''

မင်းဇေယျာမှာ ချစ်သူလေးကို မြင်းပေါ်တင်လျက် တောင်ဘက်သို့ ဦးတည်ကာ တစ်ညလုံး ခရီးနှင်ခဲ့ရာ နံနက် အရုဏ်မိုးသောက်လုနီးနီးအချိန်တွင် တောင်ရိုးတောင်တန်းကြီး တစ်ခု၏ခြေရင်းသို့ ရောက်ရှိလာတော့၏။

ဖုန်းဆိုးမြေများ၊ ဆူးချုံနွယ်များ၊ တောင်မြင့်ချောက်ကမ်းပါးများ ထူပြောလှသည့် တောလမ်းခရီးကြမ်းကို ဖြတ်သန်းလာရသဖြင့် နုနယ်လှသော စုနန္ဒီမှာ ပင်ပန်းနွမ်းလျလွန်းသောကြောင့် မင်းဇေယျာကို ကျောမှီကာ အိပ်ပျော်သွားရှာတော့၏။

မင်းဇေယျာမှာ ပူပူနွေးနွေးချစ်သူလေး၏ ကိုယ်လုံးအိအိလေးကို ဝဲဘက်လက်ဖြင့် ထွေးဖက်ထားကာ မြင်းကို အသာကျနှင်နေရသည့်အခိုက်ဝယ် ချစ်သူလေး သူနှင့်အတူ ချစ်ကမ္ဘာတည်ဆောက်ရန် လိုက်ပါလာပြီဟူသော အတွေးကြောင့် ရင်မှာဖော်မပြနိုင်လောက်အောင် ကြည်နူးချမ်းမြေ့နေရသော်လည်း အပျိုစင်မလေး၏ အထိအတွေ့ကြောင့်မူ သူ့ရင်၌ အရိုင်းစိတ်များ ဝင်ခြင်းမရှိချေ။

တကယ်တော့ သူသည် စုနန္ဒီအား တပ်မက်စိတ်ဖြင့် ချစ်ခြင်းမဟုတ်။ မြတ်နိုးတန်ဖိုးထားစိတ်ဖြင့် ချစ်ခဲ့ခြင်းသာ





ဖြစ်ပါသည်။

သို့ကြောင့်လည်း ချစ်သူလေးကို ထွေးဖက်ဖေးမ,ထားစဉ်ဝယ် သူ၏သွေးသားတို့ လှုပ်ရှားဆူပွက်ခြင်း မဖြစ်မူဘဲ င်ဝယ် ကြည်နူးစိတ်တို့သာ ဆွတ်ပျံ့လျက်ရှိတော့၏။

သို့ဖြင့် နံနက်ဝေလီဝေလင်းအချိန် မြူတို့ ဖွဲဖွဲဆုပ်ဆုပ် ျလာစဉ်ဝယ် စုနန္ဒီသည် အိပ်ပျော်နေရာမှ နိုးထလာပြီး နိုက် က်တုန်အောင် ချမ်းနေရှာတော့သည်။

သူမသည် အနွေးထည်ဝတ်လာသော်လည်း လေစိမ်း ားတိုက်ခတ်နေသဖြင့် ချမ်းနိုက်နိုက်တုန်ကာ မင်းဇေယျာကို ာ ထွေးဖက်ထားရှာလေ၏။

"ချမ်း ချမ်းလိုက်တာကိုယ်ရယ်"

"ဟုတ်တယ် နန္ဒီ ...မိုးလင်းခါနီးမှ နှင်းတွေက အားကျလာတာ၊ လေတွေလည်း ပိုတိုက်လာတယ်၊ ဟင်.. ဒ္ဒီ့ရဲ့ကိုယ်တွေ ပူနေပါလား၊ အို ...နှုတ်ခမ်းလေးတွေတောင် ာလို့"

မင်းဇေယျာမှာ ချစ်သူလေးအတွက် လွန်စွာ စိုးရိမ် သွားတော့၏။

"ဒီအတိုင်း ဆက်သွားနေလို့ မဖြစ်ဘူး၊ လေကွယ်ရာ

အရပ် ရှာမှပဲ''

မင်းဇေယျာသည် တောင်ရိုးတောင်တန်း၏အခြေ
ကပ်ကာ မြင်းကို ဇက်သတ်ရပ်လိုက်လေသည်။

ပြီးနောက် သူက ချစ်သူလေးကို မြင်းပေါ်မှ ပွေ့ချ

...

''ကဲ တိမ်ညိုရေ ...မင်းရဲ့တာဝန် ကျေပါပြီကွ
မင်းရဲ့သခင်ကြီးဆီ ပြန်နိုင်ပါပြီ၊ မင်းကို မလွှဲရှောင်သာလို့ စီး
လာရပေမယ့် ငါဟာ မြင်းသူခိုး မဟုတ်ပါဘူးကွာ၊ တော်
မင်းကိုပါ ထပ်ခိုးသွားတယ်လို့ ဦးရိုးတို့ ဒေါ်လေးတို့က
စွပ်စွဲနေပါဦးမယ်၊ ကဲ ... ကျေးဇူးပဲ သူငယ်ချင်းရေ သွား
တော့ ပြန်ပေတော့''

ဟု ပါးစပ်ကပြောရင်း မြင်းညိုကြီးကို မြောက်အရ
ဦးတည်ကာ တင်ပါးအား လက်ဖဝါးဖြင့် ပုတ်လိုက်ရာ မြင်း
ကြီး တိမ်ညိုလည်း မင်းဇေယျာ၏စကားကို နားလည်ဟန်
ပတပ်ရပ်လိုက်လျက် အသံကုန်ဟီလိုက်ပြီးနောက် မြောက်
အရပ်ဆီသို့ ဦးတည်ကာ အသားကျ ခရီးနှင်သွားပါ
သတည်း။

✡ ✡ ✡





## လျှို့ဝှက်ရန်စွယ်

မင်းဇေယျာသည် စုနန္ဒီအား ပွေ့ချီကာ တောင်ရိုးတောင်တန်း၏တောင်ခြေတစ်လျှောက် တရွေ့ရွေ့ လျှောက်လာရင်း ဖွဲဖွဲဆုပ်ဆုပ် ကျနေသည့် နှင်းမိုး၏ဒဏ်မှ အကာအကွယ်ရနိုင်မည့်နေရာကို ရှာဖွေလျက် ရှိလေ၏။

''အင်း ...လေက မြောက်ဘက်ကတိုက်နေတာပဲ''

သူက ပေနှစ်ဆယ်ကျော်ခန့်မြင့်သော ကျောက်တုံးကျောက်ဆောင်ကြီး၏ တောင်ဘက်ခြေရင်းတွင် စုနန္ဒီအား ဖြည်းညင်းစွာချကာ ခေတ္တအနားယူလိုက်လေသည်။

မိုးလင်းခါမှ နှင်းမိုးတို့က ပိုကျလာပြီး အေးစိမ့်လှသည့်

မြောက်လေကြမ်းက ဝေ့ကာဝေ့ကာ တိုက်ခတ်လျက်ရှိလေ၏။ နှင်းထုက သိပ်သည်းလွန်းသဖြင့် ရှေ့ဆယ်ပေကျော် ဆယ့်ငါးပေ ခန့်ဆိုလျှင် မမြင်ရတော့ချေ။

စုနန္ဒီကား အဖျားတက်လျက် သတိပင်မေ့သွားချေပြီ တည်း။

"ဟာ ... နန္ဒီ နန္ဒီ"

တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူပြီး ပျော့ခွေကျကာ သတိလစ်နေသည့် ချစ်သူလေးကို စိုးရိမ်တကြီး ပွေ့ပိုက်ထားရင်း ပါးချင်းအပ်ထားရာမှ ချစ်သူလေးကို သနားလွန်းသဖြင့် သူ၏ မျက်ဝန်းတို့တွင် မျက်ရည်စို့လာတော့သည်။

"နန္ဒီလေးရယ် ... နန္ဒီလေး ကိုယ့်နောက်ကို လိုက်လာ လို့ အခုလိုဖြစ်တာ၊ ဖြစ်ရလေ နန္ဒီလေးရယ်"

သူက ပါးစပ်မှ တတွတ်တွတ်ရွတ်ကာ ချစ်သူလေး၏ ပါးချင်းအပ်လျက် ကျစ်ကျစ်ပါအောင် ထွေးဖက်ထားရုံမှလွဲ၍ ဘာမျှ မလုပ်တတ်တော့ပေ။

သူက ဆေးဝါးအကြောင်း နားမလည်သလို စုနန္ဒီ သတိ ရအောင်လည်း မလုပ်တတ်၊ အဖျားကျအောင်လည်း မည်သို့ လုပ်ရမှန်း မသိချေ။





"နန္ဒီလေးရယ် ... ဒုက္ခပါပဲ၊ နန္ဒီလေးသာ တစ်ခုခုဖြစ် သွားရင်တော့ ဒုက္ခပဲ၊ ဘုရားကယ်ပါ ... နတ်ကောင်းနတ်မြတ် များ မစကူညီပါခင်ဗျာ၊ နန္ဒီလေး ဘာမှမဖြစ်ပါစေနဲ့၊ ဘာမှ မဖြစ်ပါစေနဲ့"

သူက အရူးတစ်ယောက်နှယ် တတွတ်တွတ် ရေရွတ် ရင်း ပါးပြင်ထက်သို့ မျက်ရည်များ စီးကျလာစဉ် နှင်းထုတို့သည် တဖြည်းဖြည်းပါးလျသွားပြီး မြင်ကွင်းတို့က တစ်စ တစ်စ ကြည် လင်စပြုလာ၏။

ထိုအခါ ကိုက်တစ်ရာခန့်အကွာရှိ ရှေ့တောင်စောင်း အတိုင်း တောင်ပေါ်သို့ တရွေ့ရွေ့တက်နေသည့် အဝတ်ဖြူဖြူ ဝတ်ထားသော လူသားတစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရ တော့သည်။ မင်းဇေယျာလည်း လှိုက်ခနဲ ဝမ်းသာသွားပြီး ...

"ဟာ ... အဝတ်ဖြူဖြူ ခေါင်းတုံးပြောင်ပြောင်နဲ့ ဘိုး သူတော်ကြီးတစ်ဦးပါလား၊ သူ့ဆီမှာ အကူအညီတောင်းကြည့်မှ ပဲ"

မင်းဇေယျာသည် ကျောက်တုံးကျောက်ဆောင်ကြီး၏ ခြေရင်းမှာပင် စုနန္ဒီအား အသာချထားကာ ရှေ့တောင်စောင်းဆီ ပြေးတော့၏။

"ဘိုး ဘိုးသူတော်ကြီးခင်ဗျာ"

တောင်စောင်းအတိုင်း ပြေးတက်ရင်း အမောတကော ဟစ်ခေါ်လိုက်ရာ ဘိုးသူတော်ကြီးက ကြားသွားဟန်ဖြင့် လှမ်း လက်စခြေလှမ်းကို ရပ်ပြီး လှည့်ကြည့်လေ၏။

ရှမ်းလွယ်အိတ်ကြီး စလွယ်သိုင်းလွယ်ထားသည့် ဘိုးသူ တော်ကြီးကား ဖြူဖြူဝဝကြီးဖြစ်ပြီး အသက် ၅၀ ခန့်ရှိကာ မျက်နှာပြည့်ပြည့်ဝိုင်းဝိုင်းကြီးက သဘောမနောကောင်းဟန် ပေါ်လွင်နေသဖြင့် မင်းဇေယျာမှာ လွန်စွာ အားတက်သွားတော့ သည်။

"ဟဲ့ သူငယ် ... ဘာတုံးကွဲ့၊ ဘယ်လိုကိစ္စနဲ့ ဒီတော ထဲ ရောက်နေရတာလဲ"

"ကျွန်တော့်နာမည်က မင်းဇေယျာပါ ခင်ဗျာ၊ ကျွန် တော် မိန်းမနိုးလာတာပါ၊ အဲဒါ ကျွန်တော့်မိန်းမဟာ လမ်းခရီး မှာပဲ အဖျားတက်ပြီး သတိလစ်နေလို့ပါ၊ ကျွန်တော်တို့မှာ ဘာ ဆေးဝါးမှလည်း မပါပါဘူး။ ကူညီနိုင်ရင် ကူညီပေးပါ ဦးသူတော် ကြီးရယ်"

မင်းဇေယျာက လက်အုပ်ချီလျက် တောင်းပန်လေရာ ဘိုးသူတော်ကြီးက မျှော့ကြီးနှစ်ကောင်နှင့်တူသော မျက်ခုံးမွေး





မည်းမည်းကြီးတို့ကို ပင့်လျက်စူးစိုက်ကြည့်လိုက်ရင်း ...

"ဩော် ... ကလေးမ ဒုက္ခရောက်လာလို့ပေါ့၊ အင်း ... မောင်ရင်လေးရဲ့ဘဝကလည်း သမုဒယသစ္စာမှ မစရသေး ဘူး။ ဒုက္ခသစ္စာနဲ့ စတိုးဆိုသလို ဖြစ်နေတာပါလား၊ ကဲ ကဲ ... ဘယ်မှာလဲ မင်းရဲ့မိန်းကလေး"

"ဟောဟိုက ကျောက်တုံးကြီးဘေးမှာ ချထားခဲ့ပါတယ် ခင်ဗျာ"

"ကဲ ကဲ ... ကျုပ်လိုက်ကြည့်ပေးမယ်"

မင်းဇေယျာလည်း ဘိုးသူတော်ကြီးအား ကျောက်တုံး ကြီးဆီသို့ ခေါ်ဆောင်လာခဲ့ရာ ကျောက်တုံးကြီး၏တောင်ဘက် ခြေရင်းသို့အရောက်ဝယ် ကျောက်တုံးငယ်တို့နှင့် မြက်ပင်များ အကြား ပက်လက်ကလေးလဲကျနေသည့် စုနန္ဒီကို ဘိုးသူတော် ကြီးက မုဆိုးဒူးထောက်ထိုင်လျက် ကြည့်ရှုစစ်ဆေးခြင်းပြုလေ၏။

"အင်း ... အသားတွေ အေးစက်ပြာနှမ်းပြီး သွေး အတော်ဆုတ်နေပြီပဲ၊ သူလေးမှာ နှလုံးအားနည်းတဲ့ရောဂါအခံ ရှိပုံရတယ်၊ ဆေးဝါးမကုနိုင်ရင်တော့ နာရီပိုင်းအတွင်း အသက် ဆုံးပါးသွားတော့မယ်"

ဘိုးသူတော်ကြီး၏စကားကြောင့် မင်းဇေယျာမှာ ဦး

ခေါင်းကို မိုးကြိုးပစ်ခွင်းသလို ခံစားလိုက်ရလေ၏။

"ဗျာ ... နန္ဒီ နန္ဒီ အသက်ဆုံးသွားနိုင်တယ်၊ ဟုတ်ဟုတ်လား ဦးသူတော်ကြီး"

"ကဲပါလေ ... အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးနဲ့ တွေ့ရင် သိကြားမင်းနဲ့ တွေ့သလိုပဲလို့သာ မှတ်လိုက်ပေတော့၊ သူကလေးကို ပွေ့မပြီး ကျုပ်ရဲ့နောက် လိုက်ခဲ့ပေတော့"

ဘိုးသူတော်ကြီးက အပြုံးမပျက်ပြောရင်း တောင်စောင်းဘက်ထွက်သွားရာ မင်းဇေယျာလည်း စုနန္ဒီကို ပွေ့မ,ယူလျက် ဘိုးသူတော်ကြီး၏နောက်မှ လိုက်ရလေ၏။

တောင်စောင်းလေးအတိုင်း ကွေ့ပတ်ကာ တက်ခဲ့ရာ ဆယ့်ငါးမိနစ်ခန့် တက်မိလေလျှင် တောင်ခါးပန်းတစ်ခုအပေါ်သို့ ရောက်ရှိသွားပြီး ယင်းတောင်ခါးပန်းပေါ်မှ တောင်နံရံတစ်နေရာ၌ ထုံးကျောက်ဂူကြီးတစ်လုံးကို တွေ့ရလေ၏။

ဘိုးသူတော်ကြီးက ယင်းဂူကြီးထဲသို့ ဦးဆောင်ဝင်သွားပြီးလျှင် စုနန္ဒီအား ဂူကြီး၏အလယ်နားရှိ ကျောက်ဖျာပေါ်တွင် ပက်လက်အနေအထားဖြင့် ထားရှိစေလိုက်လေသည်။

ထို့နောက် ဂူအပြင်ဘက်ရှိ ထင်းခြောက်အချို့ကို ရှာဖွေနိုင်းပြီး ကျောက်ဖျာနှင့်နှစ်လံမျှအကွာတွင် ထင်းတို့ကို ဆိုင်လျက်





နတ်သမီးမီးခြစ်ဖြင့် ခြစ်ကာ မီးမွှေးစေလေ၏။

မီးဖို၏မီးအရှိန်ကောင်းလာသည်တွင် အေးစိမ့်နေသော ထုံးကျောက်ဂူကြီးထဲတွင် နွေးထွေးလာလေသည်။

ဘိုးသူတော်ကြီးသည် ဂူနံရံရှိ ကျောက်စင်မြင့်တစ်ခုပေါ်မှ ယွန်းဘူးလေးတစ်ဘူးကို အခြားယွန်းဘူးတို့အကြားမှ ယူလိုက်ပြီး ဘူးကိုဖွင့်ကာ အထဲမှ သစ်မြစ်လိုလို လက်တစ်ညှိုးခန့်ရှိ ညိုညိုမည်းမည်းအရာတစ်ခုကို ထုတ်ယူလိုက်လေသည်။

ယင်းသစ်မြစ်ကို ကျောက်ပျဉ်ငယ်တစ်ခုတွင် ရေအနည်းငယ်နှင့် သွေးလိုက်ရာ နီညိုရောင်အရည်များ ရလာတော့၏။

ထိုဆေးရည်တို့ကို ကျောက်ခွက်ငယ်တစ်ခုတွင် ထည့်ပြီး စုနန္ဒီ၏ နှုတ်ခမ်းနှစ်လွှာအကြားသို့ ဆေးရည်တစ်စက်တစ်စက် ချပေးလေ၏။

ခဏအကြာတွင် စုနန္ဒီသည် တစ်ချက်ညည်းလိုက်ပြီး နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်ကာ ခပ်ဟဟဖြစ်လာတော့သည်။

ထိုအခါ ဘိုးသူတော်ကြီးက ဆေးရည်တို့ကို ပိုမိုထည့်ပေးရာ စုနန္ဒီသည် အနည်းငယ်လှုပ်ရှားလူးလွန့်လာပြီး နှုတ်ခမ်းတို့ကို လျှာဖြင့် သိမ်းသပ်လာလေ၏။

ခဏအကြာ၌မူ သူမသည် မျက်လုံးလေးများ ပွင့်စပြု လာပြီး မျက်တောင်လေးများ ခတ်လာတော့သည်။

''နန္ဒီ နန္ဒီ ... သတိရလာပြီလားဟင် ... နန္ဒီ''

''အင်း ... ဟင်း ဟင်း ဟင်း''

စောစောက သွေးဆုတ်ကာ ဖြူဖျော့နေသော လှပသည့် မျက်နှာလေးမှာ ပန်းသွေးရောင်တောက်လာကာ ခန္ဓာကိုယ်သည် လည်း သွေးလည်ပတ်မှုမှန်လျက် နွေးထွေးလာတော့၏။

ဘိုးသူတော်ကြီးက မင်းဧယျာအား ပြုံးပြုံးကြီးကြည့် လိုက်ပြီး ...

''မပူနဲ့တော့ ကောင်လေး ... မင်းရဲ့ကောင်မလေးက ရှိက်သတ်မှပဲ သေတော့မှာ''

ဟုပြောကာ ယွန်းကွမ်းအစ်ပောင်းကြီးထဲမှ ကွမ်းတစ် ယာ ထုတ်ယာလျက် တမြုံ့မြုံ့နှင့် ဝါးနေပါတော့သတည်း။

✡

ဘိုးသူတော်ကြီး ချက်ပြုတ်ကျွေးမွေးသည့် ထမင်း





သက်သတ်လွတ်ဟင်းနှင့် သစ်သီးမျိုးစုံ အာဟာရကို စားရ သဖြင့်လည်းကောင်း၊ ဆေးဝါးသောက်ရသဖြင့် လည်းကောင်း ၃နန္ဒီမှာ ကောင်းစွာကျန်းမာ အားပြည့်လာသည့်နောက် နှစ်ရက် မြောက်နေ့ နံနက်တွင် ဂူကြီး၏အပြင်ဘက်၌ နေပူဆာလှုံရင်း ကားစမြည် ပြောဖြစ်ကြလေ၏။

''နန္ဒီရဲ့အသက်ကို ကယ်ခဲ့တဲ့အတွက် သိပ်ကို ကျေးဇူး ဘင်ပါတယ် ခင်ဗျာ''

''ဟုတ်ပါတယ်ရှင် ... နန္ဒီကလည်း ကျေးဇူးတင်လှပါ ဘယ်''

''ဒါထက် ကျွန်တော်တို့ရဲ့အကြောင်းကိုတော့ ပြောပြခဲ့ ပြီးပြီ၊ ဦးသူတော်ကြီးကရော ဒီတောတောင်ထဲမှာ တစ်ဦးတည်း နေထိုင်တာလား ခင်ဗျ၊ ပြီးတော့ ဦးသူတော်ကြီးရဲ့နာမည်ကို လည်း သိပါရစေခင်ဗျာ''

''အိမ်း ... ကျုပ်က ခြေသလုံးအိမ်တိုင်သမားကွဲ၊ လူ ဝတ်ကြောင်လည်း မက, ရသေ့ရဟန်း သူတော်စင်လည်း မကျ တဲ့ ဘိုးသူတော်ဘဝကို ခံယူပြီးချိန် အသက်နှစ်ဆယ်လောက်က ဘည်းက နေရာဒေသအနှံ့ လျှောက်သွားပြီး လောကီအတတ် ပညာပေါင်းစုံကို သင်ယူဆည်းပူးခဲ့သလို လောကုတ္တရာကျင့်စဉ်

တွေကိုလည်း ကျင့်ခဲ့တယ်ပေါ့ကွယ်၊ ဒီတော့ ဒီတောင်ထဲမှာ ကေစာရိကျင့်ရင်း မိုတင်းနေထိုင်တုန်း မောင်ရင်လေးတို့နဲ့ တွေ့တာပဲကွဲ့၊ ကျုပ်ရဲ့ ဘိုးသူတော်အမည်ကတော့ တိက္ခလို့ ခေါ်တယ်ကွဲ့၊ ဒါပေမဲ့ ရင်းနှီးတဲ့သူတွေကတော့ အကြောင်းသိချင်းမို့ အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးလို့ခေါ်ကြတယ်ပေါ့ကွယ် ... ဟဲ ဟဲ ဟဲ''

''ဘာဖြစ်လို့ အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးလို့ ခေါ်ကြတာလဲ ခင်ဗျ၊ ဦးသူတော်ကြီးကြည့်တော့လည်း တကယ့်ကို ဣန္ဒြေသိက္ခာအပြည့်နဲ့ တည်တည်ငြိမ်ငြိမ်ကြီးပါ၊ သမာဓိအားကောင်းမယ့်ပုံပါ ခင်ဗျ''

ဤတွင် ဘိုးသူတော်ကြီးက အားပါးတရ ပြုံးလိုက်ပြီး

''အိမ်း ... သူစိမ်းတရံစာတွေနဲ့ ဆိုရင်တော့ ကျုပ်က တည်တည်ငြိမ်ငြိမ်ပဲ ဆက်ဆံတတ်တယ်ကွဲ့၊ ရင်းနှီးခင်မင်မှုသူတွေနဲ့ကျတော့ ကျုပ်ဆက်ဆံချင်သလိုဆက်ဆံ, ပြောချင်သလိုပြော, နေချင်သလိုနေတာကွဲ့၊ ကျုပ်ကြောင့် ချောက်ကျသွားပြီး အိုးနင်းခွက်နင်းဖြစ်သွားသူတွေ များလှပေါ့ကွဲ့၊ ဒါကြောင့် ကျုပ်ကို အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးလို့ ခေါ်ကြတာကွဲ့ ... ဟဲ ဟဲ ဟဲ''





...ပါ နန္ဒီ''

မင်းဇေယျာက တတွတ်တွတ်ပြောရင်း မြင်းကြီးကို ...င်းဇောင်းထဲမှ ဆွဲထုတ်လာကာ ...

''လာလေ နန္ဒီ''

ဟု ခေါ်လိုက်သည်၌ မင်းဇေယျာ၏နောက်သို့လိုက်ရန် ...က်ချင်းဆုံးဖြတ်လိုက်ပြီးဖြစ်သည့် စုနန္ဒီမှာ စဉ်းစားတွေဝေခြင်း ...ဘဲ မင်းဇေယျာကိုအားပြုကာ မြင်းကျောပေါ်သို့ တက် ...က်တော့၏။

မင်းဇေယျာလည်း စုနန္ဒီ၏နောက်ကျောဘက်သို့ လွှား... ခုန်တက်လိုက်ပြီး မြင်းဇက်ကြိုးကိုဆွဲလျက် မြင်းဇောင်းထဲမှ ...က်လိုက်လေသည်။

ထို့နောက် မြင်း၏တင်ပါးကို ဖနောင့်ဖြင့် ဆတ်ခနဲ ...ထိလိုက်ရာ မြင်းကြီးမှာ အလိုက်သိစွာ မြို့ရှေ့ပိုင်းဆီသို့ တစ် ...န်ထိုး ပြေးသွားတော့၏။

''ဟာ ... ဟိုမှာ ဟိုမှာ မြင်းသူခိုး''

''လုံ့နဲ့ပစ် လုံ့နဲ့ပစ်''

''ဟာ ... မလုပ်နဲ့ ... ငွေခွန်မှူးကြီးရဲ့သမီးကို မှန် ...ဦးမယ်''

ခြံဝင်း၌ စုဝေးရောက်ရှိနေကြပြီဖြစ်သည့် လူအုပ်စုကြီးက ခြံထဲဝင်မည့်ပြုကြစဉ်မှာပင် မင်းဖေယျာတို့စီးနင်းလာသည့် မြင်းညိုကြီးမှာ ခြံဝဆီ ကဆုန်ချပြေးလာရာ လူအုပ်စုကြီးမှာ လန့်ဖျပ်ကုန်ကြပြီး လမ်းဖွင့်ပေးကြလေ၏။

မင်းဖေယျာလည်း မြင်းကြီးကို ခြံဝမှထွက်စေကာ ဝဲဘက်သို့ ချိုးကွေ့လျက် ရွာလယ်လမ်းအတိုင်း ကဆုန်ချစီးသွားတော့၏။

"အောင်မယ်လေး ... လုပ်ကြပါဦး။ အဲဒီမြင်းပေါ်မှာ ကျုပ်ရဲ့သမီးလေး ပါသွားလို့ လိုက် ... လိုက်ခေါ်ပေးကြပါရှင်"

ဒေါ်နန်းအိမ်ဒေဝီမှာ ဒေါသကြီးစွာ စိုးရိမ်မှု လွှမ်းကဲစွာ အသံကုန် အော်ဟစ်ရင်း ငွေခနဲ မေ့လဲကျသွားတော့၏။

"တောက် ... လိုက် လိုက်ကြဟေ့၊ မြင်းသူခိုးနောက်ကို လိုက်ကြစမ်း"

ဦးသာဒိုင်းက ဒေါသကြီးစွာဖြင့် အော်ဟစ်ရင်း ရွှေသီး ငွေသီးတို့နှင့် ရွာကာလသားတို့အား မင်းဖေယျာတို့ပြေးရာနောက် လိုက်ခိုင်းလေသည်။

ရွှေသီး၊ ငွေသီးနှင့် ရွာသားတို့လည်း ဓားလှံတို့ကိုင်ဆွဲလျက် မီးတုတ်တို့ကို မြှောက်ကိုင်ကာ ရွာလယ်လမ်းအတိုင်း





သံပေးကာ ပြေးလိုက်ကြတော့၏။

သို့သော် မင်းဖေယျာက မြင်းကြီးကို ရွာတောင်ဘက်မှ ထွက်စေကာ လယ်ကွင်းများနှင့် ဖုန်းဆိုးမြေကို ဖြတ်ကျော်နိုင်ခဲ့ချေပြီ။

လူအုပ်ကြီးသည်ကား ဆဲဆိုအော်ဟစ်ရင်း နောက်ဘက်ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့ချေပြီ။

"နန္ဒီ ... မကြောက်နဲ့တော့နော်၊ ကိုယ်တို့ ရွာနဲ့အတော်ဝေးလှမ်းကိုရောက်နေပြီ"

"အို ... ဒီထက်ဝေးရာဆီကိုသာ ပြေးပါကို၊ နန္ဒီတို့ စခန်းညလုံးခရီးနှင်မှ ဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေဟာ လူကြီးတွေ, ကာလသားတွေနဲ့အတူ မီးလင်းတာနဲ့ ခြေရာခံပြီး လိုက်လာကြမှာ၊ နန္ဒီတို့ ဝေးသကထက်ဝေးရာဆီ ပြေးနိုင်မှ ဖြစ်မှာ ကိုရဲ့"

"ကောင်းပါပြီ နန္ဒီ ... ကိုယ်တို့ ခရီးဆက်နှင်ကြတာပေါ့"

✡

မင်းဇေယျာမှာ ချစ်သူလေးကို မြင်းပေါ်တင်လျှက်
တောင်ဘက်သို့ ဦးတည်ကာ တစ်ညလုံး ခရီးနှင်ခဲ့ရာ နံနက်
အရုဏ်မိုးသောက်လုနီးနီးအချိန်တွင် တောင်ရိုးတောင်တန်းကြီး
တစ်ခု၏ခြေရင်းသို့ ရောက်ရှိလာတော့၏။

ဖုန်းဆိုးမြေများ၊ ဆူးချုံနွယ်များ၊ တောင်မြင့်ချောက်
ကမ်းပါးများ ထူပြောလှသည့် တောလမ်းခရီးကြမ်းကို ဖြတ်သန်း
လာရသဖြင့် နုနယ်လှသော စုနန္ဒီမှာ ပင်ပန်းနွမ်းလျလွန်းသော
ကြောင့် မင်းဇေယျာကို ကျောမှီကာ အိပ်ပျော်သွားရာတော့၏

မင်းဇေယျာမှာ ပူပူနွေးနွေးချစ်သူလေး၏ ကိုယ်လုံးအိ
လေးကို ဝဲဘက်လက်ဖြင့် ထွေးဖက်ထားကာ မြင်းကို အသာ
နှင်နေရသည့်အခိုက်ဝယ် ချစ်သူလေး သူနှင့်အတူ ချစ်ကျွ
တည်ဆောက်ရန် လိုက်ပါလာပြီဟူသော အတွေးကြောင့် ရင်
ဖော်မပြနိုင်လောက်အောင် ကြည်နူးချမ်းမြေ့နေရသော်လည်း
အပျိုစင်မလေး၏ အထိအတွေ့ကြောင့်မူ သူ့ရင်၌ အရိုင်းစိုင်း
များ ဝင်ခြင်းမရှိချေ။

တကယ်တော့ သူသည် စုနန္ဒီအား တပ်မက်စိတ်ဖြ
ချစ်ခြင်းမဟုတ်။ မြတ်နိုးတန်ဖိုးထားစိတ်ဖြင့် ချစ်ခဲ့ခြင်းသ





ဖြစ်ပါသည်။

သို့ကြောင့်လည်း ချစ်သူလေးကို ထွေးဖက်ဖေးမ,ထား
ရစဉ်ဝယ် သူ၏သွေးသားတို့ လှုပ်ရှားဆူပွက်ခြင်း မဖြစ်မူဘဲ
နှင်ဝယ် ကြည်နူးစိတ်တို့သာ ဆွတ်ပျံ့လျက်ရှိတော့၏။

သို့ဖြင့် နံနက်ဝေလီဝေလင်းအချိန် မြူတို့ ဖွဲဖွဲဆုပ်ဆုပ်
ကျလာစဉ်ဝယ် စုနန္ဒီသည် အိပ်ပျော်နေရာမှ နိုးထလာပြီး ခိုက်
ခိုက်တုန်အောင် ချမ်းနေရာတော့သည်။

သူမသည် အနွေးထည်ဝတ်လာသော်လည်း လေစိမ်း
များတိုက်ခတ်နေသဖြင့် ချမ်းခိုက်ခိုက်တုန်ကာ မင်းဇေယျာကို
သာ ထွေးဖက်ထားရှာလေ၏။

"ချမ်း ချမ်းလိုက်တာကိုယ်ရယ်"

"ဟုတ်တယ် နန္ဒီ ...မိုးလင်းခါနီးမှ နှင်းတွေက
အားကျလာတာ၊ လေတွေလည်း ပိုတိုက်လာတယ်၊ ဟင်..
နန္ဒီ့ရဲ့ကိုယ်တွေ ပူနေပါလား၊ အို ... နုတ်ခမ်းလေးတွေတောင်
ပြာလို့"

မင်းဇေယျာမှာ ချစ်သူလေးအတွက် လွန်စွာ စိုးရိမ်
သွားတော့၏။

"ဒီအတိုင်း ဆက်သွားနေလို့ မဖြစ်ဘူး၊ လေကွယ်ရာ

အရပ် ရှာမှပဲ''

မင်းဇေယျာသည် တောင်ရိုးတောင်တန်း၏အခြေ
ကပ်ကာ မြင်းကို ဇက်သတ်ရပ်လိုက်လေသည်။

ပြီးနောက် သူက ချစ်သူလေးကို မြင်းပေါ်မှ ပွေ့ချ

. . .

''ကဲ တိမ်ညိုရေ . . . မင်းရဲ့တာဝန် ကျေပါပြီ
မင်းရဲ့သခင်ကြီးဆီ ပြန်နိုင်ပါပြီ၊ မင်းကို မလွှဲရှောင်သာလို့ စီး
လာရပေမယ့် ငါဟာ မြင်းသူခိုး မဟုတ်ပါဘူးကွာ၊ တော်
မင်းကိုပါ ထပ်ခိုးသွားတယ်လို့ ဦးရီးတို့ ဒေါ်လေးတို့က
စွပ်စွဲနေပါဦးမယ်၊ ကဲ . . . ကျေးဇူးပဲ သူငယ်ချင်းရေ၊ သွား
တော့ ပြန်ပေတော့''

ဟု ပါးစပ်ကပြောရင်း မြင်းညိုကြီးကို မြောက်အရပ်
ဦးတည်ကာ တင်ပါးအား လက်ဖဝါးဖြင့် ပုတ်လိုက်ရာ မြင်း
ကြီး တိမ်ညိုလည်း မင်းဇေယျာ၏စကားကို နားလည်ဟန်
ပတပ်ရပ်လိုက်လျက် အသံကုန်ဟီလိုက်ပြီးနောက် မြောက်
အရပ်ဆီသို့ ဦးတည်ကာ အသားကျ ခရီးနှင်သွားပါ
သတည်း။

✡ ✡ ✡





## လျှို့ဝှက်ရန်စွယ်

မင်းဇေယျာသည် စုနန္ဒီအား ပွေ့ချီကာ တောင်ရိုး
တောင်တန်း၏တောင်ခြေတစ်လျှောက် တရွေ့ရွေ့ လျှောက်လာ
ရင်း ဖွဲဖွဲဆုပ်ဆုပ် ကျနေသည့် နှင်းမိုး၏ဒဏ်မှ အကာအကွယ်
ရနိုင်မည့်နေရာကို ရှာဖွေလျက် ရှိလေ၏။

''အင်း . . . လေက မြောက်ဘက်ကတိုက်နေတာပဲ''

သူက ပေနှစ်ဆယ်ကျော်ခန့်မြင့်သော ကျောက်တုံး
ကျောက်ဆောင်ကြီး၏ တောင်ဘက်ခြေရင်းတွင် စုနန္ဒီအား
ပြည်းညင်းစွာချကာ ခေတ္တအနားယူလိုက်လေသည်။

မိုးလင်းခါမှ နှင်းမိုးတို့က ပိုကျလာပြီး အေးစိမ့်လှသည့်

မြောက်လေကြမ်းက ဝေ့ကာဝေ့ကာ တိုက်ခတ်လျက်ရှိလေ၏ နှင်းထုက သိပ်သည်းလွန်းသဖြင့် ရှေ့ဆယ်ပေကျော် ဆယ့်ငါးပေ ခန့်ဆိုလျှင် မမြင်ရတော့ချေ။

စုနန္ဒီကား အဖျားတက်လျက် သတိပင်မေ့သွားချေ တည်း။

"ဟာ ... နန္ဒီ နန္ဒီ"

တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူပြီး ပျော့ခွေကျကာ သတိလစ်နေသည့် ချစ်သူလေးကို စိုးရိမ်တကြီး ပွေ့ပိုက်ထားရင်း ပါးချင်းအပ်ထားရာမှ ချစ်သူလေးကို သနားလွန်းသဖြင့် သူ၏ မျက်ဝန်းတို့တွင် မျက်ရည်စို့လာတော့သည်။

"နန္ဒီလေးရယ် ... နန္ဒီလေး ကိုယ့်နောက်ကို လိုက်လာ လို့ အခုလိုဖြစ်တာ၊ ဖြစ်ရလေ နန္ဒီလေးရယ်"

သူက ပါးစပ်မှ တတွတ်တွတ်ရွတ်ကာ ချစ်သူလေး၏ ပါးချင်းအပ်လျက် ကျစ်ကျစ်ပါအောင် ထွေးဖက်ထားရုံမှလွဲ၍ ဘာမျှ မလုပ်တတ်တော့ပေ။

သူက ဆေးဝါးအကြောင်း နားမလည်သလို စုနန္ဒီ သင့် ရအောင်လည်း မလုပ်တတ်၊ အဖျားကျအောင်လည်း မည်သို့ လုပ်ရမှန်း မသိချေ။





"နန္ဒီလေးရယ် ... ဒုက္ခပါပဲ၊ နန္ဒီလေးသာ တစ်ခုခုဖြစ် သွားရင်တော့ ဒုက္ခပဲ၊ ဘုရားကယ်ပါ ... နတ်ကောင်းနတ်မြတ် များ မစကူညီပါခင်ဗျာ၊ နန္ဒီလေး ဘာမှမဖြစ်ပါစေနဲ့၊ ဘာမှ မဖြစ်ပါစေနဲ့"

သူက အရူးတစ်ယောက်နှယ် တတွတ်တွတ် ရေရွတ် ရင်း ပါးပြင်ထက်သို့ မျက်ရည်များ စီးကျလာစဉ် နှင်းထုတို့သည် တဖြည်းဖြည်းပါးလျသွားပြီး မြင်ကွင်းတို့က တစ်စ တစ်စ ကြည် လင်စပြုလာ၏။

ထိုအခါ ကိုက်တစ်ရာခန့်အကွာရှိ ရှေ့တောင်စောင်း အတိုင်း တောင်ပေါ်သို့ တရွေ့ရွေ့တက်နေသည့် အဝတ်ဖြူဖြူ ဝတ်ထားသော လူသားတစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရ တော့သည်။ မင်းဇေယျာလည်း လှိုက်ခနဲ ဝမ်းသာသွားပြီး ...

"ဟာ ... အဝတ်ဖြူဖြူ ခေါင်းတုံးပြောင်ပြောင်နဲ့ ဘိုး သူတော်ကြီးတစ်ဦးပါလား၊ သူ့ဆီမှာ အကူအညီတောင်းကြည့်မှ ပဲ"

မင်းဇေယျာသည် ကျောက်တုံးကျောက်ဆောင်ကြီး၏ ခြေရင်းမှာပင် စုနန္ဒီအား အသာချထားကာ ရှေ့တောင်စောင်းဆီ ပြေးတော့၏။

"ဘိုး ဘိုးသူတော်ကြီးခင်ဗျာ"

တောင်စောင်းအတိုင်း ပြေးတက်ရင်း အမောတကော ဟစ်ခေါ်လိုက်ရာ ဘိုးသူတော်ကြီးက ကြားသွားဟန်ဖြင့် လှမ်းလက်စခြေလှမ်းကို ရပ်ပြီး လှည့်ကြည့်လေ၏။

ရှမ်းလွယ်အိတ်ကြီး စလွယ်သိုင်းလွယ်ထားသည့် ဘိုးသူတော်ကြီးကား ဖြူဖြူဝဝကြီးဖြစ်ပြီး အသက် ၅၀ ခန့်ရှိကာ မျက်နှာပြည့်ပြည့်ဝိုင်းဝိုင်းကြီးက သဘောမနောကောင်းဟန် ပေါ်လွင်နေသဖြင့် မင်းဇေယျာမှာ လွန်စွာ အားတက်သွားတော့သည်။

"ဟဲ့ သူငယ် ... ဘာတုံးကွဲ့၊ ဘယ်လိုကိစ္စနဲ့ ဒီတောထဲ ရောက်နေရတာလဲ"

"ကျွန်တော့်နာမည်က မင်းဇေယျာပါ ခင်ဗျာ၊ ကျွန်တော် မိန်းမခိုးလာတာပါ၊ အဲဒါ ကျွန်တော့်မိန်းမဟာ လမ်းခရီးမှာပဲ အဖျားတက်ပြီး သတိလစ်နေလို့ပါ၊ ကျွန်တော်တို့မှာ ဘာဆေးဝါးမှလည်း မပါပါဘူး။ ကူညီနိုင်ရင် ကူညီပေးပါ ဦးသူတော်ကြီးရယ်"

မင်းဇေယျာက လက်အုပ်ချီလျက် တောင်းပန်လေရာ ဘိုးသူတော်ကြီးက မျှော့ကြီးနှစ်ကောင်နှင့်တူသော မျက်ခုံးမွေး





မည်းမည်းကြီးတို့ကို ပင့်လျက်စူးစိုက်ကြည့်လိုက်ရင်း ...

"ဩော် ... ကလေးမ ဒုက္ခရောက်လာလို့ပေါ့၊ အင်း ... မောင်ရင်လေးရဲ့ဘဝကလည်း သမုဒယသစ္စာမှ မစရသေးဘူး။ ဒုက္ခသစ္စာနဲ့ စတိုးဆိုသလို ဖြစ်နေတာပါလား။ ကဲ ကဲ ... ဘယ်မှာလဲ မင်းရဲ့မိန်းကလေး"

"ဟောဟိုက ကျောက်တုံးကြီးဘေးမှာ ချထားခဲ့ပါတယ် ခင်ဗျာ"

"ကဲ ကဲ ... ကျုပ်လိုက်ကြည့်ပေးမယ်"

မင်းဇေယျာလည်း ဘိုးသူတော်ကြီးအား ကျောက်တုံးကြီးဆီသို့ ခေါ်ဆောင်လာခဲ့ရာ ကျောက်တုံးကြီး၏တောင်ဘက်ခြေရင်းသို့အရောက်ဝယ် ကျောက်တုံးငယ်တို့နှင့် မြက်ပင်များအကြား ပက်လက်ကလေးလဲကျနေသည့် စုနန္ဒီကို ဘိုးသူတော်ကြီးက မှဆိုးဒူးထောက်ထိုင်လျက် ကြည့်ရှုစစ်ဆေးခြင်းပြုလေ၏။

"အင်း ... အသားတွေ အေးစက်ပြာနှမ်းပြီး သွေးအတော်ဆုတ်နေပြီပဲ၊ သူလေးမှာ နှလုံးအားနည်းတဲ့ရောဂါအခံရှိပုံရတယ်၊ ဆေးဝါးမကုနိုင်ရင်တော့ နာရီပိုင်းအတွင်း အသက်ဆုံးပါးသွားတော့မယ်"

ဘိုးသူတော်ကြီး၏စကားကြောင့် မင်းဇေယျာမှာ ဦး

ခေါင်းကို မိုးကြိုးပစ်ခွင်းသလို ခံစားလိုက်ရလေ၏။

"ဗျာ ... နန္ဒီ နန္ဒီ အသက်ဆုံးသွားနိုင်တယ်၊ ဟုတ်ဟုတ်လား ဦးသူတော်ကြီး"

"ကဲပါလေ ... အိုးနှင်းခွက်နှင်း ဘိုးသူတော်ကြီးနဲ့ တွေ့ရင် သိကြားမင်းနဲ့ တွေ့သလိုပဲလို့သာ မှတ်လိုက်ပေတော့၊ သူကလေးကို ပွေ့မပြီး ကျုပ်ရဲ့နောက် လိုက်ခဲ့ပေတော့"

ဘိုးသူတော်ကြီးက အပြီးမပျက်ပြောရင်း တောင်စောင်းဘက်ထွက်သွားရာ မင်းဇေယျာလည်း စုနန္ဒီကို ပွေ့မ,ယူလျက် ဘိုးသူတော်ကြီး၏နောက်မှ လိုက်ရလေ၏။

တောင်စောင်းလေးအတိုင်း ကွေ့ပတ်ကာ တက်ခဲ့ရာ ဆယ့်ငါးမိနစ်ခန့် တက်မိလေလျှင် တောင်ခါးပန်းတစ်ခုအပေါ်သို့ ရောက်ရှိသွားပြီး ယင်းတောင်ခါးပန်းပေါ်မှ တောင်နံရံတစ်နေရာ၌ ထုံးကျောက်ဂူကြီးတစ်လုံးကို တွေ့ရလေ၏။

ဘိုးသူတော်ကြီးက ယင်းဂူကြီးထဲသို့ ဦးဆောင်ဝင်သွားပြီးလျှင် စုနန္ဒီအား ဂူကြီး၏အလယ်နားရှိ ကျောက်ဖျာပေါ်တွင် ပက်လက်အနေအထားဖြင့် ထားရှိစေလိုက်လေသည်။

ထို့နောက် ဂူအပြင်ဘက်ရှိ ထင်းခြောက်အချို့ကို ရှာဖွေနိုင်းပြီး ကျောက်ဖျာနှင့်နှစ်လံမျှအကွာတွင် ထင်းတို့ကို ဆိုင်လျက်





နတ်သမီးမီးခြစ်ဖြင့် ခြစ်ကာ မီးမွှေးစေလေ၏။

မီးဖို၏မီးအရှိန်ကောင်းလာသည်တွင် အေးစိမ့်နေသော ထုံးကျောက်ဂူကြီးထဲတွင် နွေးထွေးလာလေသည်။

ဘိုးသူတော်ကြီးသည် ဂူနံရံရှိ ကျောက်စင်မြင့်တစ်ခုပေါ်မှ ယွန်းဘူးလေးတစ်ဘူးကို အခြားယွန်းဘူးတို့အကြားမှ ယူလိုက်ပြီး ဘူးကိုဖွင့်ကာ အထဲမှ သစ်မြစ်လိုလို လက်တစ်ညှိုးခန့်ရှိ ညိုညိုမည်းမည်းအရာတစ်ခုကို ထုတ်ယူလိုက်လေသည်။

ယင်းသစ်မြစ်ကို ကျောက်ပျဉ်ငယ်တစ်ခုတွင် ရေအနည်းငယ်နှင့် သွေးလိုက်ရာ နီညိုရောင်အရည်များ ရလာတော့၏။

ထိုဆေးရည်တို့ကို ကျောက်ခွက်ငယ်တစ်ခုတွင် ထည့်ပြီး စုနန္ဒီ၏ နှုတ်ခမ်းနှစ်လွှာအကြားသို့ ဆေးရည်တစ်စက်တစ်စက် ချပေးလေ၏။

ခဏအကြာတွင် စုနန္ဒီသည် တစ်ချက်ညည်းလိုက်ပြီး နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်ကာ ခပ်ဟဟဖြစ်လာတော့သည်။

ထိုအခါ ဘိုးသူတော်ကြီးက ဆေးရည်တို့ကို ပိုမိုထည့်ပေးရာ စုနန္ဒီသည် အနည်းငယ်လှုပ်ရှားလူးလွန့်လာပြီး နှုတ်ခမ်းတို့ကို လျှာဖြင့် သိမ်းသပ်လာလေ၏။

ခဏအကြာ၌မူ သူမသည် မျက်လုံးလေးများ ပွင့်စပြုလာပြီး မျက်တောင်လေးများ ခတ်လာတော့သည်။

"နန္ဒီ နန္ဒီ ... သတိရလာပြီလားဟင် ... နန္ဒီ"

"အင်း ... ဟင်း ဟင်း ဟင်း"

စောစောက သွေးဆုတ်ကာ ဖြူဖျော့နေသော လှပသည့် မျက်နှာလေးမှာ ပန်းသွေးရောင်တောက်လာကာ ခန္ဓာကိုယ်သည်လည်း သွေးလည်ပတ်မှုမှန်လျက် နွေးထွေးလာတော့၏။

ဘိုးသူတော်ကြီးက မင်းဧယျာအား ပြုံးပြုံးကြီးကြည့်လိုက်ပြီး ...

"မပူနဲ့တော့ ကောင်လေး ... မင်းရဲ့ကောင်မလေးက ရှိက်သတ်မှပဲ သေတော့မှာ"

ဟုပြောကာ ယွန်းကွမ်းအစ်ပေါင်းကြီးထဲမှ ကွမ်းတစ်ယာ ထုတ်ယာလျက် တမြုံ့မြုံ့နှင့် ဝါးနေပါတော့သတည်း။

✡

ဘိုးသူတော်ကြီး ချက်ပြုတ်ကျွေးမွေးသည့် ထမင်း၊





သက်သတ်လွတ်ဟင်းနှင့် သစ်သီးမျိုးစုံ အာဟာရကို စားရသဖြင့်လည်းကောင်း၊ ဆေးဝါးသောက်ရသဖြင့် လည်းကောင်း ဝုန္နီမှာ ကောင်းစွာကျန်းမာ အားပြည့်လာသည့်နောက် နှစ်ရက်မြောက်နေ့ နံနက်တွင် ဂူကြီး၏အပြင်ဘက်၌ နေပူဆာလှုံရင်း စကားစမြည် ပြောဖြစ်ကြလေ၏။

"နန္ဒီရဲ့အသက်ကို ကယ်ခဲ့တဲ့အတွက် သိပ်ကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ဟုတ်ပါတယ်ရှင် ... နန္ဒီကလည်း ကျေးဇူးတင်လှပါတယ်"

"ဒါထက် ကျွန်တော်တို့ရဲ့အကြောင်းကိုတော့ ပြောပြခဲ့ပြီးပြီ၊ ဦးသူတော်ကြီးကရော ဒီတောတောင်ထဲမှာ တစ်ဦးတည်းနေထိုင်တာလား ခင်ဗျ၊ ပြီးတော့ ဦးသူတော်ကြီးရဲ့နာမည်ကိုလည်း သိပါရစေခင်ဗျာ"

"အိမ်း ... ကျုပ်က ခြေသလုံးအိမ်တိုင်သမားကွဲ၊ လူဝတ်ကြောင်လည်း မက, ရသေ့ရဟန်း သူတော်စင်လည်း မကျတဲ့ ဘိုးသူတော်ဘဝကို ခံယူပြီးချိန် အသက်နှစ်ဆယ်လောက်ကတည်းက နေရာဒေသအနှံ့ လျှောက်သွားပြီး လောကီအတတ်ပညာပေါင်းစုံကို သင်ယူဆည်းပူးခဲ့သလို လောကုတ္တရာကျင့်စဉ်

တွေကိုလည်း ကျင့်ခဲ့တယ်ပေါ့ကွယ်၊ ဒီတော ဒီတောင်ထဲမှာ ကေစာရီကျင့်ရင်း မိုးတွင်းနေထိုင်တုန်း မောင်ရင်လေးတို့နဲ့ တွေ့တာပဲကွဲ့၊ ကျုပ်ရဲ့ ဘိုးသူတော်အမည်ကတော့ တိက္ခလို့ ခေါ်တယ်ကွဲ့၊ ဒါပေမဲ့ ရင်းနှီးတဲ့သူတွေကတော့ အကြောင်းသိချင်းမို့ အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးလို့ခေါ်ကြတယ်ပေါ့ကွယ် ...ဟဲ ဟဲ ဟဲ''

''ဘာဖြစ်လို့ အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးလို့ ခေါ်ကြတာလဲ ခင်ဗျ၊ ဦးသူတော်ကြီးကြည့်တော့လည်း တကယ့်ကို ဣန္ဒြေသိက္ခာအပြည့်နဲ့ တည်တည်ငြိမ်ငြိမ်ကြီးပါ၊ သမာဓိအားကောင်းမယ့်ပုံပါ ခင်ဗျ''

၎င်းတွင် ဘိုးသူတော်ကြီးက အားပါးတရ ပြုံးလိုက်ပြီး

''အိမ်း ...သူစိမ်းတရံစာတွေနဲ့ ဆိုရင်တော့ ကျုပ်က တည်တည်ငြိမ်ငြိမ်ပဲ ဆက်ဆံတတ်တယ်ကွဲ့၊ ရင်းနှီးခင်မင်မှု သူတွေနဲ့ကျတော့ ကျုပ်ဆက်ဆံချင်သလိုဆက်ဆံ, ပြောချင်သလို ပြော, နေချင်သလိုနေတာကွဲ့၊ ကျုပ်ကြောင့် ချောက်ကျသွားပြီး အိုးနင်းခွက်နင်းဖြစ်သွားသူတွေ များလှပေါ့ကွဲ့၊ ဒါကြောင့် ကျုပ်ကို အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးလို့ ခေါ်ကြတာကွဲ့ ...ဟဲ ဟဲ ဟဲ''





ယင်းသို့ စကားကောင်းနေကြစဉ် သူတို့ထိုင်နေရာ ကျောက်ဂူအရှေ့နှင့် ကိုက်အနည်းငယ်အကွာရှိ တောင်ခါးပန်း အစပ်၌ ပေါက်နေသည့် သစ်အယ်ပင်ကြီးဆီသို့ ဘိုးသူတော်ကြီး ၏မျက်လုံး ရောက်ရှိသွားသည်တွင် ...

''ဟင်''

ဘိုးသူတော်ကြီးသည် သူ၏ ဝဝဖိုင့်ဖိုင့် ကိုယ်လုံးကြီးနှင့် လိုက်ဖက်အောင် လျင်မြန်ဖျတ်လတ်စွာ ခုန်ထလိုက်ရာ မင်း ဒေယျာတို့လည်း လန့်ဖျပ်သွားကြတော့၏။

''ဘာ ...ဘာလဲ ဦးသူတော်ကြီး''

''ဟို ...သစ်အယ်ပင်ကြီးက သစ်ရွက်လှုပ်သွားတာ ငုံ့လိုက်တယ်ကွ၊ အတော်လျင်တဲ့အကောင်၊ ထလည်းကြည့် လိုက်ရော အောက်ဘက်က ကျောက်တုံးဆီ မျောက်တစ်ကောင် သို့ ခုန်ကူးပြီး ရောက်သွားပြီ''

''ဟာ ...ကျွန် ကျွန်တော်တို့ဖြင့် ဘာမှမတွေ့လိုက်ရပါ လား ဦးသူတော်ကြီး''

''အေး ...အဲဒီကောင်က တော်တော်လျှင်တယ်ကွ၊ ကျုပ် ဒီဂူဒီတောင်မှာနေလာတာ သုံးလရှိပြီကွဲ့၊ ဒါမျိုး ဒီတစ်ခါပဲ ကြုံဖူးတော့တယ်''

ခု နစ် စဉ် ကြယ် တာ ပေ

ဤတွင် စုနန္ဒီက မျက်နှာအပျက်ပျက်ဖြင့် ဝင်ပြောသ
သည်။

"နန္ဒီ ... နန္ဒီတို့နဲ့ ပတ်သက်နေမယ်ထင်တယ်၊ နန္ဒီ
ရဲ့နောက်ကို နောက်ယောင်ခံလိုက်ဖို့ ဖေဖေလွှတ်ထားတဲ့ လူမှ
လားပဲ"

ဘိုးသူတော်ကြီးက မျက်မှောင်ကိုကြုတ်ကာ အတန်ကြ
စဉ်းစားသလိုလုပ်ရင်း တောတောင်အနှံ့သို့ မျက်လုံးပြူးပြူးကြ
များဖြင့် ဝေ့ဝဲအကဲခတ်နေလေ၏။ ထို့နောက်တွင်မှ သက်ပြင်းကြ
ချလိုက်တော့၏။

"ကဲ ကဲ ... လာကြ၊ ဂူထဲဝင်ကြမယ်၊ မောင်ရင်တို့
ပြောစရာရှိတယ်"

သူတို့သုံးဦး ဂူကြီးထဲ ပြန်ဝင်ခဲ့ကြပြီးနောက် ဘိုးသူတော
ကြီးက ကျောက်ဖျာပေါ်တွင် တင်ပျဉ်ခွေထိုင်ရင်း အလေးအန
ပြောလေသည်။

"မင်းတို့ရဲ့ပြောပြချက်အရဆိုရင် မင်းတို့ချစ်သူ
ယောက်ရဲ့နောက်ကို အန္တရာယ်လိုက်နေဆဲ ဖြစ်ပုံရတယ်ကွ
နန္ဒီရဲ့အဖေဟာ ငွေခွန်မှူးကြီးဆိုတော့ သူ့နယ်မှာတော့ သူ့ဩ
အတော်ကြီးမှာ အမှန်ပဲ၊ သူ့ရဲ့ တစ်ဦးတည်းသော သမီး





မင်းက ခိုးပြေးလာတဲ့အပြင် သူ့ဘဝ တိုးတက်ရာတိုးတက်
ကြောင်းအတွက် ရည်မှန်းပြီးမွေးထားတဲ့ မြင်းဖြူကြီးကိုလည်း
မင်းကြောင့်ဆုံးရှုံးရတယ်လို့ ယူဆနေလေတော့ မင်းရဲ့ယောက္ခမ
ငွေခွန်မှူးကြီးဟာ ကမ္ဘာမကြေဖြစ်ပြီး သူ့လူတွေကို နည်းပေါင်းစုံ
နဲ့ မင်းတို့ရဲ့နောက် ခြေရာခံလိုက်နိုင်းနေမှာပဲ ...၊

အဲဒီလို အငြိုးတကြီး လိုက်နိုင်းတဲ့သူတွေအထဲမှာ စွမ်း
ရည်ထက်မြက်တဲ့သူတွေ ပါလာနိုင်တယ်၊ စောစောက ကျုပ်တို့
ကို ချောင်းမြောင်းကြည့်ရှုနေခဲ့သူဟာ အံ့ဩလောက်အောင် စွမ်း
ရည်ထက်မြက်သူပဲ၊ အခွင့်အရေးမရလို့ အန္တရာယ်တစ်ခုခု မပြု
သွားနိုင်တာပဲ ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် မင်းတို့ချစ်သူနှစ်ဦးအတွက်
အန္တရာယ်ကြီးနေမှာတော့ အမှန်ပဲ"

"ဟုတ်နိုင်တယ် ကို၊ ဖေဖေဟာ စိတ်ကောင်းရှိသ
လောက် စိတ်ကြီးတယ်၊ အာဃာတဒေါသကြီးတတ်တယ်"

"ဟုတ်ပါတယ် ... ငွေရော အာဏာရောရှိတော့ ဦးရိုး
ဟာ လုပ်ဆောင်နိုင်စွမ်း အများကြီးရှိတယ်၊ ဘာပဲဖြစ်ဖြစ် ကြုံလာ
မယ့်အန္တရာယ်တွေအတွက် ကိုယ်မကြောက်ပါဘူး နန္ဒီ၊ နန္ဒီသာ
ကိုယ့်အတွက်နဲ့ ဘေးဒုက္ခဆင်းရဲခြင်းမျိုးစုံ ကြုံတွေ့ခံစားနေရမှာ
ကို စိတ်ပူမိတာပါ၊ စိတ်မကောင်းဖြစ်မိနေတာပါ၊ အခုအချိန်မှာ

တော့ နန္ဒီ့ကို ဦးရီးတို့လက်ထဲ ပြန်ထည့်လို့လည်း မဖြစ်နိုင်တော့ဘူး''

''အို … နန္ဒီကလည်း ကိုကိုစွန့်ခွာပြီး ဖေဖေတို့ဆီ ပြန်မသွားနိုင်ပါဘူး။ ဘာလဲ … ကိုက နန္ဒီ့ကိုစိတ်ပျက်ပြီး စွန့်ခွာချင်နေပြီလား''

ပြောရင်း စုနန္ဒီမှာ ငိုသံလေးပါလာရာ မင်းဇေယျာက သူမ၏လက်မောင်းအိုးလေးနှစ်ဖက်ကို ကပျာကသီဆုပ်ကိုင်ရင်း

''အာ … ဒီလိုသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး နန္ဒီ၊ ကိုယ်ဟာ ယောကျ်ားပါ၊ ယောကျ်ားကတိ အသက်ပေးပြီး တည်စေရမယ် နန္ဒီ၊ နန္ဒီ့အပေါ် ကိုယ် သစ္စာ ဘယ်တော့မှမပျက်စေရဘူး။ နန္ဒီ့ကို ရိုးမြေကျပေါင်းပါ့မယ်လို့ ကိုယ်ပေးထားတဲ့ကတိ ဘယ်တော့မှ မပျက်စေရဘူး။ ကိုယ့်ကိုပြန်ချစ်မိတဲ့အတွက် နန္ဒီ ခုလို ဘေးဒုက္ခဆင်းရဲမှုတွေ ကြုံနေရတာကိုပဲ ကိုယ် စိတ်မကောင်းဖြစ်မိတာပါ''

''နန္ဒီလည်း ကိုအတွက်ဆို အရာရာရင်ဆိုင်ဝံ့ပါတယ် နန္ဒီ့အတွက် ဘာမှ စိတ်မကောင်းမဖြစ်နဲ့၊ ကိုအတွက် နန္ဒီ့ရဲ့ အသက်ကို ပေးလိုက်ရရင်လည်း စိတ်မကောင်းမဖြစ်နဲ့''

ချစ်သူနှစ်ဦး အပြန်အလှန် သစ္စာထားစကားပြောနေကြ





သည်ကို ကွမ်းတမြုံ့မြုံ့ဝါးရင်း ဆိတ်ငြိမ်စွာ နားထောင်နေသည့် ဘိုးသူတော်ကြီးက မိန့်မိန့်ကြီးပြုံးလိုက်ပြီး …

''အင်း … မင်းတို့ချစ်သူနှစ်ယောက်ဟာ အချစ်ကြီးတဲ့နေရာ, ချစ်သူအပေါ် သစ္စာရှိတဲ့နေရာမှာ ပြိုင်စံရှားတဲ့ လွန်းကြင်ငှက် မောင်နှံလိုပါပဲလားကွဲ့၊ လွန်းကြင်ငှက်မောင်နှံဟာ တစ်ဦးအပေါ်တစ်ဦး ဘယ်လောက်အသက်ပေးပြီး ချစ်ကြသလဲဆိုရင် ငှက်ခတ်သမားရဲ့လက်ချက်ကြောင့် ငှက်မ,သေသွားရင် ငှက်ဖိုဟာ ဟိုးမိုးကောင်းကင်အပေါ် ပျံတက်ပြီးမှ မြေပြင်ဆီ တစ်ဟုန်ထိုးထိုးဆင်းလို့ လိုက်သေသတဲ့၊ ငှက်ဖိုသေသွားရင်လည်း ငှက်မက အဲဒီနည်းအတိုင်း လိုက်သေတာပဲတဲ့၊ အဲဒီလောက် အသက်ပေး ချစ်ကြတာတဲ့ကွဲ့''

''ဟုတ်ကဲ့ … ကျွန်တော်တို့ချစ်သူနှစ်ဦးဟာ လွန်းကြင်ငှက်တွေလိုပါပဲ၊ တစ်ယောက်ကိုတစ်ယောက် အသက်ပေးပြီး ချစ်ကြမှာပါ ခင်ဗျာ''

ဘိုးသူတော်ကြီးက သဘောကျစွာ ရယ်လိုက်သည်။

''ဟင်း ဟင်း ဟင်း … အေးပါကွယ်၊ မင်းတို့ရဲ့အချစ်ကို ယုံပါတယ်၊ ဒါပေမဲ့ အနာဂတ်ကံကြမ္မာဆိုတာ ယုံလို့မရဘူးကွဲ့၊ တစ်ဖက်မှာ ကြီးမားတဲ့အန္တရာယ် ရှိနေတယ်၊ အဲဒီအန္တ

ရာယ်က မင်းတို့ရဲ့နောက်ကို အရိပ်လိုလိုက်နေမှာပဲ၊ ပြီးတော့ ကျုပ် တရားကျင့်နေတဲ့ ဒီဂူမှာလည်း ကိလေသာနှောင်ကြိုး ရစ်ပတ်စုဖွဲ့နေတဲ့ ချစ်သူနှစ်ဦး ရေရှည်မှီတင်းနေထိုင်ဖို့ ခွင့်မပြု နိုင်ဘူးကွဲ့ . . . ၊

ဒါကြောင့် ဒီနေ့ ဒါမှမဟုတ် မနက်ဖြန်မနက်မှာပဲ ဒီ အရပ်ဒေသကို စွန့်ခွာလို့ လွတ်ရာလွတ်ကြောင်း သွားချေတော့ ကွယ်၊ ကျုပ် နှင်တာတော့ မဟုတ်ပါဘူး''


''ဟုတ်ကဲ့ . . . ကျွန်တော် နားလည်ပါတယ် ဦးသူတော် ကြီးရယ်''

''အေး . . . ဒါပေမဲ့ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေတဲ့ မောင်ရင်တို့ကို ဒီအတိုင်း လက်လွှတ်စပယ်လည်း ကျုပ် မလွှတ် ရက်ပါဘူးကွယ်၊ ကျုပ် အဆောင်ကောင်းတစ်ခု ပေးလိုက်ပါ့ မယ်''

အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးသည် ထိုသို့ပြောပြီး နောက် နှစ်လက်မပတ်လည်ခန့် လေးထောင့်ကြေးပြားလေး တစ်ချပ်ကို သူ၏ရှမ်းလွယ်အိတ်ကြီးထဲမှ ထုတ်ကာပေးလေသည်။ မင်းဇေယျာတို့လည်း ယင်းကြေးပြားလေးကိုကြည့်လိုက်ရာ အောက်ဖော်ပြပါအတိုင်း တွေ့ရလေ၏။







''ဒါ ဒါဟာ ယတြာအဆောင်လားခင်ဗျာ''

''ယတြာ မဟုတ်ဘူးကွဲ့၊ ယန္တြလို့ခေါ်တယ်၊ ယတြာ ဆိုတာ ကံဇာတာတက်အောင် စေတီတစ်ဆူဆူရဲ့ ပြိုဟ်တိုင်တွေ မှာ စနေထောင့်၊ တနင်္ဂနွေထောင့် စတဲ့ ထောင့်တွေမှာ ဘယ် ပန်းကိုပူဇော်လိုက်ပါ၊ ရေ ဘယ်နှခွက်သပ္ပာယ်ပါ၊ ရွှေချပါ ဆိုတာမျိုး၊ ကံညံ့တာတွေပျောက်အောင် ထီးစုတ်ကို ဘယ်အရပ် မှာ စွန့်ပစ်ပါ၊ သခွားသီးကို ထက်ပိုင်းချိုးပြီး ရေမျှောလိုက်ပါ၊ ထန်းလျက်ကို ခွေးကျွေးလိုက်ပါဆိုတာမျိုးပဲကွဲ့ . . . ၊

ယန္တြဆိုတာကတော့ အဆောင်တံဆိပ်တွေပါပဲ၊ တိပက် လောကီပညာရပ်မှာ တန္တြ၊ မန္တြ၊ ယန္တြဆိုပြီး သုံးမျိုးရှိရာမှာ အခု ကျုပ်ပေးတဲ့ပုံစံတံဆိပ်လေးဟာ ယန္တြပညာမှာ ပါတယ်ကွဲ့၊

အဲဒီ ယန္တြကိုဆောင်တဲ့အခါ ကိုယ်ကျင့်တရားကောင်း ပြီး သီလစင်ကြယ်ရမယ်၊ ကိုယ်စိတ်နှုတ် သုံးပါးစလုံးနဲ့ သူတစ်

ပါး ပျက်စီးရာပျက်စီးကြောင်း ကြံစည်ခြင်း မပြုဘဲ မိမိအပေါ် ကျရောက်လာနိုင်တဲ့ အန္တရာယ်တွေကို ကာကွယ်ဖို့ အတိုက်အခံ ရန်တွေကနေ လွတ်ကင်းစေဖို့ ရည်ရွယ်ချက်မျိုးနဲ့ မိမိရဲ့ကိုယ်နဲ့ မကွာ ဆောင်ထားဖို့လိုတယ်ကွဲ့"

"ဟုတ်ကဲ့ . . . ကျွန်တော် ယုံယုံကြည်ကြည်နဲ့ ဆောင်ထားပါ့မယ် ခင်ဗျ။ ဪ . . . ဒါထက် ကျွန်တော် ကြာဖြူကို အလှူခံရပြီး အရှေ့မြင်အနောက်မြင်တောထဲမှာ တောတွင်းဂူက်ဖျားမိတုန်းက ကယ်တင်ကုသခဲ့တဲ့ ရသေ့ကြီးဦးသီလဝဟာ ကျွန်တော့်ကို သစ်စေ့လေးနှစ်စေ့ ပေးခဲ့တယ် ဦးသူတော်ကြီးရဲ့ ရသေ့ကြီးက ကျွန်တော့်ရဲ့အနာဂတ်ကာလမှာ ကျိန်းသေ အသုံးချဖို့ လိုလာလိမ့်မယ်, ဆောင်ထားပြီး ဉာဏ်ရှိသလို သုံးပါဆိုပြီး ပေးအပ်ခဲ့တာပါ၊ ဂမ္ဘီရ အထွဋ်အထိပ်နယ်မြေ ရှမ်ပဲလားဒေသကနေ ရှားရှားပါးပါးရလာတဲ့ သစ်စေ့တွေလို့ ပြောပါတယ်ခင်ဗျ တယ်လိုအသုံးပြုရမှန်း မသိပါဘူး"

"ဟေ . . . ရှမ်ပဲလားဒေသကရခဲ့တဲ့ သစ်စေ့တွေ . . . ဟုတ်လား။ ပြစမ်းပါဦးကွယ် . . . ရှမ်ပဲလားဆိုတာ ဂမ္ဘီရလောက သားတွေရဲ့ အထွဋ်အမြတ်ဒေသပဲကွဲ့၊ အင်မတန် မြင့်မြတ်တဲ့ နယ်မြေပဲပေါ့ကွယ်၊ ဂမ္ဘီရပညာကို လေ့လာလိုက်စားသူ ဘွဲ့





အတွက် အန္တိမရည်မှန်းချက်နယ်မြေပါပဲ၊ ကျုပ်တောင် မရောက်ဖူးသေးဘူး . . .၊

မောင်ရင်တွေ့ခဲ့ရတဲ့ ရသေ့ကြီးသီလဝဟာ ရှမ်ပဲလား လျှို့ဝှက်ဂမ္ဘီရနယ်မြေကိုတောင် ရောက်ခဲ့ဖူးသူဆိုတော့ ဂမ္ဘီရ ပညာရပ်မှာ အတော်အဆင့်မြင့်မားနေသူ ဖြစ်ရမယ်ကွဲ့"

အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးက တောင်းဆိုသဖြင့် မင်းဇေယျမှာလည်း သူ ကိုယ်နှင့်မကွာ သိမ်းဆည်းထားသော သစ်စေ့လေးနှစ်စေ့ကို အင်္ကျီအတွင်းအိတ်ထဲမှ ထုတ်ပြလိုက်လေသည်။

အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးသည် သစ်စေ့လေး နှစ်စေ့ကို အပြန်ပြန်အလှန်လှန် အချိန်အတော်ကြာအောင် လေ့လာကြည့်ရှုပြီးနောက် မှတ်ချက်စကားဆိုလေ၏။

"အင်း . . . တကယ့်ကို ထူးခြားဆန်းကြယ်တဲ့ သစ်စေ့ လေးတွေပဲကွဲ့၊ ကျုပ်ဟာ ရှေးဟောင်း ဟိန္ဒူ ဂန္ဓာလရာဇ် တိဗက် ရက္ခပေဒကျမ်းတွေကို နှံ့စပ်အောင် လေ့လာဖူးတယ်ကွဲ့၊ ဒီလို ဝိဉာဏအသိဒွိ သစ်စေ့မျိုးရှိကြောင်း ကျမ်းတွေထဲမှာ ပါပေမယ့် မတွေ့ဖူးဘူး။ ရသေ့ကြီးက ဘယ်လိုပြောပြီး ပေးအပ်ခဲ့တာလဲကွဲ့"

''ရသေ့ကြီးက ဟောဒီအနက်ရောင်သစ်စေ့လေးကို အမှုန့်ချေပြီး ရေဖျော်သောက်လိုက်ရင်ဖြစ်ဖြစ်, ဝါးစားပြီး မျိုချလိုက်ရင်ဖြစ်ဖြစ် လူဟာ သေသလိုဖြစ်သွားမယ်တဲ့ ဦးသူတော်ကြီးရဲ့၊ အဲ ...ဒီသစ်စေ့ဖြူဖြူလေးကို သောက်မျိုလိုက်ရင်ဖြစ်ဖြစ်, ဝါးစားရင်ဖြစ်ဖြစ် အသက်ဝိညာဉ်ပြန်ရှင်သန်လာမယ်တဲ့ဗျ''

''အင်း ...ဒါဆို ဒီသစ်စေ့တွေဟာ ဝိညာဉ်ချုပ် ဝိညာဉ်လွှင့် သစ်စေ့နဲ့ ဝိညာဉ်သွင်း ဝိညာဉ်ကပ်သစ်စေ့တွေပဲကွဲ၊ ဂမ္ဘီရလောကမှာ ဒီလိုသစ်စေ့မျိုးရှိတယ်လို့ ကြားဖူးပေမယ့် ကျုပ်လည်း ခုမှ တွေ့ဖူးတော့တယ်၊ ကဲ ကဲ ...ဒီသစ်စေ့တွေကို ပြန်သိမ်းထားလိုက်ပါကွယ်၊ ရသေ့ကြီးသီလဝ အမိန့်ရှိသလိုပဲ အခက်အခဲကြုံလာတဲ့အခါ ဉာဏ်ရှိသလိုသုံးပေတော့၊ ကျုပ်ကလည်း ဝိညာဉ်လွှင့်တဲ့အခါအသုံးပြုဖို့ ဂမ္ဘီရလိမ်းဆေးရည် ပေးလိုက်မယ်ကွဲ့''

မင်းဧယျာလည်း ဂမ္ဘီရသစ်စေ့လေးနှစ်စေ့ကို ပြန်သိမ်းထားပြီး ဘိုးသူတော်ကြီးဆီမှ လွှန်စွာမွှေးပျံ့သော လိမ်းဆေးရည်ကို ယူလိုက်ရပါတော့သတည်း။

✡ ✡ ✡



## အန္တရာယ်အရိပ်များ

နောက်နေ့နံနက်တွင်မူ မင်းဧယျာနှင့် စုနန္ဒီတို့သည် ကျေးဇူးရှင် ဘိုးသူတော်ကြီးကို ကန်တော့ပြီးလျှင် နှုတ်ဆက်ကာ တောင်ရိုးတောင်တန်း၏ အနောက်စူးစူးအရပ်ရှိ ပန်းလောင်မြစ်ဆီ ဦးတည်ခရီးနှင်ခဲ့တော့၏။

ဖုန်းဆိုးမြေ ဆူးချုံတောရိုင်းတို့ကို ကျော်ဖြတ်၍လည်းကောင်း၊ သစ်တောဝါးတောတို့ကို ဖြတ်သန်းလျှောက်လည်းကောင်း ခရီးနှင်ခဲ့ကြရာတွင် တောရိုင်းသားရဲတို့၏ရန်နှင့် နှစ်ကြိမ်တိုးခဲ့သော်လည်း အိုးနှင်းခွက်နင်းဘိုးသူတော်ကြီး ပေးအပ်လိုက်သည့် ယန္တြာ၏အစွမ်းကြောင့်လားမသိ ...ပက်ပင်းတိုးခဲ့သည့် တော

ဝက်အုပ်မှာ ဝါးတောထဲ၌ ဝါးမျှစ်နုတို့ကို တူးယက်စားသောက်နေရာမှ မင်းဗေယျာတို့ကို လှည့်၍မျှ မကြည့်ကြချေ။ ရန်ပြုဖို့မှ ဝေးစွ။

မင်းဗေယျာတို့လည်း လေအောက်အရပ်မှ ခပ်သုတ်သုတ် ဖြတ်သန်းခဲ့ရလေသည်။

ဒုတိယအကြိမ် သားရဲနှင့်တွေ့ရပုံက ပို၍ ရင်တုန်ဖွယ် ကြောက်မက်ဖွယ်ကောင်း၏။

တောစပ်အလွန်ရှိ ကိုင်းတောကြီးထဲတွင် မြေကွက်လပ်ငယ်တစ်ခုကို တွေ့ရှိသည်၌ ညအမှောင်ရောက်လုပြီဖြစ်၍ ထိုနေရာမှာပင် တစ်ညတာနားခိုရန် ဆုံးဖြတ်လိုက်ကြရလေသည်။

ထိုည၌ဦးက ယင်းကွက်လပ်မှာပင် ကိုင်းခြောက်များ ထင်းခြောက်များ စုစည်းလျက် မီးဖိုငယ်လေးဖိုကာ ညစာကို ဖြစ်သလို စားသောက်ကြပြီးနောက် ကြင်စဦးဇနီးမောင်နှံတို့မှာ အိုးနင်းခွက်နင်းဘိုးသူတော်ကြီး ပေးလိုက်သည့် သားရေခင်းကို မီးလင်းဖိုအနီးမှ မြေပြင်တွင် ခင်းလျက် လဲလျောင်းအိပ်စက်ကြရလေ၏။

သူတို့ဇနီးမောင်နှံသည် ချမ်းအေးလှသည့် ဆောင်းည၏ အအေးဒဏ်ကို ကာကွယ်ရန် အိုးနင်းခွက်နင်းဘိုးသူတော်ကြီး





ပေးလိုက်သော ဂျပ်ခုတ်စောင်လေးတစ်ထည်ကို နှစ်ယောက်ခြုံလျက် ရင်ခုန်ကြည်နူးခဲ့ကြရလေသည်။

ကောင်းကင်ပြာနက်နက်ကြီးအနှံ့ ကြယ်ရောင်စုံတို့ လင်းလက်နေသည်ကို ဇနီးမောင်နှံနှစ်ဦး ငေးမောကြည့်လျက် ည၏ရသကို ခံစားကြည်နူးနေကြစဉ် •••

'ဝေါင်း'

ခပ်လှမ်းလှမ်းရှိ တောစပ်ဆီမှ တောကောင် (ကျား) ကြီး၏ ဟိန်းသံကို ကြားလိုက်ရရာ နှစ်ဦးသား လန့်ဖျပ်သွားကြပြီး လဲလျောင်းနေရာမှ ကပျာကသီ လူးလဲထလိုက်ကြလေသည်။

"ကျား ကျားဟိန်းသံ မဟုတ်လား ကို"

"ဟုတ်တယ် နှမ်"

"အို •••ဒုက္ခပါပဲ၊ ဘုရားကယ်ပါ"

စုနန္ဒီမှာ ကြောက်ရွံ့လွန်းသဖြင့် ခန္ဓာကိုယ်လေး တဆတ်ဆတ် တုန်နေရှာပြီး မင်းဗေယျာကို ဖက်တွယ်ထားရှာလေသည်။

'ဝေါင်း'

ကျားဟိန်းသံကား တဖြည်းဖြည်းနီးလာချေပြီ။ စောစောက ညံ့စီနေသော ညဉ့်ငှက်တို့နှင့် ပုရစ်တို့၏ အော်မြည်သံတို့

သည် ရုတ်ခြည်းတိတ်ဆိတ်သွားပြီး ကိုင်းတောကြီးထဲမှ လေတိုးသံ တရှိုးရှိုးကိုသာ ကြားနေရလေသည်။

ခဏအကြာမှာပင် အဝါရောင်အောက်ခံပေါ်တွင် အနက်အစင်းစင်းနှင့် တောကောင်ကြီးသည် ကိုင်းတောထဲမှ တစ်လှမ်းချင်း တိုးထွက်လာကာ မြေကွက်လပ်ထဲ ဝင်လာတော့၏။

"အို"

နန္ဒီမှာ ခပ်တိုးတိုးလန့်အော်လိုက်ပြီး တောကောင်ကြီးကို မကြည့်ဝံ့တော့ဘဲ မင်းဗေယျာ၏ခါးကိုသာ ကျစ်ကျစ်ပါအောင် ဖက်ထားရှာလေသည်။

မင်းဗေယျာတို့မှာ တောကောင်တို့၏ရန်ကို ကာကွယ်ရန် တောလိုက်ဓားမြှောင်ပင် မပါရှိချေ။ ခြေမဲ့လက်မဲ့ ကာယ်သုမဲ့ဘဝဖြင့် ကျားစာဖြစ်ရတော့မည်လား မသိ။

ကျားကြီးကား မီးဖို၏မီးရောင်ဖြင့် မြင်တွေ့နေရသည့် မင်းဗေယျာနှင့် စုနန္ဒီတို့ကို တွေ့ရသည်၌ မီးရောင်ကြောင့် စိမ်းနေသောမျက်လုံးတို့မှာ ပိုမိုတောက်ပသွားကြကာ အာလုတ်သံကြီးဖြင့် ဟိန်းလိုက်ပြန်၏။

'ဝေါင်း'

ကျားကြီးသည် မမျှော်လင့်ထားသော သားကောင်တို့ကို





တွေ့ရသော်လည်း ရုတ်တရက် ခုန်ဝင်ကိုက်ခဲခြင်းမပြုဘဲ လူသားတို့၏အခြေအနေကို အကဲခတ်သည့်အနေဖြင့် မြေကွက်လပ်၏ အနားစပ်တစ်လျှောက် ခါးအလျားရှည်ကြီးကို နွဲ့ကာ နွဲ့ကာ လျှောက်လှမ်းလာလေတော့သည်။

မင်းဗေယျာသည် ဝဲဘက်လက်ဖြင့် စုနန္ဒီအား ထွေးဖက်ထားကာ လက်ယာလက်ဖဝါးထဲရှိ ယန္တြကြေးပြားလေးကို ကျားကြီးဘက်သို့ ထောင်ကိုင်လျက် လိုက်ကြည့်နေလေ၏။

စိတ်ထဲမှလည်း တတ်သရွေ့ မှတ်သရွေ့ ဘုရားစာများရွတ်ဖတ်ကာ တောကောင်ကြီးအား မေတ္တာအဆက်မပြတ် ပို့လေတော့သည်။

တောကောင်ကြီးမှာ အစွယ်ကြီးများဖြဲလျက် မာန်ဖီနေရာမှ တဖြည်းဖြည်းလျော့သွားပြီး ခြေလှမ်းလည်း နှေးကွေးလာလေ၏။

ခဏအကြာတွင်မူ တောကောင်ကြီးသည် မင်းဗေယျာတို့အား ဝိုင်းပတ်လျှောက်နေရာမှ ရပ်တန့်လိုက်ကာ တစ်ချက်ဟိန်းလိုက်ပြီးနောက် ကိုင်းတောကြီးထဲသို့ လွှားခနဲခုန်ဝင် ပျောက်ကွယ်သွားတော့သည်။

"အင်း ... ဘုရားတန်ခိုး, မေတ္တာရဲ့တန်ခိုးနဲ့ ယန္တြရဲ့

အစွမ်းတို့ကြောင့်လားတော့ မသိဘူး နန္ဒီရေ ... တောကောင်ကြီးရဲ့ရန်ကလည်း အံ့သြစရာကောင်းလောက်အောင် လွတ်မြောက်သွားပြီ''

''ဟုတ်တယ်နော် ... တော်ပါသေးရဲ့ ကိုရယ်''

မင်းဖေယျာအနေဖြင့် စုနန္ဒီ၏ဖခင် ဦးသာမိုင်း၏ စက်ကွင်းမှလွတ်ရန် မြန်မာပြည်အောက်ပိုင်းသို့ စုန်ဆင်းပြေးရန် စိတ်ကူးမိလေ၏။

ထို့ကြောင့် ပန်းလောင်မြစ်ကမ်းပါးရှိ ကင်းသာရွာကလေး၌ တစ်ညတာခိုနားရစဉ် အသိမိတ်ဆွေဖွဲ့ အကူအညီကောင်း တည်းခိုသည့် အိမ်ရှင်တို့အိပ်ပျော်သွားကြချိန်တွင် ဇနီးသည်လေး စုနန္ဒီအား တီးတိုးတိုင်ပင်ရလေသည်။

''နန္ဒီ ... ကိုယ်တော့ နန္ဒီ့မိဘတွေရဲ့ရန်က စိတ်ချလက်ချ လွတ်ကင်းရအောင် အောက်ပြည်အောက်ရွာဆီ စုန်ဆင်းပြေးသွားချင်တယ်ကွယ်''





''အင်း ... ဟုတ်တယ် ကို၊ အဲ ... အောက်ပြည်
ာက်ရွာဆိုလို့ ရန်ကုန်မှာတော့ နန္ဒီတို့ အမျိုးတွေရှိတယ်၊
ူတို့က ဖေဖေ မေမေတို့နဲ့ အဆက်ပြတ်နေကြတာ နှစ်ပေါင်း
တော့်ကိုကြာပြီ''

''ဟုတ်လား ... ဘယ်သူတွေလဲ နန္ဒီ''

''ဒီလို ကိုရဲ့ ... နန္ဒီရဲ့ မေမေ့ဘက်က အဘိုးဦးခွန်စက္က
ာ သီပေါဘုရင်လက်ထက်က မြေလတ်စစ်ကဲကြီးပဲ၊ အဘိုးဟာ
က်ဘွားမျိုးနွယ်က ဆင်းသက်လာတယ်လို့လည်း ပြောတယ်၊

၁၈၈၅ ခုနှစ်မှာ အထက်မြန်မာပြည်ကို အင်္ဂလိပ်အစိုး
ာ သိမ်းလိုက်တော့ အဘိုးကို မြေလတ်ဝန်အဖြစ် အင်္ဂလိပ်
ိုးရက တာဝန်ပေးတယ် ...၊

အဘိုးဟာ မြေလတ်ဝန်အဖြစ် တာဝန်ထမ်းဆောင်ရင်း
ူးလာတဲ့သမီးကို ငွေခွန်မှူးလောင်းလျာလေးဖြစ်တဲ့ ဖေဖေနဲ့
ေးစားခဲ့တယ် ...၊

အဘိုးဟာ အသက်ကြီးလာပြီးတဲ့နောက် အလုပ်ကနေ
နားယူနေတုန်း အဘွားဆုံးသွားတော့ စိတ်လေသွားခဲ့တယ်၊
င်းတယမှာ ဆက်နေလိုစိတ်လည်း မရှိတော့ဘူး ...၊

ဒါနဲ့ပဲ သမီးဖြစ်တဲ့ နန္ဒီရဲ့မေမေ့ကို အမွေခွဲပေးတန်တာ

ခွဲပေးပြီး အတွင်းပစ္စည်းရတနာထုပ်ကိုယူလို့ အောက်မြြ
အောက်ရွာကို စုန်ဆင်းသွားတော့တယ်၊ အဲဒီတုန်းက နန္ဒီဟာ
အသက် ၇ နှစ်လောက်ပဲရှိသေးတယ်၊ ဘိုးဘိုးဟာ နန္ဒီ
တစ်ဦးတည်းသောမြေးမလေးဆိုပြီး သိပ်ချစ်တာ ...၊

အောက်မြန်မာပြည်က ရန်ကုန်မှာ အဘိုးရဲ့ညီ
လင်မယားရှိတယ်လေ၊ အဘိုးရဲ့ညီမဟာ မြို့အုပ်တစ်ဦး
အကြောင်းပါပြီး နယ်အနှံ့လှျောက်ပြောင်းနေရာက သူ့ယောက်
မြို့အုပ်အလုပ်က အငြိမ်းစားယူတဲ့အခါ ရန်ကုန်မှာပဲ အခြေချနေ
တယ်လေ ...၊

အဘိုးဟာ သူ့ညီမနဲ့သွားနေရာက မကျန်းမမာဖြစ်လာ
တဲ့အခါ မေမေ့ဆီကို စာတစ်စောင် ရေးပို့ခဲ့တယ်၊ အဲဒီစာထဲမှာ
ရန်ကုန်က စမ်းချောင်းဘက်မှာ သူ အိမ်ကြီးတစ်ဆောင် ဆောက်
ပြီးနေတယ်ဆိုတဲ့အကြောင်း, သားသမီးမရှိတဲ့ သူ့ညီမ လင်
မယားဟာ သူတို့ရဲ့ ဥစ္စာစည်းစိမ်တွေအားလုံးရောင်းပြီး သူနဲ့
အတူ လာနေတဲ့အကြောင်း သူ့ညီမနဲ့ ယောက်ဖဟာ ချမ်းသာ
သမျှငွေတွေနဲ့ ကိုးထပ်ကြီးဘုရားမှာ အာရုံခံတန်ဆောင်းကြီး
ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း။ အဘိုးက သူဟာ အခု ကျန်းမာ
ရေး မကောင်းကြောင်း ...၊





တကယ်လို့ သူကွယ်လွန်သွားရင် ရန်ကုန် စမ်းချောင်း
ရပ်က နှစ်ထပ်တိုက်အိမ်ကြီးကို အမွေစားအမွေခံအဖြစ် မြေး
လေးနန္ဒီရဲ့လက်ထဲ အပ်ခဲ့ကြောင်းတို့ ရေးထားခဲ့တယ် ကိုရဲ့''

''ဟုတ်လား ...အဲဒီတော့''

''အဲဒီတော့ အဲဒီ ရန်ကုန် စမ်းချောင်းအရပ်က အိမ်
ကြီးမှာ နန္ဒီတို့ သွားနေလို့ရတယ်လေ''

''ဟင် ...နန္ဒီရဲ့အဘွားလေးတို့က နန္ဒီတို့ရဲ့မိဘတွေကို
ပြန်းအကြောင်းကြားလိုက်ရင် ဘယ်လိုလုပ်မလဲ''

''မပူပါနဲ့ကိုရယ် ...ဘွားလေးတို့လင်မယားဟာ ဘိုး
ဆုံးပြီးကတည်းက အိမ်ကြီးကို ကန်တော်ကြီးစောင်းရပ်ကွက်
ပွဲစားကြီးဦးဖြူသီးဆိုတဲ့လူကြီးလက်ထဲ အပ်ထားခဲ့ပြီး စစ်ကိုင်း
ပြောင်းလို့ ချောင်တစ်ခုမှာ ယောဂီဝတ်ပြီး တရားကျင့်နေကြပါ
လောကီကိစ္စတွေကို လုံးဝ မလုပ်ကြတော့ပါဘူး။ ဖေဖေ
မေမေတို့နဲ့လည်း အဆက်အသွယ်ပြတ်နေခဲ့တာ လေး ငါးနှစ်
ပြီ ကိုရဲ့''

''ရန်ကုန်သွားတာကတော့ ဟုတ်ပါပြီ၊ လမ်းစရိတ်တို့
စားစရိတ်တို့က ဘယ်လိုလုပ်မလဲ နန္ဒီ၊ ကိုယ်တို့မှာ ငွေမှမရှိတာ၊
လာခဲ့တဲ့လမ်းခရီးမှာလည်း ဘိုးသူတော်ကြီးပေးလိုက်တဲ့ ဆန်နဲ့

နိုက္ခာခြောက်ကိုပဲ အားပြုချက်ပြုတ်စားခဲ့ရတယ်၊ ဒီရွာရောက် တော့လည်း ဒုက္ခရောက်လာလို့ပါ ကူညီပါဆိုပြီး တောင်းပ တိုးလျှိုးတည်းခိုခဲ့ရတယ်၊ အိမ်ရှင်တွေ သဘောမနောကောင်းလို့ သာ ညစာမငတ်တာ၊ မနက်ခရီးဆက်ရင် ဘယ်လိုလုပ်ရမှန်း တောင် မသိတော့ဘူး''

''မပူပါနဲ့ ကိုရယ် . . . ပန်းလောင်မြစ်ကိုကူးဖို့ ဒီအိမ်ရှင် ဦးလေးကြီးက သူ့လှေနဲ့ လိုက်ပို့မယ်တဲ့၊ ပန်းလောင်မြစ် တစ် ဖက်ကမ်းကိုရောက်ရင် လှိုင်းတက်အထိ သွားကြမယ်၊ လှိုင်း တက်ကျရင် နန္ဒီရဲ့လက်စွပ်လေးတစ်ကွင်းရောင်းပြီး သုံးစွဲကြတာ ပေါ့ ကို၊ နန္ဒီ့မှာ ငွေမပါလာပေမယ့် ခန္ဓာကိုယ်တစ်ဆင်စာ ရွှေနဲ့ရတနာထည်တွေပါပါတယ်၊ အဲဒါတွေ ထုခွဲပြီး ခရီးဆက်ကြ တာပေါ့ ကိုရဲ့၊ ရန်ကုန်ရောက်ရင်လည်း ရင်းနှီးစားသောက်ဖို့ ရမှာပါ''

မင်းဇေယျာက သက်ပြင်းချကာ မှန်အိမ်မီးရောင် မှိန်မှိန် ဝါးအောက်မှ ဇနီးချောလေး၏ တုလွတ်ကင်းအောင်လှသော မျက်နှာလေးကို ငေးစိုက်ကြည့်ရင်း ခပ်တိုးတိုး ပြောသည်။

''နန္ဒီ သင့်တော်သလို စီမံပါတော့ကွယ်၊ ကိုယ် ရန်ကုန် ရောက်ရင် အလုပ်လုပ်ပြီး ပိုက်ဆံရှာပါ့မယ်၊ ပိုက်ဆံတွေရလာ ရင် နန္ဒီရဲ့လက်ဝတ်လက်စားတွေကို ပြန်ဝယ်ပေးပါ့မယ်ကွယ်''





''အို ကိုရယ် . . . ပစ္စည်းဥစ္စာအကြောင်း မပြောပါနဲ့၊ နန္ဒီတော့လေ ကိုနဲ့ မခွဲမခွာစတမ်း ခုလိုအတူနေရရင် ကျေနပ်နေ ပြီသားပါ၊ ကို နန္ဒီ့အပေါ် သစ္စာမဲ့မသွားဖို့ဘဲ အရေးကြီးပါတယ် ရှင်''

''ဒါတော့ စိတ်ချပါ နန္ဒီရယ်၊ ကိုယ်လေ အသက်ထက် ဆုံး နန္ဒီ့ကို သစ္စာမယွင်းမပျက်ဘဲ ချစ်သွားပါ့မယ်၊ နန္ဒီ့ကို ညှိုးမနွမ်းရအောင် စောင့်ရှောက်ပါ့မယ်၊ ကိုယ့်ကိုယုံပါ နန္ဒီ''

''ယုံပါတယ် ကိုရယ်၊ ယုံလို့လည်း ခုလို ကို့နောက်ကို ခရဲကိုးပြီး လိုက်လာခဲ့တာပေါ့''

''ဩော် . . . နန္ဒီလေးရယ်''

မင်းဇေယျာက ချစ်ဇနီးချောလေး၏ နဖူးပြင်ကို မြတ်နိုး ကြင်နာစွာ ဖွဖွမွှေးလိုက်လေသည်။

သူတို့တည်းခိုရာ တဲအိမ်ကလေး၏ အပြင်ဘက်ဝယ် ဆောင်းလေက တညင်းညင်း တိုက်ခတ်နေဆဲ . . .။

✡

ဤသို့ဖြင့် မင်းဧယျာနှင့် စုနန္ဒီတို့သည် ခြေလျင် တစ်တန်၊ ကားတစ်တန်၊ မီးရထားတစ်တန်ဖြင့် ခရီးဆက်ခဲ့ကြရာ နောက် ၂ ရက်အကြာတွင် ရန်ကုန်သို့ ရောက်ရှိခဲ့ကြတော့သည်။

စုနန္ဒီမှာ သူမ၏ဘိုးအေ ပေးပို့ခဲ့သော စာထဲ၌ ပွဲစားကြီး ဦးဖြူသီး၏လိပ်စာ ပါရာ ယင်းလိပ်စာအတိုင်း ရန်ကုန်ဘူတာကြီးမှ ကားငှားကာ ဦးဖြူသီး၏အိမ်သို့ သွားရောက်ခဲ့လေသည်။

''အင်း ... ကျုပ်ကို ဦးခွန်စက္ကာက မင်းရဲ့ဓာတ်ပုံပြဖူးပါတယ်၊ အုပ်လုံးသွင်းစဆံပင်လေးနဲ့ မင်းရဲ့ငယ်ရုပ်ကို ကျုပ်ဖမ်းမိပါတယ် စုနန္ဒီ''

ပွဲစားကြီးဦးဖြူသီးက သူမကို ဦးခွန်စက္ကာ၏မြေးမလေး စုနန္ဒီဖြစ်ကြောင်း အလွယ်တကူ အတည်ပြုလက်ခံသဖြင့် စုနန္ဒီမှာ သက်ပြင်းလေးချမိရှာသည်။

''ဦးခွန်စက္ကာက သူမသေမီ စမ်းချောင်းက အိမ်ကြီးကို မင်းရဲ့နာမည်နဲ့ လွှဲခဲ့တယ်ကွဲ၊ သူ့ရဲ့ညီမ ဒေါ်လင်းသာတို့ လင်မယားကလည်း စစ်ကိုင်းမှာ ယောဂီသွားဝတ်ပြီး အဲဒီမှာပဲ ထာဝရနေတော့မှာဆိုတော့ အိမ်ကြီးကို သူတို့မောင်နှမတွေမရှိရင် စောင့်ရှောက်ထားပါလို့ ကျုပ်ကိုမှာပြီး အပ်ခဲ့တယ်ကွဲ ...

ကျုပ်နဲ့ ဦးခွန်စက္ကာက အင်မတန်ရင်းနှီးခင်မင်တာကွဲ၊





ကျုပ် ကြီးကိုးကြီး အစိဋ္ဌာန်ဝင်တုန်းက ကိုးထပ်ကြီးဘုရားမှာ တီးသွားစိပ်ရင်း ဘုရားကိုလာတဲ့ မင်းရဲ့ဘိုးအေနဲ့ စတင်သိကျွမ်းရင်းနှီးခဲ့ကြတာပဲကွဲ၊ အဲဒါနဲ့ သူဆုံးတော့ သူ့ရဲ့ဆန္ဒအတိုင်း သူ့အိမ်ကြီးကို စောင့်ရှောက်ထားရတာပေါ့ကွယ် ...၊

ဒါပေမဲ့ ကျုပ်ကလည်း အလုပ်များသားလား ...ဒါကြောင့် အိမ်ကြီးကို မနေတာကြာရင် ပျက်စီးသွားမှာစိုးရသလို လူသူ နှစ်တွေနဲ့ချီပြီး မနေတဲ့အိမ်တို့, ဘာတို့မှာ နာနာဘာဝ, ဝိနာဘာဝတွေ ကျူးကျော်ဝင်ရောက်ကျက်စားနေထိုင်တတ်တယ်လေ ...၊

ဒါကြောင့် ကျုပ်လည်း အဲဒီအချက်နှစ်ချက်ကို ငဲ့ပြီး အိမ်ကြီးရဲ့အောက်ထပ်မှာ အိမ်ငှားတင်ထားလိုက်တယ်၊ အပေါ်ထပ်ကိုတော့ သော့ပိတ်ပြီး ဘယ်သူမှ တက်ခွင့်မပြုဘူး ...၊

ဒါပေမဲ့ အဲဒီအိမ်ကြီးမှာ သရဲခြောက်တယ်ဆိုပြီး အိမ်ငှားတွေက မနေရဲလို့ ခဏခဏပြောင်းကြတယ်ကွဲ၊ အခု နောက်ဆုံး စာရေးဆရာလင်မယားကို ငှားထားတယ်၊ စပေါ်ငွေ ယူထားပြီးပြီ၊ သူတို့ ဘယ်တော့ပြောင်းလာမလဲ မသိဘူး ...၊

အိမ်ငှားရမ်းခငွေတွေကိုတော့ မဏ္ဍလဆင့်ဘဏ်မှာ မင်းရဲ့နာမည်နဲ့ပဲ ငွေစာရင်းသွင်းပေးထားပြီးပြီ စုနန္ဒီ''

"ဟုတ်ကဲ့ . . . ကျေးဇူးတင်လှပါတယ် ဦးကြီးရယ်၊ အ အိမ်ရဲ့သော့တွေကိုပဲ ပေးပါရှင်၊ နန္ဒီတို့ အဲဒီအိမ်ကြီးမှာပဲ နေ မယ်"

"ကောင်းပြီလေ၊ ရော့ . . . အဲဒီအိမ်ကြီးရဲ့သော့တွေ"

✡

သို့ဖြင့် မင်းဇေယျာတို့ဇနီးမောင်နှံမှာ စမ်းချောင်းမှ အိမ်ကြီးဆီသို့ ရောက်ရှိသွားကြလေ၏။

အိမ်အောက်ထပ်ဝယ် အိမ်ငှားအသစ်တို့ ပြောင်းမလာသေးဘဲ လစ်လပ်လျက်ရှိရာ မင်းဇေယျာတို့က လှေကားအံ့ဖုံး ခတ်ထားသည့် သော့ကိုဖွင့်ပြီး အိမ်ပေါ်ထပ်၌ တက်နေကြလေသည်။

ယင်းအိမ်ကြီးတွင် တစ်ပတ်ကြာခန့် ပျော်ရွှင်စွာနေထိုင်ခဲ့ကြရာမှ တစ်နေ့တွင် မင်းဇေယျာသည် အိမ်ပေါ်ထပ် အနောက်ပိုင်းရှိ စတိုခန်းကို သန့်ရှင်းရေးပြုလုပ်ရင်း လျှို့ဝှက်အံ့ဖုံးတံခါးကို တွေ့ရှိခဲ့လေသည်။





ထိုလျှို့ဝှက်တံခါးပေါက်မှ ဝင်ကြည့်ကြရာ မြေအောက်လိုဏ်လမ်းသို့ ရောက်ရှိသွားလေ၏။

မင်းဇေယျာလည်း လက်နှိပ်ဓာတ်မီးအားကိုးဖြင့် လိုဏ်လမ်းအတိုင်းဆက်သွားရာ ခြံဝင်းနောက်ဘက်နားမှနေ၍ မြေပေါ်သို့ ပြန်တက်နိုင်သည့် လျှို့ဝှက်အပေါက်ကို တွေ့ခဲ့ရလေသည်။

ယင်းလျှို့ဝှက်လိုဏ်လမ်းကို ဦးခွန်စက္ကသည် ရှေးလူကြီး ဝိဝိ သူခိုးဓားပြရန်ကို ကာကွယ်ရန် လျှို့ဝှက်တည်ဆောက်ထားခဲ့ခြင်း ဖြစ်ပုံရလေ၏။

မင်းဇေယျာသည် လျှို့ဝှက်ထွက်ပေါက်ကိုတွေ့ပြီးနောက် လှေကားအံ့ဖုံးတံခါးကို အပြင်ဘက်မှ သော့ပြန်ခတ်ခဲ့လေသည်။

သို့ဖြင့် တစ်နေ့တွင် စုနန္ဒီက ပဲခူးရွှေမောဓောဘုရားသို့ သွားရောက်ဖူးမြော်ချင်သည်ဆို၍ လျှို့ဝှက်လမ်းမှပင်ထွက်ကာ လင်မယားနှစ်ယောက် ပဲခူးမြို့သို့ သွားရောက်ခဲ့ကြလေသည်။

ရွှေမောဓောဘုရားကိုဖူးပြီးနောက် ရွှေသာလျောင်းဘုရားကြီးကို သွားရောက်ဖူးမြော်ကြလေ၏။

ယင်းနောက် ကိုးသိန်းကိုးသန်းဘုရားဘက် မြင်းလှည်းဖြင့် ဆက်လက်သွားရောက်ဖူးမြော်ရာတွင် စေတီပတ်လည်မှ လိုဏ်ဂူလမ်းတစ်နေရာ၌ ဆိတ်ငြိမ်စွာထိုင်ကာ ပုတီးစိပ်နေသော

ဘိုးသူတော်ကြီးတစ်ဦးကို မမျှော်လင့်ဘဲ တွေ့ကြရာ လွန်စွာ ဝမ်းသာသွားကြတော့သည်။

''ဟာ ...ဦးသူတော်ကြီးပါလား''

သို့ဖြင့် မင်းဇေယျာတို့ လင်မယားသည် အိုးနင်းခွက်နင်း ဘိုးသူတော်ကြီး ပုတီးစိပ်ပြီးသည်အထိ စောင့်ဆိုင်းနေခဲ့ကြလေသည်။

ပုတီးစိပ်ပြီးမှ ဘိုးသူတော်ကြီးသည် မင်းဇေယျာတို့ကို လှည့်ကြည့်လိုက်သည်တွင် ဘိုးသူတော်ကြီး၏မျက်နှာပြည့်ပြည့်ကြီး၌ ခါတိုင်းလို အပြုံးကို မတွေ့ရချေ။

''အိမ်း ...မင်းတို့နဲ့ လာဆုံစည်းကြပြန်ပြီနော်၊ ကဲ လာ လာ ...မင်းတို့လင်မယားကို ပြောစရာရှိတယ်''

အိုးနင်းခွက်နင်းဘိုးသူတော်ကြီးသည် စမ်းချောင်းလေးအနီးသို့ခေါ်သွားပြီး သစ်ပင်ရိပ်အောက်၌ ထိုင်လိုက်ကာ ...

''ကလေးမလေးရဲ့အဖေက အတော်စိတ်မာန်ကြီးသူပဲကွဲ့၊ သူက ကျုပ်ကိုပါ ရန်မူခဲ့တယ်''

ဟု ပြောပြရာ စုနန္ဒီမှာ မျက်ဝန်းလေးများ ဝိုင်းသွားရှာလေ၏။

''အို ...ဟုတ်လား။ ဖေဖေက ဘယ်လိုရန်ပြုလို့လဲ





ဟင်၊ ဖေဖေ့ရဲ့အပြုအမူအတွက် နန္ဒီတောင်းပန်ပါတယ် ဦးသူတော်ကြီးရယ်''

''ကျုပ်အတွက်က အကြောင်းမဟုတ်ပါဘူး၊ ကျုပ်မှာ ကိုယ်ခံစွမ်းအားတွေ အပြည့်ရှိပါတယ်၊ ကျုပ်က မင်းတို့အတွက်ပဲ စိတ်ပူမိတာပါ ...၊

သူက သူ့တပည့်တွေကို ရေအဆုံး မိုးအဆုံး လိုက်ခိုင်းတဲ့သဘောရှိတယ်၊ မောင်ရင်တို့ ကျုပ်ရဲ့ဂူမှာ ရှိသေးတယ်လို့ ယူဆပြီး သူကိုယ်တိုင်နဲ့ သူ့တပည့်လေးငါးယောက်က တစ်နေ့ညမှာ ဝိုင်းလာပြီး ကျုပ်ကို တိုက်ခိုက်ကြတယ် ...၊

သူတို့ လက်နက်မျိုးစုံနဲ့ ဝိုင်းတိုက်ခိုက်ပေမယ့် ကျုပ်ရဲ့စွမ်းရည်ကို သင်းတို့ မယှဉ်နိုင်ပါဘူး။ ဒဏ်ရာအသီးသီးရပြီး ဆုတ်ခွာပြေးသွားကြတယ်၊ သူတို့က ကျုပ်ကို တိုက်ခိုက်ဖမ်းဆီးပြီး မင်းတို့ဘယ်မှာရှိသလဲလို့ စစ်မေးကြချင်ပုံရတယ် ...၊

အဲဒီနောက် ကျုပ်လည်း အနှောင့်အယှက်ရှိနေတဲ့ အဲဒီဂူမှာ တရားဆက်မကျင့်လိုတော့တာနဲ့ အဲဒီတောင်ရိုးကနေ ထွက်သွားခဲ့တယ် ...၊

သူတို့ဟာ ကျုပ်ကို ရန်မပြုတော့ပေမယ့် ကျုပ်ရဲ့နောက်ကို ထက်ကြပ်မကွာ ခြေရာခံလိုက်နေကြပုံရတယ်၊ မကွေး မြသ

လွှန်ဘုရားမှာ ကျုပ် အဓိဋ္ဌာန်ဝင်တုန်းကလည်း သင်းတို့ နောက်ယောင်ခံလိုက်တဲ့ အရိပ်အယောင်ကို သတိထားမိတယ် ...၊

ပြည် ရွှေဆံတော်ဘုရားမှာလည်း သင်းတို့ရဲ့ အရိပ်အယောင် တွေ့ရတယ်၊ ဒီပဲခူးမှာတော့ မတွေ့သေးဘူး။ ဘာပဲဖြစ်ဖြစ် မင်းတို့နဲ့ကျုပ် ခုလို ဆုံတွေ့တာကိုက မကောင်းဘူး၊ မင်းတို့အတွက် အန္တရာယ်ရှိတယ်၊ မင်းတို့ အခု ဘယ်မှာနေကြသလဲ''

''ရန်ကုန် စမ်းချောင်းဘက်မှာပါ ဦးသူတော်ကြီး''

''အိမ်း ... ဒါဆို ကျုပ်လည်း ရန်ကုန်အထိ မဆင်းတော့ဘူး။ အစကတော့ ဒီပဲခူးက ဘုရားစုံမှာ အဓိဋ္ဌာန်ပုတီးစိပ်ပြီးရင် ရန်ကုန်ဆင်းပြီး ရွှေတိဂုံစေတီတော်ကြီးမှာ အဓိဋ္ဌာန်ဝင်မလို့ပဲ၊ ခုတော့ အဲဒီအစီအစဉ် ဖျက်လိုက်ပြီ၊ ဖွဲကပင်တောင်ပဲသွားတော့မယ်၊ မင်းတို့လည်း သတိ ဝီရိယနဲ့ နေထိုင်ကြ၊ သူတို့က မောင်မင်းဇေယျာကို သတ်ဖြတ်လက်စားချေပြီး မိန်းကလေးကို ပြန်သိမ်းသွားမယ့် အစီအစဉ်ရှိပုံရတယ်၊ ကဲ ကဲ ... မင်းတို့လည်း သွားစရာရှိတာ သွားကြတော့၊ ကျုပ်လည်း လုပ်စရာရှိတဲ့အလုပ် ဆက်လုပ်လိုက်ဦးမယ်''

အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးသည် ယင်းသို့ စကားကို ခပ်မြန်မြန်ပြောပြီး ထိုင်ရာမှထကာ ဝါးတံတားလေးကို ဖြတ်





လျက် စမ်းချောင်းတစ်ဖက်သို့ ကူးသွားတော့၏။

မင်းဇေယျာတို့မှာ ဘိုးသူတော်ကြီးအား ကောင်းစွာနှုတ်ဆက်ခွင့်မရလိုက်သဖြင့် လွန်စွာ စိတ်မကောင်းဖြစ်ကာ ကိုးသိန်း ကိုးသန်းဘက်မှ မြည်းလှည်းကြီးစီးလျက် ပြန်လာခဲ့ကြလေသည်။

✡

မင်းဇေယျာတို့သည် ဂျစ်ကားလေးတစ်စီးငှားကာ ပဲခူးမှ ပြန်လာတော့ ညနေအတော်စောင်းစ ပြုနေပြီဖြစ်၏။

သူတို့စီးနင်းလာသည့် ကားကလေး ထောက်ကြံ့-မင်္ဂလာဒုံတို့ကို ကျော်လွန်ပြီးနောက် ဇော်ဘွားကြီးကုန်းသို့အရောက်တွင် ညအမှောင်ထုက ဖုံးလွှမ်းခဲ့ပြီး ဖြစ်ပါသည်။

ယင်းအချိန်မှာပင် သူတို့ကားနောက်မှ မသိမသာ တောက်လျှောက်လိုက်ပါလာသည့် ဆီဒင်ကားအနက်ကြီးသည် ဝက်ရှိန်မြင့်ကာ သူတို့၏ဂျစ်ကားလေးကို ကျော်တက်ပြီး ကားရှေ့မှ ရုတ်တရက် ပိတ်ရပ်လိုက်တော့၏။

'ဝေါ'

'ဂျွီ'

"ဟာ ... ဒီကားက ဘာလုပ်တာလဲ"

ဂျစ်ကားသမားက အံ့ဩသွားသလို မင်းဖေယျာတို့လည်း သက်ာမကောင်းဖြစ်ကာ စိုးထိတ်သွားကြတော့သည်။

ဂျစ်ကားလေးမှာ ဆီဒင်ကားကြီး၏နောက်၌ မလွဲမရှောင်သာစွာ ဘရိပ်အုပ် ရပ်လိုက်ရစဉ် ဆီဒင်ကားနက်ကြီးအပေါ်မှ လူလေးဦး ဆင်းလာတော့၏။

ထိုသူတို့သည် ကုတ်အင်္ကျီရှည်အနက်နှင့် ဘောင်းဘီရှည်အနက်တို့ကို ဝတ်ဆင်ထားကြပြီး သက္ကလတ်ဦးထုပ်အနက်ကိုယ်စီဆောင်းထားကြလေသည်။

ရှေ့ဆုံးမှလူ၏ လက်ယာဘက်လက်ထဲတွင် ပစ္စတိုသေနတ်တစ်လက် ကိုင်ထားသည်ကို ကားမီးရောင်ဖြင့် တွေ့လိုက်ရရာ ဂျစ်ကားသမားမှာ လန့်ဖျပ်သွားတော့၏။

"ဟာ ... ဓား ဓားပြတွေနဲ့တွေ့တယ်၊ ဒီနေရာက လူသူသိပ်ပြတ်တော့ ဓားပြခဏခဏတိုက်တယ်"

"အို ... ဖေဖေရဲ့လူတွေပဲ ဖြစ်မယ် ကို"

"ကားဆရာ ... ကားကို ချက်ချင်း နောက်ပြန်ဆုတ်





ပြီး အဲဒီကားကို ကျော်တက်လိုက်ပါ"

ကားဆရာလည်း ကားစက်မသတ်ရသေးသဖြင့် ဘက်ယာထိုးကာ ဂျစ်ကားကို ချက်ချင်းနောက်ဆုတ်လိုက်ပြီး ဆီဒင်ကားကြီးအား တစ်ရှိန်ထိုးကျော်တက် မောင်းထွက်ခဲ့တော့သည်။

'ဝူး ... ဝေါ'

"ဟေ့ကောင်တွေ မပြေးနဲ့ ... ရပ်"

ဝတ်စုံနက်နှင့်လူများက ချက်ချင်း နောက်မှပြေးလိုက်ကြရင်း ဂျစ်ကားဆီသို့ သေနတ်ဖြင့် လှမ်းပစ်လိုက်လေသည်။

'ဒိုင်း ဒိုင်း ဒိုင်း'

'ဖောင်း'

"ဟာ ... ကားဘီးကို ကျည်မှန်သွားပြီ"

ဂျစ်ကားမှာ နောက်ဘီးတစ်ဖက်ကို သေနတ်ကျည်မှန်ကာ ဘီးပေါက်သွားသဖြင့် တစ်ခြမ်းစောင်းကြီး လမ်းနံဘေးသို့ ခုန်ထွက်သွားကာ လမ်းဘေးချောက်ထဲ ထိုးကျလုနီးနီးဖြစ်သွားသဖြင့် ထိုးရပ်လိုက်ရတော့၏။

"လာ လာ နန္ဒီ ... ဆင်းပြေးကြစို့"

မင်းဖေယျာလည်း စုနန္ဒီ၏လက်ကိုဆွဲကာ ဂျစ်ကားပေါ်မှ ခုန်ချပြီး လမ်း၏ဝဲဘက်မှ ချုံများအကြားရှိ လူသွားလမ်းလေး

အတိုင်း ဝင်ပြေးတော့သည်။

"လာ နန္ဒီ ... ပြေး ပြေး"

ချုံပုတ်ကြီးများ၊ ကိုင်းမြက်ရှည်များ၊ ဝါးရုံများကြားမှ လရောင်ကိုအားပြုကာ မြေလမ်းဖြူဖြူကွေ့ကွေ့ကောက်ကောက် အတိုင်း ခြေကုန်သုတ်ပြေးကြရာ လမ်းအဆုံးတွင် ခြံကျယ်ကြီး တစ်ခြံကို တွေ့ရလေ၏။

ခြံတံခါးဖွင့်ထားရာ စဉ်းစားမနေတော့ဘဲ သက်ရင့်ပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည့် ခြံကြီးထဲသို့ ပြေးဝင်ကာ ခြံအလယ်ရှိ တိုက်ခံအိမ်ကြီး၏ ဘေးဘက်မှောင်ရိပ်ထဲ ပြေးဝင်နိုလှုံလိုက်ကြတော့သည်။

တိုက်ခံအိမ်ကြီးထဲတွင် မီးရောင်အချို့တွေ့ရသော်လည်း လူသံသူသံ တိတ်ဆိတ်လျက်ရှိရာ လူဦးရေနည်းပုံရသောအိမ်ကြီးဟု ယူဆရလေ၏။

မင်းဇေယျာတို့ ရောက်ရှိခိုလှုံနေသော အဖီလေးမှာ ကားဂိုဒေါင်ဖြစ်ပုံရ၏။ အဘယ်ကြောင့်ဆိုသော် အင်ဂျင်ဝိုင်အနံ့ ကဲ့သို့သော ဆီနံ့များ ရနေသောကြောင့်ဖြစ်သည်။

ထိုစဉ်မှာပင် ကားစက်သံကိုကြားလာရပြီး ကားမီးရောင် ကိုပါ မြင်လာရရာ မင်းဇေယျာမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွား





တော့သည်။

"ဟာ ... ကားဝင်လာတယ် နန္ဒီ၊ အဲဒီကားက ဒီဂို ဒေါင်ထဲ ဝင်လာရင်တော့ ကိုယ်တို့ကို တွေ့သွားလိမ့်မယ်၊ အခု အချိန်မှာ ဘယ်သူမှမတွေ့အောင် ပုန်းနိုင်မှဖြစ်မယ်၊ လာ လာ ... ဒီအထဲကထွက်မှဖြစ်မယ်"

မင်းဇေယျာသည် စုနန္ဒီ၏လက်ကိုဆွဲပြီး ဂိုဒေါင်ထဲမှ က်ကာ ယင်းဂိုဒေါင်လေး၏ဘေးမှပတ်လျက် ဂိုဒေါင်အနောက် က်သို့ ခပ်လျှိုလျှို ဝင်ရောက်ခဲ့တော့၏။

သူတို့အနေဖြင့် စိတ်ချလက်ချ ပုန်းအောင်းနိုင်ပြီဟုယူဆ ကာ သက်ပြင်းချလိုက်မိစဉ်မှာပင် ကားစက်သတ်ရပ်သံ၊ ကား ခါးဖွင့်ပိတ်သံနှင့် စကားအော်ပြောသံကျယ်ကျယ်တို့ကို အိမ် ကြီး၏ရှေ့ဘက်မှ ကြားလိုက်ရသည့်အခါမှာမူ မျက်လုံးပြူးသွား ကာ ခန္ဓာကိုယ်တို့ တောင့်တင်းသလို ဖြစ်သွားရတော့၏။

"ဆရာကြီး ... ကျွန်တော်တို့ ပစ်မှတ်ကို တွေ့ခဲ့ပြီ"

"ဟေ ဟုတ်လား ... မင်းတို့ မိအောင်မဖမ်းနိုင်ခဲ့ကြဘူး လား"

စုနန္ဒီက ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်သွားပြီး မင်းဇေ ယျာ၏လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်လိုက်တော့သည်။

''အို ...မေမေ ...မေမေ့ရဲ့အသံပါလား ကို''

''ဟုတ်တယ် နန္ဒီ ...ကိုယ်တို့တော့ ကျားခံတွင်း
ဝင်မိပြီ''

ထိုစဉ် ဦးသာမိုင်း၏အသံအောအောကြီးကို ဗိသု
ကြားလိုက်ရပြန်၏။

''ပော့ကောင်တွေ ပြောလေ ...ဘယ်မှာလဲ ငါ့ဘ
ရိုက်ချိုးပြီး ငါ့သမီးကို မတန်မရာ ခိုးပြေးသွားတဲ့ကောင်၊ အဲ
ကောင်ကို တွေ့လို့ကတော့ အရေဆုတ်ပြီး ခေါ်ခဲ့ကြ၊ သင်
ခြေသည်း လက်သည်းတွေကို ပလာယာနဲ့ ညှပ်ဆွဲထုတ်
ငါကိုယ်တိုင် အပိုင်းပိုင်းခုတ်သတ်ရမှ ကျေနပ်မယ်၊ သင်းကြော
ငါ့မိန်းမလည်း နလုံးထိခိုက်ပြီး အသက်ပါသွားခဲ့ရတယ်၊ အဲ
မျိုးမစစ်ကောင်ကို ငါ သေတာတောင် မကြေဘူးကွ''

''အို ...မေမေ မေမေသေပြီတဲ့ ကို၊ ဖြစ်ရလေ မေ
ရယ် ...ဟင့် ဟင့် ဟင့်''

စုနန္ဒီက မင်းဇေယျာကို ဖက်ငိုတော့၏။

မင်းဇေယျာ၏တစ်ကိုယ်လုံးမှာ ကျောက်ရုပ်လို တော
တင်းသွားတော့၏။ သူ့ကြောင့် စုနန္ဒီတို့၏မိသားစုဘဝလေး မ
မလှ ပျက်သုဉ်းသွားရပါလား။ သူ မကျူးလွန်မိသော ပြစ်မှုများ





ဘ်မှ လွတ်အောင်ရုန်းရင်း သူကား ပြစ်မှုကြီးမားလှသည့်
ဘရားခံဖြစ်နေရချေပြီတည်း။ ဒါကြောင့် ဦးသာမိုင်းက သည်
လောက် အငြိုးတကြီး ဖြစ်နေတာကိုး။

''နန္ဒီရယ် ... ကိုယ် ဘယ်အရာကိုမှ အဲဒီလောက်အထိ
ရည်ရွယ်ခဲ့ပါဘူး။ ကိုယ် အင်မတန် စိတ်မကောင်းဖြစ်ရပါတယ်
နန္ဒီရယ်''

စုနန္ဒီကို မင်းဇေယျာက နှစ်သိမ့်ကာ ပြန်လည်ထွေးဖက်
ဘးစဉ်မှာပင် ထပ်မံကြားလိုက်ရသည့်စကားသံများကြောင့်
င်းဇေယျာတို့ဇနီးမောင်နှံမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရပြန်
ဘာ့၏။

''ဆရာကြီး ...ဘာမှမပူပါနဲ့တော့၊ အဲဒီကောင်နဲ့
ဆရာကြီးရဲ့ သမီးတို့ ဒီခြံကြီးထဲမှာပဲ ရှိနေပြီ''

''ဘာကွ''

''ဟုတ်တယ် ဆရာကြီး ...သူတို့ ဒီခြံကြီးဆီ ဝင်တဲ့
ာမ်းအတိုင်း ဝင်ပြေးသွားကြတာကို တွေ့လိုက်ရလို့ ကျွန်တော်
ဲ့ လိုက်လာကြတာပါ၊ သူတို့ ဒီခြံကြီးထဲမှာပဲ ရှိနေတယ်
ဆရာကြီး''

''ဟုတ်လား ...ဒါဆို ရှာကြစမ်း၊ ဒီခြံကြီးတစ်ခြံလုံး

အနံ့ လူခွဲပြီး ပိုက်စိပ်တိုက်ရှာကြစမ်း၊ ငါကိုယ်တိုင် ရှာမယ်
တောက် ... အုတ်ကြားမြက်ပေါက်ကောင်တော့ တွေ့ကြ
တာပေါ့ကွာ''

ကြားရသည့်စကားသံများက မင်းဇေယျာအတွက် 
မင်းခေါ်သံပင် ဖြစ်တော့၏။

''အို ... ဒုက္ခပဲ ကို ... ဘယ် ဘယ်လိုလုပ်ကြ
ဟင်၊ နန္ဒီတို့ ရှိနေတာကို သိ သိသွားကြပြီ''

''နန္ဒီ ... ကိုယ်တို့ပြေးလို့ လွတ်ဖို့မလွယ်တော့ဘူး
ဒါပေမဲ့ သူတို့ရဲ့လက်ကလွတ်အောင် ကိုယ်တို့ နောက်ဆုံးထွ
သက်အထိ ကြိုးစားကြတာပေါ့''

''အို ... ဖေဖေတို့မှာ လက်နက်တွေပါတယ်၊ ကို ဘ
လိုလုပ်ပြီး သူတို့ကို ရင်ဆိုင်နိုင်မှာလဲ။ နန္ဒီ နန္ဒီ ဖေဖေ
တောင်းပန်ကြည့်မယ်ကို''

''အေးလေ ... နန္ဒီတောင်းပန်ချင်ရင် တောင်းပန်ကြ
လိုက်ပါ၊ အခုအချိန်မှာ နန္ဒီ အလုပ်သင့်ဆုံးအလုပ်က 
အလုပ်ပဲ နန္ဒီ၊ ဦးရိုးက နန္ဒီ့ကိုတော့ သိပ်ချစ်ရတဲ့သမီးမို့ အ
ကြီးကြီးမားမား ပေးမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်ကို
ဘယ်လိုနည်းနဲ့မှ ခွင့်လွှတ်မှာမဟုတ်ဘူး နန္ဒီ၊ နန္ဒီရဲ့မျက်ရည်





င်လယ်ဖြစ်သွားပါစေ ... ကိုယ့်ကို ခွင့်လွှတ်မှာ မဟုတ်ပါဘူး။
ါပေမဲ့ ကိုယ့်ကိုမငဲ့ပါနဲ့ နန္ဒီ၊ နန္ဒီ့ဖေဖေဆီ ပြန်ရောက်သွားရင်
န္ဒီရဲ့ဘဝဟာ · အေးချမ်းလှပသွားမှာပါကွယ်''

''အို ... အဲဒီလိုတော့ နန္ဒီ ဘယ်တော့မှ အဖြစ်မခံနိုင်
ဘူး ကို၊ နန္ဒီရဲ့အသက်သာ အသေခံလိုက်မယ် ... နန္ဒီ ကိုနဲ့
ဘယ်လိုနည်းနဲ့မှ မခွဲနိုင်ဘူး''

''အသက်အသေခံမယ် ... ဟုတ်လား၊ ဟာ ... ဟုတ်
ပြီ ကိုယ် အကြံတစ်ခုရပြီ နန္ဒီ ... လာ လာ''

မင်းဇေယျာက ခြံကြီး၏နောက်ပိုင်းဆီသို့ လက်ဆွဲလျက်
ခေါ်ပြေးရာ စုနန္ဒီမှာ ဘုမသိ ဘမသိဖြင့် အပြေးအလွှား လိုက်ရ
ပြန်၏။

ခြံကြီး၏နောက်ပိုင်းရှိ ငှက်ပျောတောထဲရောက်ရှိသွား
သည့်တွင် မင်းဇေယျာက ချစ်ဇနီးလေး၏ ပခုံးသားအိအိလေး
များကို ဆုပ်ကိုင်လိုက်ပြီး အံ့ဖွယ်စကားကိုပြောလေသည်။

''ဒီမှာ နန္ဒီ ... ကိုယ်ပြောတာကို သေသေချာချာနား
ထောင်၊ အခု ကြုံနေရတဲ့ဘေးရန်က လွတ်မြောက်ပြီး နန္ဒီနဲ့ကိုယ်
ဘဝရ ပေါင်းဖက်နိုင်ဖို့ တစ်နည်းပဲရှိတယ်၊ အဲဒီနည်းကတော့
နန္ဒီ ခဏသေပေးဖို့ပဲ''

"ရှင် … ဘယ် ဘယ်လို"

"ဒီလိုနန္ဒီ … ရသေ့ကြီးဦးသီလဝ ပေးထားတဲ့ သစ်စေ့လေး နှစ်စေ့ထဲက အနက်ရောင်သစ်စေ့လေးကို နန္ဒီ ကိုက်ဝါးမျိုချရမယ်၊ အဲဒီအခါ နန္ဒီဟာ သေသလိုဖြစ်သွားမယ်၊ နန္ဒီရဲ့ ဖေဖေနဲ့သူ့လူတွေက နန္ဒီကို တကယ်သေပြီလို့ ယူဆသွားကြမယ်၊ နန္ဒီ့ကို တကယ်သေပြီလို့ ယူဆသွားကြပြီး ပေါ့ပေါ့တန်တန် သဘောထားလောက်မှ ကိုယ်က နန္ဒီ့ကို ခိုးယူပြီး သူတို့နဲ့ လွတ်မြောက်ရာ ပြေးကြမယ်၊ စမ်းချောင်းက နန္ဒီ့ရဲ့အဘိုး အိမ်ကြီးဆီကို ဖြစ်ဖြစ် လောလောဆယ်တော့ နန္ဒီ့ကို ခေါ်သွားရမှာပဲ …၊

အဲဒီရောက်ပြီး ခုနစ်ရက်တိတိပြည့်တဲ့နေ့ကျ အဖြူရောင်သစ်စေ့လေးကို အမှုန့်ဖြစ်အောင်ထုချေ ရေနဲ့ဖျော်ပြီး နန္ဒီရဲ့ပါးစပ်ထဲဝင်အောင် လုပ်ပေးမယ်၊ ဒါဆို နန္ဒီရဲ့ခန္ဓာကိုယ်က အသွေးအသားတွေ ပြန်လည်နိုးထလှုပ်ရှားလာပြီး နန္ဒီဟာ လူကောင်းပကတိ ပြန်ဖြစ်လာမယ်၊ အဲဒီတော့မှ ကိုယ်တို့က လွတ်ရာကျွတ်ရာ တစ်နေရာရာကို ပြေးကြတာပေါ့ နန္ဒီ …၊

ကိုယ့်ကို နန္ဒီယုံကြည်ရင် ကိုယ်ပြောတဲ့အတိုင်း လုပ်ပါနန္ဒီ"





"ဟုတ်ပြီ … ကိုပြောတာကို နန္ဒီ သဘောပေါက်တယ်၊ ကို့ကို ယုံလည်းယုံကြည်ပါတယ်၊ ကဲ … ဒါဆို သစ်စေ့အနက်လေးပေး၊ နန္ဒီ ဝါးစားလိုက်တော့မယ်"

ထိုစဉ် ခြံကြီးထဲ အနှံ့အပြားသို့ လက်နှိပ်ဓာတ်မီးရောင်တို့ တဝင်းဝင်း ကျရောက်လာတော့၏။

အချိန် လုံးဝမရတော့သဖြင့် မင်းဇေယျာသည် တစ်စုံတစ်ရာ ပြောမနေတော့ဘဲ သူ၏ကိုယ်နှင့်မကွာထားသည့် သစ်စေ့လေးနှစ်စေ့ကို ကုတ်အင်္ကျီအတွင်းအိတ်ထဲရှိ ကတ္တီပါရှဲ့အိတ်ကနီရောင်လေးထဲမှ ထုတ်ကာ သစ်စေ့အနက်လေးကို စုနန္ဒီ၏လက်ဖဝါးထဲသို့ ထည့်ပေးလိုက်တော့သည်။

ထိုစဉ် မီးရောင်အချို့က ငှက်ပျောပင်များကြားသို့ ကျရောက်လာတော့၏။

"ဟော့ … ဟိုငှက်ပျောပင်တွေကြားမှာ လူလိုလိုပါလားကွ"

စုနန္ဒီက သစ်စေ့အနက်လေးကို ပါးစပ်ထဲပစ်ထည့်ကာ ဝါးစားလိုက်တော့သည်။

"ဟုတ်တယ်ဟေ့ … ငှက်ပျောပင်တွေကြားမှာဟေ့ … ဝိုင်းကြ ဝိုင်းကြ"

ခု နစ် စဉ် ကြယ် စာ ပေ

ငှက်ပျောတောထဲသို့ လက်နှိပ်ဓာတ်မီးရောင်များ စူး
ကျရောက်လာပြီး လူများ၏ ပြေးလွှားလာသံကိုပါ ကြားရတော့
၏။

ထိုစဉ် စုနန္ဒီ၏ခန္ဓာကိုယ်လေးမှာ ပျော့ခွေကျလာ
မင်းဇေယျာက ထွေးပွေ့ဖေးမလိုက်ပြီး မြေသားဖြူဖြူအပေါ်
ယုယစွာ ချထားလိုက်ပြီး နဖူးပြင်လေးကို ခပ်ဖွဖွနမ်းလိုက်တော့
၏။

ယင်းနောက် သူသည် ငှက်ပျောတော၏ နောက်ဘက်
သို့ ပြေးသွားကာ ချုံပုတ်များ၊ ထူးချုံများထဲ တရမန်းကြမ်း
တိုးဖြတ်ပြေးခဲ့တော့သည်။


"လိုက် လိုက် ...ဝိုင်းကြ ...မလွတ်စေနဲ့ဟေ့"

နောက်မှ ထက်ကြပ်လိုက်ပါလာသည့် အော်ဟစ်ကြိမ်း
ဝါးသံများကို ဂရုမစိုက်ဘဲ မင်းဇေယျာသည် ခြံနောက်ဘက်စည်း
ရိုးအထိ ပြေးသွားပြီး ခြံစည်းရိုးအုတ်တံတိုင်းကို လျင်မြန်စွာ
ဖက်တက်ကာ ကျော်လွှားလိုက်တော့၏။

ထို့နောက်မှာတော့ ထိုခြံကြီးနှင့်ဝေးရာဆီ တစ်ဟုန်ထိုး
ပြေးခဲ့ပါတော့သတည်း။

✡ ✡ ✡





ပဟေဠိနိဂုံး

နောက်နေ့ညတွင် မင်းဇေယျာသည် စမ်းချောင်းရှိ
အိမ်ကြီး၏ လျှို့ဝှက်လိုဏ်လမ်းမှ တိတ်တဆိတ်ထွက်ခဲ့တော့၏။

စမ်းချောင်းရှိအိမ်ကြီး၏ အောက်ထပ်တွင် အိမ်ငှား
စာရေးဆရာ ရောက်နေပြီဖြစ်သဖြင့် ထိုသို့ လျှို့ဝှက်လိုဏ်လမ်းမှ
ထွက်ခဲ့ရခြင်း ဖြစ်သည်။

သူသည် အငှားကားတစ်စီးကို တစ်ညတာလုံးအတွက်
ပုတ်ပြတ်ဖြင့် ငှားလိုက်ပြီး ညဆယ်နာရီခန့်တွင် စော်ဘွားကြီး
ကုန်းဘက်သို့ မောင်းခဲ့စေလေ၏။

စော်ဘွားကြီးကုန်းရှိ သူတို့ ယမန်နေ့ညက ဝင်ရောက်ခဲ့

သည့် မြေလမ်းလေးအနီးသို့အရောက်တွင် ကားကိုရပ်ကာ စောင့်နေနိုင်းလိုက်သည်။

သူကမူ ယင်းလမ်းကလေးထဲသို့ သတိထားကာ ဝင်ရောက်ခဲ့လေသည်။ (ထိုခေတ်က စော်ဘွားကြီးကုန်းဝန်းကျင်မှာ စိုက်ခင်းများနှင့် ခြံကျယ်ကြီးများ ဖုန်းဆိုးမြေများ၊ ချုံတောဝါးတောများသာရှိပြီး လူသူကြဲပါးပြတ်တောက်သော နေရာဒေသဖြစ်၏။)

လူသံ သူသံ တိတ်ဆိတ်နေသော ဝန်းကျင်ဝယ် ညည့်ငှက်တို့၏ အော်မြည်သံတို့ကို ရံဖန်ရံခါ ကြားရပြီး ပုစဉ်းရင်ကွဲတို့၏ မြည်သံ၊ ပုရစ်အော်သံ စီစီညံညံကိုသာ ကြားနေရလေသည်။

မှိန်ပျပျ လဆုတ်လရောင်ဖြင့် မြေလမ်းကလေးအတိုင်း အတန်ငယ်လျှောက်လှမ်းလာပြီးနောက် ခြံကျယ်ကြီး၏ရှေ့သို့ ရောက်ရှိသွားတော့၏။

အသုဘအိမ်တို့၏ ထုံးစံအတိုင်း ခြံတံခါးကို ပိတ်မထားဘဲ ခပ်ဟဟဖွင့်ထားသလို ခြံထဲမှအိမ်ကြီးမှာလည်း မီးရောင်တို့ လင်းကျင်းစွာ ထွန်းထားကာ အိမ်ရှေ့တံခါး ပြတင်းတံခါးတို့ကို ဟင်းလင်းဖွင့်ထားလေ၏။





မင်းဇေယျာသည် သစ်ပင်မှောင်ရိပ်တို့ကိုခိုကာ ခြံကြီးထဲသို့ကြောင်နို့ငှက် ဝင်လာခဲ့ပြီး သရက်ပင်ကြီးတစ်ပင်၏ ပင်စည်ကို ကွယ်လျက် အိမ်ကြီးထဲသို့ ချောင်းကြည့်လိုက်လေသည်။

အိမ်ကြီး၏အောက်ထပ် ရှေ့ခန်းထဲတွင် အလောင်းစင်ကို ပြင်ထားပြီး ကျွန်းခုတင်ပေါ်မှ ဖျာတစ်ချပ်ပေါ်တွင် စုနန္ဒီအား ပက်လက်အနေအထားဖြင့် ထားရှိကာ ဇာပဝါပါးပါးကို ဦးခေါင်းမှ ခြေထောက်အထိ လွှမ်းထားလေသည်။

စုနန္ဒီ၏ ဦးခေါင်းဝန်းကျင်နှင့် ခန္ဓာကိုယ်ပေါ်တွင် စံပယ်ပန်းများ၊ နှင်းဆီပွင့်ရောင်စုံများ ဖြန့်ကျဲထားလေ၏။

ခုတင် အဖိုးတန်ပတ်ပတ်လည်တွင် ပန်းနုရောင်ဇာပဝါတို့ဖြင့် အကျအနပြင်ထားပြီး စုနန္ဒီ၏ခေါင်းရင်းရှိ စားပွဲပေါ်၌ အမွှေးတိုင်တို့နှင့်အတူ ဖယောင်းတိုင်တစ်တိုင်ကိုပါ ထွန်းညှိထားလေသည်။

ယင်း အသုဘအလောင်းခုတင်၏ရှေ့မှ ဖျာကြမ်းပေါ်တွင် အနက်ရောင်ဝတ်စုံဝတ် လူတစ်ဦးသည် အိပ်ပျော်နေပြီး လူသုံးဦးက ဝိုင်းထိုင်ကာ ဖဲကစားနေကြလေ၏။

ထိုလူစုထဲတွင် ဦးသာမိုင်းကိုမူ မတွေ့ရချေ။ ဦးသာမိုင်းမှာ အိမ်ပေါ်ထပ်တွင် အိပ်နေပြီး သူ့တပည့်တို့ကို အသုဘစောင့်

နိုင်းထားပုံ ရလေသည်။

မင်းဖေယျာက ညဦးအတန်နက်သည်အထိ မှောင်ရိပ်ထဲတွင် ခြင်ကိုက်၊ မှက်ကိုက်ခံကာ သည်းခံစောင့်နေလိုက်၏။

ယင်းသို့ဖြင့် တစ်နာရီကျော်ကျော်ခန့် အောင့်အည်းစောင့်ဆိုင်းနေလိုက်ပြီးမှ အိမ်ကြီးထဲသို့ ခဲငယ်လေးတစ်လုံး ပစ်သွင်းလိုက်ပြီး အိမ်ကြီး၏နံဘေးရှိ ကားဂိုဒေါင်မှောင်ရိပ်ထဲ ပြေးဝင်လိုက်လေသည်။

'ဂလောက် လောက် လောက်'

''ဟ ... ဘာလဲဟ''

ဖဲရိုက်နေသူတို့ လန့်ဖျပ်သွားကြတော့၏။

''ဒီခဲလုံးက ဘယ်ကရောက်လာတာလဲ လေ့း''

''ဘယ်သိမလဲဟ ချက်ကြီးရ ... ငါတို့လည်း မင်းတို့နဲ့အတူ ရှိနေတာပဲဟာ''

သာဆိုင်က ခဲလုံးကိုတစ်လှည့်၊ မသာခုတင်ကိုတစ်လှည့် အိမ်အပြင်မှ မှောင်ရိပ်ထဲသို့ တစ်လှည့်ကြည့်ရင်း လူက မရိုးမရွ ဖြစ်လာ၏။

''ကျော်ချမ်းသလိုပဲကွာ၊ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား မသိဘူး။ တံခါးပိတ်ထားရင် ကောင်းမယ်ကွ မြဒင်''





''အာ ... မင်းကလည်း လူမိုက်လုပ်နေပြီး ဘာကြောက်နေတာလဲ၊ အသုဘအိမ်ဆိုတာ တံခါးမပိတ်ရဘူးကွ''

ချက်ကြီးလည်း လူမိုက်မာနဖြင့် ခပ်တည်တည်ပြန်ထိုင်၏။

'ဂလောက် ဂလောက်'

ထိုစဉ် နောက်ထပ် ခဲလုံးငယ်တစ်လုံး ထပ်ဝင်လာရာ သာဆိုင်မှာ ထိုင်ရာမှ လန့်ဖျပ်လျက် ခုန်ထလိုက်တော့သည်။

''ဟ ... နင့်မေကလွှား''

သည်တစ်ခါတော့ လေ့းရော မြဒင်ပါ မော့ကြည့်လိုက်ကြ၏။

''တွေ့လား ... ခဲတစ်လုံး ထပ်ဝင်လာပြန်ပြီ၊ ဘာလဲမသိဘူး ... မြဒင် သွားကြည့်စမ်းကွာ၊ ငါ ကျော်ချမ်းလိုက်တာ၊ ကြက်သီးတွေတောင် ထလာပြီကွ''

''မင်းကလည်း လူမိုက်လုပ်နေပြီး အသည်းဒီလောက်ငယ်ရသလား။ မင်းဘာသာ သွားကြည့်''

''ဟ ... ငါက လူချင်းယှဉ်ရင်သာ ခုတ်ရဲ့ထိုးရဲတာကွ၊ မမြင်ရတဲ့ ပရလောကသားတွေကိုတော့ ကြောက်တယ်ဟ၊ မြဒင် သွားပါကွာ ... ဘာလဲလို့ သွားကြည့်စမ်းပါ''

မြဒင်လည်း ထိုင်ရာမှထကာ ခါးကြားမှ ဓားမြှောင်ကို ထုတ်လိုက်လေ၏။

''ပရလောကသားဖြစ်ဖြစ်, သရဲဖြစ်ဖြစ် ဘာဂရုစိုက်နေရမှာလဲကွ''

မြဒင်က အိမ်တံခါးဝမှ ထွက်ပြီး မှောင်မည်းနေသော ခြံအရှေ့ပိုင်းဆီ မျက်မှောင်ကြုတ်ကြည့်လိုက်စဉ် ...

''ဟင်း ဟင်း ဟင်း''

သူ၏လက်ဝဲဘက် ကားဂိုဒေါင်ဘက်ဆီမှ လူညည်းသံလိုလို သဲ့သဲ့ကြားလိုက်ရရာ ဆံပင်မွေးများထောင်သွားသော်လည်း လူမိုက်မာနဖြင့် စိတ်ကိုတင်းလိုက်ပြီး ...

''ဘာသံလဲကွ ... မြဒင်ကို သွေးတိုးစမ်းချင်ပြီးနဲ့ တူတယ်''

ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် ဂိုဒေါင်မှောင်ရိပ်ဘက်လျှောက်လာပြီး ဟိုသည်ကြည့်နေစဉ် ...

'ဖောက်'

သူ၏လက်ယာဘက်ရှိ ညြဖာပင်အောက်မှ သစ်ရွက်ခြောက်အပေါ် ခဲကျသံကြောင့် ချာခနဲလှည့်ကြည့်လိုက်တော့၏။

ထိုစဉ် ...





'ဖြောင်း'

''အ''

ညည်းသံတိုးတိုးသာ ထွက်နိုင်ပြီး မြဒင်မှာ မြေပြင်ပေါ် အရုပ်ကြိုးပြတ်လဲကျသွားတော့သည်။

မင်းဇေယျာက လက်ထဲမှ နှစ်တစ်လက်မတုတ်ကိုချပြီး မြဒင်အား ခြေထောက်နှစ်ဖက်မှကိုင်ကာ ဂိုဒေါင်ထဲ ဆွဲသွင်းလိုက်တော့၏။

✡

''ဟော့ကောင် ငလုံး ... မြဒင်သွားတာ ကြာလှချည်လား။ မင်း လိုက်သွားပြီး ကြည့်ကွာ''

''မင်းဘာသာ သွားကြည့်ပါလားကွ၊ ဒီမှာ တစ်ထွေမှ တွဲမရရတဲ့ကြားထဲ''

''ဟ ... ဖဲက အရေးမကြီးဘူးကွ၊ ငါတို့တော့ အနှောင့်အယှက် ရှိနေပြီထင်တယ် ငလုံးရေ''

ချက်ကြီးက အသံတုန်တုန်ဖြင့်ပြောရင်း မသာခုတင်ကို

မကြည့်ရဲကြည့်ရဲ လှည့်ကြည့်လိုက်သေး၏။

"လုံး သွားကြည့်ကွာ၊ ဟိုကောင် ခုလောက်ကြာနေတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားမသိဘူးကွ"

"မင်းကကွာ ... တော်တော် သောက်လုပ်ရှုပ်တယ်၊ ကဲ ကဲ ... ငါလိုက်သွားကြည့်မယ်"

လုံးက ဖဲချပ်များကို ဖျာပေါ် ချထားလိုက်ပြီး ထိုင်ရာမှ မြည်တွန်တောက်တီးရင်း ထကာ ခြံပြင်သို့ ထွက်သွားတော့၏။

သို့သော် လုံးလည်း ငါးမိနစ်ခန့်ကြာသည်အထိ ပြန်ဝင်မလာရာ ချက်ကြီးမှာ မျက်လုံးပြူးနေတော့သည်။

"ဟ ... လုံးလည်း ပြန်ပေါ်မလာပါလား၊ ဘယ် ... ဘယ်လို ဖြစ်ပါလိမ့်"

ချက်ကြီးမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖျာယီးဖျာယာ ဖြစ်လျက်ရှိစဉ် ...

"ချက်ကြီး ... လာကြည့်စမ်းပော့"

"ဟာ ... ငါ့ကို ခေါ်နေပါလား"

အိမ်အပြင်မှ ခေါ်သံကြားသည်တွင် ကြောက်စိတ်မွှန်ထူနေသည့် ချက်ကြီးမှာ အသံကို မခွဲခြား မပိုင်းခြားမိတော့ဘဲ သူ့လူတို့ ခေါ်သည်ဟုထင်ကာ အိမ်ထဲမှ ထွက်လိုက်တော့သည်။





"မြဒင် လုံး ... ဘာလဲကွ"

"လာကြည့်ဆို"

ချက်ကြီးက မှောင်ရိပ်ထဲ တိုးသွားပြီးကြည့်ရာ ကားကိုဒေါင်ရှေ့မှ ဩဇာပင်အောက်တွင် ဩဇာပင်ကို မှီထိုင်နေသည့် လုံးကို တွေ့ရသည်နှင့် အံ့ဩသွားကာ ...

"ဟ လုံး ... ဘာလဲကွ၊ ဘာကြည့်ရမှာလဲ၊ မင်းကရော ဘာဖြစ်လို့ ထိုင်နေရတာတုံး"

ဟု ခါးကိုင်းကာ မေးနေစဉ် ...

'ဖြောင်း'

"အ"

မင်းဇေယျာလည်း အချိန်ဆွဲမနေတော့ဘဲ မီးများ လင်းလျှင်းနေသည့် အိမ်ကြီးထဲ ပြေးဝင်လိုက်ကာ အသုဘခုတင်ပေါ်မှ ရုပ်ကြွင်းအား ပွေ့မယူလိုက်ပြီး ...

အိမ်ကြီးထဲမှ ကပျာကသီထွက်ကာ ခြံပြင်သို့ သုတ်ခြေတင်ခဲ့ပါတော့သတည်း။

စမ်းချောင်းရှိ စံအိမ်ကြီး၏နောက်ဘက်သို့ လျှို့ထဲမှ တစ်ဆင့် မင်းဇေယျာသည် စုနန္ဒီကို ထမ်းပိုးရင်း လာခဲ့ကာ ခြံနောက်ပိုင်း ခြံစည်းရိုးအနီးရှိ မြယာရုံအနီးတွင် ရပ်လိုက်လေသည်။

ထို့နောက် သူသည် စုနန္ဒီအား မြေပြင်ပေါ်၌ ခေတ္တချ ထားလိုက်ပြီး မြယာရုံ၏အောက်ခြေရှိ ထောင်မတ်နေသည့် ကျောက်ဖြူတုံးကို အားဖြင့် ဆွဲချလိုက်လေသည်။

ထိုအခါ ယင်းမြယာရုံ၏နံဘေးရှိ စံပယ်ရုံ၏အောက်ခြေ မြေကြီးသည် တံခါးရွက်အံဖုံးနှယ် မြောက်ကြွတက်လာပြီး စံပယ် ရုံ၏ အောက်တည့်တည့်နေရာ၌ မြေတွင်းတစ်ခုကို တွေ့ရလေ တော့၏။

မင်းဇေယျာသည် စုနန္ဒီအား ပွေ့မယူကာ ယင်းမြေတွင်း ထဲသို့ ကျောက်သားလှေကားထစ်များအတိုင်း တစ်ထစ်ချင်း ဆင်းလိုက်လေသည်။

သူသည် မြေအောက်ခန်းထဲရောက်သွားမှ မြေအောက် လိုဏ်ခန်း အမိုးထောင့်တစ်ဖက်ရှိ သံကွင်းကို အားဖြင့်ဆွဲချလိုက် တော့၏။





ထိုအခါ စောင်းနေသော စံပယ်ရုံသည် တဖြည်းဖြည်း တည့်သွားကာ လျှို့ဝှက်မြေတွင်းပေါက်သည်လည်း အသားကျ ပိတ်သွားပါတော့သည်။

လျှို့ဝှက်တံခါးပေါက်မှာ ပိရိသေသပ်လှသဖြင့် ဤ အပေါက်နေရာရှိမှန်း နေ့ရောညမှာပါ မည်သူမျှ ရှာဖွေတွေ့နိုင် မည် မရှိချေ။

မင်းဇေယျာသည် လျှို့ဝှက်မြေအောက်လိုဏ်လမ်းမှ နေ၍ အိမ်ကြီး၏အပေါ်ထပ်ရှိ စတိုခန်းထဲ သံလှေကားကိုနင်းကာ တက်ရောက်ခဲ့ပြီး စုနန္ဒီကို သူ့အဘိုးအိပ်စက်ခဲ့ရာ အိပ်ခန်းကြီးထဲ တွင် ကျကျနန ထားလိုက်တော့၏။

သူသည် နောက်ငါးရက်ကြာမှ စုနန္ဒီအား သစ်စေ့ဖြူ လေး အမှုန့်ချေအရည်ဖျော်တိုက်နိုင်မည်မို့ စုနန္ဒီကို သည်အတိုင်း ခုတင်ပေါ်မှာ တင်ထားရလေသည်။

"အင်း . . . နန္ဒီဟာ သူ့ အမွေရတဲ့ ဒီအိမ်ကြီးထဲမှာများ ရှိနေမလားလို့ သံသယဝင်ပြီး ဦးသာမိုင်းတို့လူစု ရောက်လာရင် နန္ဒီကို သေနေတဲ့ပုံစံအတိုင်း တွေ့သွားဖို့ အရေးကြီးတယ်၊ ဒါမှ နန္ဒီရဲ့အလောင်းကို ငါခိုးသွားတယ်လို့ပဲ ယူဆကြမှာ၊ နို့မို့ဆို ငါ့ရဲ့အကြံအစည် ပျက်သွားနိုင်တယ်၊ ဒီတော့ နန္ဒီ့ကို အလောင်း

ပြင်သလိုပဲ ပြင်ထားမှဖြစ်မယ်''

သို့ဖြင့် မင်းဇေယျာသည် စုနန္ဒီအား အလောင်းပြင်သလို ပြင်ထားကာ ခုတင်ခေါင်းရင်း၌ အမွှေးတိုင်ထွန်းထားလိုက်လေသည်။

သူသည် ငါးရက်လုံးလုံး စုနန္ဒီအား စောင့်ရှောက်ကြည့်ရှုထားပြီး စုနန္ဒီ သစ်စေ့အနက်လေးသောက်သည့်ရက်မှ ခုနစ်ရက်မြောက်သောနေ့တွင် သစ်စေ့အဖြူလေးကို အမှုန့်ချေကာ ရေဖျော်လျက် စုနန္ဒီ၏ နှုတ်ခမ်းလွှာကြားသို့ တစ်စက်ချင်း ချပေးလေ၏။

ထိုသို့ဖြင့် စုနန္ဒီမှာ ရသေ့ကြီးသီလဝ ပြောသည့်အတိုင်း အသက်ပြန်ဝင်လာသည်သို့ ခန္ဓာကိုယ်အတွင်းရှိ သွေးသား ကြောစာအားလုံး သက်ဝင်လှုပ်ရှားလာတော့သည်။

စုနန္ဒီ ကောင်းစွာအားပြည့်လာအောင် တစ်ရက်နှစ်ရက် စောင့်ပြီးနောက် မင်းဇေယျာသည် စုနန္ဒီအား ခေါ်ဆောင်ကာ မြန်မာပြည်မြောက်ပိုင်းဒေသသို့ ထွက်ခွာအခြေချရန် ဆုံးဖြတ်လိုက်ပါတော့သတည်း။

✡

ခု နစ် စဉ် ကြယ် စာ ပေ

ကျွန်ုပ်သည် စုနန္ဒီအတွက် အသက်ပြန်ဝင်လာအောင် စောင့်နေသည့် ရက်များအတွင်း မင်းဇေယျာမှတ်တမ်းတင်ရေးသားထားခဲ့သော စာအုပ်ကိုဖတ်ပြီးနောက် သက်ပြင်းကြီးချကာ အားရပါးရ ပြုံးလိုက်မိပါတော့၏။

''အင်း . . . ခုမှပဲ ရှုပ်ထွေးနေတဲ့ ပဟေဠိကြီး ရှင်းသွားတော့တယ်၊ မင်းဇေယျာနဲ့ စုနန္ဒီတို့ ချစ်သူအကြင်လင်မယားတွေအပေါ်က လွတ်ကင်းလို့ စိတ်ချမ်းသာကိုယ်ချမ်းသာစွာနဲ့ ပျော်ရွှင်စရာ ချစ်ကမ္ဘာလေးကို ငြိမ်းငြိမ်းချမ်းချမ်း တည်ဆောက်နိုင်ကြပါစေကွယ်''

ခု နစ် စဉ် ကြယ် စာ ပေ

ဤတွင် ကျွန်ုပ်သည် လွန်ခဲ့သောဆယ်ရက်ကျော်ခန့်က ကျွန်ုပ်၏အိမ်ရှိ ဂမ္ဘီရမှန်ကွဲကြီးကိုကြည့်လိုက်မိစဉ် ကျွန်ုပ်၏ မိတ်ဆွေကြီး အိုးနင်းခွက်နင်း ဘိုးသူတော်ကြီး၏ရုပ်လွှာကို မှန်ထဲ၌ မြင်လိုက်ရသဖြင့် ကျွန်ုပ်၏မိတ်ဆွေကြီးတော့ ဘေးဒုက္ခတစ်ခုခုနှင့် တွေ့ရတော့မည်ဟု ထင်မြင်ယူဆမိခြင်းကို သတိရလိုက်မိတော့၏။

(အတိတ်ဆိုး နိမိတ်ဆိုးတို့ကို ကြည့်မြင်နိုင်သည့် ဂမ္ဘီရမှန်ကြီး၏အကြောင်းကို ကျွန်ုပ်၏ မကြာမီထွက်ရှိမည့် 'အုန်းသီးလှည်းကြီး တို့များစီး' လုံးချင်းဝတ္ထုစာအုပ်၌ ဖော်ပြထားပါသည်။

"အင်း ... မင်းဖေယျာတို့နဲ့ပတ်သက်ပြီး ငါ့မိတ်ဆွေ အိုးနင်းခွက်နင်း ဘိုးသူတော်ကြီး တကယ်ပဲ ဘေးဒုက္ခ တွေ့ခဲ့တာပါပဲလား"

ပြီး

စိတြာအဂ္ဂ

# စိတြာအဂ္ဂ ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ

၁။ ကိုးမြို့ကိုးတံခါး ( စိတြကူ ကလောင်အမည်ဖြင့် )
၂။ သေမင်းပုရပိုက်မြို့ ( ။ )
၃။ မရဏာရှင်းတမ်း ( ။ )
၄။ ရွှေဘုံနန်းရှင် ( ။ )
၅။ ဂငယ်သုံးလုံးမောင်သုံးပုံး ( စိတြာအဂ္ဂ ကလောင်အမည်ဖြင့် )
၆။ မိကျောင်းစေတမန် ( ။ )
၇။ ခုနှနဒီကျိန်စာ ( ။ )
၈။ စွယ်နက်ရှင် ( ။ )
၉။ စီးနပ်(စ်)ပုလဲ ( ။ )
၁၀။ ပင်လယ်မြွေဟောက် ( ။ )
၁၁။ အင်းဘီလူး ( ။ )
၁၂။ သစ်ပင်မြို့မောင်နမ ( ။ )
၁၃။ အရိုင်းမေတ္တာ ( ။ )
၁၄။ နံ့သာအိမ်ကြီး ရှေ့ကဆီး ( ။ )
၁၅။ ငှက်ဂဠုန်မြွေနဂါး ( ။ )
၁၆။ သမုဒယကောရီ ( ။ )
၁၇။ ကျောက်စိမ်းယက္ခ ( ။ )
၁၈။ လေးပွင့်သစ္စာ ( ။ )
၁၉။ ကိုးမြို့ ကိုးတံခါး ကိုးဖလား ( ။ )
၂၀။ ဘီလူးတောင်ကျိန်စာ ( ။ )
၂၁။ သွေးနှင်းဆီ ( ။ )
၂၂။ ရေသူမလေး မဥ္ဇူရီ ( ။ )
၂၃။ မဟာရွှေတံခါး ရှမ်ဘဲလား ( ။ )
၂၄။ မဟာမြို့ဂူမှတ်တမ်း ( ။ )